
www.burmeseclassic.com

# ပုဏ္ဏမိ

လှုတွေ... ဖြိုးတော့... ဇာတ်လမ်းတွေ




www.burmeseclassic.com

www.burmeseclassic.com

# ပုဏ္ဏမိ

## လူတွေ ••• ပြီးတော့ ••• ဇာတ်လမ်းတွေ


စာမူခွင့်ပြုချက်အမှတ် - ၉၉၄/၂၀၀၃ (၃)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၈၅/၂၀၀၃ (၈)

၂၀၀၃ ခုနှစ်၊ နိုဝင်ဘာလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ ... ဒေါ်ခင်ခင်စိန်(ချစ်မင်းလှိုင်စာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း။

ပုံနှိပ်သူ ... ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ချက်


- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# ပုဏ္ဏမိ



လူတွေ . . .

ပြီးတော့ . . .

ဇာတ်လမ်းတွေ . . .

စီစဥ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁)

**"သမီး"**ရဲ့ အကြောင်းကို စဉ်းစားမိလိုက်သည် ဆိုရင်ပဲ ... ကားမောင်းနေသော **"ဦးမော်နိုင်"**ရဲ့ မျက်နှာကြီးက ခပ်ပြုံးပြုံး ဖြစ်သွားခဲ့ရပါသည်။ သမီး ... သမီး ...။ ငယ်ငယ်လေးကတည်းက 'မိတ္တဆိုး'လေး ဖြစ်သွားခဲ့ရတာမို့ ... အလိုစွတ်လိုက်ထားမိတိုင်း ... သမီးလေးက ဆိုးချင်တိုင်းကို ဆိုးနေခဲ့တော့တာ ...။ ဆိုးချင်တိုင်းသာဆိုး ... အမြဲတပြုံးပြုံးနှင့် သည်းခံတတ်မြဲ အဖေလုပ်သူကိုပဲ သူ့မှာ ဘယ်လိုမှကို စိတ်တိုင်းမကျနိုင်တာ ...။ ဘယ်တစ်ချက်မှာမှ မကျေနပ်နိုင်တာ ...။

"ဖေဖေက သမီးကို မချစ်ပါဘူး ... ဖေဖေ့ကိုယ်ဖေဖေပဲ ချစ်တာပါ ..."တဲ့။ တစ်စက်ကလေးမှကို ပြုံးရိပ်မသမ်းဘဲ မျက်နှာထားကို ခပ်တည်တည်ပဲထားပြီး ပြောတတ်ခဲ့သေးတာ ...။ အဖေတစ်ခု သမီးတစ်ခုဘဝမှာ ... ရှေ့ရှေ့အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



အရေးတွေကို ကြိုတွေးပြီး ... (ကိုယ့်ကိုယ်ကိုယ် ညာတာချင်သည့် ကိုယ့်အတွက်အတွက်လည်း မပါ ... ဟုတော့ မပြောချင်ပါ။)သမီးကို ... အစ်မအပျိုကြီးနှင့် ဖွတ်ခွဲချန်ထားရစ်ပစ်ခဲ့ကာ ... တစ်မြို့တစ်ရွာမှာ စီးပွားရေးအရ သွားအခြေချဖြစ်ခဲ့တာကိုပဲ သမီးက သူ့တစ်သက်လုံး မကျေနိုင် မချမ်းနိုင် ဖြစ်နေခဲ့တော့တာလေ။

"ဖေဖေ ... ပွဲမီချင်လျှင် အမြန်လာပါ ... သမီး ..." တဲ့ ...။

ဖုန်းချင်းဆက်သွယ်လည်း ရရက်နဲ့မဆက် ...။ ကြေးနန်းရိုက်ရသတဲ့။ ရိုက်ပုံကလည်း ... "အသက်မီချင်လျှင် အမြန်လာ"တို့ ဘာတို့ ... အိမ်ပြေး သားဆိုး သမီးဆိုးတွေကို မိဘက ကြော်ငြာခေါ်ယူရတဲ့ ပုံစံမျိုးအတိုင်း ...။ ဦးမော်နိုင်မှာ သမီးရဲ့ ဂျစ်ကျအစွဲ့တိုက်ချင်ပုံကို စိတ်ဆိုးရမည့်အစား ရယ်တောင် ရယ်ချင်မိပါသေးတော့သည်။

မန္တလေးကနေ ရန်ကုန်က အစ်မဖြစ်သူထံ အကျိုးအကြောင်း ဖုန်းဆက် မေးကြည့်မိတော့မှ ...

"မင်း သမီးက သူ့ဆန္ဒနဲ့သူ ကောင်လေးတစ်ယောက်ကို ဖွေရှာလာပြီး ခပ်တည်တည်ပဲ ... စေ့စပ်ပေးထားပါတဲ့လေ ... အဲဒါပဲ ..."

"ဟာ ... ဘယ်လိုကြီးလဲ"

"အေး ... အဲဒီလိုပဲဟော့ ... မင်းသမီးက မင်းနဲ့တစ်ပုံစံတည်းပဲ ... ဖွတ်တရွတ်နဲ့ တစ်လောကလုံးမှာ သူချည်း





အမှန်လို့ ထင်နေတတ်တာ မင်းသိတဲ့အတိုင်းပဲဟာ ... အဲဒါ လာလိုက်ပါဦး ... မင်းမရှိလို့ မဖြစ်ပါဘူး"

"ဟာ ... လာရမှာပေါ့ ... ကိုယ့်သမီးတစ်ယောက်လုံး စေ့စပ်ပွဲဆိုရင်တော့ အဖေ မပါလို့ ဘယ်ရမလဲ ... ဘယ်နေ့လောက် လုပ်ဖြစ်မှာလဲ"

"မင်းသမီးကတော့ ဒီတနင်္ဂနွေတဲ့ ..."

"မမ ပြောနေပုံက မမ ဆန္ဒမပါဘဲ ... သမီးကသာ သူ့တစ်ဖက်သတ်လိုလို ပုံပေါက်နေပါလား ..."

"အေး ... အဲဒီအတိုင်းပဲဟာ ... ခုကိစ္စက အဲဒီလိုပဲဖြစ်နေတော့တာ ... ပြောကို မပြောချင်တော့ပါဘူးဟော့ ..."

ခွကျကျ ... ခပ်ထက်ထက် (ဦးမော်နိုင် အပေါ်မှာလည်း သမီးနဲ့ အပြိုင် နွဲ့ဆိုးဆိုး အနိုင်ယူချင်တတ်သေးသည့်) အစ်မဖြစ်သူတော့ ဘယ်လောက်ထိ အသည်းတွေယား ... စိတ်တွေတို ဖြစ်နေလောက်ပြီလဲ ဆိုတာ အသံကြားရုံနှင့်တင် ခန့်မှန်းနိုင်ပါသည်။ သူတို့ တူဝရီးနှစ်ယောက်ဟာ အဲဒီလိုပါပဲ ...။ ဘယ်သူအမှလဲ ဘယ်သူ့ကို ပိုင်ပိုင်နိုင်နိုင်ကြီး အတိအကျ နိုင်,နိုင်ပါသည်ဆိုတာ မရှိဘဲ ... သူတို့နှစ်ဦးသားဟာ တစ်သက်လုံး ဗိုလ်လုလာကြတာ ... ဇုံလုံတစ်လှည့် ... ငါးပျံတစ်လှည့် ...။

ဒီပွဲဆိုတာနဲ့ ပတ်သက်လို့ကတော့ ရန်ကုန်ရောက်သည်း အစ်မဖြစ်သူထံမှ မကျေမနပ် ... တပေါက်ပေါက်ပေါက်ပေါက်ဖောက် မြည်တွန်တောက်တီးသံများကို ကြားနေရ



www.burmeseclassic.com

www.burmeseclassic.com



**ဦးမဲ့အတူတူ**တော့ ဦးမော်နိုင်က ... ဖုန်းထဲကနေ ဆက်စုံစမ်းနေတာမျိုး မလုပ်တော့ဘဲ ... ဒီတနင်္ဂနွေမတိုင်ခင် ... သုံးလေးငါးရက်တော့ ကြိုစောပြီး ရန်ကုန်သို့ ထွက်ဖို့ပဲ ဆုံးဖြတ်ကြည့်လိုက်ပါသည်။

ဒီတိုင်းကြီးတော့လည်း ဧည့်သည်ကြီးတစ်ယောက်လို ပွဲသွား ... ပြီးရင်ပြန် ...၊ ဒါမျိုးတော့လည်း ဘယ်ဟုတ်ပါဦးမလဲ ...။ သမီးဖြစ်သူက သူခေါ်လာမဲ့ သကောင့်သားလေးတစ်ယောက်နဲ့ "ဒီတနင်္ဂနွေမှာ စေ့စပ်ပေးပါ" ဆိုတာကို ငုတ်တုတ်ကြီး ပွဲသွားတက်ရလောက်အောင်လည်း ဒီသမီးနဲ့ ဒီအဖေတို့ရဲ့ ဆက်ဆံရေးက စိမ်းပြတ်ပြတ်ကြီး မဖြစ်သင့်ပါဘူး။ အနည်းဆုံးတော့ ဖခင်တစ်ယောက်ပီပီ ... ကောင်းမကောင်း သင့်မသင့်ကို (သမီးကြိုက်ကြိုက် ... မကြိုက်ကြိုက်) ဝင်ဝက်စုံစမ်း ဆုံးဖြတ်ပေးနိုင်ပါဦးမှ ...။

မမ, မကျေနပ်နေတာလည်း ဒါပဲ ဖြစ်မှာပါပဲ ...။ သမီးလုပ်ပုံက အဝေးရောက် အဖေဖြစ်သူကို မပြောပါနဲ့ ... အတူနေကြီးတော်ကိုပင် အရေးအရာ မထားတော့ပုံ ပေါက်နေတော့တာကိုး ...။ သမီး ... သမီး ... (မရှိတော့တဲ့ သူ့အမေကိုတော့ ထည့်ပြောမနေတော့ပါဘူး) "ကြီးဒေါ် မဆုံးမ ... ဖမဆုံးမ" ပုံစံမျိုးလေးတော့ ပေါက်နေပြီ သမီးရယ် ...။

အမှန်ကတော့ သမီးထံမှ ကြေးနန်းစာကို ရရချင်း ... တနယ်နေ့လောက်ကတည်းက ထလာဖြစ်လိုက်ဖို့ပါပဲ ...။ ဒါပေမဲ့





အလုပ်တွေက ပြတ်ကို မပြတ်နိုင်တာနှင့်ပဲ ... တနယ်လည်း မထွက်ဖြစ် ...။ အင်္ဂါလည်း မလှုပ်နိုင် ...။ ဗုဒ္ဓဟူးလည်း ဖင်လှည့်ခေါင်းလှည့်နှင့်ပဲ ... ကြာသပတေးနေ့ မနက်စောစောကျတော့ ... ကိုယ့်ကိုယ်ကိုယ် ဆုံးမကာ ဇွတ်ကို ထထွက်လာခဲ့လိုက်တော့သည်။

ဒီသမီးက ဒီလိုဆိုရင် ... ဒီအဖေဖြစ်သူကလည်း ဒီပုံပဲဟာ ...။ ကြိုရောက်ပြီး စုံစမ်းဆုံးဖြတ်ပါဦးမည် ဆိုကာမှ ... ဒီကြာသပတေးညလောက်သာ ရန်ကုန်ကို မဝင်နိုင်ရင် ... အပြိုင်အဆိုင် စူပုပ်ထော်လန်နေကြတော့မည့် ... သမီးနှင့် အစ်မတို့၏ နှုတ်ခမ်းများကို မြင်ယောင်ရင်း ... ရန်ကုန်-မန္တလေး ကားလမ်းမကြီးပေါ်မှာ ဦးမော်နိုင်ရဲ့ ကားကလေးက တရိပ်ရိပ် ပြေးနေရပါပြီတည်း ...။

မနက်စာကို ကြိုရာတစ်နေရာမှာ ဗိုက်ဆာလာမှ ကားထိုးရပ်ပြီး ... ပြီးစလွယ် ပြီးခဲ့သော ဦးမော်နိုင်က ညစာကိုတော့ဖြင့် ဖြုံးမှဖြုံး ...။ အဓိပတိမှ အဓိပတိဟု ဆုံးဖြတ်ထားပါသည်။ အဆင်မသင့်လို့ ညနက်ရင်လည်း နက်ပါစေ ...။ ညစာကိုတော့ ဖြုံးရောက်မှ ... (ကိုယ်တိုင်တောင်မဟုတ်)အရင်းနှီးဆုံး မိတ်ဆွေကြီး ဦးခင်မောင်လတ်ကို အိမ်မှာဝင်ပင့်ပြီး ညှဉ်းလိုက်ရဦးမည်ပဲ တွက်ထားသည်။

ဒီလိုတွက်ထားမိကာမှ ... လမ်းမှာ ကိုယ့်ကားဘီးပေါက်တာက တစ်ခါ ...၊ သူများကားက လေးကျိုးလို့ဆိုပြီး လမ်းကို ကန့်လန့်ကြီး ဖြတ်ပိတ်နေလို့ စောင့်ရတာက



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါနှင့် ..."ရေတာရှည်"အရောက်မှာတင် ... လမ်းက အတော်ကြီးကို မည်းမှောင်တုပ်လျက် ရှိပါပြီ ...။ မန္တလေးက စထွက်ကတည်းက သူများတကာတွေလို ဝီရိယကြီးကြီးနှင့် အရဏ်တက်စလောက်ကတည်းက ထွက်မလာခဲ့မိတာရယ် ...။ ဆောင်းဝင်ချင်ပြီမို့ နေ့တာကတို ... ညအရောက်က မြန်လှတာရယ်နှင့် ...။ ဒီလို မည်းမှောင်နေလျှင် ... ဟိုင်းဝေးလမ်းကို တစ်ယောက်တည်း မောင်းပြန်လာခဲ့သော ဦးမောင်နိုင်ကလည်း မြန်မြန်ကြီးမမောင်းရဲလှတော့ ...။ အသက်က မကြီးလှသေးပေမဲ့ မျက်လုံးတွေက မှုံချင်ပါဘိသနဲ့ ...။

ဒီပုံအတိုင်းဆိုရင်တော့ ရန်ကုန်ကို အစောဆုံး သန်းခေါင်ကျော် တစ်ချက်တီး၊ နှစ်ချက်တီးလောက်မှ ဝင်နိုင်ပါတော့မည်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သုံးရက်လုံး ပေါ်မလာသည့် ဦးမော်နိုင်ကို သမီးနှင့် မမတို့ တူဝရီးနှစ်ယောက်ကလည်း မျှော်လင့်တကြီးနှင့် ထိုင်စောင့်မနေကြမှာက သေချာပေါက်ပင် ...။

တစ်ခါတလေကျရင်တော့ ဘယ်သူ့ကိုမှ ... ဘာအကြောင်းကြောင့်မှ အားမနာတတ်သည့် ဦးမော်နိုင်က ... အဲဒီလို အချိန်မျိုးကြီးမှာ ကားဟွန်းကို တပွမ်ပွမ်နှိပ်ပြီး ဒီတူဝရီးကို နှိုးယူရတော့မှာကိုပဲ ... သောပတ်ဝန်းကျင်ကို ကြိုအားနာမျက်နှာပူနေမိပါတော့သည်။

မန္တလေးနှင့် ရန်ကုန် ဆိုတာဟာ ဦးမော်နိုင် အဖို့ (သမီးနှင့်အစ်မ ရှိနေလို့တော့ မဟုတ် ... ကိုယ့်စီးပွားရေးအလုပ်





နှင့်ကိုယ်) အိမ်ဦးနှင့်ကြမ်းပြင်လို တစ်ခေါက်ပြီးတစ်ခေါက် စုံလိုက်ဆန်လိုက် ... ဂဒီးဂဒီးနှင့် သွားနေကျပဲဖြစ်ရာ ... ရေတာရှည်သည်လည်း ... ဖြတ်သွားဖြတ်လာ အခေါက်ပေါင်းများစွာတို့မှာ ဆွေမြို့မျိုးမြို့လို့ပင် ဖြစ်နေပါသည်။

ကားကိုသာ မြန်မြန်မမောင်းရဲ ရှိရမည်။ တစ်လမ်းပြီးတစ်လမ်း ဖြတ်လာခဲ့သော မြို့ထဲလမ်းတွေဟာ လှည့်မကြည့်လည်းဘဲ ... ဖျတ်ခနဲ အဖြတ်မှာတင် လမ်းအမည် ... ရပ်ကွက်အမည်များကို အလွတ်တောင် ရနေနိုင်ပြီးသား ...။

မဂ္ဂင်၊ မြို့ဦး၊ သမိန်ဗရမ်း၊ ဘုရင့်နောင် ... ဟ ... ဟ ... ဟ ... ဟိုရှေ့ကဟာက ဘာလဲ ...။ ဟာ ... သေတော့မှာပဲ ...။ လမ်းမကြီးပေါ်တက်ပြီး ထုတ်ဆီးတိုးသလို ဟန်ပန်တွေနဲ့ ...။ တယ်သေချင်နေကြသလား ...။ ဟ ... မဟုတ်ဘူးဟ ... လက်တားပြီး ကားရပ်ခိုင်းနေတာပဲ။

အချိန်ကာလကလည်း ညဘက် ... ခပ်မှောင်မှောင် ဟိုင်းဝေးလမ်းမ တစ်ခုပေါ်မှာ ... ခါတိုင်းလိုဆိုရင်တော့ ဦးမော်နိုင်က (သေရေးရှင်ရေး အကူအညီ တောင်းချင်တာမျိုးကလွဲရင်) လက်တားတိုင်း ကားရပ်ပေးဖို့ လုံးလုံးမှ စဉ်းစားမိမှာ မဟုတ်ပါ။ သို့သော် ... လက်ပြတားနေသူက ... ဦးမော်နိုင်ရဲ့ အတွေးထဲ တစ်ချိန်လုံး စိုးမိုးထားခဲ့သည့် "သမီး"တို့လိုအရွယ် ... မိန်းကလေးငယ်လေးတစ်ယောက် ဖြစ်နေသဖြင့် ...

"ကဲ ... ဘာအကူအညီ လိုသလဲ ... သမီး ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက မိန်းကလေးငယ်ရဲ့ နောက်သို့ ခပ်တည်တည်ပဲ ကြည့်လိုက်မိလျှင် ... ခုနကတော့ ကားမီးရောင်အောက်မှာ ... မိန်းကလေးရဲ့လက်ကိုပဲ လှမ်းဆွဲထားသလိုလိုနှင့် ... ဆွဲလားရန်းလား သဏ္ဍာန်တောင်မှ ပေါက်နေသည့် သူငယ်တစ်ယောက်က ... ခုတော့လည်း မိန်းကလေးရဲ့နောက်မှာ ခပ်ငြိမ်ငြိမ် ...။

"ဟုတ်ကဲ့ပါ အန်ကယ်ရယ် ... ရန်ကုန်ဘက် ပြန်မယ်ဆိုရင် လမ်းကြုံလိုက်လို့များ ရနိုင်မလားဟင် ..."

"နှစ်ယောက်လုံးလား"

ကောင်မလေးက ရုတ်တရက် နောက်ဘက်လှည့်ကြည့်လိုက်သော် ကောင်လေးက သူ့ခေါင်းကို တဖြင်းဖြင်းကုတ်ရင်း ... ဘာတွေမှန်းမသိ တတွတ်တွတ် ရေရွတ်လျက် ရှိလေသည်။ ဦးမော်နိုင်က တမင်ပဲ ဒီမေးခွန်းကို မေးကြည့်လိုက်တာပါ။ ခုနကတော့ ကားမီးရောင်နဲ့ အမြင်အရ ... ကောင်မလေးနဲ့ကောင်လေးတို့ရဲ့ မြင်ကွင်းကို ... "ရန်ကုန်သို့ ကားကြုံလိုက်ချင်သူတွေများလား" ... ဟု ထင်ကိုမထင်မိတာပါ။ ကိုယ့်သမီးအရွယ် မိန်းကလေးငယ်တစ်ယောက် ... ညမှောင်မှောင် ... လမ်းမကြီးပေါ်မှာ အနှောင့်အယှက် ခံနေရပြီး ဒုက္ခရောက်နေတာများလား ... ပဲ ထင်ခဲ့သည်။ ခုတော့ ကြည့်ရတာ အဲဒီလို မဟုတ်နိုင်တော့ ...။

"ဟဲ့ ... မေးနေတယ် ဒီမှာ ..."

"လုပ်ချင်သလိုသာ လုပ်ကွာ ... လုပ်ချင်သလိုသာလုပ် ... စိတ်တိုင်းကျသာ လုပ်ပေတော့ ..."





ကောင်မလေးရဲ့ ခပ်ဆတ်ဆတ် အမေးကို ကောင်လေးကလည်း ခပ်ငြူငြူစူစူပဲ တုံ့ပြန်ပါသည်။ ကောင်မလေးက ဒီတော့မှပဲ ဦးမော်နိုင် ဘက်သို့ ပြန်လှည့်လာကာ ...

"ဟုတ်ကဲ့ပါ အန်ကယ် ... ဖြစ်နိုင်ရင်တော့"

"ဒီလိုတော့ ရှိကယ်ကွယ့် ..."

"ကျွန်မတို့အတွက် အန်ကယ့်မှာ အနှောင့်အယှက် မဖြစ်စေရပါဘူး ... ကျွန်မတို့က မိကောင်းဖခင်သားသမီးတွေပါ အန်ကယ် ... အန်ကယ့်အတွက် အန္တရာယ်တစ်စုံတစ်ရာများ ဖြစ်မလားလို့လည်း ပူစရာမလိုပါဘူး ... အန်ကယ့်အနေနဲ့လေ ... ကိုယ့်အတွက်ကိုယ် ကြိုကာကွယ်ထားချင်မယ်ဆိုရင် ... သူ့ကို ကားမောင်းခိုင်းလိုက်မယ် ... ကျွန်မက သူ့ဘေးရှေ့မှာပဲ ထိုင်မယ်လေ ... အန်ကယ်က နောက်ခုံမှာပဲ ထိုင်လိုက်ပေါ့ ... အနားယူပြီး အိပ်လိုက်ချင်ရင်လည်း ရတယ် ... ဒါမှမဟုတ် ကျွန်မတို့ကို မယုံလို့စောင့်ကြည့်ချင်တယ် ဆိုရင်လည်း ... နောက်ကနေဆို ကောင်းကောင်း ကွန်ထရိုး(Controll)လုပ်လို့ ရနိုင်တာပေါ့"

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲ"

ကောင်လေးရဲ့ ကြားဖြတ် အော်ဟစ်သံ ထွက်ပေါ်လာပြီးနောက် ကောင်မလေးကလည်း တစ်စက်မှ ခွန်းတုံ့မခံ။

"ဒီလိုပဲ ပြောရမှာပေါ့ ... နို့မို့ဆို ဘယ်သူက တင်ခေါ်သွားချင်မှာလဲ ... မန္တလေး၊ ရန်ကုန် Express တွေကသည်း



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်လောက်ဆို ဒီမြို့တွေက မဖြတ်နိုင်တော့ဘူး ... ခုနတည်းက တားနေတာ ... ဘယ်တစ်စီးကမှ ရပ်ပေးလို့လဲ ... ကားကြောကလည်း ပြတ်ပါဘီသနဲ့ ..."

"အဲဒါကတော့ နင်က ရှည်ကို ရှည်တာကိုး"

"ဘာရှည်တာလဲ ... နင်တို့ လုပ်ပုံကကော ဟုတ်လို့လား" ,

မိန်းကလေးတစ်ယောက်နှင့် တစ်ခွန်းမခံ ရန်ပြိုင်ဖြစ်နေသည့် သကောင့်သားလေးကို ဦးမော်နိုင်က မနှစ်မြို့ခြင်းကြီးစွာနှင့် စိုက်ကြည့်နေလိုက်ပါသည်။ သူများကားနဲ့လည်း ရန်ကုန် လိုက်ဦးမယ် ... ကားရှင်ကိုလည်း တစ်စက်မှ ဖော်ဖော်ရွေရွေ အောက်ကျို့ကျို့ပုံစံ မရှိ ...။ သူ့ဟာနဲ့သူပဲ ဘာတွေမှန်းမသိ စိတ်တိုစိတ်ဆတ်နေတော့တာ အတော်တော့ ကူညီချင်စရာကောင်းသည့် ကောင်စားမျိုးလေး ဖြစ်လေသည်။

အင်း ... ကိုယ့်သမီးဆိုရင်ရော ... တခြားလူကြီးသူမတွေရဲ့ရှေ့မှာ ဒီလိုပုံစံမျိုးလေးပဲ ဖြစ်နေဦးမှာလား ...။ လောကကြီးမှာ မိမဆုံးမ ... ဖ,မဆုံးမ ပုံစံလေးတွေ အတော်ကြီး များလာကြပြီ ထင်ပါရဲ့ ...။

"ဒီလိုတော့ ရှိတယ် ... ခေါ်တင်သွားဖို့ကတော့ ဝန်မလေးပါဘူး ... ဒီလိုအချိန်မျိုးမှာ ကားကြုံပြတ်နေတာကိုလည်း ကိုယ်ချင်းစာပါတယ် ... သို့သော် ... အန်ကယ်က ရန်ကုန်ကိုတော့ တိုက်ရိုက်မောင်းမှာ မဟုတ်ဘူး ... ဖြူးကို ဝင်ဦး





မှာပါ ... အဲဒီမှာ ညစာစားမယ် ... ပြီးတော့ ... မိတ်ဆွေဟောင်းတစ်ယောက်နဲ့လည်း တွေ့ဆုံစကားပြောကြဖို့ရှိသေးတယ် ...

ပြီးတာနဲ့တော့ ဆက်ထွက်မှာပဲလေ ... ဒါပေမဲ့ ရန်ကုန်ကို ရောက်ချင်တဲ့အချိန်ရောက်လို့ သဘောထား, ထားတာ ... အဲဒါကို ပြောချင်တာပါ ... အဲဒါကိုမှ ကောင်းပါပြီ ... သဘောကျပါတယ် ဆိုရင်တော့ ... လိုက် ... ရတယ် ... အကူညီ လိုနေတဲ့သူကို ကူညီရတာ မင်္ဂလာမည်ပါတယ်ကွယ် ..."

ကောင်လေးနှင့် ကောင်မလေးတို့ ခေါင်းချင်းဆိုင်သွားကာ ကျိတ်ကျိတ် ... ကျိတ်ကျိတ်နှင့် ရန်ဖြစ်နေကြပြန်သေးသည်။ အတန်ကြာမှ ကောင်မလေးက ခပ်ကျယ်ကျယ်လေသံနှင့် ...

"ဒါဖြင့် ငါတစ်ယောက်တည်း လိုက်သွားမယ်"

"ဟာ ... ဒီလိုတော့ ဘယ်ဖြစ်မလဲ ..."

ကောင်လေးက ပြောရင်း ဦးမော်နိုင်ဘက် ပထမဦးဆုံးအကြိမ်အဖြစ် ဖွေစောင်းစောင်းနှင့် ခိုးဝှက်ကာ အကဲခတ်ကြည့်ရှုပါသည်။ သမီးချင်းစာနာထား၍သာ ဤအချိန်ထိသည်းခံပေးနေသော ဦးမော်နိုင်က ... ကောင်လေးကိုတော့ အမြင်ကခပ်ကတ်ကတ်နှင့်မို့ သူကြည့်လာပါမှ ... တစ်ဖက်သို့ ဆတ်ခနဲ မျက်နှာလွဲသွားလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လိုက်ချင်ပါတယ် အန်ကယ် ... နက်ဖြန်မှ ရန်ကုန်ရောက်လည်း ကိစ္စမရှိပါဘူး ... ဘယ်အချိန်ပြန်ရောက်ရောက် ... ရောက်ဖို့ကသာ အရေးကြီးတာပါ ..."

မိန်းကလေးရဲ့ စကားအဆုံး သကောင့်သားက ဘယ်လဲမသိ ... အမှောင်ထဲမှာ လှစ်ခနဲ ခဏလောက် ပျောက်သွားကာ ... အတန်ကြာမှ ပြန်ရောက်လာပြီး သူကပင် စတင်ကာ ... ကားထဲ ဝင်ထိုင်ပါသည်။

ပြောတော့ဖြင့် "သူတို့ကိုပဲ ကွန်ထရိုးလုပ်ရင်းနားပါ" ... လိုလို ... "သူတို့ပဲ ကားမောင်းပေးဦးမလိုလို" နှင့် တကယ်တမ်းကျတော့ နှစ်ယောက်လုံး နောက်ဘက်ခုံသို့သာ စုတက်ကြပေသည်။ ကားပေါ်ရောက်တာနဲ့ ကောင်လေးကလည်း ဆတ်ခနဲ မျက်နှာလွှဲ ...၊ မိန်းကလေးကလည်း ဆတ်ခနဲကျောခိုင်း ...။ ဦးမော်နိုင်မှာတော့ ဖြစ်ပျက်နေသည့် ထူးထူးခြားခြား အခြေအနေတွေကိုပဲ ... စပ်စုလိုစိတ်တွေ တဖွားဖွား ပေါ်ပေါက်လာတော့ပြီး ...

"ရေတာရှည်ကပဲလားကွယ့်"

"ရန်ကုန်ကပါ အန်ကယ်"

"ဩော် ... ဒါနဲ့ ဘာ့ကြောင့်များ ညကြီးမင်းကြီး ..."

ကောင်လေးမျက်နှာ ရှုပုပ်ပုပ် မှုန်ကုပ်ကုပ် ဖြစ်သွားလေတာ နောက်ကြည့်မှန်ထဲမှ လှမ်းရိပ်မိလိုက်ရပြီး ... ကောင်မလေးကတော့ သွက်သွက်လက်လက် ဆောင့်ဆောင့်အောင့်အောင့်လေသံနှင့်ပင် ...





"ကျွန်မက မိကောင်းဖခင်သားသမီးပါ အန်ကယ်ရယ် ... ခုဟာကတော့ ဘယ်လိုက ဘယ်လို စိတ်ရူးပေါက် မိုက်မဲပြီး ခိုးရာလိုက်လာမိတယ် မပြောတတ်ပါဘူး ... ဒါပေမဲ့ ခုတော့ ကျွန်မ ရန်ကုန်ကိုပဲ ပြန်တော့မယ် ... တော်ပြီ ... လမ်းတစ်ဝက်မှာတင် အမြင်မှန်ရလို့ တော်ပါသေးရဲ့ ... ကားပျက်တာကိုပဲ ကျေးဇူးတင်ရဦးမယ် ..."

"ဟာ ... ဘာတွေ လျှောက်ပြောနေတာလဲဟ ... အရှက်မရှိ ..."

"ဟဲ့ ... ဟုတ်တာ ပြောတာပဲ ... ဒါ အရှက်မရှိတာလား ... အန်ကယ် ပြောတာလည်း ဟုတ်တာပဲ ... ညကြီးမင်းကြီး ... လမ်းမကြီးပေါ်မှာဆိုတော့ ကိုယ့်ကို မကောင်းတဲ့မိန်းမလားလို့ ဘာညာ အထင်ခံရမှာနဲ့စာရင် ... အမှန်အတိုင်း ဝန်ခံရတာ ဘာမှရှက်နေစရာ မလိုပါဘူး ..."

"နင်က အဲဒီလို လျှောက်ပြောတော့ ... ကြားရတဲ့လူကြီးက ငါ့ကို ဘာထင်မလဲ ..."

"ဘာထင်ရမှာလဲ ... အနေသာကြီး ... ဒါက ငါ့အကြောင်း မှန်ရာကိုသာ ပြောတာပဲ ..."

ရန်ထဖြစ်နေကြပြန်ပါပြီ ...။ ဦးမော်နိုင်မှာ သက်ပြင်းရှည်တစ်ချက်သာ ခပ်လေးလေး ချလိုက်မိတော့သည်။ ခေတ်လူငယ်တွေများ ပြောလည်းပြောမနေချင်တော့ပါဘူး ...။ မိန်းကလေးဖြစ်သူကလည်း ခိုးရာလိုက်လာပြီးမှ လမ်းတစ်ဝက်နဲ့စိတ်



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတာ ရန်ကုန်ပြန်မတဲ့ ...။ ဘာပဲဖြစ်ဖြစ် စိတ်ပြောင်းတာကမှ တော်ပါသေးသည်။ ခိုးရာလိုက်လာတဲ့နေ့မှာတောင် ဒီလောက်ခေါ်ဖြစ်နေကြရရင် ... နောင်တစ်သက် ဘဝရှေ့ရေးဟာ တွေးကြည့်လိုက်တာနဲ့ ရင်လေးစရာကြီးပဲ မဟုတ်လား ...။

လူကြီးတစ်ယောက်ကို ရှေ့ထားပြီး ဆောင့်ကြီးအောင့်ကြီး အော်ဟစ်ရန်ဖြစ်နေကြတာမျိုးကို နားမချမ်းသာ ... စိတ်မချမ်းသာလျှင် ... ထိုအသံမျိုးတွေ ထပ်မထွက်နိုင်တော့ဖို့ရာ ကိုယ်ကိုယ်တိုင်ကလည်း မစပ်မစု နှုတ်ပိတ်ထားမှသာ ဖြစ်ပေတော့မည်။

ဦးမော်နိုင်တို့ ဖြူးသို့ရောက်ကြသော်... ညရှစ်နာရီကျော် ... ကိုးနာရီထိုးကာနီးမျှပင် ဖြစ်နေချေပြီ ...။ သို့သော် ဦးခင်မောင်လတ်ရဲ့ အိမ်သို့ သွားစရာမလိုတော့ပါ ...။ ဘယ်လိုက ဘယ်လို သတင်းကြိုရပြီးသည် မသိသော ဦးခင်မောင်လတ်က မန္တလေး–ရန်ကုန် ကားလမ်းမကြီးပေါ်က "အဓိပတိ"ထမင်းဆိုင်ရှေ့မှာတင် ... သူ့ဂျစ်ကားကြီးကို အစွင့်သားထိုးရပ်ကာ စောင့်စားနေလျက် ရှိချေပြီ ...။

"ဟာ ... ခင်ဗျား ... ဘယ့်နှယ်လုပ်ကြိုသိသလဲဗျ ..."

"ဟဲ ဟဲ ဟဲ ဟဲ ..."

"ကျွန်တော် မလာရင် ဘယ့်နှယ့်လုပ်မလဲ ..."

"ခင်ဗျား လာကို လာမှာပါ ... ပြီးတော့ ဒီမှာပဲ ထမင်းစားမှာပါဆိုတာကို သိတယ်လေ ..."





"ဒါပေမဲ့ မပေါ်လာရင်ကောဗျာ ..."

"အချိန်တစ်ခုထိ စောင့်ပြီးရင်တော့ ဆက်မစောင့်တော့ဘဲ အိမ်ပြန်အိပ်မှာပေါ့ဗျ ... ဟား ဟား ဟား ..."

မိတ်ဆွေရင်းကြီးကို အခန့်သင့် တွေ့လိုက်တာနှင့်ပဲ ဦးမော်နိုင်မှာ ကားပေါ်က နှစ်ယောက်ကိုတောင်မှ သတိမရ ...။ ခဏကြာမှ ဦးခင်မောင်လတ်က ...

"ကားပေါ်ပါလာတာ ဘယ်သူတွေလဲ ... ခေါ်လေဗျာ..."

ဦးမော်နိုင်မှာ ... ကားရပ်တာတောင်မှ ဆင်းမလာဘဲ အစွင့်သားတွေ ဆက်ထိုင်နေကြတာကိုပဲ အမြင်ကကတ်ကတ်နှင့် ...

"နေပေ့စေဗျာ ..."

"ဟာ ... ခေါ်ပါဗျ ... ဘယ်သူဖြစ်ဖြစ် ... ဒီမြို့ရောက်မှတော့ ကျွန်တော့် ဧကာပေါ့ ... အားမနာပါနဲ့ ... ခေါ်ပါ ... ခေါ်ပါ ..."

"မဟုတ်ဘူး ... နေပေ့စေ ... သူတို့ဟာသူတို့ မနေနိုင်ရင် ဆင်းလာကြလိမ့်မယ် ..."

ခဏကြာတော့ ဆင်းလာပါသည်။ ပေကျစ်ကျစ်နှင့် အမြင်ကတ်စရာကောင်းသော သကောင့်သားတော့ မဟုတ် ...။ မိန်းကလေးတစ်ဦးတည်းသာ အပြုံးလွင်လွင်နှင့် အနားရောက်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ် ... ရေတာရှည်မှာ ပျက်ကျန်ခဲ့တဲ့ ကျွန်မတို့ ကားက ... ခု နောက်က ရောက်လာပါပြီ ... သွားတော့မယ် နော် အန်ကယ် ... ဒီအထိ လိုက်လာခွင့်ရတာ ကျေးဇူးပါပဲ ..."

"ဟော ... ဘယ့်နှယ့်လုပ်ပြီး ..."

"သူက ကျန်ခဲ့တဲ့ကားမှာ စာသွားကပ်ခဲ့တယ် အန်ကယ်ရဲ့ ... ကားပြင်ဖို့ အဲဒီမြို့က ဝပ်ရှော့ဆရာနဲ့အတူ ကားပစ္စည်းသွားဝယ်နေတဲ့ ကျန်အဖော်တစ်ယောက်က သူ့စာဖတ်ပြီး ဒီကို လိုက်လာနိုင်တာပါ ..."

"သြော် ... သြော် ..."

သူတို့ ပြောသလို အန္တရာယ်ပြုနိုင်မည့် လူတွေသာဆိုရင် ... ဦးမော်နိုင်မှာ ... မျက်စိကလည်း မလျင် ... စာသွားကပ်ခဲ့တာကိုတောင်မှ မသိ ...။ ဘုမသိ ဘမသိနှင့် ... ခံလိုက်ရဖို့ချည်းသာပင် ...။ သူ့အတွက်ကျသူ သိတတ်သလောက် ... အတော်လည်း လျင်သည့် အချိုးမပြေ ကောင်ကလေးက ... ဦးမော်နိုင်ကို နှုတ်ဆက်ဖို့ရာကျတော့ စိတ်ကူးထဲတောင် မရှိသည့်ပုံပါပင် ...။

ကောင်မလေး ပြန်ထွက်သွားတော့မှ အံ့အားသင့်နေသည့် ဦးခင်မောင်လတ်ကို ဦးမော်နိုင်က အကျိုးအကြောင်းတွေ အကုန်ပြန်ပြောပြလိုက်သည်။ ဦးခင်မောင်လတ်မှာ သဘောတကျနှင့် တဟားဟား။





"မိန်းကလေးက ခုတော့လည်း ချိုလို့ရွှင်လို့ပါလား ..."

"မသိပါဘူးဗျာ ... ရန်ကုန်ပဲ ပြန်ဖြစ်ကြမလား ... မန္တလေးဘက်ပဲ ခေါင်းပြန်လှည့်ကြမလား ... တစ်ခုခုပဲ ..."

"သူတို့ခေတ်ကိုးဗျ"

စားသောက်ပြီးစီးကြတော့ ဦးခင်မောင်လတ်က သူ့အိမ်မှာပဲ ညအိပ်လိုက်ဖို့ အတန်တန် ပြောသဖြင့် ... ဦးမော်နိုင်တစ်ယောက် ထိုနေ့ညက ရန်ကုန်သို့ အချိန်မတော်ကြီးကျမှ ဝင်ရတာမျိုး မဖြစ်ပွားလိုက်ရတော့ပါ ...။

❀ ❀❀ ❀

တစ်အိမ်လုံးမှာမှ လူသုံးယောက်တည်း ရှိသော်လည်း ထိုသုံးယောက်တို့ဟာ တစ်ယောက်နှင့် တစ်ယောက် မခေါ်နိုင် မပြောနိုင် ... ဖောင်းပဲနစ္စတွေနှင့် စစ်အေးတိုက်ပွဲတွေ ဆင်နွှဲလျက်ရှိကြလေသည်။ ဒီအိမ်သို့ စရောက်ကတည်းက ဒါကို သတိထားလိုက်မိသော ဦးမော်နိုင်က စနေနေ့မနက် ထမင်းစားပွဲမှာတော့ ခပ်ရှင်းရှင်း ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်သည်။ ထိုနေ့က သမီးလည်း အလုပ်မသွား ... မမကလည်း သူ့ဆိုင်ကို သွားမဖွင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... လုပ်ကြစမ်းပါဦး ... ဒီအိမ်ကြီးထဲမှာ ဘာတွေ ဖြစ်နေကြသလဲ မသိဘူး ... မမနဲ့ သမီးတို့ ဖြစ်နေကြပုံ *တွေက ရပ်ဝေးက ရောက်လာရတဲ့သူကို* မီးနဲ့ဆီးမြှိုက် ထားသလိုပါပဲလား ... မျက်နှာပူ ... ရင်ပူ ... တစ်ကိုယ် လုံးပူ ..."

ဦးမော်နိုင်၏ အစ်မကြီးဖြစ်သူ **"ဒေါ်သက်ပိုင်"**က သူ့လက်ထဲမှာ ကိုင်ထားလက်စကြီးဖြစ်သော ထမင်းခပ်ဇွန်းကြီး ကို ထမင်းအုပ်ထဲသို့ "ဂွမ်း"ခနဲပင် ပစ်ပေါက်ထည့်လိုက်ပါ သည်။

"ငါ မင်းကို ဘာမှ ကြိုမပြောထားဘူး ... မင်းသမီး ဖြစ် ပျက်နေပုံတွေကို မင်းကိုယ်တိုင် မြင်စေချင်လို့ ... ကဲ ... မြင်တဲ့အတိုင်းပဲပေါ့ ..."

"သမီး"

နှုတ်ခမ်းကို ထော်ထုတ်မတတ် ကောက်ချိတ်ချိတ် ဟန် ဖမ်းထားသော သမီးက အဖေဖြစ်သူရဲ့ ခပ်အေးအေးခေါ် သံမှာ မျက်နှာကို ပိုမိုအောက်သိုးသွားစေအောင် ရှုံ့မဲ့လိုက်ရင်း...

"ကြီးကြီးက နည်းနည်းမှ စကားမတည်ဘူး ဖေဖေ ... လူကြီးဖြစ်ရက် သက်သက်မဲ့စကားဖျက်ချင်တာ ... သမီး တို့က လူငယ်ဆိုတော့ လူကြီးတွေ ဘာလုပ်လုပ် ... ဒီတိုင်း မျက်စိမှိတ် ငြိမ်ခံကြဆိုတဲ့ သဘောပေါ့ ..."





မမထံမှ "ဟဲ့" ဟူသော အော်သံကြီး ထွက်ပေါ်လာ ပါသည်။ အခြေအနေကို ကြည့်ရတာ တော်ရုံမဟုတ်ဘူးပဲဟု ဦးမော်နိုင်က ရိပ်မိလိုက်၏။

"ဒီမှာ မောင်နိုင်ရဲ့ ... ဘယ်ကမှန်းမသိ ကောက်ခေါ်လာ တဲ့ လူတစ်ယောက်နဲ့ ဒီတနင်္ဂနွေမှာ လူကြီးစုံရာနဲ့ စေ့စပ် ပေး ဆိုတာကို ငါက ဘယ့်နှယ်လုပ် လက်သင့်ခံနိုင်မှာ လဲ ..."

ဒီတစ်ချက်မှာတော့ မမနှင့် ဦးမော်နိုင်တို့ စိတ်ချင်း သဘောချင်း တိုက်ဆိုင်နေကြသည့်အတွက် ... ဦးမော်နိုင်က ခေါင်းတညိတ်ညိတ်နှင့် ... "ဟုတ်တယ် ... ကျွန်တော်လည်း အဲဒါကို တစ်ချိန်လုံး စဉ်းစားနေမိတာပဲ ..."ဟု ထောက်ခံလိုက် ပါသည်။ ဦးမော်နိုင်ရဲ့ စကားကြောင့် သမီးက ခေါင်းကို လည် ပင်းကပင် ပြုတ်ထွက်သွားမတတ် ... ယမ်းခါပစ်လိုက်ရင်း ...

"မဟုတ်ဘူး ဖေဖေ ... အဲဒါ ကြီးကြီး အလကားပြော တာ ... ဘယ်ကလာ ဘယ်ကမှန်းမသိ ကောက်ခေါ်လာ တဲ့သူကမှာလဲ ... တစ်ချိန်လုံး ဒီအိမ်မှာ ဝင်ထွက်နေတာ ကြီးကြီးလည်း အသိ ... ကြီးကြီး ကိုယ်တိုင် ဘာမှမပြော ဘဲ အသာစောင့်ကြည့်နေခဲ့တာပဲ ဘယ်လောက်ကြာပြီလဲ"

"ဟဲ့ ... ဒီအိမ်မှာ ဝင်ထွက်နေတဲ့ ညည်းသူငယ်ချင်းဆို တာတွေကဖြင့် အများကြီး ..."



www.burmeseclassic.com

www.burmeseclassic.com



"အများကြီးထဲကမှ အဲဒီတစ်ယောက်ကို ကြီးကြီးကွက်ပြီး တော့ သိကိုသိပါတယ် ..."

"အိုအေ ... အတိအလင်းမှ ဖွင့်မပြောပြထားတဲ့ကိစ္စ ... ကျုပ်က အကြားအမြင်လည်း မရ ... ဒိဗ္ဗစက္ခု ရှိနေတာ လည်း မဟုတ် ..."

"အတိအလင်း ဖွင့်ပြောပြီးပြီလေ ..."

"ညည်းက ချည်ပြီးတုပ်ပြီးမှ အသိပေးတာ ... ကျုပ်က ဒါမျိုး မကြိုက်ပါဘူး ..."

"ဒါဖြင့် ကြီးကြီး ဘာလို့ အဲဒီတည်းက မကြိုက်ပါဘူးလို့ မပြောခဲ့သေးလဲ ... ခုတော့ အားလုံး ပြောပြီးဆိုပြီးမှ ... ဒီတနင်္ဂနွေမှာ မစေ့စပ်ဖြစ်ဘူး ဆိုတော့ ..."

ဦးမော်နိုင်က မျက်ခုံးနှစ်ဖက် မြင့်တက်ကာ သမီး ကိုတစ်လှည့် ... အစ်မကိုတစ်လှည့် ကြည့်သည်။ ဒါလည်း သူ မသိသေးတဲ့ကိစ္စပဲ ...။ သို့သော် ဒီလောက် အဆင်မပြေ မကျေ လည်မှုတွေ များနေတဲ့ကိစ္စမှာ ဒီတနင်္ဂနွေ၌ မစေ့စပ်ဖြစ်သေးဘူး ဆိုတာကိုတော့ အတော်ကြီးကို ဘဝင်ကျသွားရတာ အမှန်ပါပင် ...။

"ဘာလဲ အားလုံးပြောပြီးဆိုပြီး ဆိုတာ ... ဘယ်သူ့မှမပြော ရသေးပါဘူး ..."

"ပွဲကို အသိအမှတ်ပြု ကြွရောက်ကြမဲ့ လူကြီးတွေလေ ..."

"တစ်ယောက်မှ ဖိတ်မထားဘူး ... 'ပွဲ'ရယ်လို့ကို ကျုပ် ခေါင်းထဲမှာ တွက်မထားတာ ... ညည်းအဖေကိုတောင်





ငါက ခေါ်တာမှ မဟုတ်ဘဲ ... ညည်းဘာသာ သံကြိုးရိုက် ခေါ်တာဆို ..."

သမီးတစ်ယောက်ပါးစပ်အဟောင်းသားပင် ဖြစ်သွား ပါသည်။ ချက်ချင်းဆိုသလိုပင် မျက်နှာတစ်ပြင်လုံးနီရဲတွတ်သွား ကာ ...

"ဒါ ... ဒါဖြင့် သူတို့ရောက်လာကြတဲ့ အခါမှာ ... ဒီဘက် မှာ ဘယ်သူမှ စောင့်ကြိုမဲ့သူ မရှိဘူးပေါ့ ..."

"ညည်းရယ် ... ညည်းအဖေရယ် ... ငါရယ် ရှိမယ်လေ ... ဘာလဲ ... 'သူတို့'ဆိုတာ ... ကိုယ့်အိမ်ကို ဝင်ထွက်နေတဲ့ သူငယ်တစ်ယောက်က ကိုယ့်သမီးနဲ့ မေတ္တာမျှနေကြပါပြီ ဆိုလို့ အုပ်ထိန်းသူ လူကြီးနှစ်ယောက်က ... အသိအမှတ် ပြုသင့်တဲ့သူ ဖြစ်နေရင်လည်း ပြုပေးလိုက်ရအောင် ခေါ်ကြည့် ရတဲ့ အစီအစဉ်မျိုးမှာ 'သူတို့'ဆိုတော့ ... တစ်ဖက်က ဆွေ ကုန်မျိုးကုန်များ မျက်နှာလာပြထားကြဖို့ ရည်ရွယ်တာလား"

စိတ်ကောက်နေရုံဖြစ်သော သမီးတစ်ယောက် တုန် ယင်မတတ်ပါ ဖြစ်လာလျှင် ...သမီးကိုယ်တိုင်သည်လည်း ဦးမော် နိုင်နည်းတူ ... ဒီစကားတွေကို ခုမှ ကြားသိသဘောပေါက်ရခြင်း မျိုးပဲ ဖြစ်ပေလိမ့်မည်။ "မမကတော့ လုပ်လိုက်ဟော့"ဟု ဦးမော်နိုင် က ကျိတ်ထောပနာလိုက်မိ၏။ ဦးမော်နိုင်ကိုပါ အဖော်ခေါ် အင် အားတောင့်စေပြီးမှသာလျှင် သမီးကို ခပ်ဆတ်ဆတ်ကလေး ရိုက်ချလိုက်ခြင်းမျိုး ဖြစ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးကြီးက ဒီလိုလား ..."

အလိုလိုက်ထားသော သမီးဖြစ်သူထံမှ ဒီ့ထက်ဒီဆိုးဝါးသော ကလန်ကဆန် စကားတွေ ထပ်ထွက်မလာနိုင်ခင်မှာ ဦးမော်နိုင်က ... "ဘယ်လိုဖြစ်တာလဲ မမ"ဟု ဝင်ဖြတ်မေးလိုက်ပါသည်။

"အခြေအနေကို သဘောမကျလို့ဟော ... မင်း ကြည့်လိုက်ပါ ... မင်းကိုယ်တိုင်က သဘောကျပါတယ် ဆိုရင်တော့ ငါ့အနေနဲ့ ဘာမှ မပြောသာဘူးပေါ့ ... ဒါပေမဲ့ ခေါင်းဖြတ်ကြေးတောင် လောင်းရဲသေး ..."

"ကြီးကြီး အဲဒီလို အပိုတွေ မပြောပါနဲ့ ... ကြီးကြီးရဲ့ခေါင်းကို ဘယ်သူက တကယ်ဖြတ်မှာမို့လဲ ... ဖေဖေသာ တကယ်ဖြတ်ရဲရင် ... သမီး ပြောရဲတယ် ... ဒီတနင်္ဂနွေကစပြီး ကြီးကြီးတော့ ခေါင်းပြတ်ကြီးနဲ့ ဖြစ်နေမှာပဲ ..."

"အောင်မာ ... ဒီမှာ ကျုပ်ကြိုပြောမယ်နော် ... ညည်းမောင်နိုင့်ကို ဘာမှ ပွတ်တွတ် ... ပွတ်တွတ်နဲ့ အနီးကပ်ဗိုလ်ကျစရာ မလိုဘူး ... အေးလေ ဒါပေမဲ့ ငါ့မောင်ကပညာရှိပါ ... မြင်တာနဲ့ သိမှာပဲ ..."

"အဲဒါကိုက ကြီးကြီးဘက်ကို ကြီးကြီးက ဆွယ်ပြီးစပြောတာ... ဒီလိုဆိုရင် ... ကြီးကြီးလည်း မဆိမဆိုင်တဲ့ တခြားလူတွေ အကြောင်းကို ဖေဖေ့ကို ဘာမှ နားမချ ... မဖြားယောင်းကြေး ... မဆွယ်ကြေး ..."





သမီးရဲ့ စကားအဓိပ္ပာယ်ကြောင့် ဦးမော်နိုင်ရဲ့ မျက်ခုံးနှစ်ဖက်တို့ မြင့်တက်ရပြန်ပါပြီ။ မမကတော့ သမီးဆိုလိုလိုက်သည့် အဓိပ္ပာယ်ကို မသိချင်ယောင်ဘဲ ဆောင်နေကာ ... ဘာမှ ပြန်မပြောပေ ...။ သမီးရဲ့ မျက်နှာကတော့ သူ့ကြီးဒေါ်ကို လှောင်ပြောင်လိုဟန်နှင့် ခနဲ့တဲ့တဲ့ ...။ ဒီလောက်ဆိုရင်တော့ သမီးရော မမပါ ကိုယ်စီ နောက်တစ်လှမ်းစီ ပြန်ဆုတ်သွားကြပြီဆိုတာ ဦးမော်နိုင်က ရိပ်မိလိုက်ပြီ ...။ ဗူးတူးဝါးတားတွေ ဆက်အော်ဟာစ် ရန်ဖြစ်နေကြဖို့ စိတ်ကူးရှိကြတော့ပုံမရ ...။ လျှို့လိုက်ကြပြီ ...။

"သမီး ... ဒါဖြင့်ရင်လည်း ... သူ့ဘက်က လူကြီးမိဘတွေရော ဆွေမျိုးညီ့သည်တွေပါ တစ်ပါတည်း အားလုံးပါ မလာစေရတော့အောင် ကြိုတားထားလိုက်ပါလား ...အဲဒီလိုကြီး တစ်ပြုံတစ်မကြီးတွေ ပါလာကြပြီးမှ ဘာမှမဟုတ်ဘူးဆိုရင် ... သမီးအပေါ်မှာ သူတို့လူကြီးမိဘတွေဘက်က အမှတ်လျော့ စိတ်ပျက်စရာတစ်ချက် ဖြစ်သွားလိမ့်မယ် ..."

"ဒါဆို ဖေဖေက နောင်အရှည်သဖြင့် ဆက်ဆံရေးဆိုတာကို ထည့်တွက်ပြီး ... အမှတ်မလျော့စေချင်တာမျိုးပေါ့နော် ..."

သမီးရဲ့ လူလည်ကျမှုကို ပြုံးချင်သွားမိသော်လည်း ... အစ်မဖြစ်သူက "ဆတ်"ခနဲ ပြူးပြူးကြီး လှည့်ကြည့်လာသဖြင့် ဦးမော်နိုင်မှာ ပြုံးချင်စိတ်ကို အသာထိန်းလိုက်ရပါသည်။ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပျက်နေသည့် အခြေအနေကိုလည်း ရေးတေးတေးမှသည် ... ခပ်ရှင်းရှင်း မြင်စပြုလာ၏။ အစောကတည်းက ... လူငယ်ချင်းဝင်ထွက်သွားလာနေတာကို အပြတ်တားမြစ် မထားခဲ့ကတည်းက ... သမီးရဲ့ ကောင်လေး ဆိုသူဟာ ... ဒီလောက်ဆိုးဆိုးဝါးဝါးကြီးတည်းကတော့ မဖြစ်နိုင်တော့ဘူးပေါ့ ...။

မြင်လိုက်တာနဲ့ သဘောမတွေ့နိုင်စဖွယ် ... ကိုယ်၊ စိတ်၊ အခြေအနေမျိုးနှင့်သာဆိုရင် ဦးမော်နိုင်ရဲ့ အစ်မဖြစ်သူဟာ ဒီအထိ ဘယ်အရောက်ခံခဲ့ပါ့မလဲ ...။ စစချင်းတည်းက တုတ်နဲ့ထိုးမချရုံတစ်မယ် ... ကော်ထုတ်ထားပြီးသားသာ ဖြစ်ပေလိမ့်မည်။

ပြီးကျတော့ သမီးရဲ့အသိဉာဏ် အဆင့်အတန်းကိုလည်း ဦးမော်နိုင်က ယုံကြည်စွာ အထင်ကြီးပါသည်။ အလိုလိုက်လွှတ်ပေးပြီး ထိန်းကျောင်းထားမှုပုံစံမှာ ... သမီးကို လူကြီးမိဘတွေနှင့် ပြိုင်ငြင်းကာ ပြောရဲဆိုရဲရှိဖို့ ဝန်မလေးသည့် ... ခပ်ဆိုးဆိုးကလေး ဖြစ်နေစေသော်လည်း ... ကိုယ်ပိုင်အသိဉာဏ်နှင့် မှန်မှန်ကန်ကန် ဆုံးဖြတ်တတ်သည့်ဘက်မှာတော့ အားသာ ... အကျိုးရှိနေစေပြန်တာပဲ မဟုတ်လား။ သမီးရွေးချယ်ခဲ့သူဟာ ... အနည်းဆုံးတော့ ... လောင်းကစားသမားလေး ... ဆေးသမားလေး ... ကလေကချေ ပေါက်လွှတ်ပဲစားကလေး တစ်ယောက်ဖြစ်မနေခဲ့မှာကို သေချာပေါက် စိတ်ချထားလို့ ရပါသည်။

ဖြစ်နိုင်တာ တစ်ခုကတော့ ... "မဆိုးပါဘူးလေ" ဟု စောင့်ပဲ ကြည့်နေခဲ့သည့် မမအတွက် ... လူကြီးမိဘ မျက်စိ





နောက်ချင်စရာ တစ်ချက်ချက်နှင့် ငြိသွားခဲ့တာမျိုး ...။ ဒါမှမဟုတ် ... ခုကျကာမှ "မဆိုးပါဘူး"ထက် ပိုသဘောတွေ့ချင်စရာ ... အသစ်တစ်ယောက်ယောက်ကို မမက ရှာဖွေတွေ့ရှိသွားနိုင်တာမျိုး ...။ သမီးရဲ့ စကားအရ ဒုတိယတစ်ချက်က ပိုဖြစ်နိုင်ချေ များနေပါသည်။

"ခုမှ ထတားလို့ မရနိုင်တော့ပါဘူး ဖေဖေ ... သူ့မိဘတွေက မန္တလေးကပါ ... ဒီပွဲအတွက် သူသွားခေါ်နေတာဆိုတော့ ... မနက်ဖြန်ဘဲ တွေ့ကြရမဲ့ကိစ္စ ... ဒီနေ့မှ ထတားလို့တော့ မရတော့ဘူး ..."

"အို ... အနည်းဆုံးတော့ ဒီအိမ်ထိပါ မလာအောင်တားဖို့ အချိန်မီသေးတာပဲ ... ညည်း မကပ်သတ်နဲ့ ..."

"သူ ပြန်ရောက်ပြီလား မရောက်သေးဘူးလားမှ မသိတာ"

"ခါတိုင်းလည်း ညည်းတို့ ဖုန်းတစ်လုံးနဲ့ ပိကျိထိုးပြီး တယ်လီဖုန်းရုံးကို လုပ်ကျွေးနေကျပဲ ... လူလည်မကျချင်နဲ့နော် ... ဒေါ်သမီး ... တားမရနိုင်တော့လို့ ပါလာကြရတဲ့ အတူတူဆိုပြီး မင်္ဂလာစကားတွေ ထပြောနေကြလည်း သမီးရှင်ဘက်က လက်ခံချင်မှရတာ ... အပိုင်ထုလိုက်မဟဲ့လို့ ဖွတ်မတွက်နဲ့ ... ညည်းကို အရှက်မကွဲစေချင်လို့ ကျုပ်တို့က စေတနာနဲ့ ကြိုတားခိုင်းတာ ..."

သမီးက ကြီးတော်ဖြစ်သူကို ဓောင့်ခနဲ ကျောခိုင်းလိုက်လျှင် ဦးမော်နိုင်က နှုတ်ဖျားမှ ရုတ်တရက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဪ … သူတို့တွေကလည်း မန္တလေးကပဲလား … ဒီလို မှန်းသိ မန္တလေးကနေ မိဘတွေ တစ်ယောက်ပြီး တစ်ယောက် ဆင်းလာကြရမဲ့အစား … ဟိုမှာပဲ တွေ့ဖြစ်လိုက်ကြရရင် …"

"ဘာဆိုင်လဲဟဲ့ …"

ဒေါ်သက်ပိုင်က ခပ်ကျယ်ကျယ် တစ်ချက် ဝင်အော်လိုက်သည်။

"အဲဒီလိုတွေ့ကြဖို့ကို မလိုသေးတဲ့ … ကိစ္စမျိုးပါလို့ ဆိုနေမှ … အရေးထဲ သူ သက်သာရင်ပြီးရော … ကိုယ့်အိမ်တင် ဖင်ထိုင်ကျောက်ချပြီး သမီးထိုးအပ်လိုက်ချင်တဲ့သူမျိုးကလည်း ရှိသေး …"

ဦးမော်နိုင်က ကုပ်ကလေးပုကာ အစ်မဖြစ်သူကို လက်ပဲမြှောက်ပြလိုက်ပါသည်။ သမီးမှာ ကြီးဒေါ်ဖြစ်သူကိုသာ ကလန်ကဆန် ပြန်ပြောချင်နေပုံရတာ … တစ်ဖက်ကိုတော့ဖြင့် အချိန်မီ ကြိုပိတ်လိုက်ပြီးပုံပါပဲ …။ တနင်္ဂနွေနေ့မနက် … သူ့ကောင်လေးဖြစ်သူ ဆိုသူ အိမ်ရောက်လာသောအခါ … တစ်ဦးတည်း ကုပ်ချောင်းချောင်းကလေးသာ ဖြစ်လျက် … မိဘဆွေမျိုး … တစ်ပုံကြီးဆိုသူ …၊ "သူတို့"ဆိုသူတွေ တစ်ယောက်မှ ပါမလာကြပါ …။

ဒါတောင် ဂျစ်ကျယ်ကျယ် သမီးက(ကြိုတင်စည်းဝါးရိုက်ထားပြီးပုံ ရရက်) အသံကျယ်ကျယ်နှင့် …





"ဘယ်သူမှလဲ ပါမလာပါလား"

"ကိုယ့်ကိုပဲ ခေါ်ကြည့်တာဆို … လူကြီးတွေ မလာရဘူး မှတ်လို့"

အခန်းထဲကနေ ကြားနေရသည့် ဦးမော်နိုင်မှာ ပြုံးတောင်မှ ပြုံးမိသေးတော့ …။ ခဏကြာတော့ "ဖေဖေ …ကြီးကြီး …" ဟူသည့် အသံခပ်နွဲ့နွဲ့နှင့် သမီးက ဦးမော်နိုင်နှင့် ဒေါ်သက်ပိုင်တို့ကို လက်လာဆွဲပြီး အတွင်းခန်းထဲမှ အပြင်ဧည့်ခန်းဆီသို့ … လာခေါ်ထုတ်ပါသည်။ "ခပ်တင်းတင်းပဲ နေပစ်မယ်"ဟု ဆုံးဖြတ်ထားဟန်ရှိသည့် မမက ခပ်တောင့်တောင့်ကြီးမို့ ဦးမော်နိုင်ကပဲ (တမင်တကာ) အဆင်ပြေပြေ သက်သောင့်သက်သာ ဆိုသည့်ပုံပေါက်အောင် … ဇလိုက်ဇလျော မျက်နှာထားနှင့် အပြင်သို့ လှမ်းအထွက် …

"ဟိုက် …"

သမီးက ဦးမော်နိုင်ကို အထိတ်တလန့်နှင့် မော့ကြည့်လာကာ … "ဖေဖေ … ဘာဖြစ်တာလဲ …"တဲ့ …။ ဦးမော်နိုင်က သမီးကို ပြန်မဖြေသေးဘဲ ဧည့်ခန်းမှ သကောင့်သားထံပဲ ချက်ချင်းပြန်ကြည့်လိုက်လျှင် … ထိုသကောင့်သားလေးက ထိုင်ရာမှ ခပ်မြန်မြန် ထရပ်ကာ … ကိုယ်ကလေးများတောင် ကိုင်းညွတ်ကွေးကာ အရိုအသေပေးလျက် …။

သင်း … သင်း … သင်း …။ မျက်နှာပြောင်ပဲ တိုက်လွှန်းတာလား။ တကယ်ပဲ မမှတ်မိတာလား …။ သင်းကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ချမ်းသာစေချင်စိတ်နှင့် ဇလိုက်ဇလျော ... ပြေပြေလည်လည်လေး လုပ်ပြထားဖို့ပဲ စိတ်ကူးရှိခဲ့သည့် ဦးမော်နိုင်လည်း ... အစ်မဖြစ်သူနည်းတူ ... တောင့်တောင့်ကြီးပဲ ဖြစ်သွားခဲ့ရပါပြီတည်း ...။

သမီးကတော့ သူ့မျက်နှာထားလေးကို မမှုန်လိုက်မိအောင် မနည်းကြီးကြိုးစားထားပုံရကာ ... ဖြစ်ဆွဲကြီးတွေ ဖြစ်နေကြသည့် အဖေနှင့် ကြီးဒေါ်တို့ကို ခါးကနေ တွန်းထုတ်ကာပင် နေရာချဖို့ စိစဉ်သည်။ ဦးမော်နိုင်ဘက် တစ်ချက်လှည့် အကဲခတ်လိုက်သည့် ဒေါ်သက်ပိုင်က ဦးမော်နိုင်ရဲ့ ပြောင်းလဲသွားသောပုံစံကို အကဲခတ်မိရုံနှင့် သူကလည်း နှစ်ဆလောက် ပိုတင်းသွားပြန်လေပြီ ...။

"သမီး ... တကယ် အကျယ်ကြီး အော်ဒိုချပစ်လိုက်မှာနော် ..."

သမီးက ဦးမော်နိုင်ရဲ့ နားရွက်နားသို့ သူ့နှုတ်ခမ်းလေး အသာကပ်လာကာ ခပ်တည်တည်နှင့် ခြိမ်းခြောက်ပါသည်။ ဒီလိုဆိုတော့လည်း ဒီလို ... မျက်နှာပြောင်တိုက်၊ စာရိတ္တမကောင်းသည့် အောက်တန်းစားကောင် တစ်ကောင်ရဲ့ရှေ့မှောက်မှာ ... သမီးဖြစ်သူကို အကြီးအကျယ် ကျရှုံးမျက်ရည်ကျသွားရတာမျိုး ... ဖခင်တစ်ယောက်အနေနှင့် မဖြစ်စေလိုတာနှင့်ပဲ ဦးမော်နိုင်က မမကို ခေါင်းဆတ်ပြလိုက်ကာ ဧည့်ခန်းက ကုလားထိုင်တွေမှာတော့ ဝင်ထိုင်လိုက်သည်။





"သူခ ... ပါ ဖေဖေ ... ခ ... ဒါက သမီးဖေဖေ ဦးမော်နိုင်တဲ့ ... ကြီးကြီးကိုတော့ ခ,သိပြီးသားပါ ..."

"ညီအစ်ကို အရင်းအချာတို့ ... အမြွာမွေးတို့များ ရှိသလား"

ဦးမော်နိုင် ထံမှ ရုတ်တရက် ထွက်ပေါ်လာသော မေးခွန်းကြောင့် အားလုံး ခပ်ကြောင်ကြောင်တွေ ဖြစ်သွားကြပြီးမှ ... "လူခ"ဆိုသော လျှောင်ကောင်က ချက်ချင်းအကြောင်ပြေကာ ... သွက်လက်ယဉ်ကျေးစွာပင် ...

"မရှိပါဘူး ခင်ဗျာ ... ကျွန်တော် တစ်ဦးတည်းသောသားပါ ..."

"သြော် ... မန္တလေးသား ... ဟုတ်လား ..."

"မိဘများက မန္တလေးမှာ နေကြပါတယ် ခင်ဗျ ..."

ကျလည်းကျတဲ့အကောင် ...။ အဲဒါကြောင့် ရန်ကုန်က မိန်းကလေးတစ်ယောက်ကို မန္တလေးဘက် ခိုးပြေးဖို့ စိစဉ်ခဲ့တာများလား။ ဟိုတစ်နေ့ညကတော့ ဖြူးကနေ အထက်ဘက်ပဲ ပြန်တက်သွားကြသလား ... ရန်ကုန်ပဲ ပြန်ဆင်းလာကြသလား မသိ ...။ ဒီကနေ့မှာတော့ နောက်ထပ် မိန်းကလေးတစ်ဦးရဲ့ အုပ်ထိန်းသူမိဘများ ရှေ့မှောက် ခပ်တည်တည်ပင် လာရောက်နေပြန်သည်။

မခိုးဖြစ်ကြဘူးလား မသိ။ ဟာ ... ဘာဆိုင်လဲ ... မခိုးဖြစ်လည်း ဘာကြောင့် ခွင့်လွှတ်ရမှာလဲ ...။ ခိုးဖြစ်ပြီးပြီဆို



www.burmeseclassic.com

www.burmeseclassic.com



ရင်တော့ ဝိုဆိုးတာပေါ့ ... မခိုးဖြစ်လိုက်ရင်လည်း ငါးရုံနှစ်ကောင် ဖမ်းတာကတော့ ဖမ်းတာပါပဲ ... ဘယ်လိုမှ ငြင်းမရ ...။

အမယ် ... ဟိုတစ်နေ့ကများ ...ဒီလိုယဉ်ကျေးလိမ္မာသည့် ဟန်ကလေးလည်း တစ်စက်မှမပေါက်ပါဘူး ...။ ဂျစ်ကန်ကန် ဆောင့်ကြီးအောင့်ကြီးနဲ့ ...။ သူက မခိုးဘဲ ဟိုကစွတ်လိုက်လာတယ်ပဲ ဖြစ်ပါစေဦး ...။ ဒီလိုအချိန်မျိုးမှာ မိန်းကလေးဖြစ်သူကို ဒီလောက် ဆောင့်ကြီး အောင့်ကြီး ရန်လုပ်နေစရာလား။ စုမှ အတင်းကာရောကြီး ဟန်ဆောင်ထားချင်သော်လည်း လူကြီးသူမကို မသိတတ် ... မယဉ်ကျေးလှတာကိုလည်း ... ဦးမော်နိုင်က ထိုနေ့တည်းက ... ကိုယ်တိုင်ကို ကြုံဖူးပြီးသား ...။

စကားနှစ်ခွန်းလောက် ပြောပြီး ဘာမှ ဆက်မထွက်လာတော့ဘဲ စူးစူးကြီး စိုက်ကြည့်နေသောအခါ ... သကောင့်သားလည်း ရှိုးတိုးရှန့်တန့်နှင့် မနေတတ် မထိုင်တတ် ...။ သမီးစများတော့ မျက်နှာလေးပျက်ကာ စိုးရိမ်တကြီး ဖြစ်နေရှာပြီ ...။ ကိုယ်တိုင်က ကြိုတင်ထားသည့် မမပင် ဦးမော်နိုင်ကို နားမလည်သလိုကြီး အကဲခတ်လျက် ရှိလေသည်။

"မင်း ငါ့ကို ဘာပြောစရာများ ရှိဦးမလဲကွ ..."

ဦးမော်နိုင်က နောက်ဆုံးအကြိမ်အဖြစ် လမ်းဖွင့်ကာမေးမြန်းလိုက်သည်။ မှတ်မိပြီး ဟန်ဆောင်နေတာပါဆိုရင် ... ရှင်းစရာရှိ ... ရှင်းပြလေ ... နားထောင်ကြည့်ရတာပေါ့ ...။ သို့သော် ... အလကားကောင်က ကြောင်တောင်တောင်ပုံစံနှင့် ...





"ဟို ...ဘာမှမရှိပါဘူးခင်ဗျ ..."တဲ့ ...။ ပြီးရောပေါ့ ...။ ဦးမော်နိုင်က ထိုင်ရာမှ ထရပ်လိုက်ကာ ...

"ပြီးရော ... အသိအမှတ်ပြု ခေါ်ကြည့်တယ်ဆိုတာ ... သဘောတူပါပြီလို့ ဆိုချင်တာတော့ မဟုတ်ဘူး ... ဒါကိုတော့ သိထားစေချင်တယ် ... လာ ...ဝမမ ..."

ဒေါ်သက်ပိုင်က အားတက်သရော ခပ်မြန်မြန်ပင် ထိုင်နေရာမှ သွက်သွက်ကြီး ထရပ်လိုက်သည်။ သမီးရဲ့မျက်နှာတစ်ခုလုံးကတော့ ညိုမှောင်ရင့်ရော်လို့ သွားလေသည်။ သနားစရာ သမီးရယ် ...။ ကံဆိုးလိုက်တာ ...။ အမှန်တကယ် ဖြစ်သင့်တာကတော့ တစ်ထိုင်တည်း မျက်နှာချင်းဆိုင် ပြောင်ဖွင့်မေးချပစ်လိုက် ...။ ပြီးတာနဲ့ အပြတ်ဖြတ် ...။ ဒါပဲရှိတာ ...။

သို့သော် ... ဦးမော်နိုင် ခများမှာ မလုပ်ရက် ...။ မလုပ်ရဲ ...။ သမီးကို သနားသည်။ ကိုယ်တိုင်လည်း ရှက်လှသည်။ တဖြည်းဖြည်းနဲ့ သမီးရဲ့ ခေါင်းထဲကို အမှန်တရားတွေ ထည့်ထည့်ပေးသည့်နည်းကိုပဲ သုံးပါတော့မည် ...။



www.burmeseclassic.com

www.burmeseclassic.com



ဦးမော်နိုင်နှင့် ဒေါ်သက်ပိုင်တို့ မောင်နှမနှစ်ယောက်သားဟာ အိမ်ရှေ့ကလူရဲ့ ကွယ်ရာကို ရောက်သည်ဆိုရုံနှင့်ပင် ထသတ်တော့မတတ် ဝုန်းခနဲကို အချင်းများကြပါတော့သည်။

"ထွီ ... ဆိုးလိုက်တဲ့ရုပ်ဗျာ ... ရုပ်ကလည်းဆိုး ... အူကြောင်ကြောင်ကလည်းနိုင် ... မမ ဗျာ ... ခင်ဗျား ... အဖြိုးနဲ့ တမင်လုပ်သလားတောင် စွပ်စွဲလို့ ရနိုင်နေပြီ ..."

"ဟဲ့ ... ဟဲ့ ... ဟဲ့ ... ရှူး ... ရှူး ... တိုးတိုးလေ ... ဘယ်လိုဖြစ်တာလဲ"

"မတိုးနိုင်ဘူး ... အဲဒီလောက်ဆိုးနေတဲ့ ရုပ်ကြီးကို ခင်ဗျားသာဆိုရင် ယူမလား ... ခုတော့ ကျွန်တော့်သမီး နုနုထွတ်ထွတ်လေးကို ..."

"မောင်နိုင် ..."

ဒေါ်သက်ပိုင်လေ ... ဘယ်ရလိမ့်မလဲ ...။ အိမ်ရှေ့က ဧည့်သည် ကြားသွားမှာစိုး၍ တရှူးရှူး လုပ်နေသမျှ ... ကိုယ်တိုင်လည်း ဒေါသထွက်လာပြီဆိုရင်တော့ ... ဘယ်သူ ... ဘာကြားကြား ... ဘာများမှုနေရဦးမည်နည်း ...။

"နင် သူများသားသမီး တစ်ယောက်ကို ဒီလောက် ချိုးချိုးဖွဲ့ဖွဲ့ မပြောပါနဲ့ ... နင့် လာပြောရင် နင် ကြိုက်မလား"





"အာ ... မမ လုပ်ပုံက ချိုးချိုးဖွဲ့ဖွဲ့ ပြောတာထက်တောင်မှ လွန်နေသေးတဲ့ဟာ ... ဘယ့်နှယ် ..."

"ဟဲ့ ... ရုပ်တစ်ခုတည်းကို အဓိကထား ကြည့်နေလို့ ဖြစ်မလား ... ရုပ်ဆိုတာ ပြုတ်သောက်လို့ ရသလား"

"ရုပ်တစ်ခုတည်းကိုပဲ အဓိကထားပြီး အရင်ကြည့်ရမှာပေါ့ ... လူလူချင်း ဆက်ဆံပြီဆိုရင် ဒီရုပ်ချင်းက အရင်တွေ့နေရတဲ့ဟာ ... ရုပ်ဆိုတာ ပြုတ်သောက်ပစ်လိုက်လို့ မရနိုင်လို့ပဲ ကျွန်တော်ကလည်း ပြောနေရတာ၊ ပြုတ်သောက်လို့ရလို့ကတော့ ဘာအရေးလဲ ... ဒါကြီး မမြင်ချင်တော့ရင် ပြုတ်သောက်ပစ်လိုက်ရုံပဲ ... ပြီးရော ... ခုဟာက အဲလိုပြီးမသွားနိုင်လို့လေ ... မသေမချင်း ဒီရုပ်ကြီးနဲ့ ... ဟား ... ပြောတာနဲ့တောင် စိတ်ဓာတ်ကျတယ် ... တော်ပါဗျာ ..."

"လူခ"ဆိုသော အကောင်တစ်ကောင်ကို မနှစ်သက်နိုင်ကြသည့်ဘက်မှာ ဆန္ဒလာညီနေကြသော ဒေါ်သက်ပိုင်နှင့် ဦးမော်နိုင်တို့မှာ ... "ဖေဖေရော ကြီးကြီးပါ မတရားဘူး ... လုံးလုံးမတရားဘူး ... ဘာဖြစ်လို့လဲ ... သမီးကို အကျိုးအကြောင်းလေးတော့ ပြောပြဦးမှ ဖြစ်မှာပေါ့ ..."ဟူသည့် သမီးရဲ့စကားများကိုပါ တက်ညီလက်ညီ လျစ်လျူရှုပြီးကြချိန်၌ ... ဒေါ်သက်ပိုင်က ... ဦးမော်နိုင်ကို သူ့ဘက်သားကြီးလုံးလုံးဟု ထင်သွားခဲ့လေပြီ ...။

"ဒီလိုရှိတယ် မောင်နိုင်ရေ ... သမီး ရွေးလာတဲ့ကောင်လေးကို မင်းကိုယ်တိုင် မြင်မြင်ချင်း ကြည့်လို့ကို မရတာဆို



www.burmeseclassic.com

www.burmeseclassic.com



တော့ မမ အနေနဲ့ ဘာမှ အထူးပြောနေဖို့ မလိုတော့ဘူးပေါ့။ ဒီတော့ မမ ပြောချင်တာက ... တစ်လက်စတည်း နောက်တစ်ယောက်ကိုလည်း မင်း ကြည့်ပေးသွားပါဦးလို့"

"ခင်ဗျာ ..."

"သမီးအတွက် မမ ကိုယ်တိုင် သဘောကျထားတဲ့ တစ်ယောက် ရှိတယ်ကွယ့်"

တကယ်တမ်း ဆိုရင်တော့ ... သမီးကို အပြင်းအထန်ကြီး ဆန့်ကျင်နေရသည့် ဒီလိုရက်ပိုင်းမှာ ... ဦးမော်နိုင်က အစ်မဖြစ်သူဘက် လုံးလုံးကြီး ဘက်ပင်းပြီး ... နောက်တစ်ယောက်ကို ထပ်ကြည့်တာတို့ ဘာတို့ သိပ်တော့ မလုပ်ချင်လှသေးပါ။ သို့သော် ... ကိုယ့်အနေနဲ့က အဲဒီ"လူခ"ဆိုတဲ့ ကောင်ကို ဘာ့ကြောင့် မကြိုက်နိုင်ရသလဲ ဆိုတာမျိုးကို သမီးကိုရော အစ်မကိုပါ ဖွင့်ပြောမပြချင်သေးချိန် ဖြစ်နေတာရယ် ... အစ်မဖြစ်သူရဲ့ တတွတ်တွတ် တကျီကျီကို နားသည်းညည်းခံမနေနိုင်တော့တာရယ်နှင့် နောက်ဆုံး ခေါင်းပဲညိတ်ပြလိုက်မိတော့တာ ...။

သမီးကို ဟိုးပီစိညှောက်တောက် အရွယ် ... ပလူမွေးပလူတောင် ဘဝတည်းက ချေးကလူ သေးကလူ ပြုစုစောင့်ရှောက်လာခဲ့သော ကြီးဒေါ်ဖြစ်သူထံမှာ ဒီလောက်တော့ ဝင်ရောက်စွက်ဖက်ခွင့် အာဏာရှိသင့်သည်ဟုလည်း ဦးမော်နိုင်က အပြည့်အဝ ယုံကြည်သည်လေ။





ရောက်မဲ့ရောက်လာတော့ ... ဟောဒီလို ကိုးလို့ကန့်လန့်ကောင် ...။ ရုပ်က ဆိုးရတဲ့အထဲ ... လူက အူကြောင်ကြောင်ဟန်ပန်ဂိုက်ဆိုက်နှင့် ... ငါးမိနစ်မျှလောက်တောင် ငြိမ်ထိုင်ကြည့်မနေ့ဝံ့လောက်အောင် အချိုးကမပြေ ...။

"ရုပ်ကလေးက ဒီလောက် မဟုတ်ပေမဲ့ ..."

"ဘာဒီလောက် မဟုတ်ရမှာလဲ ... ဒီလောက် ဟုတ်နေတာကြီးကို ..."

"ဩော် ... ငါ ပြောတာလည်း နားထောင်စမ်းပါဦး ... ရုပ်တစ်ခုတည်း ကွက်ကြည့်ရင်တော့ ဟုတ်တာပေါ့ ... ဒါပေမဲ့ သမီးမိန်းကလေးတစ်ယောက်အတွက် အိမ်ထောင်ဖက် ရွေးချယ်တယ်ဆိုတာ ဘက်စုံ အဘက်ဘက်ကကြည့်ရမယ်ကွယ့် ..."

ဘယ်ဘက်မှာ ဘယ်လောက်ကောင်းကောင်း ဒီရုပ်ဒီရည်နဲ့တင် သမီးနဲ့ သူ့ကြီးဒေါ်တို့ကြားက ပင့်ပကွက နည်းလှမှာ မဟုတ်တာကို ... ဦးမော်နိုင်ထက်တောင်မှ ဒီသမီးနဲ့ အချိန်ကြာကြာ အတူတကွ လက်ပွန်းတတီး ရှိခဲ့သည့် ဒီအစ်မတစ်ယောက် ဘာ့ကြောင့်များ မမှန်းဆ နိုင်ရတာလဲ။ သမီးမှာ ရည်ရွယ်ပြီးသား မရှိရင်တောင်မှ ... ဒီလိုရုပ်မျိုးကို "လူကြီးစဂါး" ဆိုသည့် တစ်ချက်နှင့် သမီးက မျက်စိပိတ်ပြီး လုံးဝလက်ခံလိမ့်မှာ မဟုတ်တာ မမ သိသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ ခုဟာက ပြိုင်ဘက်ကလည်းရှိ ...။ အချင်းကတော့ ခဏထားလိုက်ပါဦး ...။ အဆင်းချင်း ကွာခြားလိုက်ပုံကတော့ မိုးနှင့် မြေမျှတောင်မှ မက ...။ မမဟာ တစ်ခါတလေတော့ အဲဒါတွေ စိတ်ပျက်ဖို့ ကောင်းလှတာ ...။ ဦးမော်နိုင်သာ ဆိုရင်တော့ ဒီလို တစ်ဖက်သတ်ကြီး သိသာနေမည့်ပြိုင်ပွဲမျိုးကို ဝင်ပြိုင်ဖို့ စဉ်းတောင် စဉ်းစားမနေတော့ပါဘူး ...။ သူ့ကို ခွကျသည်ဟု ပြောပြန်ရင်လည်း သူက မကြိုက် ...။ ခွကျလှတာကတော့ မျက်မြင်လက်တွေ့ပင် ဖြစ်လေသည်။

နောက်ကြောင်းတွေ ပြန်လှန်ရရင်တော့ ငိုဟယ် ရယ်ဟယ်နှင့် မောင်နှမချင်း ရန်သတ်ပွဲတွေ ထဖြစ်ပွားနေရဦးမည်။ သူ့တုန်းကဆို ဒီလောက်တောင် ရုပ်ရည်က ဆိုးဝါးနေတာ မဟုတ် ... အသားအရေလေး နည်းနည်းလောက် ညိုမှောင်နေတာနှင့်ပဲ ... မိဘလုပ်သူတွေနှင့် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ပြဿနာတွေကြီးထွားပြီး ... နောက်ဆုံးမှာ မိဘကို ပြန်အရွဲ့တိုက်ကာ , ခုထက်ထိ အိမ်ထောင်မပြုတော့ဘဲ အပျိုကြီးပဲ ဖွတ်လှပ်ခဲ့တာကြည့် ...။

ဦးမော်နိုင်တို့ကတော့ ကိုယ့်အလှည့်တုန်းကလည်း ညွှန့်ပေ့ဆိုသည့် "ခေါင်" လှထိပ်တင်ကိုမှ ...။ ကိုယ့်သားသမီးအလှည့်ကျတော့လည်း ... ခပ်စောစောကတည်းကိုက ... မကြာမီ ထပ်မံပေါက်ပွားလာမဲ့ မျိုးဆက်သစ်လေးတွေအတွက်ပါ ကြိုတင်ပြီး ... "ငါ့မြေးတွေဟာ ငါ ကောက်ချိချင်တဲ့ ရုပ်မျိုးတော့ ရှိပ





စေပော့ ..."လို့ကို ပြောထားခဲ့တာပါ။ အဲဒီလောက်အထိကို ဖြောင့်ဖွင့်ပြောခဲ့ပါရက်နဲ့ ... မမရယ် ...။ ဟင်း ...။

"ဈေးရောင်းများလည်း တော်လိုက် ကောင်းလိုက်ပုံများနယ် ... မင်း မြင်စေ့ချင်တယ် မောင်နိုင်ရယ် ..."

"အမယ်လေးဗျာ ... တော်ပါပြီ ... ယောကျ်ားကြီးတန်မဲ့ ဈေးရောင်းရတယ်ဆို့ပဲ ..."

"ဟဲ့ ... ဘာဖြစ်လဲ ... အဲဒါလည်း အရည်အချင်းကောင်း တစ်ခုပဲဟာ"

"တော်ပြီ ... တော်ပြီ ... ခုနက တစ်ချက်နဲ့တောင် ပယ်ဖို့ လုံလောက်နေတာ ... ခုတစ်ချက်ပါ ထပ်တိုးလိုက်ပြန်တော့ ... ဗဲရီးဆော့ရီးပဲ မမရေ ... မော်နိုင့် သမက်ဟာ ရုပ်ဆိုးဆိုးကြီးနဲ့ ဈေးရောင်းတော်လိုက်တာလို့များ အပြောမခံနိုင်ပါဘူး ... တွေးတာနဲ့တင် ကြက်သီးထလွန်းလို့ ..."

ဒေါ်သက်ပိုင်က သူ ဆုပ်ကိုင်ထားသော ဦးမော်နိုင်ရဲ့ လက်မောင်းတစ်ဖက်ကို ဆတ်ခနဲ ဆွဲလိမ်လိုက်သည်။ တစ်လက်စတည်းနှင့် အပိုင်ပြောနိုင်မဲ့ပုံ မပေါက်ရင်တော့ ... ကိုယ်လည်း ကျွမ်းကျင်လည်ဝယ်လှတဲ့ ကုန်သည်ဈေးရောင်းတစ်ယောက်ပီပီ ... ဖွတ်ဆက်ရှေ့တိုးမနေတော့ဘဲ ...

"ဒါဖြင့် ... မင်း ဟိုတစ်ယောက်အကြောင်းတွေ တိကျသေချာအောင် စုံစမ်းချင်သေးတယ် ဆိုတာ ... အဲဒါတော့ ... **မောင်မိုးမြင့်** ကို မင်း အကူအညီတောင်းလို့



www.burmeseclassic.com

www.burmeseclassic.com



ရတယ် ... သူ့လို လည်လည်ဝယ်ဝယ်နဲ့ နှုတ်လုံကျိုးနွံတဲ့ လူမျိုး မင်း ဘယ်မှာမှ ရှာမတွေ့နိုင်ဘူး ... မင်းက မန္တလေးတင် အနေများတာ ... ရန်ကုန်မှာ ဒီလိုလူ့ခံတစ်ယောက်ကိုတော့ မင်း သုံးကို သုံးမှ"

ဒီအချက်ကိုတော့ ကောင်းသလား ...မကောင်းသလား စေ့စေ့ဖြတ်နိုင်သေးသည့်အတွက် ဦးမော်နိုင်က ခေါင်းမညိတ် ... ခေါင်းမခါ ခပ်မဆိတ်သာ လုပ်နေလိုက်ပါသည်။ ကောင်းနိုင်သည့်အချက်ကတော့ မမ ပြောသလို "ရန်ကုန်လူခံ၊ လည်လည်ဝယ်ဝယ် ... နှုတ်လုံကျိုးနွံ"ဆိုရင်တော့ တကယ့်ကို အတိုင်းထက်အလွန်ပေါ့ ...။ သို့သော် မကောင်းနိုင်တာက ... သူ့ကို ဒီနေရာမျိုးမှာမှ ခေါ်သုံးမိလို့ ... သူက ... "ဒီအဘိုးကြီးလည်း ငါ့ဘက်သားပဲ ..."ဟု ယုံမှားသံသယ ဖြစ်သွားလျှင် သွားပြီ ...။

ဒီနေရာမျိုးမှာ အရှောင်းအဝယ်သမားပီပီ ..."ငါက ဆန်ပေးရရင်တော့ ဆီပြန်ရကို ရရမှ"... ဟု တွက်တတ်သည့်သူဆိုရင် ပိုဆိုးမည်။ ဦးမော်နိုင်ကလည်း သူ့ဆီက ဆန်ကိုသာ အလိုရှိတာ ... ကိုယ့်ဘက်က 'ဆီ'ကျတော့ တစ်စက်တလေလောက်မှ ပြန်အပေါ်ခံနိုင်တာမှ မဟုတ်ဘဲ ...။

"ကဲပါ ... လာပါ ... လာပါ ... တခြားကိစ္စတွေ ခေါင်းထဲက ပြန်ထုတ်ထား ... ဘယ့်နှယ့် ကိုယ့်အိမ်ကိုယ့်ရာကို ဧည့်သည်က လာပါတယ် ... မိတ်ဆက်ပေးပြီးတာနဲ့ ... အိမ်ရှင်ဖြစ်သူတွေက အထွဲဝင်ပြောပြီး ဧည့်သည်တစ်ယောက်





တည်း အကြာကြီး ချန်ထားရစ်တာကတော့ အလုပ်မဟုတ်လှသေးပါဘူး ... နောက်ကိစ္စကို နောက်ထား ... ဒီလိုကြီး လူမှုရေး မကျေတာကတော့ မကောင်းပါဘူး ..."

ဒေါ်သက်ပိုင်က မောင်ဖြစ်သူရဲ့လက်ကို မလွှတ်တမ်း ဆုပ်ကိုင်လျက် အိမ်ရှေ့ဘက် ပြန်ထွက်လာကြတော့ ... လူကြီးနှစ်ယောက်ကို မြင်သည်နှင့် ... (သရဲလိုလို) သနရုပ်ပ မရှိလှသည့် ကောင်က ထိုင်မလို ထမလို ကုန်းကွကွ ...။ ဦးမော်နိုင်က ကြည့်ကို မကြည့်ချင်တာနှင့် မျက်နှာကို တမင်ခပ်လွှဲလွှဲသာ ပြုထားသည်။

"သမီးတို့အဖေက ဒီမှာ ကြာဦးမှာ မောင်မိုးမြင့်ရဲ့ ... ကြီးကြီးကလည်း ဆိုင်တစ်ဖက် ... သမီးကလည်း သူ့အလုပ်တစ်ဖက်နဲ့ ... ကြီးကြီးရဲ့မောင်မှာ အသွားအလာများ ခက်မယ်ဆိုရင်တော့ မင်းက ကူညီစေ့ချင်တယ် ..."

"ဟာ ... ကြီးကြီးရာ ... ပြောစရာလား ... ဒါ သားတာဝန်ပါ ..."

"သား"...။ ထွီ ... အန်ချင်လိုက်တာ။

"မလိုပါဘူး ... ကိုယ့်မလည်း လက်နဲ့ခြေနဲ့ ... ကိုယ့်ကားကိုယ်မောင်းပြီး မန္တလေးကတောင်မှ ရန်ကုန်ထိ တစ်ယောက်တည်း ဆင်းလာတာ ... ဘာကိစ္စ ရန်ကုန်ရောက်မှ အသွားအလာက ခက်ရမှာလဲ ... မန္တလေးမှာ အနေများပေမဲ့ ရန်ကုန် ဆိုတာလည်း ကိုယ့်မွေးဇာတိပဲဟာ ..."



www.burmeseclassic.com

www.burmeseclassic.com



အထဲမှာတည်းက ပြောဆိုထားပြီးသား ကိစ္စကို ဦးမော်နိုင်က ထငြင်းပစ်လိုက်သည့်အတွက် ဒေါ်သက်ပိုင်ရဲ့ မျက်နှာမှာ ခပ်မဲ့မဲ့ပင် ဖြစ်သွားရပါသည်။ မောင်ဖြစ်သူကို မျက်ရိပ်မျက်ခြည်နှင့် သတိပေးဖို့ ကြိုးစားကြည့်တော့လည်း အကြောင်းသိ အစဉ်းသိ ဖြစ်တဲ့ ဦးမော်နိုင်က သူ့အစ်မကိုရော လူ့ရဲ့ကောင်ကိုပါ မျက်နှာချင်း မဆိုင်ဘဲ နေလို့ရသည့် ... နံရံတစ်ခုဆီပဲ အကြည့်ကို တရစပ် ပို့လွှတ်ထားသည်။

"ဘဘက သားတို့ထက် အတွေ့အကြုံ များတာ သားသိပြီးသားပါ ... သားတို့ သိတယ် တတ်တယ်ဆိုတာ ... သားတို့ထက် အများကြီး စောမွေးထားတဲ့ ဘဘတို့ကိုတော့ ဘယ်မီပါ့မလဲ ... သား ကူညီနိုင်မယ် ဆိုတာကလည်း ဘဘ မလုပ်ချင်တဲ့ ... သားတို့နဲ့မှ ကိုက်နိုင်မဲ့ ကိစ္စလေး နည်းနည်းလောက်သာပါ ဘဘရဲ့ ..."

ဟော့ကောင် ... တိတ်စမ်းကွာ ...။ နားရာဇဝတ်သင့်လိုက်တာ ...။ "တသားသား"နဲ့ ...။ လူကိုများ သူ့ဆီဈေးလာဝယ်တဲ့ ဈေးဝယ်ကြီးများ မှတ်နေသလား မသိပါဘူး ...။ ဒါလား ... ဈေးရောင်းတော်တယ် ဆိုတာ၊ ဒီလို "တသားသား" နဲ့ ပစ်ချွဲချွဲကြီးလား ...။ ကျွတ် ... ငါသာဆို မဝယ်တဲ့အပြင် ... သူ့ဆိုင်ရှေ့ကတောင် ချာခနဲ ချက်ချင်းလှည့်ထွက်ခဲ့ဦးမယ်။ ဆိုင်ရှေ့လည်း နောက်တစ်ခေါက်များ ယောင်လို့တောင်မှ ထပ်မဖြတ်ဘူးမှတ်။





"သမီးကို လိုက်နှောင့်ယှက်နေတယ် ဆိုတဲ့ကောင်ရဲ့ ကိစ္စကို ဘဘ စုံစမ်းချင်တယ် ဆိုရင် ... သား အပြည့်အဝ ကူညီနိုင်တယ်လေ ... ဒီလိုကိစ္စမျိုးကျတော့ ဘဘတို့ အသက်အရွယ်နဲ့ ဂုဏ်အဆင့်အတန်းထက် သားတို့ လှုပ်ရှားတာကသာ ပိုသင့်တော်ပါတယ် ..."

ဦးမော်နိုင်က အစ်မဖြစ်သူကို ဒီတစ်ခါတော့ ဆတ်ခနဲ လှည့်ကြည့်ရင်ဆိုင်ပစ်လိုက်သည်။ ကြည့်စမ်း ... ဒီလိုကောင်မျိုးကိုမှ နှုတ်ဖွာဖွာနဲ့ လျှောက်ကို ပြောထားတော့တာပဲ ...။ ဟား ...။

ဒေါ်သက်ပိုင်က ဦးမော်နိုင်ရဲ့ အကြည့်တို့ကို ... "ဘာဖြစ်သေးလဲ ..." ဆိုသည့် ပုံစံနှင့် ခပ်အေးအေး ... ခပ်တင်းတင်းသာ တုံ့ပြန်ပါသည်။

"ဘဘ ... သားကို စိတ်ကြိုက်ခိုင်းကြည့်ပါ ... သားကတော့ ဘဘနဲ့ ရေစက်ကို ပါတယ်ထင်ပါတယ် ကြီးကြီးရယ် ... ကြာသပတေးသားချင်းမို့ ထင်ပါရဲ့ ... မြင်မြင်ချင်း ... ကိုယ့်ရဲ့ဆွေမျိုးသားချင်း ဘဘ အရင်းတစ်ယောက်လို ..."

တောက် ...။ ဘေးလူ ...(တခြားမွေးနေ့နံ)တွေ ကြားရင် အလကားနေရင်းသက်သက် ကြာသပတေးသားတွေ နာမည်ပျက်ရဦးမယ်။ ကြာသပတေးထဲ ဒီလောက် ဥပမိမရှိတာ ဒီတစ်ယောက်သာ တွေ့ဖူးပါရဲ့ ... အဟုတ် ...။ တောက် ...အ

www.burmeseclassic.com



ကြရှာကလည်း ဒီလိုကောင်မျိုးကိုမှ ကြာသပတေးဂိုဏ်းထဲ လာထည့်ထားရတယ်လို့ ...။ အဓိပ္ပာယ်မရှိတာ။

"မင်းဘဘက စကားနည်းပြီး စကားပြောပြတ်လို့ကွယ့် မောင်မိုးခြင့်ရဲ့ ... သူကလည်း ခင်တတ်ပါတယ် ... မင်းကို သူ အားကိုးမှာပါ ..."

ဒေါ်သက်ပိုင်က ပြောပြောဆိုဆို သူ့စကား ဆုံးသည်နှင့် အနိုင်နင့်ပိုင်းကာ "ကဲ"ဟု စကားဖြတ်လိုက်သည်တွင် ချက်ဆို နားခွက်က မီးတောက်ပြီးဟန်နှင့် သူ့ရဲကောင်ကလည်း ဖျတ်ခနဲ သွက်လက်စွာ ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"ဘဘ ... ကြီးကြီး ... ဒီလိုဆိုရင် သား ပြန်ပါဦးမယ် ... ဘဘ ... သား ဖုန်းပြန်ဆက်လိုက်ပါ့မယ် ခင်ဗျ ..."

ဦးမော်နိုင်က ရိုင်းချင်လည်း ရိုင်းပစေတော့ ... မကြားသလိုလို တုံ့ကျိဘာဝေ လုပ်နေလိုက်သည်။ ဒေါ်သက်ပိုင်လို ထိုင်ရာကထပြီး ဧည့်သည်ကို တံခါးဝထိ ပြန်လိုက်ပို့ခြင်းမျိုးလည်း တမင်ပင် မလုပ်။ ရှေ့လျှောက်လည်း "တသားသား"နှင့် ကပ်မရှာ လုပ်တော့မည့်ပုံရသည့်ကောင်ကို ဘယ်တစ်ချက်မှာမှ ... သူ့ဘက်သူ ဆွဲတွေး၊ စိတ်ကူးယဉ်ချင်စရာ မရှိအောင် ဆက်ဆံပစ်မှဟု ဆုံးဖြတ်ချက်ကလည်း တစ်လက်စတည်းပဲ ကျပါသည်။

ဧည့်ခန်းထဲ ပြန်လှည့်ဝင်လာသော ဒေါ်သက်ပိုင်ရဲ့ မျက်နှာက (ဘာကြောင့်မှန်းမသိ) ပြုံးမြဲမြဲ။ သူ ယယ်ယယ်က တက်မတတ် ချက်မတတ် ငြင်းဆန်ခဲ့သော အသားမည်းကို ...





ဦးမော်နိုင်က ... "အားလုံး အဘက်ဘက်က ဒီလောက်ကျောင်းနေတာကို မမရယ် ... အသားအရောင်က ဘာအဓိကကျလို့လဲ ... တကယ်တမ်းကျတော့လည်း မည်းတယ် ဆိုတာထက် ညိုရုံပါဗျာ" ဟု ... မိဘတွေဘက်က ဝင်ဘက်ပင်း ပြောဆိုမိခဲ့လို့များ ...။

"မမ ... ခင်ဗျား ယယ်ယယ့်ကကိစ္စကို အငြိုးထားပြီး ... ကျွန်တော့်သမီးအလှည့်ကျမှ ကျွန်တော့်ကို ပြန်အကြောင်းပြ လက်စားချေချင်တာမျိုးတော့ မဟုတ်ပါဘူးနော် ..."

မမထံမှ စိတ်ဆိုးသံအစား ... ရယ်သံကျယ်ကြီးတွေပဲ ဟက်ဟက်ပက်ပက် ... ထွက်ပေါ်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၂)

"သမီးရဲ့လူကြီးတွေက ကိုယ့်အပေါ် ဘယ်လို သဘောထားမှာလဲ ..."

"ကြီးကြီးကတော့ လုံးဝကို သဘောမတူတာလေ ... အသိသာကြီးပဲဟာ ... ဟိုကိစ္စဖြစ်ပြီးကတည်းက ... သူနဲ့မျက်နှာချင်းတောင် ဆိုင်ချင်တော့တာမှ မဟုတ်တာ ... သူကလည်း သူပဲဟာ ... ခုဆို ကြီးကြီးက သူ အိမ်လာလည်ပြီး ပြန်သွားရင် ... သူအိမ်ပေါ် ချေးစားခွေးတစ်ကောင်လာတက်သွားသလိုကို ... ချက်ချင်း တံမြက်စည်းယူပြီးလှည်းချချင် ချတာ ... နွားနို့နဲ့တောင် ဆေးချချင်စိတ်ရှိရင်ရှိနေမှာ ... နွားနို့ဖိုးတွေ ဖြုန်းပစ်ဖို့ ကပ်စေးနည်းနေသေးလို့သာ ..."





လူခက သမီးရဲ့ စကားကို "တဟားဟား"နှင့် ရယ်နေပါသည်။ ဗွေယူဖို့ စိတ်ကူးကား အလျဉ်းမရှိ ...။ သမီးရဲ့ ကြီးကြီးလို ပုံစံမျိုးကြီးတွေဟာ ... မကြိုက်လုံးလုံး ... ကြိုက်လုံးလုံးနှင့် ... ကနေ့နဲ့ နက်ဖြန်တောင် သဘောထားက မတူနိုင်ဘဲ ရုတ်တရက် ပြောင်းရင် ပြောင်းမဲ့သူတွေ ဖြစ်ပြီး ... သူတို့ ကိုယ့်ကို မုန်းသွားအောင်လုပ်ဖို့ လွယ်လှသလောက် ... ချစ်လာအောင်လုပ်ဖို့လည်း ခဲယဉ်းလှတဲ့ အစားထဲကမှ မဟုတ်တာ ...။

ဖြစ်ချင်တော့ ... အစောပိုင်းကတည်းက မေးထူးခေါ်ပြော ... မကန့်ကွက် ... မကြိုဆို ပုံမှန်ပဲ ရှိခဲ့သည့် အခြေအနေကို ... တိုးတက်ချိန်တန်ပြီဟု ... လူခကပဲ စတင်ကာ ... ကားရော ဖောရောတွေ ... ဒီရာ ချက်ချင်းပင် ... အပေါင်းသက္ကဏာဘက်သို့ ယိမ်းသော တုံ့ပြန်မှုများကို ပြန်ရလာပါသည်။ အဲဒီမှာမှ သုံးလေးရက်တောင် မရှိချင်သေး။ အကြောင်းအရာတစ်ခုကို သူနိုင် ... ကိုယ်နိုင် ငြင်းခုန်မိကြရာမှစကာ ...။

လူခကလည်း လူခ ...။ လူကြီးဖြစ်ဖြစ် ... ပညာရှိကြီးပဲဖြစ်ဖြစ် ... ကိုယ့်ဘက်က ပိုင်ပိုင်နိုင်နိုင်ကြီး သိထားပြီးသားကိစ္စတစ်ခုကို တစ်ဖက်ကလူက တတ်ယောင်ကား ... ကြားဖူးနားဝလောက်နှင့်တော့ လာမငြင်းလေနှင့် ...။ မိုးမဆုံး မြေမဆုံး အစဆွဲလိုက်တော့ကာ တစ်ဖက်လူက အေးအေးဆေးဆေး နောက်ပြန်ဆုတ် မသွားမချင်း ... ထိုပြိုင်ပွဲမျိုးမှာ လူမှုရေး သိတတ်စွာအသာ နောက်ဆုတ်ပေးနေလိုက်မှာမျိုးမှ မဟုတ်တာ ...။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ကလူက အလွယ်တကူနှင့် နောက်မဆုတ်လေ ... ကိုယ်က ဒိုင်ပွဲရပ် နောက်ကောက်ကျအောင် လုပ်ပစ်ပြီးမှ ပွဲသိမ်းလိုက်ချင်လေ ...။

ကြီးကြီးနှင့် ကိစ္စကတော့ အများတကာ နှုတ်ဖျားမှာ ခေတ်စားလှသည့် "ဘောလုံး"အရေးအခင်းပင် ဖြစ်ပါသည်။ ဈေးမှာ ဆိုင်ထိုင်ပြီး ဟိုလူပြော ဒီလူပြော ... ဟိုကကြား၊ ဒီကကြားမျှလောက်နှင့်ပင် ... အားကစားသတင်းကျွန်ယ်တွေပင် ဟိုလှန်ဒီလှန် လုပ်မိရဲ့လား မသိ ...။ ဂြိုဟ်တုစလောင်းသတင်းကိုပင် ငါးမိနစ်မျှလောက် အချိန်ပေး ထိုင်ကြည့်ဖူးရဲ့လား မသိ ...။ ကြီးကြီးကတော့ သူ့ကိုယ်သူ ကမ္ဘာ့ဖ ... ဂေါ်အဖွဲ့ချုပ်ကြီးရဲ့ဥက္ကဋ္ဌ လောက်နီးနီး ... လေပစ်အာကျယ်လာခဲ့သောအခါ ...။

"သူ ဘာမှ မသိတာ ကိုယ်သိနေပြီဆိုလည်း သူ့အရှိန်နဲ့ သူ လွှတ်ပေးထားလိုက်ပြီး အသာငြိမ်သည်းခံနေလိုက်ပေါ့ ခ,ရယ် ... ပြီးတာပဲ"

သမီးက ရွှံ့ရွှံ့မဲ့မဲ့နှင့် ဝင်သတိပေးခဲ့သားပါပဲ ...။

"မရဘူးကွ ... အဲဒီလို တတ်ယောင်ကားကြီးနဲ့ မဟုတ်တာတွေကိုချည်း ပြောနေပြီဆိုရင် ... ကိုယ်ကလည်း ငြင်းကို ဝင်ငြင်းရမှ ... ငြိမ်နားထောင်မနေနိုင်ပါဘူး"

"ငြင်းတော့ ဘာအကျိုးရှိလဲ ..."





"ဒါပေမဲ့ မငြင်းဘဲ ထိုင်နေရရင်လည်း နားရော၊ စိတ်ရော၊ ရင်ထဲမှာရော ကျလိကျလိနဲ့ ... တအားကြီးကို အကျိုးယုတ်နေသလိုပဲ ..."

လူခ ကလည်း လူခ ...။ အသည်းတွေ ယားပြီးရင်းယားလာနေတာကို မခံနိုင်တော့တဲ့ နောက်ဆုံးမှာ ... "ဒီကိစ္စနဲ့ပတ်သက်လို့ ကြီးကြီး ဘာမှ ... ဘာဆိုဘာမှကို မသိပါဘူး ... ကြီးကြီး ပြောနေ ဆိုနေတာတွေ အားလုံးဟာ ... ဈေးထဲကဆိုက ... ဒီက ကြားလာရတဲ့ ... ပါးစပ်သတင်း ... အမှားတွေချည်းပါပဲ ..." ဆိုတာကို မပေါ်ပေါ်အောင် ... အတိအလင်းပြောချလိုက်သလောက်နီးနီးနှင့် ... ပွဲကို သိမ်းပစ်လိုက်မိရာမှစတင်ကာ ...။

"သမီးရဲ့ ကြီးကြီးနဲ့ ကိစ္စမှာတော့ ကိုယ့်အပြစ်ချည်းပဲလည်း မဟုတ်ရပါဘူးကွာ ... ကိုယ့်မှာ အပြစ်ရှိတာထက် ... သူ့မှာက သူသဘောတူနေတဲ့ လူတစ်ယောက်က ရှိကိုရှိနေတဲ့ ဥစ္စာ ..."

"ထည့်တွက်စရာလား"

သမီးထံမှ မျက်စောင်းကြီးတစ်ခု လွှင့်ပျံ ရောက်လာသဖြင့် လူခမှာ ရယ်ချင်လွန်းလှသည့်စိတ်ကို မနည်းကြီးအောင့်အည်းမျိုချလိုက်ရပါသည်။ ကြီးကြီးရဲ့ ... "မိုးမြင့်ထက်"ဆိုသော ပုဂ္ဂိုလ်ကို လူခက ခုထက်ထိ ရင်မဆိုင် မမြင်ဘူးသေးပါ။ သို့သော် သမီးရဲ့ အပြောတွေအရ ... လူခက ကိုယ့်ပြိုင်ဘက်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူကို ... စိတ်မတို ... မစိုးရိမ်မိတဲ့အပြင် ... ဟာသစာတိလမ်း တိတ်ခွေတစ်ခုကို နားထောင်နေရသလိုပင် ဖြစ်နေသေးတာ ...။

"ဒါပေမဲ့နော် ... သမီး ပြောတာ နားထောင်ဦး ... ဖေဖေ ကတော့ နည်းနည်း Serious (အလေးအနက်) ဖြစ်မဲ့သဘော မှာ ဖြစ်နေတယ် ခ ... သမီးလည်း ဘာမှတော့ နားမ လည်ဘူး ... ဒါပေမဲ့ ပေါ့သေးသေး ပြဿနာတော့ မဟုတ် နိုင်တာ သမီး သိတယ် ..."

"အန်ကယ်က ကိုယ့်ကို မြင်မြင်ချင်း ..."

"အဲဒါကြောင့် အံ့ဩစရာကောင်းသလောက် စိုးရိမ်စရာ လည်း ဖြစ်နေတာပေါ့ ..."

"သမီး အရင်က ပြောဖူးတော့ ... သမီး ဖေဖေ ဆိုတာက လည်း ဘာမဆို သမီးတစ်ခွန်းပဲဆို ..."

"ဖေဖေနဲ့ သမီးက စိမ်းသလိုလို ... မတည့်သလိုလို ... တွေ ဖြစ်နေကြတာ ... ဒါပေမဲ့ ဖေဖေ့ဘက်ကတော့ မဟုတ် ပါဘူး ... သမီးဘက်ကသာ တစ်ဖက်သတ်ပါ ... အဲဒါ တွေကလည်း တကယ်တော့ ဘာမှအဓိပ္ပာယ် မရှိဘူး ... တကယ်တမ်းကျရင် ကြီးကြီးရဲ့ လက်ချက်တွေချည်းပဲ ... သမီးရဲ့မေမေက သမီးငယ်ငယ်ကတည်းက ဆုံးသွားခဲ့တာ ဆိုတော့ ... ဖေဖေက ယောကျ်ားပဲ ... ဒီလောက် ကလေး ပိစိနှိပေါက်စနလေး တစ်ယောက်ကို သူ ဘယ်လိုတာဝန် ယူတတ်မလဲ ... အစ်မလက်ထဲ တစ်ခါတည်း ထိုးထည့်ပစ်





လိုက်တော့တာပေါ့ ... ဖေဖေ့မှာ အပြစ်ရယ်လို့ ရှိမယ်ဆို ရင် အဲဒီလို ယောကျ်ားပီပီသသနဲ့ တာဝန်ရှောင်ခဲ့ချင်တာ တစ်ခုပဲ ရှိတာပါ"

"အောင်မာ ... မကောင်းတဲ့အချက်ကပဲ ယောကျ်ားပီသ သတဲ့ ..."

"ဟုတ်တယ်လေ ... မဟုတ်လို့လား ... မွေးစပေါက်ကလေး လေးတစ်ယောက်ကို တာဝန်ယူဖို့နဲ့ စီးပွားရှာဖို့ဆိုတဲ့ နှစ်ခုတွဲကြီးကို ဘယ်အဖေ တစ်ယောက်ကများ တစ်ယောက် တည်း နှစ်ခုလုံး တာဝန်ကျေနိုင်ဖူးကြလို့လဲ ... အဲဒါ ယောကျ်ားပီသတာ မဟုတ်လို့ ဘာလဲ ... အမေတစ်ယောက် မိန်းမတစ်ယောက်သာ ဆိုရင်တော့ ... အဲဒီနှစ်ခုစလုံးကို တာဝန်ကျေနိုင်ကြတဲ့ အစွမ်းသတ္တိမျိုး ... ယောကျ်ားတွေ ထက် ပိုကိုပိုတယ် ... အဲဒါ မိန်းမပီသတာလို့ ခေါ်တယ် ရှင့် ...

မယုံဘူး ... မဖြစ်နိုင်ဘူး ဆိုရင် ... သာဓကတွေ ပြပြီး ငြင်းနိုင်ရင် ပြိုင်ငြင်းလေ... သမီးမှာကတော့ ဥပမာ ဥပမေယျတွေ သာဓကတွေ တစ်ပုံကြီးနဲ့နော် ..."

မကျွမ်းကျင် မပိုင်နိုင်သည့် အကြောင်းအရာမျိုးဆို ရင် ကိုယ့်လာငြင်းနေလည်း ကိုယ်မှ မကြိုက်နိုင်တာ ... ကိုယ့် အလှည့်ဆိုရင်လည်း ပြိုင်ခံငြင်းမနေတော့ဘဲ ... အသာလျှို ... နောက်ဆုတ် နှုတ်ပိတ်နေလိုက်တာကသာ အကောင်းဆုံးပေါ့ ...။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ မတတ်နိုင်ခဲ့တာကို ကြီးကြီးက တတ်နိုင်ခဲ့တော့ သူ့မှာလည်း တာဝန်ယူခဲ့ရသူပီပီ ... ဒီကလေးတစ်ယောက်ရဲ့ စိတ်ဝင်တစား ချစ်ခင်အားကိုးမှုတွေကို သူချည်း အကုန်ရချင်တာ အပြစ်ရယ်တော့ မဟုတ်လှပါဘူးလေ ... သူ့အပြစ်ကတော့ ဒီအဖေတစ်ယောက်အပေါ် ဒီသမီးအဖေ နဲ့ အမြင်သိပ်မကြည်လင်လှအောင် တစ်သက်တာလုံး တတွတ်တွတ်နဲ့ 'နင့်အဖေက အလကားပဲလေ ... ကိုယ်မွေးထားပြီး တာဝန်မှ မယူချင်တာ ... ငါသာမရှိရင်ညည်း ဘာဖြစ်သွားမလဲ ... တွေးကြည့်စမ်း ... ငါ့မှာ အပျိုကြီး တန်မဲ့နဲ့ ကလေးအမေကြီးကိုဖြစ်လို့ ... အဖေဆိုတာတော့ အလကားပါပဲ ...' ဘာဘာညာညာနဲ့ ... မနားတမ်း နားသွင်းနေခဲ့တာပဲ ...

ဒါပေမဲ့ သူ့လုပ်ရပ်တွေဟာ ဒီလိုကြီး စိတ်ပုပ်ကြီး ဆန်ဆန် သွေးခွဲနေမိတာမျိုးတွေပဲ ဆိုတာကိုလည်း ကြီးကြီး အနေနဲ့က ... သိချင်မှ သိမှာဆိုတော့ ... အဲဒီလိုသာ သွားစွပ်စွဲလိုက်လို့ကတော့ ... တကယ့်ကို ပွဲကြီးပွဲကောင်းပဲ နေမှာ ..."

"အဲဒီတော့ နောက်ဆုံးရလဒ်က သမီးသည် ... ဂျစ်ကန် ပေတေတေ ... အလကားနေရင်း စိတ်ကောက်စုဆောင် ထစ်ခနဲရှိရင် ဒေါသဖြစ် ... အထင်မှားလွယ်၊ စကားပြော





ရင်လည်း ကောင်းကောင်းမွန်မွန် ချိုချိုသာသာလေးတွေ ထွက်လာဖို့ထက် ... ခောင်းပဲနစွဲနဲ့ ... ဘုချည်းမှုတ် ..."

"အမယ်လေး ... တော်ပါတော့ ... ဘယ်အချိန်ကတည်းက ကျိတ်တေးပြီး ပြင်ဆင်ထားသလဲ မှတ်ရတယ် ... ပြောခွင့်လေးရတုန်းမှာ ... ကရားက ရေလွှတ်နေတာကမှ သူ့ထက် နေဦးမယ် ..."

"မဟုတ်ဘူးလား သမီးရဲ့ ..."

"အဲဒါမျိုးကိုမှ ဘာလို့ရွေးပြီး လာကြိုက်ထားသေးလဲ ... သူနဲ့ ကြိုက်ပြီးမှ ဒါမျိုးကြီး ဖြစ်လာတာကျလို့ ... အရင်တည်းက ဒီပုံကို သူပဲ မရရင် သေပါတော့မယ်ဆို ..."

"ဟာ ... အဲဒီလိုကတော့ တစ်ခါမှ မပြောခဲ့ဖူးပါဘူး ... ဒါတော့ သေချာတယ် ... ဟား ဟား ဟား ..."

သမီးက လှခကို မျက်စောင်းလေးအသာရွယ်လိုက်ပြန်ကာ ...

"အမှန်တကယ်ကတော့လေ ... သမီးက အုပ်ထိန်းသူ လူကြီးနှစ်ယောက်လုံးကို အနိုင်ယူနိုင်တယ်လို့ ... ကာယကံရှင် သုံးယောက်လုံး အထင်တွေ မှားနေကြတာ သိလား... ကြီးကြီးနဲ့တော့ ဟုတ်ရင် ဟုတ်မယ် ... ဖေဖေ့ကိုတော့လေ ဂျစ်တွေ နင်းကန်တိုက်နေတဲ့ကြားကပဲ သမီး ကိုယ်တိုင်က ရှိန်ကို ရှိန်တာ ... သမီး သိတယ် ... ဒါ မလွယ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ တကယ်တမ်း ကိုင်ပြီဆိုရင် သမီး လှုပ်နိုင်မှာ မဟုတ်ဘူး … ကြောက်တယ် ခ,ရဲ့ … နားမထောင်ဘဲကို မနေရဲတာ … မနေရက်တာလည်း ပါနိုင်တာပဲ …”

“ဟာ … ဒါဖြင့် ဘယ်လိုလုပ်မလဲ … အဲဒီ အမှန်တကယ် ဆိုတဲ့ဟာကြီးကို သမီးရင်ထဲမှာပဲ ထားလေ … သမီးဖေဖေ မသိစေနဲ့ …”

“ရမလား … အလိုလိုနေရင်း ဖြစ်နေတာပါဆိုမှ … သမီး တောင် အဲဒီလို အလိုလိုနေရင်းနဲ့ ဖြစ်နေရင် … ဖေဖေ ဘက်မှာလည်း သမီးဆိုးတာတွေကို အလျှော့ပေးရင်း … အလိုလိုက် ခွင့်လွှတ်ရင်း ကြားကပဲ … တကယ့်ကိစ္စဆိုရင် တော့ … သူ့ဆန္ဒကသာ အတည်ပဲ ဆိုတာမျိုးကို အလိုလို နေရင်းနဲ့ကို … သူ့ဘာသာ ပြန်သိ … စိတ်ချယုံကြည်ပြီး ဖြစ်နေမှာပဲ …”

“ဟာ … သွားပြီပေါ့ …”

“အရေးကြီးတာက … ဖေဖေက ခ,ကို ဘာ့ကြောင့်မြင်မြင် ချင်း မကြိုက်နိုင် ဖြစ်ရတာလဲ …”

“အဲဒါတော့ ကိုယ်လည်း မသိဘူးလေ … အဲဒီနေ့က ကိုယ့်ပုံစံကလည်း အဲဒီလောက်တော့ ဆိုးဝါးမနေပါဘူး ကွာနော် … ကိုယ့်မှာလည်း သိပ်မကောင်းတဲ့ အကျင့်တွေ ရှိနေတယ် ဆိုရင်တောင် …”





“ဥပမာ … ကြီးကြီးကို လုပ်ပစ်လိုက်သလိုမျိုး …”

“အေးပါ … ထားပါ … အဲဒီအကျင့်ဆိုတာမျိုးက မြင်မြင် ချင်းကြီးတော့ ဘွားဘွားကြီး ပေါ်မနေလောက်ပါဘူး … ဗဟာ … ဒီလို ဖြစ်နိုင်တယ် ကြီးကြီးများ ကြိုပြောထား သလား …”

“မဖြစ်နိုင်ဘူး … ဖေဖေနဲ့ ကြီးကြီးကလည်း တစ်မျိုး … တစ်ယောက် ပြောတာကို တစ်ယောက်က လွယ်လွယ်နဲ့ အကြားနဲ့တင် လက်သင့်ခံလိုက်တတ်ကြတာမျိုးမှ မဟုတ် တာ … ပြီးတော့ ကြီးကြီးမှာ ခ,ကို ချောက်ချဖို့ထက် … သူ့လူ သူ့အသားပေး … ထင်ပေါ်အောင်လုပ်ဖို့က ပိုအရေး ကြီးနေသေးတယ် … မအားဘူး …”

သမီးရော လူခပါ ခေတ္တမျှ ခပ်တိတ်တိတ်ငြိမ်ငြိမ် ကလေးတွေ ဖြစ်သွားကြပါသည်။ လူခက သမီးကို … ကိုယ်သံသယ ရှိနေသည့် ထူးခြားဖြစ်စဉ်လေးတစ်ခုကို ဖွင့်ပြောပြလိုက်ရင်များ ကောင်းမလားဟု တွေးလိုက်မိသေးသည်။ သို့သော် မပြောဖြစ် …။ သေမှမသေချာသေးတာ မသေချာရင် သွားအစမဖော်တာ အကောင်း ဆုံး …။ ကိုယ့်အခြေအနေက နည်းနည်းလောက် လှုပ်လိုက်တာနဲ့ တင် Response (တုံ့ပြန်မှု)တွေ အများကြီး ပြန်ရနေနိုင်ချိန်မျိုး ဖြစ်ရာ … အနုတ်လက္ခဏာသဘော ဆောင်နိုင်သည့်အရာမှန်သမျှ ချင့်ချိန်ပြီးမှသာ လှုပ်ရှားသင့်တော့တာမျိုးလေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထင်နေသည့် "ထူးခြားဖြစ်စဉ်" ဆိုတာကတော့ ခုတစ်လော ... ဒီတစ်ရက် နှစ်ရက် အတွင်းမှာ ... သမီးဖေဖေ ဦးမော်နိုင်ကြီးနှင့် လူခတို့ ... ဟိုနား ဖျတ်ခနဲ ... ဒီနားဖျတ်ခနဲ ... ခဏခဏများ (လိုအပ်တာထက်ပိုပြီး ... မတော်တဆဆိုတာထက် ပိုပြီး)ဆုံ,ဆုံနေကြသလားလို့ ...။

ဆုံလိုက်တိုင်းမှာ ကိုယ်ကသာ သူ့ကို လှမ်းမြင်လိုက်ရတာမျိုးဖြစ်ပြီး ... အဘိုးကြီးရဲ့ ပုံစံကတော့ ကိုယ့်ကိုမြင်ပုံတောင် မရသေး ...။ ကျောပေးတို့ ... ဘေးတိုက်တို့ ... ဖြတ်သွားဖြတ်လာတို့ဆိုတဲ့ပုံစံမျိုးချည်း ဖြစ်နေလေရာ ... တစ်ခုခုကို တွေးတောစွပ်စွဲကြည့်လိုက်ဖို့ကိုလည်း လူခက အားနာတွန့်ဆုတ်နေချင်ပါသေးသည်။

သမီးကိုတော့ မသေချာဘဲ ပြောလို့ကို မဖြစ်သေး ...။ တော်ကြာကျ စိတ်မြန်ကိုယ်မြန်နဲ့ စိတ်နောက်ကိုယ်ပါ လွန်းလှတဲ့ သမီးက ... သူ့အဖေသွားပြီး "ဝူး ဝါး" လုပ်နေရင် ...(သဘောရိုးနှင့် တကယ်ပဲ တိုက်ဆိုင်နေတာ ဆိုပါက) အဘိုးကြီးဆီမှာ ကိုယ် ဟာဇ ... ဟက်တက်ကြီးကို ကွဲမည် ...။

သဘောရိုးနှင့် တိုက်ဆိုင်နေတာ မဟုတ်ဘဲ အကြံအစည် တစ်ခုခုနှင့်ကို ကိုယ့်နောက်လိုက်နေတာပါ ဆိုရင်လည်း ... သမီးဖြစ်သူက ဝူးတူးဝါးတား ထလုပ်လျှင် ဘယ်သူက ဝန်ခံတော့မည်နည်း ...။ ဗြောင်ငြင်းဆန်ပစ်ကာ သူကပဲ ပြန်ပြီး ဒေါသတွေ ထွက်နေဦးတော့မည် ဆိုရင်လည်း ...။





အဲဒါလည်း ဟက်တက်ကြီးပဲကွဲမည့် အနေအထားပင် ဖြစ်ပါသည်။

"သမီးလေ တစ်ခုစဉ်းစားနေတယ် ... သမီးနဲ့ ခ ... ပြတ်လိုက်ရင် ကောင်းမလားလို့ ..."

"ဟာ ... ဘာလဲ ... ဒီလောက်လေးနဲ့ ... အခိပ္ပာယ်မရှိ ... သမီးဖေဖေဆီက 'သဘောမတူဘူး ... ဖြတ်' လို့ ခုထက်ထိ တစ်ခွန်းမှ မထွက်လာသေးဘူးနော် ... ဒီလောက်ကြီးမလိုပါဘူး ... ဘာဖြစ်တာလဲ ..."

"မဟုတ်ဘူး ... အဲဒီလို ထွက်လာမှာစိုးလို့"

"ထွက်လာရင်တောင် ကိုယ်စွမ်းဉာဏ်စွမ်း ရှိသလောက် အယူခံဝင် ပြန်ကြိုးစားကြည့်တာတို့ ဘာတို့ လုပ်ရမှာလေ ... မရတော့ဘူး ဆိုရင်တောင် ဘယ်သူ ဘာပြောပြော ဒီနှစ်ယောက်ကတော့ တစ်သားတည်း ဖြစ်နေရမှာလေ ... ဘာလဲကွာ ... သမီး ..."

"ဖေဖေ့ဆီက အဲဒီစကားမျိုး ထွက်မလာခင် သမီးက အရင်ဦးအောင် ... သိပ်မကြိုက်ဘူး ဆိုရုံနဲ့ ဖြတ်ပစ်လိုက်ပါပြီဆိုရင် ဖေဖေ ဘာဖြစ်သွားမလဲ ... ဘာဆက်လုပ်မလဲ ... သမီး သိချင်တယ် ..."

"ဟာ ... သိချင်ရင် ... အဲလို ဖြတ်လိုက်ရင် ဘာလုပ်မလဲလို့ ဖွင့်မေးပေါ့ ... အဲဒါလေး သိချင်ရုံနဲ့ ဖြတ်ရမယ်ဆိုတာကတော့ ... သမီးရဲ့အိုင်ဒီယာကလည်းကွာ ... လုံးဝဖွဲ့ပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲလို ပေါ်တင်ကြီး သွားမေးတော့ ဘယ်သူက အမှန်အတိုင်း ဖြေမှာလဲ ... အခြေအနေကရော ဒုံရင်း ဒုံရင်းနဲ့ ဘာများ ထူးခြားမှာလဲ ... သမီးက ဖွတ်မဟုတ်ဘူး ... ခ,ကသာ ဖွတ် ... ဒီလောက်ကလေးမှ နားမလည်ဘူး ..."

"ကိုယ်က ရိုးရိုးပဲ ... လှည့်ကွက်တွေ ဇာတ်လမ်းတွေ ဝါသနာမပါဘူး"

"သမီးကတော့ ဝါသနာပါတယ် ..."

"သမီး ..."

"ကဲပါ ... ခ,ရယ် ... အခု သမီးတို့ သဘောချင်းမှ မတိုက်ဆိုင်ကြဘဲ ... လမ်းခွဲကြပြီပဲ ထားလိုက် ..."

"ဟော့ ... ဟာ ... ဟော့ ... ဟော့ ... ငပေါ ..."

သမီးက ရုတ်တရက် ... သူ့အလုပ် အဆောက်အအုံကြီးရှိရာ ဂိတ်ပေါက်ထဲ လှစ်ခနဲ ဝင်ပြေးသွားပါသည်။ သူတို့အလုပ်က ညှိသည်လာတာတောင် ဆိုင်းထို၊ အချိန်မှတ်ပြီးမှ အကြောင်းကြားပေးကာ ... ဂိတ်ဝင်းအပြင်မှာပဲ တွေ့ဆုံရတတ်တာမျိုးမို့ ... သမီး ပြေးဝင်သွားရာနောက်သို့ ... လူခမှာ စိတ်ရှိတိုင်း ပြေးလိုက်ခွင့် မရှိ ...။

ဖွတ်ပဲကွာ ...။ ပေါက်ကရတွေကို ရုတ်တရက် ကြံစည်စိတ်ကူးနိုင်ပြီး ... အကြံပေါ်ရာနောက်သို့ ရုတ်တရက်ပဲ လိုက်ပါလုပ်ဆောင်တတ်တာဟာ သမီးရဲ့ ဝသီမို့ ... လူခမှာ ... သမီးနဲ့ စတင်ပတ်သက်မိကတည်းက ခုလို ... အမိပ္ပာယ်





မရှိသည့် ကြောင်တောင်တောင် (ဟု ကိုယ်ကယူဆသော) လုပ်ရပ်တို့ကို ရင်ဆိုင်ရပေါင်းလည်း များပါပြီ ...။

ဒီတစ်ခါကတော့ အဆိုးရွားဆုံးပဲလား မသိ ...။ အကြောင်းမရှိ ပြတ်သတဲ့ ...။ ဇာတ်လမ်းတွေ လှည့်ကွက်တွေကို စိတ်ဝင်စားပါတယ် ဆိုတော့ ... တကယ်အပြီးအပိုင်တော့ မဟုတ်ဘူးနဲ့ တူပါရဲ့ ...။ ကျွတ် ... စိတ်ရှုပ်လိုက်တာ။

ဟာ ... စိတ်ရှုပ်ပါသည်ဆိုမှ ... ဟိုဘက်ကမ်းမှာ ရပ်ထားသော ကားတစ်စီးပေါ်က ... အီးတီ(E.T)နှင့် ဒရက်ဝူလာ စပ်ကျထားသော ရုပ်မျိုးနဲ့ ကောင်တစ်ကောင်ကရော ... ဘယ်လိုအချိုးလဲ ...။ သက်သက်ကြီးကို လာရှိုးပြီး ပြုံးစိစိနဲ့ ...။ တောက် သေတော့မယ်နော် ...။

"ဒီတစ်ခါတော့ဘာအကြောင်းကြောင့်မှကို သည်းခံမနေနိုင်တော့ဘူး ..."

လူခက နှုတ်ဖျားမှပင် အသံထွက် အော်ပစ်လိုက်မိကာ ... ကိုယ့်ခြံထဲက ပြေးထွက်ပြီး ... လမ်းမပေါ်က လူတစ်ယောက်ထဲ ခြေလှမ်းကျဲများနှင့် တလွှားလွှား ဆက်ပြေးလာခဲ့လိုက်သည်။ လူခရဲ့ ခြေရှေ့က ပိတောက်ပင်ကြီးအောက်မှာ ... ဂျိန်(စ)



www.burmeseclassic.com

www.burmeseclassic.com



ဘွန်းလိုလို ... (တမင်တကာ မတူတူအောင်) ခြေထောက်ကို ဟန်လုပ်၊ အိုက်တင်ထုတ်ကာ ရပ်နေခဲ့သောသူက ပြေးလွှားရောက်ချလာသော လူခကိုမြင်လျှင် ... ခပ်လှမ်းလှမ်းမှာ သွားရပ်ထားသော သူ့ကားဖြစ်ဟန်တူသည့် ကားတစ်စီးဆီ လှစ်ခနဲပြန်လှည့်ပြေးဖို့ ကြိုးစားလေသည်။

ရရိုးလား ...။ လူခရဲ့ အရပ်အမောင်းက ခြောက်ပေပြည့်ဖို့ ... နှစ်စိတ်လောက်သာ လိုတော့တာ ...။ ဒီခြေဆံလက်ဆံရှည်လျားလျားတို့ရဲ့ ဖျတ်လတ်လျင်မြန်မှုကို ... ငါးပေ ငါးလက်မခြောက်လက်မကိုတောင် မနည်းကြီး (ခြေဖျားထောက်)ပြည့်ရမည့်ဒီလိုကောင်မျိုးက ယှဉ်ပြိုင်လွတ်မြောက်နိုင်မည်များ ထင်နေသေးလို့လား ...။

သူ့ကားနား ပြန်မရောက်ခင်မှာ လူချင်းယှဉ်မိသွားသည်ဆိုလျှင် ... လူခက တစ်ဖက်လူ့ရဲ့ အင်္ကျီကုပ်ပိုးကော်လာစကို ဖျတ်ခနဲ မိမိရရကြီး ဆွဲကိုင်ထားပစ်လိုက်သည်။ အမယ် ... ဒါက ဘာလဲ ...။

လူခရဲ့ လက်ထဲ သူ့အင်္ကျီကုပ်ပိုးစ ရောက်သွားသည်ဆိုတာနဲ့ ထွက်ပြေးဖို့ ကြံနေသော သူက ချက်ချင်းရပ်တန့်ကာ ဖျတ်ခနဲ နောက်ပြန်လှည့်ပြီး ... ပုပုကုန်းကုန်းပုံစံနှင့် လူခရဲ့ဝမ်းဗိုက်ထဲ လက်သီးတစ်လုံး ထိုးသွင်းထည့်လိုက်ပါသည်။ လူခက ကိုယ့်ဗိုက်ကိုလည်း မနည်းကြီးရှုပ်ပြီး ရှောင်လိုက်ရကာ ... ကိုင်ဆွဲထားသော အင်္ကျီကုပ်ပိုးကိုလည်း ပြန်လွှတ်ပေးလိုက်ရသည်။





လွှတ်သွားပြီ ဆိုတာနဲ့ ... ထိုလူက ... လူခ ဘက်သို့ လက်သီးနှစ်လုံးစလုံး စုံရွယ်ကာ ... လူကလည်း (ဘောက်ဆင်သမားများအတိုင်း) ခြေစုံခုန်ကာ တစ်နေရာတည်းမှာ ဟိုယမ်း ... ဒီယမ်း ...။

ဟာ ... ကြိုက်ပြီဟေ့ ...။ ပုံစံကတော့ ပညာသမားပေါ့ ဟုတ်လား ...။ လူခက စုံဆန့်တန်းထားသော လက်သီးနှစ်လုံးထဲ ဒုတ်တိုးဝင်သွားလိုက်သည်။ ထိကိုထိတော့မည့် အနေအထားထိ ရောက်လျှင် ... ထိုစုံလက်သီးနှစ်လုံးပိုင်ရှင်က ကြောင်အမ်းအမ်းနှင့် ... သူ့လက်တွေကို ဖြုတ်ချပစ်လိုက်သလို ... စုံခုန်လွှဲယမ်းနေကြသည့် ခြေထောက်တွေကလည်း ရုတ်တရက်အရပ် ...။ ထိုသူရဲ့အင်္ကျီကော်လာစက လူခရဲ့လက်ထဲ ဒုတိယအကြိမ်မြောက်ပြန်လည်ရောက်ရှိလို့ သွားပါတော့သည်။

"ဟေ့ကောင် ... မင်းက ဘာကောင်လဲ ... ဘာလုပ်ချင်သလဲ ..."

ဟား ဟား ...။ သူများတကာရဲ့ လက်ထဲ ကိုယ့်အင်္ကျီကော်လာကြီး တစ်ခုလုံး ပါသွားပြီး ... လူကစောင်းငန်းငန်းကြီးနှင့် ... ခြေဖျားတစ်ထောက်ထောက် ရှိနေရချိန်မှာတောင်မှ ... သကတော့ မိုးပေါ်က မဆင်းသေး။

"မင်းက ဘာကောင်လဲ ဆိုတာ ငါက မေးရမှာကွ ... မင်းဘာလို့ ငါ့နောက် တကောက်ကောက် လျှောက်လိုက်နေတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါ ပြည်သူပိုင်လမ်း ..."

"အေး ... ဒါပေမဲ့ ဟိုပိတောက်ပင်ကတော့ ငါပိုင်တယ် ... ငါ့အဘိုး ကိုယ်တိုင် စိုက်ထားခဲ့တာ ..."

"ဘာဆိုင်လဲ ... မင်းတို့ခြံအပြင်ဘက် ပလက်ဖောင်းလမ်းမကြီးပေါ်မှာ ရှိနေတဲ့ အပင်ကို မင်းအပင် ဖြစ်ချင်လို့ ရမလား ..."

"ဟော့ကောင် ... အစက ငါတို့ခြံက အဲဒီပိတောက်ပင်အထိ ရှိခဲ့တယ်"

"ဒါပေမဲ့ အခု မရှိတော့ဘူးလေ ... လူတိုင်းအမြင်ပဲ ..."

"တော်ပြီ ... ငါတို့ အခုပြောနေကြတာ ... သစ်ပင်တစ်ပင်ကို သူပိုင် ငါပိုင် လုယက်နေရမဲ့ကိစ္စ မဟုတ်ဘူး ..."

လူခက သူ့စကားကို ဖြတ်ကာ လေသံကျယ်ကြီးနှင့် အော်ပစ်လိုက်သည်။ အရပ်မြင့်မြင့်နှင့် လိုက်ဖက်သော ခပ်ထွားထွား ကိုယ်ဟန်တစ်ခုဆီက အသံကျယ်ကြီးကြောင့် အဖြစ်မရှိဘဲ အစွမ်းတော့ပြချင်သေးသည့် အကောင်ခမျာ ... မျက်တောင်ကလေး ပုတ်ခပ် ပုတ်ခပ်နှင့် ဖြစ်သွားရှာပါသည်။

ဒီတော့မှ လူခက သတိထားလိုက်မိသည်မှာ ... ပထမတော့ ဟန်ကိုယ့်ဖို့ဆိုသလို ဟန်ရေးပြချင်နေသေးသည့် ဒီကောင့်ခမျာ ... လူခ လက်ထဲ ကွိခနဲ ရောက်ရှိသွားချိန်မှစကာ ... သူ့ရဲ့ အပြုအမူ အပြောအဆိုတို့ဟာ ဟန်ရေးဆက်ထယ်နေတာ





ဆက် ... ကြောက်ကန်ကန်ပြီး ပြောမိပြောရာတွေ လျှောက်ပြောနေမိတာမျိုးကသာ ပိုများနေတာ ထင်ပါရဲ့ ...။ ပုံစံကား ... လူခနှင့်ယှဉ်လျှင် တကယ့်ကို လူဗလံလေး ...။ လူကလေးကလည်း သေးကွေး ...။ အသံလေးကလည်း ညှောင်နာ ...။

"ဘက်"မဟုတ်မှန်း သေချာသွားပြီမို့ ... လူခက ဆက်မယှဉ်တော့ဘဲ အလျှော့ပေးလိုက်ဖို့ ဆုံးဖြတ်လိုက်ပြီးသော်လည်း ကိုယ့်ရဲ့ ညစ်စုတ်စုတ် အကျင့်အရ ... ဖြဲခြောက်ပြလိုက်ချင်သေးတာမို့ ... ဆုပ်ကိုင်ထားသော ကော်လာစကို ပိုမိုခင်းကျပ်ကာ ... လွတ်နေသေးသည့် ကျန်လက်တစ်ဖက်ကိုလည်း လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ ... အဲဒီကောင်ရဲ့ မျက်နှာနားဆီသို့ အမြှောက် ...။

"ဟော့ ... ဟော့ ဟော့ ..."

အသံလာရာသို့ လှည့်ကြည့်လိုက်သော် ...။

"ဟိုက်"

အမယ်လေးဗျာ ...။ ကံကလည်း ဆိုးပါ ...။ (လာရောက်တိုက်ဆိုင်နေသေးတာပဲလား မသိသော) ယောက္ခမလောင်းကြီး ဦးမော်နိုင် တစ်ယောက် ဒီတစ်ခါမှာတော့ ဟိုလှည့် ဒီလှည့် အနေအထားမျိုး မဟုတ်ပဲဘဲ အတိအလင်းကြီး မျက်နှာချင်းဆိုင် လာဆုံတွေ့နေရသည့် အခိုက်မှာမှ ... လူခရဲ့ပုံစံက မိုက်မိုက်ကန်းကန်း ... ကြီးနိုင်ငယ်ညှဥ်း အသွင်မျိုးကြီးနှင့်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာဘာ ... အဲဒီကောင် မလွယ်ဘူး ..."

အီးတီလိုလို ကိုရုပ်ဆိုးထံမှ စကားသံ ထွက်လာသည့်အတွက် လူခမှာ အံ့အားတသင့်နှင့် သဘောတွေပေါက်သွားရပါတော့သည်။ လက်စသတ်တော့ ဒီအီးတီကောင်ဟာ ဦးမော်နိုင်ရဲ့ လူကိုး ...။ ဩော် ... ဩော်။

"ကျွန်တော်က ကျွန်တော့်ကို အဲလို လိုက်ချောင်းနေတာတွေ ဘာတွေ မကြိုက်ဘူး ..."

ဖြခြောက်လို၍ ပိုပိုသာသာကြီး လုပ်ပြထားမိသော ပုံစံကြီးမှာ ကိုယ့်အလွန် မဟုတ်ကြောင်း ... လူခက ခပ်တိုးတိုး အယူခံဝင်လိုက်ပါသည်။ ယခင့် ယခင်တွေတုန်းကလည်း ဦးမော်နိုင်နဲ့ လူခတို့ရဲ့ မကြာခဏ တွေ့ဆုံမှုတွေဟာ တိုက်ဆိုင်လွန်းနေတာ မဟုတ်တော့ဘူးပေါ့ ... လူခမှာ ပြောအားတစ်ခုတော့ရှိပြီ။

"ဘယ်သူမှ မကြိုက်ဘူး ... ငါ သိတယ် ..."

"ဒါဆိုရင် ဒီလူက ဘာ့ကြောင့် ကျွန်တော့်နားကို မကြာမကြာ ရောက်,ရောက်နေရတာပါလဲ ခင်ဗျာ ... ကျွန်တော့်အထင်သာ မမှားဘူး ဆိုရင်တော့ သူ တင်မက ... အန်ကယ်ပါ ရောက်နေတတ်တယ်လို့ ..."

"မင်းအကြောင်း ငါ ဘာမှမှ မသိတာ ..."

လူခက လှစ်ခနဲ တစ်ချက်ပြုံးလိုက်မိရင်း ...

"ဒါများ အန်ကယ် ... ကျွန်တော့်ကို ပွင့်ပွင့်လင်းလင်း မေးရောပေါ့"





"အကောင်းချည်း ပြန်ဖြေမှာပေါ့ကွ ... ဥပမာ ... ခုလို လူတစ်ဖက်သားကို အကျိုးကော်လာစကနေ ဆွဲမ,တတ်ကာ မျိုးဆို ... မင်း ထည့်ပြောပါ့မလား ..."

လူခမှာ ဘာပြန်ပြောရမှန်းတောင် မသိအောင် သွားရပါသည်။

"ငါတို့ တွေ့ကြတုန်းကလည်း ... 'မင်း ငါ့ကို ဘာပြောစရာများ ရှိသလဲ' လို့ မေးတာ မင်း ဘာမှ ပြန်မဖြေခဲ့ဘူး"

"ဗျာ ... အဲဒါ ကျွန်တော့်အကြောင်း သိချင်လို့ စုံစမ်းတာလား"

အဘိုးကြီးက လူခရဲ့ မေးခွန်းကိုတော့ ပြန်မဖြေဘဲ ...

"မိဘတွေက မန္တလေးမှာဆိုတော့ ... ရန်ကုန်–မန္တလေး လမ်းပေါ်က မြို့တွေအကြောင်းတော့ ကောင်းကောင်းသိမှာပေါ့ ... ဒါနဲ့ ... ရေတာရှည်မြို့ကို မင်း သိသလားကွ"

ဒါဘာသဘောပါလိမ့် ...။ ဒီမေးခွန်းကတော့ လူခ အကြောင်းထက် ဒေသန္တရဗဟုသုတ ဘယ်လောက်ကြွယ်ဝ လဲ ဆိုတာမျိုး ...၊ ပတ်ဝန်းကျင် လေ့လာမှုတို့ ... ကိုယ့်နိုင်ငံ ယ့်လူမျိုးနဲ့ ပတ်သက်တဲ့ အကြားအမြင် ဗဟုသုတဆိုတာမျိုး တွကို "အမှတ်ပေး"ချင်တဲ့ မေးခွန်းမျိုးလား ...။ အဲဒါမှ ခွကျ ပါပဲ ...။ တကယ်တမ်း ပြောရရင် ... ရေတာရှည်ဆိုတဲ့မြို့ အကြောင်းကို လူခ ဘာမှမသိ ...။ ရန်ကုန်နဲ့ မန္တလေး ချောင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



အောင် ပြေးနေဖူးပေမဲ့ ... အဲဒီလမ်းမကြီးပေါ်မှာ "ရေတာရှည်"
တဲ့ မြို့တစ်မြို့ ရှိနေခဲ့တာကိုတောင်မှ ... ခပ်ရေးရေး ရယ်သာပါ ...

သို့သော် ... ဘယ်အညွှံခံလို့ ဖြစ်လိမ့်မလဲ ...။

"ဟို ... သိတော့ သိပါတယ် ခင်ဗျ။ အဲဒီမြို့နာမည်
ကျွန်တော် သိပ်မစိမ်းသလိုပဲ ... ဟဲ ဟဲ ဟဲ ..."

အဘိုးကြီးက လူခရဲ့ အဖြေစကားကို မကြိုက်နိုင်
နှင့် "ဟင်း"ခနဲ ဖြစ်သွားသော်လည်း ထိုမြို့နဲ့ ပတ်သက်
တိတိကျကျ နိုက်နိုက်ချွတ်ချွတ် မေးခွန်းမျိုးတွေတော့ ထပ်ထွ
မလာသည့်အတွက် လူခမှာ အတော်ကြီး စိတ်သက်သာရာရသွ
ရပါသည်။ သက်ပြင်းကြီးများတောင် ချလိုက်ချင်ပေမဲ့ ... ကို
ဘာလုပ်လုပ် အဘိုးကြီးက (ပေါ်တင်ပင်) တရစပ် အလစ်မပေး
အကဲခတ်နေပုံ ရတာမို့ ... ထွေလီကာလီ ... လှုပ်ရှားမှု အသ
အဆန်းတွေကို မပြုရဲ ...။

"ဪ ... အင်း ... အင်း ..."

အဘိုးကြီးထံမှ အသံပြန်ထွက်လာသည်။

"ရေတာရှည်မြို့နဲ့တော့ သိပ်မစိမ်းဘူးပေါ့ ဟုတ်လား ...
အင်း ..."

လာပြန်ပါပြီ ရေတာရှည် ...။ ဒီအကြောင်းအရာ
တော့ ရုတ်တရက်ကြီး ကွေ့ချိုးပြောင်းချပစ်မှ ရတော့မည်
တာကို လူခက သဘောပေါက်လိုက်သည်။





"သမီးနဲ့ ကျွန်တော်နဲ့ ပြတ်နေကြပါတယ် အန်ကယ် ..."

"ဘာ ..."

"သမီးက ကျွန်တော့်ကို ပြတ်စဲထားပါတယ် ..."

ထိရောက်မှုကတော့ အပြည့်ပင် ...။ သမီး ...
မီး ...။ တစ်ခါတစ်ရံကျတော့လည်း သမီးရဲ့ပေါက်ကရ အတွေး
ခေါ်များဟာ တစ်နေရာရာမှာတော့ သွားအသုံးတည့်နေလေ့ရှိ
 အမှန်ပါပဲ ...။ အဲ ... ဒါပေမဲ့ ပါးစပ်အဟောင်းသားတောင်
သွားမတတ် အဘိုးကြီးရဲ့ သွင်ပြင်ကို ခန့်မှန်းရရင် ဒီအကြောင်း
 သမီးက သူ့အဖေကြီးကို အသိမပေးရသေး ...။

ဇာတ်လမ်းစထွင်သူ ကာယကံရှင်ထက် ကျောလိုက်
သလိုများ ဖြစ်သွားပြီလား ...။ ဘာအမှားတွေများ ဖြစ်နိုင်သလဲ။
မီးကလည်း သူ့အဖေသိအောင်လုပ်ပြီး တုံ့ပြန်မှုကို ပြန်ကြည့်
င်သည် ... ဟု ပြောဖူးတာပဲ ...။ ကိစ္စတော့ သိပ်ရှိမယ် မထင်
ဘူး ...။

"ဘာ ... သားမပြောဘူးလား ... သမီးက ဒီလောက်တော့
စဉ်းစားဉာဏ် ရှိပါတယ်လို့"

ဟိုအကောင့်ထံမှ အသံထွက်လာမှပင် ခပ်ငြိမ်ငြိမ်ကြီး
သွားသည့် အဘိုးကြီးက ပြန်လည် လှုပ်ရှားလာကာ မျက်နှာ
ထွတွကြီးနှင့် ...

"ငါတို့ချင်းပဲ ပြောမယ်ကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်စခန်းထချင်သောအကောင် ကုပ်ပုပုနှင့် ပြန်ငြိမ် သွားသည်။ ဒီတော့မှ လူခ စိတ်ထဲ ထင့်ခနဲ ဖြစ်သွားရကာ အီးတီနှင့် ဒရက်ကူလာ စပ်ကျထားသလိုလိုကောင်ကို သက်သက် စွာ ကြည့်လိုက်မိလျှင် သူ့ဟာနဲ့သူ မလုံမလဲ ဖြစ်ချင်နေသော ကောင်က ... ဦးမော်နိုင် နားသို့ မသိမသာ တိုးကပ်သွားလေသည်

သိပြီ ... ဒီကောင် "မိုးမြင့်ထက်" ...။

လူခ မျက်နှာ ချက်ချင်း ပြုံးယောင်သမ်းပြီး အသံ "တဟက်ဟက်" ထွက်သွားသေးသည် ထင်သည်။ ဖြစ်မှ ဖြစ် လေ ...။ ကိုယ်နဲ့ ယှဉ်ပြိုင်ရမလိုလို အကောင်က ဤကဲ့သို့တဲ့ တွေးရင်းက ပို့ပိုရယ်ချင်လာရသဖြင့် လူခ ခမျာ ကိုယ့်ရယ် စိတ်ကိုယ် မနည်းကြီး ဘရိတ်လိုက်အုပ်နေရပါသည်။ မိုးမြင့်ထက် ဘက် ကြည့်လိုက် ... ပြုံးစိစိ ဖြစ်လိုက် ...။ မဖုံးနိုင် မဖိနိုင် တက္ကိုက္ကိ ဖြစ်နေတော့သည့် လူခရဲ့ ပုံစံကြောင့် ... ဦးမော်နိုင်ကြီး က မိုးမြင့်ထက်ကို မနှစ်မြို့သလိုကြီး လှည့်ကြည့်လိုက်ရင်း

"ဒီကောင်က ငါ့သဘောတူတဲ့ကောင် မဟုတ်ဘူး ... အထင် မမှားနဲ့ ..."

ဟိုအကောင် မကြားသာလောက်အောင် ခပ်တိုးတိုး ကပ်ပြောလိုက်သောအခါ ... လူခရဲ့ ရယ်ချင်စိတ်တို့က ထိန်း နိုင်တော့ ...။ ခမျာမှာတော့ အထင်တောင် အမှားမခံနိုင်သေး အခြေအနေကို သဘောမှ ပေါက်နိုင်ပါ့မလား ... ဟက်ဟက်





"မင်းက တစ်မျိုးပဲ ... သမီးနဲ့ ပြတ်နေပါတယ်လို့ မင်း ကိုယ်တိုင် ပြောနေတဲ့ အချိန်မှာတောင် မျက်နှာတစ်ချက် ပျက်ဖို့ဝေးလို့ ပြုံးစိစိ ... ပြောင်တောင်တောင်နဲ့ ... အဲဒါ ဘာဖြစ်လို့ပါလိမ့် ဆိုတာ ငါ့အနေနဲ့ သိချင်စိတ် ရှိနေပြီ ဆိုရင် ... ငါ့အလွန် ဖြစ်နိုင်ပါ့မလား ..."

"ဟာ ... ဟိုဟာ ... ဒါက ..."

"ငါ သိချင်တာကို ငါ့ဘာသာ အဖြေရှာတတ်ပါတယ်"

အင်း ... ပြဿနာပါပဲ ...။ ပြဿဒါးပါပဲ။

အဘိုးကြီးက ဒရိုင်ဘာထိုင်ခုံဘက် တံခါးနားမှာ ရပ်နေသော မိုးမြင့်ထက်ကို တွန်းဖယ်ပြီး ရပ်ထားသော ကားပေါ် သို့ တက်လိုက်သည်။ မိုးမြင့်ထက်ကလည်း ကားကိုအပြေးလေး ပင်ကွေ့ပတ်ပြီး ... လက်မြန်မြန် ခြေမြန်မြန်နှင့် ကားပေါ်တက် ...။ (၄က/----) ...။

ကားနံပါတ်ကို ဘာရယ်မဟုတ် လှမ်းဖတ်လိုက်မိ လျှင် ... လူခရဲ့စိတ်ထဲ တစ်မျိုးကြီး ဖဝေဖဝါပင် ဖြစ်သွားရလေ သည်။ ဦးမော်နိုင်ကြီး ကိုယ်တိုင် တက်မောင်းနေပေမဲ့ ပုံစံအရ တော့ ဒီကောင့်ကားပဲ ဖြစ်နိုင်သည့် ဒီကားရဲ့ ကားနံပါတ်ကို ... လူခက ဘယ်နှယ့်ကြောင့် သိသလိုလို ... ဘာလိုလိုကြီး ဖြစ်နေ ရတာလဲ ...။ ထူးဆန်းချင်စရာကြီး ...။

သို့သော် ... ဆယ်တန်းအောင်ခဲ့စဉ် ကာလကလည်း သင်္ချာအမှတ်ဟာ ခြောက်ဆယ်တောင် သေချာမကျော်ချင်ခဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ဂဏန်းနံပါတ်များဆိုလျှင် ... လူခနှင့် ခပ်ဝေးဝေးသာရှိလှသည့်မှာ — မန္တလေးက မိဘများ၏အိမ် ...၊ ချစ်သူကလေးအိမ် ...၊ ခုလက်ရှိ ကိုယ်နေနေတဲ့အိမ် ...၊ ဒီသုံးအိမ်ကလွဲရင် ... တခြားဘယ်တစ်ဦးတစ်ယောက်ရဲ့ တယ်လီဖုန်းနံပါတ်ကိုမှလည်း အလွတ်မရတတ်တော့တာ ကိုယ့်အကြောင်းကိုယ် အသိ ...။

ခုမှတွေ့ဖူးတဲ့ ဒီလိုကောင်မျိုးရဲ့ ကားနံပါတ်ကိုကိုယ့်အနေနဲ့ ဘာကြောင့်များ အကျွမ်းတဝင် ဖြစ်ဖူးသလိုလို ... ဘာလိုလို ဖြစ်နေရရမှာလဲ ...။ ဘာအဓိပ္ပာယ်မှမှ မရှိတာ ...။

မိုးမြင့်ထက်က လူခကို ကားပေါ်မှ လှမ်းလက်ပြနှုတ်ဆက်သွားလေသည်။ လူခက တစ်စုံတစ်ရာကို ခပ်တိုးတိုးတစ်ချက် ရေရွတ်ကျိန်ဆဲလိုက်ရင်း ... ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးတစ်ဖက်ကို ပြန်ထောင်ပြလိုက်ချိန်မှာ ... ကားမောင်းနေရင်း ပြတင်းပေါက်မှ ခေါင်းထွက်လာကာ ... လူခဘက် သမင်လည်ပြန်, ပြန်ကြည့်လာသူမှာ ဦးမော်နိုင်ကြီးဖြစ်လို့နေတော့သည်။

ကဲ ... သေသာ သေလိုက်ပါတော့ကွယ် ...။





အိမ်ရှေ့မှ တံခါးဘဲလ်သံရှည်လျားလျားကို ... လူခကလည်း "လာပြီ ..." ဟု စိတ်မရှည်သံကျယ်ကျယ်ကြီး ရှည်ရှည်ပြန်ဆွဲအော်ဟစ်ကာ တုံ့ပြန်လိုက်ပါသည်။ ခုနေခါမှာ ဘာကိုမှစိတ်ကမရှည်နိုင် ...။ တွေ့ကရာ မြင်ကရာ မှန်သမျှကိုသာမက ... မတွေ့သေး ... မမြင်သေး ... ကိုယ့်မျက်စိရှေ့မှောက်ထိတောင်ရောက်မလာဖြစ်သေးသည်များကိုပါ လိုက်လံမုန်းဆကာ စိတ်တိုနေမိပါသေးသည်ဆိုလျှင် ... လူတွေကတော့ လူခကို "အရူး" ဟုသတ်မှတ်ချင်ကြမလား မသိ။

"ဟာ ..."

တံခါးဘဲလ်နှိပ်နေသူကို မြင်လိုက်ရတဲ့ အခါမှာလူခရဲ့စိတ်မရှည်သံကြီးက ပိုပြီး ကျယ်လောင်ရှည်လျားလို့ သွားပါတော့သည်။

"အောင်မယ် ... ကြိုဆိုပုံကလည်း စိတ်မရှည်သံကြီးနဲ့ ..."

လူခက နှုတ်မှ "ကျွတ်" ခနဲ စိတ်မရှည်စွာ မြည်တမ်းရင်း တံခါးသော့ ဘယ်နားချမိမှန်း မသိ၍ လိုက်ရှာနေရပါသည်။

"ဖွင့်မှာဖြင့် မြန်မြန်ဖွင့်စမ်း ... အိုက်တင်တွေ စွတ်ပေးမနေနဲ့ ... ငါ စိတ်တိုလာတယ်နော် ..."



www.burmeseclassic.com

www.burmeseclassic.com



"နင့်တစ်ယောက်တည်း စိတ်နဲ့လား ... နင်က အပြင်က နေ စိတ်တိုလာသလို ... ငါကလည်း အိမ်မှာနေရင်း ငါ့ဘာသာ စိတ်တိုနေတာပဲ ..."

လူခရဲ့ စကားကြောင့် တံခါးအပြင်မှာ မတ်တတ်ရပ်စောင့်နေရသည့် ... **"မော်လီ"**ထံမှ ... "တောက်"ခေါက်သံ တစ်ချက် ခပ်သဲ့သဲ့ ထွက်ပေါ်လာပါသည်။ အောင်မာ ... "တောက်" တွေ ဘာတွေတောင် ခေါက်လို့ ...။

သော့ရှာတွေ့ပြီး တံခါးသော့ကို ဖွင့်လိုက်သည်နှင့် သံပန်းတံခါးမကြီးကိုမှ ကောင်းကောင်း တွန်းမဖွင့်ရသေး ...၊ မော်လီနှင့် အရာဝတ္ထုတစ်ခုတို့က ဝုန်းခနဲ ပြိုင်တူပင် လူခရဲ့အိမ်ထဲသို့ အပြိုင်အဆိုင် တိုးဝှေ့ဝင်ရောက်လာကြပါသည်။ ငုံ့ကြည့်လိုက်သော် ... ခရီးဆောင်အိတ်။

"လာပြန်ပြီ ..."

အဲဒီခရီးဆောင်အိတ်ကြီးကိုတော့ တော်တော်ကြီး မြင်ပြင်းကတ်နေရပြီးသား လူခက ... ခါးနှစ်ဖက်ထောက်ရင်း မော်လီ့ကို တစ်လှည့် ... သူ့ခြေရင်းက ခရီးဆောင်အိတ်ကိုတစ်လှည့် အပြန်ပြန် အလှန်လှန်ပင် ကြည့်ပေးနေလိုက်သည်။

"လာရမှာပဲ ... ပြဿနာက ပြီးမှ မပြီးတာ ..."

"ခုဟာက ဘာပြဿနာလဲ ..."

"ငါ ... ဟိုကောင်နဲ့ ကွဲလာတာ ..."

"ဘာ ..."





"ဟိုအကောင် ... ဟိုအကောင် ... နင့်သူငယ်ချင်း ... ရဲထွန်း ..."

"ဟာ ... ဘာဖြစ်တာလဲ ... အဓိပ္ပာယ်မရှိတာ ... ယူကြတာကဖြင့် ရက်ပိုင်းပဲ ရှိသေးတယ် ... ကွဲပြီရယ်လို့ ... မဖြစ်နိုင်တာ ..."

"ဖြစ်နိုင်လို့ပဲ နင့်ရှေ့မှာ ကာယကံရှင် ငါကိုယ်တိုင်ရောက်နေပြီ"

"ဖြစ်ကို မဖြစ်နိုင်ရဘူး ... ပြန် ... ပြန် ... မလိုချင်ဘူး"

"ဟဲ့ ... ကွဲလာပြီ ..."

"ကွဲစရာလား ... ဘယ်နှရက် ရှိသေးလို့လဲ ..."

"ရက်ပိုင်းပဲ ရှိသေးလို့ ကွဲဖြစ်ဖို့ကိုပဲ ပိုစဉ်းစားလိုက်တာ ... ပျက်အစဉ် ပြင်ခဏတဲ့ ... ကြာလေ ပိုနစ်မွန်းလေ ဖြစ်မယ်ဆိုရင် မြန်မြန်ပြင်လိုက်တာသာ အကောင်းဆုံး ..."

"မဟုတ်သေးပါဘူး ..."

"ဟုတ်ကို ဟုတ်တယ် ..."

လူခက မော်လီ့ကို စိတ်ကုန် စိတ်ပျက်စွာ ကြည့်လိုက်မိသည်။ အင်း ... ပေးလိုက်ကြပေ့ ... ဒုက္ခ ...။ မနေနိုင်မထိုင်နိုင် ခိုးပြေးချင်တုန်းကလည်း သူတို့နှစ်ယောက်ပဲ ... တားမရဆီးမရ ...။ "ကိုယ့်မှာ ကိစ္စရှိလို့ပါ ... ကိုယ့်ရဲ့ တကယ့်အထွတ်အမြတ် မင်္ဂလာကိစ္စကြီးပါ"ဆိုတာ ... ဘယ်လိုမှ ပြောလို့ဆိုလို့ မရ ...။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မင်္ဂလာကိစ္စအတွက် ... မန္တလေးက မိဘများထံ ပြန်စာရောက်ရှိပါသည် ဆိုတာကို ..."နှစ်မင်္ဂလာဖြစ်တာပေါ့ ... ပိုတောင်နိမိတ်ကောင်းသေးတယ်"ဟု အတင်းရော အခမ္မကြီးပင် ကိုယ့်ကားပေါ် ခုန်တက်ပြီးတော့တောင်မှ လိုက်ပါလာကြတာ ...။ ပြီးကျတော့ နှစ်မင်္ဂလာ မဖြစ်သည့်အပြင် ... ဖြစ်လိုက်ကြသည့် ရန်က တစ်လမ်းလုံး ...။ အဲဒီနိမိတ်က ဘယ်လိုလုပ် သွားကောင်းနိုင်ပါတော့မလဲ ...။

မန္တလေးကို သွားနေပါတယ်ဆိုမှ ... "ရန်ကုန်ပဲ ပြန်မယ် ... ခုပြန်လိုက်ပို့ ..."ဆိုတာက ပါသေး။ လမ်းမှာ ခေတ္တခဏ ကားပျက်တုန်း ... ရှည်လျားပြီး ... ဖြူးအထိ ပြန်ရောက်သွားပြန်တာက ရှိသေး။ အဲဒါကြောင့်ပင် လူခလည်း မန္တလေးရောက်ရော ... "ဖုန်း ချက်ချင်း ပြန်ဆက်ပါ"ဆိုတဲ့ သမီးဆီက ဖုန်းခေါ်ထားမှုက ကြိုစောင့်နေတော့တာ ...။ "မိဘများ ခေါ်လာဖို့ မလိုသေး"တဲ့ ...။ "မစေ့စပ်ဖြစ်"တဲ့ ...။ ကျွတ် ...။

"ဘာလာလုပ်တာလဲ သား ..."ဆိုတဲ့ မိဘတွေရဲ့ အမေးကို စကားရော ဖွဲရောနှင့် ... သင်းတို့နှစ်ယောက်ရဲ့ မင်္ဂလာကိစ္စကိုပဲ မေတ္တာရိ လိုက်ကူပေးသလိုလို ရောချကာ ... နှစ်ယောက်လုံးကို တစ်ချက်မှ ပြန်ငဲ့မကြည့်တော့ဘဲ ရန်ကုန်သာ တန်းပြန်ဆင်းချလာခဲ့တာ ...။ ကဲ ... ခုတစ်ခါ လာပြန်ပြီ ... "ကွဲကြပြီ" ... တဲ့။





တကယ့်ကို ဒုက္ခပေးနိုင်လွန်းကြတဲ့ နှစ်ယောက်ပါ။ လူခမှာ ... ခင်မင်ရင်းနှီးသည့် သူငယ်ချင်း မိတ်ဆွေရယ်လို့လည်း သိပ်များများစားစားရှိတာ မဟုတ် ...။ သင်းတို့နှစ်ယောက်လောက် ရှိတာ ...။ ရှိတဲ့ဒီနှစ်ယောက်ကိုပဲ အတော်ကြီး စွဲစွဲမြဲမြဲ ခင်မင်မိသလို ... ကိုယ့်အပေါ် ညှဥ်းဆဲအနိုင်ယူကြလွန်းလို့ စိတ်ကုန်စက်ဆုပ်ရသည်မှာလည်း ... သင်းတို့နှစ်ယောက်အပြင် ... နောက်ထပ်တစ်ယောက် ထပ်မရှိနိုင် ...။

သင်းတို့ နှစ်ယောက်ကို စပြီး မိတ်ဆက်သိကျွမ်းစေလိုက်မိတာကိုက လူခရဲ့ မဟာအမှားကြီးပါပဲ ...။ အဆိုတော်ကိုင်ဇာရဲ့ သီချင်းထဲကလို ... "မြင်မြင်ချင်း တို့နှစ်ယောက်ဟာ ... ဣန္ဒြေမရ ဖြစ်ကြတာ ..."ဆိုသလို စတင် မိတ်ဆက်ပေးမိပြီး နှစ်ရက်လောက်ရှိတော့ ... နှစ်ဦးသား "တဟီးဟီး"နှင့် ... "ကြိုက်ကြပြီ"တဲ့ ...။ လိုက်လို့တောင်မှ မမီ ...။ အမယ် ... ငယ်ငယ်တည်းက တစ်နေရာစီ ... တခြားစီမှာ ... သိကျွမ်းခဲ့သည့် ငယ်သူငယ်ချင်းနှစ်ယောက်ကို "ခုလိုအရွယ်ကြီးတွေရောက်မှ ... မိတ်ဆက်ပေးရသလား ..."ဟု မိတ်ဆက်ပေးမှု နောက်ကျသဖြင့် လူခမှာတောင် အပြစ်ဖြစ်လိုက်ရပါသေး ...။

ထိုအချိန်မှ စတင်ပြီး လူခလည်း ... အတိတ်က ဝဋ်ကြွေးတွေ ကုန်းဆပ်နေရသလား ထင်ရလောက်အောင်ကို သင်းတို့ နှစ်ယောက်ရဲ့ဒဏ်ကို လှိမ့်ခံရတော့တာ ဖြစ်ပါသည်။ လူခ စိတ်ထင် သူတို့လောက် ရန်ဖြစ်သန်သည့် စုံတွဲဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်တွဲ ဘယ်လိုမှ ထပ်မရှိနိုင်တော့တာမို့ ... နိုင်ငံတကာကသာ သူတို့သတင်းကို သိသွားကြရင် ... "Believe it or not" တို့ "Guiness Book of World records"တို့ ... စာအုပ်တွေထဲ တစ်အုပ်မဟုတ် တစ်အုပ်မှာတော့ ပါကိုပါရမည် ဧကန် ...။

တစ်နေ့တည်းမှာ ဆယ့်ခြောက်ခါလောက်လည်း ဖြစ်ရဲ့ ...၊ နေ့တိုင်းလည်း ဖြစ်ရဲ့ ...။ အပတ်စဉ် ဆိုတာကရှိသေးပြီး ... လချုပ် ... နှစ်ချုပ်တွေနဲ့ပါ တွက်လိုက်ရင် ... သမီးရည်းစား သက်တမ်းကာလ ရန်ဖြစ်မှု စုစုပေါင်းဟာ မွေးကတည်းကနေ ... ခုချိန်ထိ သူတို့နှစ်ဦး စားသောက်လာကြသည့် မနက်စာ၊ ညစာ နှစ်နပ်ပေါင်းတွေ စုစုပေါင်းကို ရေတွက်ထားတာထက် မပိုရင်တောင်မှ လျော့တော့ လျော့နိုင်မည် မထင်ပေ ...။

အဲဒီလို နှစ်ယောက်ကများ အိမ်ထောင်ရက်သား ထူထောင်ဖို့ကိုလည်း စဉ်းစားကြသေးသတဲ့ ...။ ဘာဆန်းသလဲ။ ကိုယ်စီမှာလည်း သူ့ဘက်ကိုယ့်ဘက် မိဘတွေအဖို့ အပြစ်တွေနိုင်စရာ ဖြစ်ချက်ရယ်လို့ သိပ်မရှိ ...။ နှစ်ဖက်မိဘဆွေမျိုး အသိုင်းအဝိုင်းကိုယ်စီမှာလည်း တစ်ဖက်အပေါ်တစ်ဖက် ... ထောက်ပြကန့်ကွက်နေစရာ သိပ်မရှိ ...။ သို့သော် နှစ်ဖက်စလုံးမှ ... ကိုယ့်သားကို သူ့သမီးနှင့် ...၊ ကိုယ့်သမီးကို သူ့သားနှင့် အိမ်ထောင်ပြုဖို့ကို ဘယ်ဘက်ကမှ သဘောမတူနိုင်ကြချေ ...။

ဘာဆန်းသလဲ ...။ ဘယ်လိုလုပ် တူကြပါ့မလဲ ...။ "ယူလည်း ပြန်ကွဲမှာပဲ"ဆိုတာ နှစ်ဖက်မိဘလေးဦးစလုံးရဲ့ မှန်





ကန်တဲ့ အမြင်ကိုယ်စီလေ။ ကဲ ... အခုတော့ ခပ်မြန်မြန်ပဲ ...။ လူခ စိတ်ထင် ... တစ်ပတ်ကျော်ကျော် ... ဆယ်ရက်တောင်မှ ပြည့်သေးရဲ့လား မသိပါ ...။

ခုတော့ ဒီခေါင်းပဲ ကျလာပြန်ပြီ။ နဂိုတည်းကိုက သူတို့နှစ်ဦးကိုမှ ရည်ပြီး မိတ်ဆက်ပေးမိတဲ့ မဟာအမှားပိုင်ရှင် ... တရားခံကြီး လူခ အဖို့ ...၊ သူတို့နှစ်ယောက် ရန်ဖြစ်လည်း လူခအပြစ်၊ မိဘတွေ သဘောမတူလည်း လူခ ...၊ ပြတ်ကြပြန်ပါပြီဆိုလည်း ... လူခ၊ ပြန်ခေါ်ချင်ပါပြီဆိုလည်း လူခ၊ မစောင့်နိုင် ... အောင့်နိုင် ... ခိုးရာလိုက်ချင်ကြပါပြီ ဆိုတော့လည်း လူခ ...။ အခုလည်း ကွဲကြပါပြီ ဆိုတော့လည်း လူခပေါ့ ...။

"အရာရာ သူ့စိတ်ကြိုက်ပဲ ... သူချည်း နိုင်ချင်တယ် ... သူများကျတော့ သူ့ကျွန်ကြီးလိုကိုမြင်တာ ... ဒီလောက် အကျင့်ယုတ်တဲ့ ယောက်ျားမျိုးကို နင်မို့လို့ ငါနဲ့ မိတ်ဆက်ပေးခဲ့တယ် လူခရယ် ..."

ဟော ... လာပါပြီ။

"အပိုတွေ လျှောက်ပြောမနေစမ်းနဲ့ဟာ ... တရားခံ ဖြစ်, ဖြစ်နေရတာက အခါတစ်ထောင်လောက် ကျော်လာပြီဆိုတော့ ... နင်တို့နှစ်ယောက် ဘာပြောပြော ... ငါက သိပ်မှုတော့တာ မဟုတ်ဘူး ... ငါက မိတ်ဆက်ပေးတိုင်း ချစ်ကြိုက်ပြီးယူတဲ့အထိ ဖြစ်တာတွေက ဘယ်သူတွေ လုပ်နေတာလဲ ..."

www.burmeseclassic.com



မော်လီက လူခကို ခပ်စွေစွေကြည့်ကာ ... "စိတ်ဝုပ်တဲ့ကောင် ... ဝင့်မလိုက်ပါစေနဲ့ ..."ဟု မကြားတကြားပြောသည်။

"ကဲ ... ဟန်တွေ ပန်တွေ လုပ်မနေနဲ့ ... ထ ... ထ ... နင့်အိတ်လည်း နင့်ဘာသာပဲသယ် ... မန္တလေးသွားတုန်းက ဟိုကောင်နဲ့ နင်နဲ့ ပြဿနာ ဖြစ်တိုင်း နင့်အိတ်ကြီးကို ငါ ချည်းသယ်ရတာ အမြင်က အစွမ်းကုန်ကတ်နေပြီ ... ထ ... အိတ်သယ် ..."

"ဘာလဲ ... ဘာတွေ ပြောနေတာလဲ ... စိတ်ညစ်ရတဲ့ အထဲ ..."

"ဘာတွေ ပြောနေရမှာလဲ ... နင့်ကိုငါ ခေါင်းပေါ်ရွက်ပြီး ပြန်လိုက်ပို့ရမယ်လေ ... ပြောစမ်း ... နင့်မိဘတွေအိမ်လား ... ဟိုသတ္တဝါဆီကိုလား ..."

"ကွဲလာပါပြီ ဆိုနေမှ ..."

"ဒါဖြင့် ... နင့်အဖေအမေဆီပေါ့ ..."

"ငါ့မိဘတွေက သတင်းစာထဲကတောင် အမွေပြတ်ကြော်ငြာထည့်လိုက်ပြီးပြီ၊ ရန်ဖြစ်ပြီးတော့,တော့ ပြန်တက်မလာခဲ့နဲ့ ... လို့ပါ ကြော်ငြာထဲမှာ ထည့်ရေးထားတာ ... ပြတ်ရော ..."

"ဟ ... ဒါဆို ..."





"ငါက ဘယ်သွားရမှာလဲ ... ဘယ်မှ သွားစရာ မရှိဘူး ... ဒီမှာပဲ နေမယ်"

အမယ်လေး ... မူလီ ... မူလီ ...။ ခပ်တင်းတင်းကလေးသာ ရစ်ထည့်လိုက်ပါတော့ ခင်ဗျာ ...။ လူခ တစ်ဦးတည်းယောက်ျားလေး လူပျိုတစ်ယောက်ရဲ့အိမ်မှာ ... ယောက်ျားနဲ့ရန်ဖြစ် ကွဲဆင်းလာတဲ့ ထိုမိန်းမက "ငါ ဒီမှာပဲနေမယ်"တဲ့ ...။ တကယ့်ကို အေးအေးကလေး ...။ ပေါက်ကရတွေ လျှောက်တွေးရင် တွေးတဲ့လူသာ အလွန်ဆိုတဲ့ ဂိုက်မျိုးနဲ့။

သမီးရေ ... မင်း မလွန်ဘူး ...။

လူခ၏ ရှားရှားပါးပါး မိန်းကလေးသူငယ်ချင်းမ, ဖြစ်သူကို လူခရဲ့ချစ်သူကလေး ဖြစ်လာတဲ့ "သမီး"က ... မမြင်တွေ့ရသေး ... အကြားနှင့်တင် ..."မမြင်ချင်ဘူး ... ဆုံမပေးနဲ့ ..."တဲ့။ ခေါင်းထဲမှာ ချေးပဲရှိလို့ ... "ပုစွန်တုပ်"တဲ့။ တစ်ခါမှ မဆုံဘူးကြဘဲနှင့်ကို တစ်ဖက်သတ် မြင်ပြင်းတွေ ကတ်နေလိုက်တာ။ ကောင်းတောင် သိပ်အစပ်မခံခဲ့ပါ ...။

အဲဒီတုန်းကတော့ တကယ့်ကို မာရေ ကျောရေနိုင်လှတဲ့ ဂျစ်ကန်ကန် သမီးကို မပြောချင်လို့သာ ငြိမ်နေခဲ့တာ ... "ဘယ်လိုလဲကွာ"ဆိုတဲ့ အတွေးမျိုးတော့ လူခမှာ ပေါ်ခဲ့သေးတာ အမှန်ပါ ...။

ကိုယ့်ရဲ့ မင်္ဂလာယူစရာ ကိစ္စအတွက် မန္တလေးကို အသွားမှာ ဒီနှစ်ယောက်ပါ ပါသွားကြပြီး ... ကသောင်းကနင်း၊



www.burmeseclassic.com

www.burmeseclassic.com



ကပျက်ကချော်နှင့် ... ကိုယ့်ကိစ္စမှ သေချာဦးမတည်နိုင်ခဲ့တာကို သမီးသာ ပြန်သိသွားရင် ... မိုးမီးလောင်ပြီး ယမ်းတိုက်ပေါက်ကွဲတာထက်တောင်မှ ဆိုးဦးမှာမို့ ... အသိမပေးရဲဘဲ ... အစွမ်းကုန်ဖုံးအုပ်ထားခဲ့ရတာကိုလည်း ... ကိုယ့်အပြစ်မရှိဘဲ ... ကြောက်ရွံ့နေရသလိုမို့ လူခက မကျေမနပ်ကြီး ဖြစ်နေခဲ့သေးတာ ...။ ခုတော့ မင်း မလွန်ဘူး သမီးရေ ...။ ပုစ္ဆာတပ်ကတော့ ကိုယ့်ကို တွယ်ပြီ။

"အမိပွာယ်မရှိတာ မပြောစမ်းနဲ့ဟာ ... ဒီမှာက ငါ တစ်ယောက်တည်း ... နင့်အနေနဲ့ ဘယ်လိုလုပ်ပြီး ..."

"အဲဒါတွေ ငါ ဘာမှတွေးမနေချင်တော့ဘူး လူခ ... နင်အတင်းတွန်း နှင်ချရင်တော့ ငါ့အနေနဲ့ မတတ်သာတဲ့ အဆုံးဆိုရင် ပြန်ဆင်းသွားရုံပါပဲ ... ဒါပေမဲ့ ငါ့အတွက်က ဒီအိမ်မှာဆိုရင် လမ်းမကြောင်း လျှောက်နေရတာနဲ့စာရင်တော့ ပိုလုံခြုံမှာပဲလို့ ငါက ထင်လို့ပါ ..."

ကဲ ... သူ့ဟာက မူလီနဲ့ စုပ်ရုံမက ကြိုးနဲ့ပင် ထပ်တုပ်ထားသေးတာ ...။ ငြင်းဆန်ရုန်းကန်ရင် ကိုယ်ပဲ အဆိုးရှိမည်။

"ကဲ ... ဒါဖြင့် ... ငါ ရဲထွန်းကို သွားခေါ်မယ် ... နင်တို့နေနေတဲ့လိပ်စာပေး ... ဒီကောင် ပါလာပြီး ပြန်လိုက်ခေါ်ရင်တော့ ... ပြန်မလိုက်သွားရင် နင့်အလွန်ပဲ ... အဲဒီအချိန်ကျရင်တော့ ငါက တွန်းလွှတ်ရုံတင် မကတော့ဘူး၊ ငါ့အိမ်ပေါ်ကနေတောင် ဆွဲချမှာ ... ဟုတ်ပြီလား ..."





မော်လီက "ရဲထွန်းပါ၊ ပါလာမည်" ဆိုတာကို ယုံတမ်းစကား ပုံပြင်ဟုသာ သဘောထားပုံဖြင့် ... မျက်နှာထားက ခပ်လျှောင်လျှောင်ပါ ...။ လူခကတော့ အချိန်ဆွဲမနေတော့ဘဲ အိမ်ထဲ ချက်ချင်းပြန်ဝင် ကားသော့နှင့် ပိုက်ဆံအိတ်ကိုယူကာ... ချက်ချင်းပဲ ပြန်ထွက်လာခဲ့ပါသည်။ မိနစ်ပိုင်းလောက် နောင့်နှေးနေရုံနှင့် ရှည်လျားပေများလာနိုင်သည့် နောက်ဆက်တွဲပြဿနာဆိုတာတွေကို လူခက ရင်မဆိုင်ချင် ...။

နောက်သလိုလို ...၊ ဇာတ်လမ်း ထွင်သလိုလိုနှင့် ကိုယ့်ကို ခုထက်ထိ အဆက်အသွယ် ပြန်မလုပ်သေးတဲ့ သမီးရယ် ...။ မြင်မြင်ချင်းကို မကျေမနပ်နိုင်တဲ့ ရှေးရေစက်ကြောင့်... အပြစ်ချည်း စောင့်ချောင်းရှာနေမဲ့ သူ့အဖေကြီးရယ် ...။ တစ်ဆိတ်ဆိုရင် ... တစ်အိတ်မက ... လေးငါးဆယ်အိတ် ... တစ်ဂိုဒေါင်စာပါပြည့်အောင် ချဲ့တတ်မဲ့ သူ့ကြီးကြီးရယ် ...။ အလကားနေ အနားပဲ လာရောက်ချင်နေတတ်တဲ့ ကိုရုပ်ဆိုးရယ် ...။ အမယ်လေး ...။ အဲဒါတွေနဲ့သာ ဒီမူလီ အရစ်မနဲ့ တန်းတိုးလို့ကတော့။

သို့သော် ...။ ခုနေ ဗေဒင် သွားမေးလို့ကတော့ ... "သင် ယနေ့ ကံမကောင်းပါ ..."ဟု ဟောကို အဟောခံရမည်ဖြစ်သော လူခ,ခမျာ ... မော်လီ ပေးလိုက်သော လိပ်စာမှာ သော့ခလောက်နှင့်သာ တန်းတိုးလျက် ... ရဲထွန်းနှင့် တွေ့ခွင့်မရပါ။ လူခက အနီးနား ဆိုင်တစ်ဆိုင်မှ အိမ်သို့ ချက်ချင်းဖုန်းလှည့်ခေါ်လိုက်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... ဒီမှာ ... အိမ်က သော့ကြီးတန်းလန်းနဲ့ ... ရဲထွန်းလည်း မရှိဘူး ... သူ ဘယ်သွားမယ်ထင်လဲ ... နင် သိလား ..."

"ဟင်း ... ထင်သားပဲ ... ထွက်လာကတည်းက သော့က သူတစ်ချောင်း ငါတစ်ချောင်းပဲ ဥစ္စာ ... နင်သွားလည်း သော့ခလောက်နဲ့ပဲ တွေ့မှာပါဆိုတာ အစောကတည်းက ကြိုတွေးပြီးသား ..."

"ကြိုတွေးပြီးသားဆိုရင်လည်း သူများတကာကို မဓောရအောင် ကြိုပြောပါလားဟ ... ဒါဖြင့် ရဲထွန်းက ဘယ်သွားမှာလဲ ..."

"ဘယ်သိမလဲ ..."

"ပြီးရော ..."

သူ့ဆီမှာလည်း သော့တစ်ချောင်း ရှိပါသည်ဆိုတဲ့ သဲလွန်စလည်း ရပြီးပြီဖြစ်၍ ... ရန်တွေ ဆက်ဖြစ်မနေလိုတော့ပါ။

"ဟော့ ဟော့ ... နေဦး ... ခုနတုန်းက ဖုန်းနှစ်ခါလာတယ်"

"ဘာ ... ဘယ်သူတွေလဲ ..."

"ဘယ်သိမလဲ ... နှစ်ခါလုံး ဘာမှမပြောဘဲ ချချသွားတယ် ... ငါက ဖုန်းနံပါတ်(------)ကပါလို့ အတိအကျ ထူးတော့ ... ဖုန်းမှားမှန်းသိပြီး ဘာမှမပြောကြတာနဲ့ တူပါရဲ့ ..."





လူခရဲ့ ရင်ထဲမတော့ အဲဒီလောက် ပေါ့ပေါ့တိမ်တိမ် ကလေး ... "ဟုတ်မှာပါလေ" ဆိုတာမျိုးနှင့် ပြီးမသွား ...။ စူးနင့်ကြောက်ရွံ့ပြီး ကျုန်ရစ်ပါသည် ...။ ဘယ်သူ့ဆီကဖုန်းပါလိမ့် ... "ဖုန်းနံပါတ်(------)ကပါ" ဟု အတိအကျ မိန်းမသံကြီးနှင့် ပြန်ဖြေတာကို ကြားသွားကြသည် ဆိုတော့ ...။ ဟား ...။

လူခက အိမ်သို့ အမြန်ဆုံး ပြန်ချလာလိုက်သည်။ အိမ်ရောက်တာနဲ့ ... လူခနှင့် မော်လီတို့ရဲ့ "သံစုံသွင်းတိုက်ပွဲ" က စတင်ပါတော့သည်။ "နင့်မှာလည်း သော့ပါလာတာပဲ ... နင့်အိမ် နင်ပြန်ဖွင့်ပြီး ပြန်တက်နေ ... ဟိုကောင် ပြန်တက်လာချင်တော့ နင်က အထက်စီးတောင် ရထားသေးတယ်" ဟူသော လူခရဲ့စကားကို ... မော်လီက အော်ငိုပစ်လိုက်ခြင်းနှင့် ဆန့်ကျင်လိုက်ကာ ... ဒီနောက်မှာတော့ ... လူခဟာ (တကယ့်ကိုပဲ စိတ်ထဲ၊ ရင်ထဲက မကောင်းပေမဲ့) မော်လီကိုရော သူ့အိတ်ကြီးကိုပါ ကိုယ့်အိမ်ပေါ်ကနေ အတင်းကို ဆွဲချရတော့တာပါပဲ ...။

"ဘယ်လိုမှ မဖြစ်နိုင်လို့ပါ မော်လီရယ် ... လုံးဝ မသင့်တော်လို့ပါ"

ခေါင်းထဲ လုစ်ခနဲ ဝင်လာသေးသော ... "သူ့ကို တစ်ယောက်တည်း ဒီအိမ်မှာ ထားပစ်ခဲ့ပြီး ... ကိုယ်က ဒီတစ်ညတော့ သူငယ်ချင်းတစ်ယောက်ယောက်ဆီ သွားနေလိုက်မယ် ... နက်ဖြန်ကျမှ သူ့မိဘအိမ်ကို အကျိုးအကြောင်း ဝင်ပြောပြီး တစ်ခါတည်း အပါခေါ်ခဲ့မယ် ..." ဆိုသည့် အတွေးကိုလည်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်းနှစ်ခါတောင် လာသည် ..."ဟူသည့် အချက်က ပယ်ချလိုက်ပြီ ...။ ခပ်ကြာကြာကို ဆက်မထားရဲပါ ... ကြောက်လှပါသည်။

ခုတော့ဖြင့် ကိုယ်ကဆွဲ ... သူကရုန်း ... အော်ဝို ...။ မြင်မကောင်း ရှုမကောင်း ...၊ ကျော့မကောင်း ကြားမကောင်းပုံစံတွေကို ဖြစ်လို့ ...။ "ခုနေများ ကိုရုပ်ဆိုးနှင့် အဘိုးကြီးတို့ တစ်နေရာရာမှာ ရှိနေကြပြီး လှမ်းမြင်နေနိုင်ကြရင် ..."ဟု ကျောထဲ စိမ့်ခနဲ တစ်ချက်တောင်မှ ဖြစ်သွားမိသေးသည်။ တကယ်ပဲလည်း ... တစ်နေရာမှာ ... ဦးမော်နိုင်က ရှိနေခဲ့ပါသည်။





## အခန်း(၃)

ဂျစ်ကန်ကန်နှင့် လူတကာကို ထော်လော်ကန့်လန့် လုပ်ဖို့ ဝန်မလေးသော သမီးသည် ... ဘယ်အရာကိုမဆို မြို့စိစိနှင့် မျိုသိပ်မထားဘဲ ပွင့်ပွင့်လင်းလင်း ဖွင့်ချရင်ဆိုင်ပစ်လိုက်ဖို့ ကိုလည်း ဝန်မလေးတတ်သူသာ ဖြစ်ပါသည်။

"ကဲ ... ပြောစမ်း ... သူ့တစ်ယောက်တည်းနေတဲ့အိမ်မှာ ညနေစောင်းကြီး ... ဖုန်းကိုင်ထူးခွင့် ရရှိထားတဲ့ မိန်းမသံက ဘယ်လိုဖြစ်တာလဲ ... ဖုန်းမှားတာနေမှာပေါ့ ... လို့ လှည့်မထွက်နဲ့နော် ... တစ်ဖက်က ပြေကတည်းက ဖုန်းနံပါတ်ပါ ထည့်ပြောတာ ..."

လူခရဲ့ မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေး ညစ်ညူးသွားမှုတွေ အထင်းသား ပေါ်လာလျှင် သမီးက ... ကိုယ့်ချစ်သူကိုယ် ... ကိုင်ကက်ဆောင့်တွန်းပစ်လိုက်ချင်စိတ်တွေ တဖွားဖွားပင် ပေါ်ပေါက်လာတာကို ခေတ္တခဏမျှ မျိုသိပ်အောင့်အည်းထားလျက်...



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းတွေ ရောက်နေကြတာပါလို့ ... တခြားနောက်ထပ် မရှိနိုင်တော့တဲ့ လူတွေကိုပါ စာရင်းပြုပြီး ထည့်ဖြီးမယ်လည်း မကြံနဲ့ ... အဲဒီအိမ်မှာ လူနှစ်ယောက်ထက် အပြင် ပိုကိုမရှိနိုင်ဘူး ... သေချာအောင် အချိန်ယူနှား ထောင်ကြည့်ပြီးမှ ... ဖုန်းပြန်ချခဲ့တာ ..."

"ဟင်း ... နှစ်ယောက်တောင်မှ မရှိပါဘူးကွာ ... သမီး ဖုန်းဆက်တဲ့ အချိန်မှာ သူ တစ်ယောက်တည်း ..."

"ဘာ ..."

"အဲဒါ မော်လီလေ ... သူ့ယောက်ျားနဲ့ ရန်ဖြစ်ပြီး အိမ်ပေါ်ကဆင်းလာတာ ... ကိုယ် ခဏလေးတောင် ဆိုင်းပြီး လက်ခံမနေပါဘူး ... ချက်ချင်း သူ့ယောက်ျားကို သွားခေါ်တာ ... အဲဒါကြောင့် သမီး ဖုန်းဆက်တဲ့အချိန်မှာ အိမ်မှာ သူ့တစ်ယောက်တည်း ကျန်နေခဲ့တာပေါ့ ..."

ထင်သည့်အတိုင်းပဲမို့ သမီးက ဒေါသဖြစ်ဖြစ်နှင့် "တောက်" တစ်ချက် ခေါက်ထည့်လိုက်ပါသည်။ အကျိုးအကြောင်းတွေကို သိလို့တော့ မဟုတ်ပါဘူး ...။ ဒါပေမဲ့ ... အဲဒီအိမ်မှာ ဖုန်းကိုင်သော မိန်းမသံတစ်ခုဆိုလျှင် ... တခြား ဘာဘာညာညာ တောင်တောင်အီအီတွေကို လိုက်စဉ်းစား သံသယဖြစ်နေဖို့ထက် ... အဲ့ဒါဟာ "မော်လီ" ပါပဲ ဆိုတာ တခြားထင်စရာကို မရှိ ...။ အဲဒါကြောင့်ကို ဒေါသက ပိုပြီးထွက်တာ ...။





"ယောက်ျားနဲ့ ရန်ဖြစ်တဲ့ဥစ္စာကို ... လူပျို့အိမ် ဆင်းချလာတာ ဘာသဘောလဲ ... ဘယ်လိုစရိုက်လဲ"

"သူ့မှာ ခုလောလောဆယ် ... သူ့ခေါင်းထဲ ဝင်လာနိုင်တာက ဒီအိမ်ပဲရှိ ..."

"သူက ဆွေမရှိ မျိုးမရှိ ... မိဘမရှိ ... တစ်ကောင်ကြွက်လား ..."

"အဖေအမေက အဲဒီကောင်နဲ့ ယူလိုက်လို့ အမွေဖြတ်လိုက်တာ ..."

"မိဘကတောင် အမွေဖြတ်ထားရတဲ့ ကိစ္စကို ... ရှင်က လက်ခံတယ်"

"ကိုယ်က အောင်သွယ်ခဲ့မိသလို ဖြစ်နေတာကိုး ..."

"ဘာလို့ ရှည်ခဲ့သေးလဲ ... အဲဒါကြောင့် ဟိုးအစောကြီးတည်းက သမီး မပြောခဲ့ဘူးလား ..."

သမီးက စကားကို ခဏရပ်ကာ ...

"နေပါဦး ... ယောက်ျားယူလို့ အမွေဖြတ်တာတွေ ဘာတွေက ဘယ်တုန်းက ဖြစ်ပွားသွားတာလဲ ... သမီးသိသလောက်ကတော့ အဲဒီတစ်ယောက်က အပျိုပဲနော် ... ခ ... ဘယ်လိုဖြစ်တာလဲ"

သမီးရဲ့ အော်သံကျယ်ကျယ်ကြောင့် လူခက မဲ့မဲ့ရွံ့ရွံ့နှင့် ...

"ဟာ ... တိုးတိုး ..."



www.burmeseclassic.com

www.burmeseclassic.com



"မတိုးနိုင်ဘူး ... ပြော ... ပြော ..."

"အဲ ... ဟိုတလောကမှ သူတို့နှစ်ယောက် ယူလိုက်ကြတာကွာ ..."

"ဘယ်တလောကလဲ ..."

"သိပ်မကြာသေးဘူးလေ ... လွန်ခဲ့တဲ့ တစ်ပတ် ဆယ်ရက်လောက်က"

"လွန်ခဲ့တဲ့ တစ်ပတ်ဆယ်ရက်ကမှ လက်ထပ်တဲ့လူကခုပဲ အိမ်ပေါ်က ဆင်းစရာလား ... ခ ... နော် ခ ..."

"အဲဒါ တကယ်ဖြစ်တာကွာ သမီး ... ကိုယ် အမှန်အတိုင်းပဲ ပြောတာ"

"ဒါဖြင့် ရက်အတိအကျပြော ... ဒီလောက် အကျွမ်းတဝင်ပတ်သက်မှုတွေ ရှိနေတာ ... သူတို့ လက်ထပ်ကြတယ်ဆိုတဲ့ ရက်ကို နေ့နဲ့ရက်နဲ့ အတိအကျ သိကို သိရမယ်"

"သမီးရယ် ... အဲဒီနေ့ရက် အတိအကျက သမီးအတွက်ဘာများ အရေးကြီးသလဲ ..."

"ကြီးတယ်လေ ... ယောက်ျားနဲ့ ရန်ဖြစ်ပြီး လူပျိုတစ်ယောက်ရဲ့အိမ်ကို ညကြီးမင်းကြီး ဆင်းချလာပါတယ်ဆိုတဲ့ကိစ္စက ..."

"ညကြီးမင်းကြီး မဟုတ်ပါဘူး ..."

"ဒါပေမဲ့ ညနေပဲ ... မကြာခင်မှာ မှောင်မှာပဲ ... အဲဒါတွေ ပြောမနေနဲ့ ..."





"မမှောင်ခင်ကို ပြန်လိုက်ပို့လိုက်ပါတယ်ကွာ ..."

"အခုဟာက အဲဒီ 'ဘယ်အချိန်မှာ ပြန်သွားသလဲ'ဆိုတဲ့ကိစ္စအထိကို မရောက်သေးဘူး ... အဲဒါက ပြီးမှသပ်သပ်လာမယ် ... ခုက ... လင်မယား ရန်ဖြစ်လာတယ်ဆိုတဲ့ကိစ္စကပဲ တိကျဖို့ လိုနေတာ ..."

"ဘာဖြစ်လို့လဲကွာ ..."

"အဲဒီလင်မယား ဆိုတာက ဟုတ်ချင်မှ ဟုတ်မှာလေ ... အပျိုတစ်ယောက်က လူပျိုတစ်ယောက်ရဲ့ အိမ်ကို ရောက်နေတာမျိုးလည်း ဖြစ်နိုင်တာပဲ ... အဲဒီတစ်ယောက်ကို ဘယ်လိုမှ မကြိုက်နိုင်ပါဘူး ... မသက်ဘူးလို့ အတန်တန် ပြောနေတဲ့ကြားက ... ရဲထွန်းရဲ့ ချစ်သူပါလို့ ပုတ်ထုတ်ထားခဲ့တာ ... ခုကျတော့ လင်မယားပါ ဖြစ်လာပြီ ... အဲဒါကို ယုံကြည်နိုင်ဖို့ဆိုရင် ရက်အတိအကျ သိရဖို့က လိုကိုလိုတယ် ..."

ပါးစပ်ထဲ ထွက်ရာရက်တစ်ခုခုကို "ဖလွတ်"ခနဲ ပြောလိုက်လည်း ပြီးပါရက် ... "အင်း ... အဲ ... ဟိုဒင်းကွာ ... ဘယ်လိုခေါ်မလဲ ... ဘယ်ရက်လောက်ကလည်းဆိုရင် ..."စသဖြင့် အခက်အခဲ တွေ့နေသူကို သမီးက စိမ်းစိမ်းကြီးပင် စိုက်ကြည့်နေလိုက်ပါသည်။

ဒါလား ... သမီးကို ချစ်တာ ... တန်ဖိုးထားတာ ...။



www.burmeseclassic.com

www.burmeseclassic.com



ခုကို သမီးက အဲဒီ "မော်လီ"ဆိုသူ ပုစွန်တုပ်မနှင့် "ချစ်ကြိုက်နေကြပါပြီ"ဆိုတာမျိုး အထိတော့ မစွပ်စွဲချင်ပါ။ သူတို့သာ ချစ်ကြိုက်ချင်ရင် … အစောကြီးတည်းက ခရဲ့အဝထဲ သမီးတော့်ဝင်လာခွင့် မရှိလိုက်မှာလည်း သမီးက သိပြီးသား။ သူတို့ချင်းက ဟိုးပိစိနိပေါက်စနတည်းက ကျွမ်းဝင်လာကြတဲ့ ငယ်သူငယ်များ ဆိုတာကိုး …။

ဒါပေမဲ့ သမီး မကျေနပ်နိုင်ဘာက … ပြောစကားနားမထောင်တာ …။ တစ်ဖက်ကို စာနာတာတွေ၊ သနားတာတွေ၊ အားနာ မျက်နှာနာရတာတွေနှင့် သမီး ဘာပြောပြော … ဘယ်လိုတားမြစ်မြစ် … အရေးကို မလုပ်တာ …။ ခေါင်းထဲမဝင်တာ …။ တကယ်ဆို … ခါတိုင်းအချိန်မျိုးတွေက ခဏထားပါဦး၊ ဒီလိုအရေးကြီးနေချိန်မျိုးမှာ နည်းနည်းပါးပါးလေးလောက် သူ့ဘက်က ပိုဆင်ခြင်စောင့်စည်းမနေသင့်ဘူးလား။

ခုဆို ကြီးကြီးရော ဖေဖေပါ သူ့ကို မျက်စိဒေါက်ထောက် ကြည့်ကို ကြည့်နေကြတော့တဲ့ဟာကို။ သမီးရဲ့ စကားများဆို လုံးဝနားမထောင်လိုက်ပုံက … ကြီးကြီးနဲ့ ပြဿနာဖြစ်ကြစဉ်ကလည်း သမီးကိုယ်တိုင် နံဘေးကနေ … "ခ … ခ …" နှင့် လက်ကုတ်ရုံမက နှုတ်ကပါ ထုတ်ဖော် တားမြစ်နေတာတောင်မှ … မလျှော့ …။ ဖြစ်ဖြစ်အောင်ကို ဖြစ်ထည့်လိုက်သေးတာ။





ခုလည်းပဲ သမီး စကားသာ သူ နားထောင်နေရင် "အမှိုက်ကစ ပြဿနာမီးလောင်"အထိ ဖြစ်ပွားလာနိုင်တဲ့ ပြဿနာရဲ့အစ "အမှိုက်"ဆိုတာမျိုးတောင် ရှိလာနိုင်ခဲ့မှာ မဟုတ်ပါဘူး။ ခုဟာက ပြဿနာရဲ့ အောက်ခြေလောက်အထိ မီးကရောက်ရှိနေပြီဟု သမီးထင်သည်။

အဲဒီနေ့က သူ့အိမ်ကို သမီး ဖုန်းလှည့်လိုက်မိသလိုမျိုး ဖေဖေလည်း ဖုန်းခေါ်လိုက်တာ သမီးက သိလိုက်သည်လေ။ ကြားသွားပြန်မှာပေါ့ … ဟိုမိန်းမရဲ့ အသံကို …။ ဖေဖေကတော့ သမီးလို … ဒါ ဟိုဟာမ … မော်လီပဲ ဆိုတာလောက်အထိတော့ ဘယ်တန်းသိပါ့မလဲ …။ ဘယ်သူလဲ … ဘယ်ဝါလဲနှင့် နဂိုကမှ ကြည်လင်တဲ့ အခံမှာ သံသယစိတ်တွေ ပိုပွားလာစရာတွေပဲ ဖြစ်နေတော့မှာပေါ့။ သမီးကိုလည်း ဖွင့်မပြော၊ ဖွင့်မမေး …။ တနံ့နံ့ပဲ ရှိနေပုံရသည်။

သမီးကလည်း သမီး …။ ကိုယ့်ဘာသာ ဖုန်းလှည့်ကြည့်လိုက်ပြီး ကိုယ့်ရင်ထဲက ဒေါသ၊ မောဟတွေကို အိမ်ကလူတွေ မရိပ်မိအောင် ကိုယ့်ဘာသာပဲ နိုင်အောင် ထိန်းထားပါတော့လား။ ခုတော့ မဟုတ် …။ ကိုယ့်ချစ်သူကို ခုချက်ချင်းအပြေးပြီး တစ်ခုခု သွားလုပ်ထည့်လိုက်ချင်စိတ်တို့နှင့် … သမီးမှာ ငြိမ်ငြိမ်မှ ဆက်ထိုင်နေလို့တောင် မရ …။ ဧည့်ခန်းထဲမှာ ဟိုလျှောက် ဒီလျှောက် … ထိုင်လိုက်၊ ထလိုက်နဲ့ …။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘာသာ နဂိုနေ ဆိုရင်တောင် ... သမီးရဲ့ပုံစံက ဘောလ္လ ရုပ်မြင်ချင်စရာ အနေအထားမျိုး ဖြစ်ကို ဖြစ်နေခဲ့မှာပါ ...။ ခုကျတော့ ဖေဖေကလည်း သူ့ဘာသာ နဂိုနေ ဟုတ်ပုံမရ ...။ သမီးကို တိတ်တခိုး လိုက်အကဲခတ်နေပုံမျိုး ဖြစ်နေဖေရာ ... တယ်လီဖုန်း ဆက်ပြီးကတည်းက မူမမှန်တော့တဲ့ သမီးရဲ့ပုံစံဟာ ... ဖေဖေ့စိတ်ကို ကလိပြီပေါ့ ...၊ ဆွပြီပေါ့ ...။

ဖေဖေ ဖုန်းကောက်ကိုင်လိုက်တာကို လှမ်းမြင်လိုက်ရမှ သမီးရဲ့ရင်ထဲ ထိတ်ခနဲ ဖြစ်ကာ ... ကိုယ့်အရှိန်တွေကို သတ်ဖို့ ... ဖေဖေ့ကို မသိမသာ ပြန်အကဲခတ်ကြည့်ဖို့ သတိရမိတော့တာ ...။ ထင်သည့်အတိုင်းပါပဲ ... ဖေဖေက ဖုန်းပေါ်က နံပါတ်ဂဏန်း(၆)လုံးကိုမှ မနှိပ်တာ ...။ ခုနက ဆက်ထားသည့် နံပါတ်တစ်ခုကို ပြန်လှည့်ခေါ်နိုင်သော ... (Redial)ခလုတ်လေးတစ်ခုကိုသာ နှိပ်ကြည့်လိုက်တာ ...။

ကြားသွားမှာပေါ့ ...။ ဟိုမိန်းမ၏ ခပ်ပျစ်ချွဲချွဲအသံ ...။ ယောက်ျားနဲ့လည်း စကားများလာတယ် ဆိုသေး။ သူများအိမ်လာပြီးတော့လည်း ဖုန်းကိုင်ပျစ်ချွဲနေသေး ...။

သမီး ခမျာမှာတော့ ဖေဖေ ဖုန်းပြန်မချသေးခင် ဖေဖေနှင့် (မျက်နှာပြောင်ကြီးတိုက်) မျက်နှာချင်း ပြန်မဆိုင်ရတော့အောင် ဧည့်ခန်းထဲမှ ထွက်ပြေးဖို့ ကြိုးစားရပါတော့သည်။ သမီးကို ပေါ်တင် လာဖွင့်မေးလိုက်လျှင် ကိစ္စက ရှင်းချင်ရှင်းသွား





နိုင်မည်ဖြစ်သော်လည်း ... သမီး ကိုယ်တိုင်က အဲလိုကြီး ချက်ချင်း လာဖွင့်မေးပစ်လိုက်မှာကို ကြောက်နေခဲ့သေးတာ ...။ ဒါပေမဲ့ ဖေဖေနဲ့ သမီး မျက်နှာချင်း ပြန်မဆိုင်လိုက်ရပါ ...။ ခဏကြာတော့ ဖေဖေက ကားနဲ့ အပြင်ထွက်သွားပြီး ညအတော်နက်မှ ပြန်ရောက်လာခဲ့တာ ...။

"ရှင် ... မပြောနိုင်တော့ဘူး မဟုတ်လား ..."

သမီးရဲ့ လှောင်ပြောင်ခနဲ့သံကို ခ,က မခံနိုင်သလို "ကျွတ်"ခနဲ မြည်တမ်းလိုက်ရင်းက ...

"မသိတော့ဘူးကွ ..."

ကြည့်စမ်း ... အဲဒီလို ပိတ်ပြောပစ်လိုက်တော့ ... ရရိုးလား။

"ရှင့်ရဲ့ အရင်းအချာဆုံး နှစ်ယောက် လက်ထပ်တဲ့ပွဲမှာ ရှင် မရှိဘူးလား"

"အဲ ... သူတို့က လက်ထပ်တာ မဟုတ်ဘူး ခိုးပြေး ... အဲ ..."

"ရှင်ပါ တစ်ပါတည်း လိုက်မသွားဘူးလား ..."

"ဟာ ... ဘာလို့ လိုက်ရမှာလဲ ..."

"လွန်ခဲ့တဲ့ တစ်ပတ် ဆယ်ရက်ကဆိုတော့ ... ရှင်မန္တလေး ပြန်နေတဲ့ အချိန်လား ..."

"အဲ ... အင်း ... ဟုတ်တယ် ... ဟုတ်တယ် ..."



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဆိုရင်တော့ ရက်အတိအကျ မသိလိုက်ဘူး ဆိုတာ ဖြစ်နိုင်ချေ ရှိပါသည်။ ဒါဆိုလည်း အဲဒီလို ပြောလိုက်ပါတော့လား ...။ "တအဲအဲ တအင်းအင်း"သံတွေက ဘာလို့ပါနေရမှာလဲ ...။

"ကောင်းတာပေါ့ ... ရှင်ကတော့ ပြောထားတဲ့ စကားနားမထောင်လည်းဘဲ ... ရှင့်အပြစ် မရှိသလိုလို ပေါ့ပေါ့လေးပဲ နော် ... ခ ... မပေါ့နိုင်တာကတော့ သမီးပဲ ... အဲဒီနေ့က အဲဒီမိန်းမရဲ့ ဖုန်းထူးသံကို သမီးတင်မကဘူး ဖေဖေပါ ကြားသွားတာ ..."

"ဟာ ... ဘယ်လိုလုပ်ပြီး ..."

"ဖေဖေကလည်း ၂,ဆီ ဖုန်းလှည့်တာကိုး ... မပြောမရှိ စေနဲ့နော် ... ဖေဖေက ရှင့်ကို ချက်(Check)နေတယ် ... လိုက်စုံစမ်းနေတယ်နော် ..."

"ကိုယ် သိပါတယ် ... နောက်က တကောက်ကောက်ပဲ ဟာ ..."

သမီး မျက်လုံးပြူးသွားသည်။

"လက်ထောက်တောင်မှ ပါသေး ... ဟိုအူကြောင်ကြောင် ကိုရုပ်ဆိုးလေ ... ဟား ဟား ..."

"ဟင် ... အဲဒီလိုလား ... ခ,ဘာတွေ မှားပြီးပြီလဲ ..."

"ဟာ ... သမီးပြောပုံက ... နဂိုနေအတိုင်း ဆိုရင်တော့ ကိုယ်ဟာ အမှားတွေချည်း ကျူးလွန်နေတော့မှာမို့ ဆင်ခြင်





ရင် ဆင်ခြင် ... မဟုတ်ရင်တော့ သူတို့တွေက ကိုယ့်ဆီမှာ အမှားတွေ တွေ့နေမှာပဲလို့ ဆိုလိုနေတဲ့ပုံ ပေါက်နေတယ်"

"အမယ်လေး ... အဲဒီလိုလည်း တစ်ခါမှ မပြောသေးပါဘူး ... သူ့ဘာသာ ကိုယ့်အကြောင်း ကိုယ်သိနေလို့ ... ပြောချသွားလိုက်တာ ... ဆက်တိုက် တောက်လျှောက် ... ဒါဖြင့် အဲဒီနေ့က ဖေဖေ အပြင်ထ,ထွက်သွားတာလည်း မဟုတ်မှလွဲရော ... သူ့များ သွားချောင်းတာလား မသိပါဘူး ..."

ခ,ရဲ့အိမ်ကိုတော့ ဖေဖေ မသိနိုင်သေးပါဘူး ...ဟု ယုံကြည်ထားဆဲ သမီးက တမင်ပင် အမြင်ကတ်ကတ်နှင့် ရွဲ့ပြောလိုက်တာ ဖြစ်ပေမဲ့ ပြောင်းလဲလှုပ်ရှားသွားသော လူခရဲ့ ပုံဟန်ကြီးကြောင့် သမီး ရင်ထဲ ဆွဲဆုပ်ခံလိုက်ရသလို "တဖျစ်ဖျစ်"မြည်မတတ်ပင် ဖြစ်သွားရပါသည်။

"ဟာ ... ဟုတ်လား ... ဘယ်အချိန်လောက်လဲ ..."

"ကြည့်စမ်း ... အဲဒီလောက် အလန့်တကြား ဖြစ်ရအောင် မဟုတ်တာတွေ ဘာတွေ လုပ်မိလို့လဲ ... ပြောစမ်း ... ခ ... ရှင် မှန်တဲ့အတိုင်းပြော ..."

သမီးက မေးနေရင်းက တစ်စုံတစ်ခုကို တွေးမိသွားသလို ...

"ရှင် ... ဟိုမိန်းမကို ဘယ်အချိန် အိမ်ပြန်ပို့တာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ချက်ချင်းပဲလေ … ဟာ … နာရီတော့ ဘယ်ကြည့်ထားမိပါ့မလဲ … နောက်တစ်ခါ မော်လီနဲ့ ဘာပဲလုပ်လုပ် … နာရီနဲ့ နေ့ရက်ကို အတိအကျ မှတ်ရမလို ဖြစ်နေပြီ …"

"မှတ်သင့် မှတ်ရမှာပဲ … ကြည့်စမ်း … ကြည့်စမ်း … ဒီလောက် ပြောနေတာတောင်မှ 'နောက်တစ်ခါ မော်လီနဲ့' ဆိုတဲ့ စကားက ထွက်လာသေးတယ် … ရှင်နော်ရှင် … ပြောင်သလို နောက်သလိုနဲ့ … စောစောတုန်းက ပြောတုန်းကတော့ သူ့ကို အိမ်မှာထားရစ်ခဲ့ပြီး သူ့ယောကျ်ားကို သွားခေါ်တာဆို … ဒါဖြင့် ရှင်ကိုယ်တိုင် ဘာလို့ ပြန်ပို့ စရာလိုသလဲ … ခ,ရယ် … သမီး ဒေါသတွေ ထွက်လာပြီနော် …"

"သူ့ယောကျ်ားက ပါမလာဘူး …"

"ဖြစ်လာပြန်ပြီ နောက်တစ်မျိုး … ခုနကတော့ အဲဒါ မပြောပါလား"

လူခက သူ့ခေါင်းကို တဖြင်းဖြင်းနှင့် ကုတ်ထည့်လိုက်လျှင် … သမီးက အဲဒီခေါင်းကုတ်နေသည့် လက်ကိုပဲ တဖျပ်ဖျပ်နှင့် လိုက်ရိုက်နေလိုက်ရင်းက …

"ခေါင်းကုတ်ပြမနေနဲ့ … စိတ်ရှုပ်လပါပြီဆိုတဲ့ အမူအရာမျိုးကို မလုပ်နဲ့ … ကိုယ့်ဘာသာ ရှုပ်ထားလို့ နောက်ဆက်တွဲ အရှုပ်တွေ ဆက်ဖြစ်လာရတာ"

"ဟာ … သမီးရာ … ကိုယ် ဘာရှုပ်လို့လဲ …"





"ဘာမရှုပ်လို့လဲ … သမီး မြင်သလောက်တော့ ဘာတွေမှန်းမသိ အကုန်လုံး ရှုပ်ထွေးနေတာချည်းပဲ … အဲဒါနဲ့ပဲ သူ့ယောကျ်ားကတောင် ပြန်လိုက်မခေါ်ချင်တဲ့ အဲဒီမိန်းမကို ရှင်က ကားပေါ်တင်ပြီး ပြန်လိုက်ပို့ …"

"သူ့ယောကျ်ားက ပြန်လိုက်မခေါ်ချင်တာ မဟုတ်ပါဘူး၊ သူတို့အိမ်မှာကို ရှိမနေတာပါ … အိမ်ကြီးကို သော့ခတ်ပြီး သော့တစ်ချောင်းစီနဲ့ အိမ်ပေါ်က ဆင်းကြတာ …"

"ကြည့် … ဒီလိုဆို အစောတည်းက ကိုယ့်အိမ်ပဲ ကိုယ်နေပါလား … သူနဲ့ ရန်ဖြစ်တဲ့ ယောကျ်ားကလည်း ဆင်းသွားပြီဥစ္စာ … ဘာလို့ သူက ခ,အိမ်ထိ ရောက်လာရသေးတာလဲ …"

"ဒါတော့ ဘယ်သိမလဲကွာ …"

"အေးပါ … ထားလိုက်ဦး … လင်မယား ရန်ဖြစ်ပြီး အိမ်ပေါ်က ပြိုင်ဆင်းကြတာ … သူငယ်ချင်း ယောကျ်ားလေးကတောင် ကိုယ့်ဆီ ရောက်မလာဘူး … မိန်းမဖြစ်သူက ရောက်လာရတယ်လို့ … အဲဒါကိုက အလုပ်မဟုတ်တာ … ယောကျ်ားလုပ်တဲ့ သူကတော့ ဒီဟာမ လူခ အိမ်ပေါ် တန်းတက်သွားမှာပဲလို့ ထင်နေရင် … သိနေရင်တော့ သွားပါပြီ … အဲဒီလောက် သရုပ်ပျက်ပြီး ရှက်စရာကောင်းတာမျိုး မရှိတော့ပါဘူး …"



www.burmeseclassic.com

www.burmeseclassic.com



သမီးက ရုတ်တရက် စိတ်တိုလာပြန်ကာ ... လူ ကို ဖြန်းခနဲ ရိုက်ထည့်လိုက်ပြန်ရင်း ...

"ဒီကနေ မမှောင်ခင် ပြန်ပို့တယ် ဆိုရင် ... ဟိုက ပြ လာတော့ရော မှောင်ပြီလား ..."

လူခ "အဲ"ခနဲ ဖြစ်သွားပါသည်။

"ဘာ 'အဲ'လဲ ... ဘာ'အဲ'လဲ ... ဟင် ... ပြော ... ပြော အမှန်အတိုင်းပြော၊ ခုနေ အပြစ်လွတ်အောင် လိမ်ထား နောက်မှ အမှန်ပေါ်ရင် ပိုဆိုးမယ်နော် ... ပြော ... မှော ပြီလား ..."

"သမီးရာ ... ဆောင်းဝင်နေပြီကွ ..."

"ဆောင်းဝင်တာနဲ့ ဘာဆိုင်လဲ ... ရာသီဥတုကို မေး တာမဟုတ်ဘူး"

လူခထံမှ အဖြေပြန်မရနိုင်တော့လျှင် သူ ပြန်လာ ချိန်မှာ မှောင်မှောင်ကြီး ဖြစ်နေလောက်ပြီဟု သမီးက ခန့်မှ နိုင်လိုက်ပါပြီ။ ဟိုပြန်လိုက်ပို့ ... ချော့မော့ဖျောင်းဖျ ...၊ အလွ သယ် စောင့်ရှောက်နေရတာနဲ့ပဲ မှောင်မှန်းမသိ မှောင်သွား နေမှာပေါ့ ...။ "ဘယ်နနာရီလောက်မှာ ပြန်လာသလဲ"ဟု မေး လျှင်လည်း "နာရီမကြည့်မိဘူး"ဆိုတာက လာဦးမည်။

"မှောင်တယ်" ဆိုတာကတော့ ဆောင်းဝင်လျှ ခြောက်နာရီခွဲ၊ ခုနစ်နာရီသည်လည်း မှောင်တာပေါ့ ...။ မိုးရာ ချုပ် ... ပိန်းပိတ်မှောင်တုတ်နေလျှင်လည်း မှောင်ပြီပဲ ခေါ်





ပေါ့ ...။ အဲဒါနဲ့ပဲ ဘာလိုလို ညာလိုလိုနဲ့ ... ယောက်ျားဖြစ်သူ ရှိမနေတဲ့ မိန်းမတစ်ယောက်ရဲ့အိမ်မှာ သူ ဘယ်လောက်ထိ ကြာ သိက်သလဲ ဆိုတာက ... မရေမရာနဲ့ "သံသယအကျိုး ခံစားခွင့်" ဆိုတာမျိုးထဲ အလိုလိုနေရင်း အကျုံးဝင်သွားတော့တာ ပေါ့။

သူ့အိမ်မှာ ခဏလေးတောင်မှ လက်မခံထားပါဘူး ဆိုတာ ...၊ သူနှင့် အဲဒီမိန်းမတို့နှစ်ယောက်တည်း သူ့အိမ်မှာ ဘယ်လောက်မှ မကြာလိုက်ပါဘူး ဆိုတာတွေကို ဂုဏ်ယူစောင်း ပေးပြီး ပြောနေပေမဲ့ ... ဒီမှာ နှစ်ယောက်တည်း ဖြစ်မှပဲ နှစ် ယောက်တည်းလား ...။ ဟိုအိမ်သွားပြီး နှစ်ယောက်တည်း ဖြစ် နေတာကကော "နှစ်ယောက်တည်း"ဟူသော ဝေါဟာရထဲ အကျုံး ဝင်တော့ဘူးလား ...။ တောက် ... အသည်းတွေ ယားလိုက်တာ နော် ...။

"သမီးရာ ... သမီးဘာသာ ဇာတ်လမ်းတွေထွင် ... အဖေ နဲ့ ဉာဏ်ပြိုင်ပြီး 'ပြတ်ပြီ'တွေ ဘာတွေ လုပ်ထားလို့ မတွေ့ကြရတာတောင် ဘယ်လောက် ကြာနေပြီလဲ ... ခု တွေ့ကြတော့လည်း သမီးက ..."

"ဒါတွေ့ချင်လွန်းလို့ လာတွေ့တာ မဟုတ်ဘူး ... အဲဒီ မိန်းမသံအကြောင်းကို သိချင်လို့ လာမေးတာ ... ခုသိရ တော့လည်း အခြေအနေက မကောင်းဘူး ... ဇာတ်လမ်း ထွင် ဉာဏ်ပြိုင်တာတွေ ဘာတွေ လျှောက်ပြောမနေနဲ့

www.burmeseclassic.com



တော့ ... ခ ... သမီးဘက်က ဘာမှ အကြောင်းထပ်မကြား
မချင်း အဲဒီအတိုင်းသာ ထားလိုက်တော့ ..."

"ဟာ ... ဘာလဲ ... ဘာအဲဒီအတိုင်းလဲ ..."

သမီးက လူခကို ဘာမှ ပြန်မပြောဘဲ ခေါင့်ခနဲ ထရပ်ကာ ကျောခိုင်းပစ်လိုက်သည်။ သမီး စိတ်ထဲမှာတော့ ကိုယ့်ကို ရက်စက် လုပ်ရက်လိုက်တာဟုချည်း မြင်နေသည်။ အစွန်းကုန် ဖောက်ပြန် ဘက်ပြောင်းသွားခြင်းမျိုး မဟုတ်ပေမဲ့ ဒါလည်း ရက်စက်တာကတော့ ရက်စက်တာပဲ ...။ သမီးမျက်နှာကိုမှ မထောက် ... လုပ်ရက်တာကတော့ လုပ်ရက်တာပဲ။

တကယ်တမ်း ပြတ်နိုင်လို့လား ဆိုတော့ ဘယ်ပြတ်နိုင်ပါ့မလဲနော် ... မပြတ်နိုင်လို့ကို ခုလိုကြီး မခံချိမခံသာ ဒေါသတွေနဲ့ ဖြစ်နေရတာပေါ့ ...။

"သမီး ... အပျက်ပျက်နဲ့ နှာခေါင်းသွေး ထွက်ဖြစ်လိမ့်မယ်ကွာ ..."

"ခုနေချိန် ... အဲဒီ နှာခေါင်းက သွေးမကလို့ ဘာကြီးပဲ ထွက်ထွက် ... ဂရုကို မစိုက်ဘူး ..."

ကိုယ့်ဘာသာပြောပြီးမှ ဒေါသအလုံးအရင်းကြားမှာ ရယ်ချင်စိတ်လေးတစ်ချက် စွက်သွားရသည်မို့ သမီးက ကိုယ့်နှုတ်ခမ်းကို ကိုယ်ခပ်နာနာ ကိုက်ချပစ်လိုက်သည်။





သမီးက ဖေဖေ့ရှေ့ တည့်တည့်မှာ ရဲရဲဝံ့ဝံ့ပင် ဝင်ထိုင်ချပစ်လိုက်ရင်း ...

"မိုးမြင့်ထက်ကို ဘာလို့ သုံးရတာလဲ ဖေဖေ ..."

သတင်းစာ ဖတ်နေသော ဦးမော်နိုင်က သူ့လက်ထဲက သတင်းစာကို ပိတ်ပစ်လိုက်ကာ ... မျက်နှာချင်း လာဆိုင်နေသော သမီးကို ခပ်အေးအေး ရင်ဆိုင်ပြန်ကြည့်လိုက်ပါသည်။

"ပြီးရင် ... အသုံးမလိုတော့ရင် ... ဘယ်လိုအကြောင်းပြချက်နဲ့ ပြန်ကန်ထုတ်မှာလဲ ... အဲဒါဆိုရင် သူ့အပေါ်မှာ တရားရာ ကျပါ့မလား ဖေဖေ ... ပြန်ကန်မထုတ်တော့ဘဲ တစ်လက်စတည်း ကြည်ဖြူလိုက်လိမ့်တော့မယ်လို့တော့ ဖေဖေ့ကို သမီးက မထင်ပါဘူး ..."

"ဘာကတိမှ ပေးမထားဘူး"

ဦးမော်နိုင်က တစ်လုံးချင်း ခပ်အေးအေးပဲ ပြော၏။

"ဒါပေမဲ့ ဖေဖေပဲ သမီးကို အရင်တွေတုန်းက ပြောဖူးတာ ... လူတစ်ယောက်နဲ့ ဆက်ဆံရင် ... သူ့ဘက်က ကိုယ့်အခြေအနေကိုယ် အဟုတ်ကြီးထင်ပြီး ကြိုတွက်မျှော်လင့်ထားလောက်စရာ အနေအထားကြီးမျိုး ကိုယ်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ ဖြစ်မနေစေနဲ့ ... ကိုယ့်ဘက်က အဲဒါမျိုး မလွန်မမှားမိစေနဲ့ ... ဆို ..."

"ဖေဖေမှ သူ့ကို အဲဒီလို မဆက်ဆံဘဲ ..."

"ဒါပေမဲ့ သူကတော့ ..."

"မင်း အဲဒီလို မတွေးနဲ့လို့ကို ထုတ်ပြောထားတယ် ... မင်းဆီကနေ ငါ့အတွက် ဘာအကူအညီမှ မလိုတဲ့အတွက် ငါ့ဘက်ကလည်း ဘာကျေးဇူးမှ မတင်နေနိုင်ဘူးလို့ကို ပြောထားတယ် ..."

သမီး မျက်နှာက စူပုပ်ပုပ် ဖြစ်သွားပါသည်။ ဒီတစ်ချက်နဲ့ ဖေဖေ့ကို ချောင်ပိတ် အနိုင်ယူလို့ ရမယ်ဟု အပိုင်တွက်မိသမျှဟာ အလကားပဲဆိုတော့ သမီးမှာ ဘာမှ ပြောစရာ ထပ်မရှိတော့သလိုပင် ...။ ဖေဖေသာ အငိုက်မိ ချောင်ထဲရောက်ပြီး သမီးကို ပြန်ချော့ရတော့မဲ့ အနေအထား ဆိုရင်တော့ သမီးက ခရဲ့နောက်မှာ ရှဲဒိုး(Shadow)ချချင်တာတွေ ...၊ ဖေဖေ ကိုယ်တိုင် ကပ်လိုက်နေတော့တာတွေကိုပါ တစ်လက်စတည်း ... ကိုယ်ဖြစ်စေချင်သလို အပိုင်ဖြစ်အောင် ပြောယူမှာပေါ့ ...။ ခုတော့မရနိုင်ပြီ ...။

ပြောစရာ မရှိတော့သည့် သမီးက စူပုပ်ပုပ်နှင့်ပင် ထိုင်ရာမှ ပြန်ထဖို့ ဟန်ပြင်လိုက်ဆဲ ... ဖေဖေက သမီးကို မေးတစ်ချက် ဆတ်ပြလိုက်ကာ ...

"ပြန်ထိုင်ဦး သမီး ... ပြောစရာရှိတယ် ..."





လာပြီ ...၊ စပြီ ...၊ ခနဲ့ ပတ်သက်တဲ့ ဘာပြဿနာ တွေပါလိမ့်။

"သမီးနဲ့ မောင်လူခနဲ့ ပြတ်သွားကြပြီလို့ ဖေဖေ သိရတယ်"

"ဟင် ... ဖေဖေ ... အဲဒါက ..."

"ဖေဖေ ကြိုက်တယ် ... ထောက်ခံတယ် ... အဲဒါ အဲဒီ အတိုင်းပဲ ရှိပစေ"

"မဟုတ်ဘူး ဖေဖေ ... သမီးက ..."

"သမီးနဲ့ သူနဲ့ ပြတ်သင့်တယ် ... ပြတ်လိုက်တာ မှန်တယ် ... ပြတ်ပစေတော့ ... ပြန်မဆက်နဲ့ ... ဖေဖေ ထပ် ပြောမယ်နော် ... ပြတ်လိုက်တော့"

သမီးထံမှ အသက်ရှူသံ ပြင်းပြင်းကြီးတွေ ထွက်ပေါ်လာပါသည်။ သမီးမှာ ငယ်ငယ်တည်းက ကြီးကြီးကို ကောင်းကောင်းကြီး အနိုင်ယူထားနိုင်သည့် နည်းကောင်းကြီး တစ်နည်း ရှိသည်။ ကြီးကြီးနှင့် သမီးတို့ ပြင်းပြင်းထန်ထန် သဘောထား ကွဲလွဲကြပြီဆိုရင် ... သမီးလိုချင်တာ ... တောင်းဆိုတာတွေ မရနိုင်တော့ဘူးဆိုရင် ... သမီးက အဲဒီနည်းကို သုံးလေ့ရှိပါသည်။ အမြဲတမ်းတော့ မသုံး။ အမြဲသုံးရင် ရိုးပြီး ပေါ့သွားမှာစိုး၍ ဖြစ်ပါသည်။ မသုံးရတာတောင် တော်တော်ကြာနေပါပြီ ...။ ကြီးကြီးဟာ သမီးကို ခပ်လန့်လန့်နှင့် ... သမီးဘက်က တကယ်တမ်း ဖြစ်ချင်ပြီဆိုရင် သိပ်ပြီး အကြောက်အကန်ကြီး ဆန့်ကျင်ကန့်ကွက်မှုမျိုးမှ သိပ်မရှိတော့တာ ။

www.burmeseclassic.com

www.burmeseclassic.com



"သမီးက စိတ်ကြီးတယ်ဟဲ့ ... သောကြာသမီးသာဆိုတယ် သန်းခေါင်ယံနား ကပ်နေပြီး စနေဘက် ခပ်ယိမ်းယိမ်းဖြစ်နေတဲ့ အချိန်ကျမှ မွေးလို့လား မသိပါဘူးဟယ် ... "သောက်စနေ"လေးလို့ ခေါ်တယ်ဟဲ့ ... သောကြာနဲ့စနေကြား စပ်ကူးမပ်ကူး ကာလကြီးမွေးရင် ... စကားအရာမှာလည်း ပိုင်နိုင်ပြီး ထက်လည်းတယ်ထက်ဆိုပဲ ... ဒီဟာမလေး 'သောက်စနေ'လေးများလား မသိပါဘူး ..."

ကြီးကြီးက လူလာတိုင်း စိတ်ကုန်သလိုလိုနှင့် (အမှန်တော့ ဂုဏ်ကလေးလည်း ခပ်လုပ်လုပ်နှင့်)ထောပနာ ပြုပြတတ်ပါသည်။ အမှန်တော့"စိတ်ကြီးသဟဲ့ ... လိုချင်တာမရရင် သူ့စိတ်က မရဘူးဟဲ့"နှင့် သမီးရဲ့လျှို့ဝှက်ချက်ကတော့ "သောက်စနေ"ကလေးနှင့်လည်း ဘာမှမဆိုင်ပါ။

ဒေါသတွေကြီးပြီး မကျေမနပ် ဖြစ်လာရလျှင် ... တကယ်ပဲ ဒေါသက ထွက်နေရတာရော ... (ပိုပိုမိုမိုလေးလည်း လုပ်ပြလိုက်တာရောနှင့်) အသက်ကို ဆက်တိုက်ပြင်းပြင်းကြီး ရှူထုတ် ရှူထုတ် မြန်မြန်ကြီးလုပ်လိုက်မိပါက ... ငါးမိနစ် ဆယ်မိနစ်မျှသော အချိန်အတွင်းမှာ သမီးဟာ ခြေဖျား လက်ဖျားတွေအေးစက်၊ လက်တွေ ခြေတွေကပ်၊ ကုပ်ကွေးကာ ..."တအင်းအင်း"နှင့် တစ်ကိုယ်လုံးက တောင့်တင်း၊ မျက်ဖြူပဲ လန်သလိုလို ... သတိပဲ လစ်ချင်သလိုလို ဖြစ်တတ်တာ ...။





နောက်ပိုင်း နောက်ဆက်တွဲတွေကတော့ သမီးလည်း အပိုလုပ်နေတာ မဟုတ်ရပါဘူး ...။ သမီး အပိုလုပ်ကြည့်တာဆိုလို့ အသက်ကို လိုတာထက် ပိုမြန်မြန် ပြင်းပြင်း ရှူမိတာပဲ ရှိတာပါ။ နောက်ဆက်တွဲတွေက သူ့အလိုလို ဆက်တိုက်ဖြစ်လိုက်လာတာတွေပါ။ ပြီးရင်တော့ သမီးလည်း တကယ်ပဲ ဘာမှသိပ်မသိတော့ ...။ ကြီးကြီးလည်း ခေါင်းမှုတ်၊ ခြေမှုတ်၊ ဘဝင်ဖိ၊ ခြေမချိုး၊ လက်မချိုးနှင့် ဘာတွေ ဘယ်လို ပြုစုကုသသည် မသိဘဲ ခဏကြာရင်တော့ ... သမီးလည်း ပစ္စက္ခ အခြေအနေနှင့် တစ်သားတည်းပြန်ဖြစ် (ပြန်သတိရ)လာလေ့ ရှိပါသည်။

ကြီးကြီး လျှောက်လုပ်ထားတာတွေနှင့် ... နာကျင်ကျန်ရစ်သော်လည်း လူကြီးတွေအပေါ် အောင်နိုင်ခွင့်ရသဖြင့် သမီးကတော့ ကျေနပ်သည်။ တခြားလူတွေ ဆိုရင်တော့ သမီးလို အသက်ပြင်းပြင်းမြန်မြန် တအားကြီး ရွတ်ရှူရုံနှင့် ... အဲဒီလို နောက်ဆက်တွဲတွေ ဆက်တိုက် ဆက်ဖြစ်မဖြစ် သမီး မသိပါ။ သမီးသိတာကတော့ အဲဒီလို ရှူပြီဆိုရင် ကြီးကြီးဟာ သူ့ရဲ့ "သောက်စနေ"လေးကို အင်မတန်မှ လန့်လှသည်ဆိုတဲ့ အချက်ပါပဲ။

ရိုးသွားမှာစိုးလို့ ဒီနည်းကို ခဏ ခဏ မသုံးဘူးဆိုပေမဲ့ ... တကယ် အခံရခက် ဒေါသထွက်ချင်လာပြီ ဆိုတဲ့အခါတွေမှာတော့ လူက အကျင့်ပါနေပြီးသားလို ဖြစ်နေတာမို့ (သမီးမလုပ်လည်း)အသက်ရှူသံတွေကတော့ သူ့အလိုလို ပြင်းထန်မြန်ဆန်လာတတ်မြဲ ...။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနော် ... ဖေဖေက သမီးမျက်နှာကို ကြွပ်ကြွပ်အိတ်နဲ့ အုပ်ပြီး သမီးရဲ့ ရင်ညွန့်ရိုး၊ နံရိုးတွေကို ဖေဖေ့လက်ဆစ်နဲ့ကို လိမ့်မှာ ..."

ဖေဖေက အသက်ရှူ မြန်လာပြီဖြစ်သည့် သမီးကို ကြည့်ကာ သူ့ဝသီအတိုင်း အေးတိအေးစက်ပုံစံနှင့် ဆိုပါသည်။ အဲဒီတော့မှ သမီးလည်း ဆယ့်တန်းလောက်တုန်းက အဖြစ်အပျက်ကို ပြန်သတိရသွားမိရသည့်။ အဲဒီတုန်းကလေ ... အတန်းထဲက သူငယ်ချင်းတွေ အုပ်စုလိုက်ကြီး ... တန်ဆောင်တိုင် ကျောင်းအပိတ်မှာ "ချောင်းသာ"သွားကြမည် ဆိုတာကို ... ကြီးကြီးက ... "ကလေးတွေချည်း စိတ်မချပါဘူး"ဆိုကာ မထည့် ...။ အဲဒါနဲ့ပဲ ကြီးကြီးနဲ့ သမီးလည်း ပြဿနာကြီးကာ သမီးက ထုံးစံအတိုင်း အစွမ်းပြ ဖြစ်ပျက်ရော ဆိုပါတော့။

အား ...။ အဲဒီတုန်းက အိမ်မှာ ဖေဖေပါ မန္တလေးက ရောက်နေ ... ရှိနေခဲ့တာလေ ...။ ထုံးစံအတိုင်း ကြီးကြီးတစ်ယောက် ခြေမကိုင်မိ ... လက်မကိုင်မိ ဖြစ်နေချိန်မှာ ... ဖေဖေက သမီးရဲ့ ရင်ညွန့်ရိုးကို သူ့ရဲ့လက်ဆစ်ကွေးကြီး ... လေးချောင်းနဲ့ ခပ်နာနာကြီးကို ဖြင်း ... ဖြင်း ... ဖြင်းနဲ့ ခြစ်ဆွဲပစ်လိုက်တာ ...။

"မမ ... အဲဒါ တစ်သက်လုံး မှတ်ထား ... နောင်အဲလို ဖြစ်ပြီဆို အလကား ငယ်ထိပ်မှုတ် ခြေမချိုးနေမဲ့အစား ... ဒီလို ရင်ညွန့်ရိုးကို ခပ်ကြမ်းကြမ်းသာ လုပ်ချပစ် ... သူ ဘယ်နည်းနဲ့မှ မခံနိုင်ဘူး ..."တဲ့ ...။





"ဟယ် ... မောင်နိုင်ရယ် ... တကယ်ဖြစ်တာပါဟဲ့ ... ဟန်ဆောင်နေတာ မဟုတ်ပါဘူး ...သမီးက စိတ်ကိုကြီးတာ ..."

"ဟုတ်ပါတယ် ... တကယ် ဖြစ်တာပါ ... ဟန်ဆောင်တာ မဟုတ်ပါဘူး ... ဒါပေမဲ့ စိတ်ကြီးတာနဲ့တော့ ဘာမှမဆိုင်ဘူး ... အဲဒါ သူ့ တမင်တကာ အသက်ကိုမြန်မြန်ပြင်းပြင်းကြီး ရှူထုတ်ပစ်လို့ ဖြစ်တာ ... Respiratory Alkalosis လို့ခေါ်တယ် ... ဘာမှတ်လို့လဲ ... သေတောင်သေသွားနိုင်တယ် ... သူ့ကို အဲဒီလို ပြင်းပြင်းမြန်မြန်ကြီး ဆက်မရှူဖြစ်အောင် ဖြစ်တဲ့နည်းနဲ့ တားဆီးပစ်လိုက်ရမှာ ... ခုနလို လုပ်လို့မှ မရသေးရင် ... သူ့ဆီက ထွက်ကုန်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်တွေကို သူ ပြန်ရှူကို ရှူမိအောင် ... နှာခေါင်းအုပ် ရှိရင်လည်း နှာခေါင်းအုပ် ... ဒါမှမဟုတ် ... ကြွပ်ကြွပ်အိတ်တို့ ပလတ်စတစ်အိတ်တို့ ရရာနဲ့ အုပ်ချလိုက် ... ခဏပြန်ခွာလိုက် လုပ်ရတယ် ...

အဓိက,ကတော့ Respiratory Alkalosis အဆင့် မရောက်ခင် တားပစ်လိုက်နိုင်ဖို့ အရေးကြီးတာပဲ ..."

အမယ်လေး ... သမီးဖြင့် နောင်ဆို ဖေဖေ ရှိနေရင် အဲဒီနည်းကြီးကို သုံးကိုမသုံးရဲလောက်အောင်ပါပဲ ...။ ဖေဖေ့လက်ဆစ်ကြီးတွေရဲ့ ဒဏ်က အတော်ကြီးကို ခံလိုက်ရတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီတုန်းကတော့ ဖေဖေက ... ခရီးထွက်ရမှာမျှင်းပြီး သူ့ဆိုင်ကို လည်း ပိတ်မထားခဲ့ချင်သည့် ကြီးကြီးကိုပါ မရမက ဖွတ်ခေါ် ကာ ... ဖေဖေကိုယ်တိုင် သမီးကို ချောင်းသာသို့ လိုက်ပို့ပေးခဲ့ ပါသည်။

ခုလည်း (တမင်လုပ်မိတာ မဟုတ်) သူ့အလိုလို ဒေါသကြောင့် အသက်ရှူ မြန်လာရတာကိုပင် ဖေဖေက ခပ်တည် တည်နှင့် ခြိမ်းခြောက်စကားကို ဆိုပြီ ...။ ပြီးရင်ကော ...(ချောင်းသာ -သို့ [illegible]) သမီးကို ပြန်ချော့မော့ အလိုလိုက်သည့် အနေနှင့် ဖေဖေက ဘာများ လုပ်ကိုင်ပေးဖို့ အစီအစဉ်ရှိပါသလဲ။

သမီးက ကိုယ့်အသက်ရှူနှုန်းကို ကိုယ့်ဘာသာ ပြန်ထိန်း၊ စိတ်နည်းနည်းလျှော့ပစ်လိုက်ကာ ...

"သမီးကို အကြောင်းပြချက် တစ်ခုခုတော့ ပေးသင့်ပါတယ် ဖေဖေ ..."

"ကောင်းပြီ ... ဒါဆိုရင်လည်း ပွင့်ပွင့်လင်းလင်းပဲ ပြော ရတာပေါ့လေ ... ဒီကောင်က မိန်းမခိုးဖူးတယ် ..."

သမီးက ဖေဖေ့ကို မျက်လုံးပြူးကြီးများဖြင့် ကြည့် လိုက်မိသည်။

"အခု သမီးကို လိုချင်တော့ သူ့ ဇွန့်ပစ်,ပစ်လိုက်တယ် _ လုပ်ဘာမှ ရက်ရက်စက်စက် ... ရင့်ရင့်သီးသီးနော် _ ရပ်ကွက်တွေထဲမှာ တချို့ အဆင့်အတန်းမရှိတဲ့ လင်မယား





အချင်းချင်း ရန်ဖြစ်၊ အော်ဟစ်၊ ထုရိုက်နေကြတတ်တာ မျိုးတွေ သမီး တွေ့ဖူးလား ... အေး ... အဲဒီအတိုင်းပဲ မှတ် ... ဒီလောက် ညှာတာကြင်နာမှုကင်းပြီး ပေါက်လွှတ် ပဲစား စရိုက်ဆန်ဆန်နဲ့ လူတစ်ယောက်ကို ... သမီးအတွက် ဖေဖေက ဘယ့်နှယ့်လုပ် သဘောတူနိုင်ပါ့မလဲ"

"ဖေဖေ ... သူ့ဆီ ဖုန်းဆက်ကြည့်တာ သမီးသိပါတယ် ... ဖုန်းထဲက မိန်းမသံတစ်ခုကို ကြားလိုက်တိုင်း၊ ဟိုသတ္တဝါ သူ့ရဲ့ မြှောက်ထိုးပင့်ကော် စကားလုံးတွေကို အဟုတ် ချည်း မှတ်နေလို့ ဖြစ်ပါ့မလား ဖေဖေရဲ့ ... အဲဒီမိန်းမသံ နဲ့ ပတ်သက်ပြီး သမီးမှာလည်း ပြောနိုင်တာတွေ ရှိတာ ပဲ ..."

"အကြား မဟုတ်ဘူး သမီး ... မျက်မြင်လက်တွေ့ပဲ ... ဖေဖေ အခု သမီးကို ပြောပြလိုက်တဲ့ အကြောင်းအရာ တွေဟာ မိုးမြင့်ထက်ဆီက ရတာတွေလည်း မဟုတ်ဘူး ... အဲဒါတွေကို သူ သိတောင် မသိဘူး ..."

သမီးမှာ ပိုင်နိုင်လှသည့် ဖေဖေ့ လေသံကြောင့် "ထိတ်"ခနဲ ဖြစ်သွားရပြီ ဖြစ်သော်လည်း ... လွယ်လွယ်ကူကူ အလျှော့ပေး လက်ခံလိုက်ရင် ... ဆက်လက်ပြီး ရင်နဲ့မဆန့် ဆက်ခံစားရမှာက သမီးပင် ဖြစ်တာမို့ ... အားတင်းလိုက်ပြန် တာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘယ်လိုလုပ် လက်တွေ့ဖြစ်နိုင်ပါ့မလဲ ... ဖေဖေ့
မျက်စိနဲ့ တပ်အပ် မြင်ရတာမျိုးတော့ မဖြစ်နိုင်ပါဘူး..."
"မြင်တဲ့အပြင် ... သူ့ မိန်းမခိုးတဲ့ ခရီးစဉ်မှာပါ ကြားထဲ
ကနေ ကိုးလိုးကန့်လန့်ကြီး ပါနေလိုက်ရသေးတယ်ဟ့...
ကဲ ... ရှင်းပြီလား ..."

သမီးက သတိလက်လွတ် ... "မရှင်းဘူး ... မရှင်း
ဘူး ..."ဟု အော်ဟစ်လိုက်မိပါသည်။ ဖေဖေက ရှော့(ခ်)ရသွား
သလို ဖြစ်သွားသည့် သမီးကိုကြည့်ကာ သက်ပြင်းတိုတို တစ်ချက်
ကို ခပ်မြန်မြန် ချပစ်လိုက်ရင်း ... သမီးရဲ့ခေါင်းကလေးကို
လှမ်းကိုင်လိုက်သည်။

"ဖေဖေ မန္တလေးကနေ ရန်ကုန်ကို ထွက်လာတဲ့နေ့ ...
(--)ရက်နေ့လောက်က သူ မန္တလေးကို သွားသလား
သမီး ..."

သမီးက မျက်စိမျက်နှာ အပျက်ပျက်နှင့် ... အဖြေ
ပြန်မပေးသဖြင့် ... ဖေဖေကပဲ ဆက်ပြီး ...

"သွားတယ်ဆိုရင်တော့ အဲဒီလိုသွားတုန်းမှာ တစ်ခါတည်း
ခိုးပြေးသွားခဲ့တာပဲ သမီး ... ဒါကိုမှ သမီးက မရှင်းသေး
ပါဘူး ဆိုရင်တော့ အတိအကျ ရှင်းလင်းသွားအောင်
သမီးကိုယ်တိုင် ... ကြိုးစားကြည့်လိုက်သင့်တယ်"

သမီးက ထိုင်နေရာမှ ဖြည်းညင်းစွာ ထရပ်ကာ





ဘယ်လီဖုန်းရှိရာဆီသို့ တန်းလာလိုက်ပါသည်။ သူ့သူငယ်ချင်း
ရဲထွန်းနှင့် မော်လီတို့ ခိုးပြေးကြသည်ဟုတော့ သူ ပြောသည်။
သို့သော် သူတို့နှစ်ယောက်ဘာသာ ဒီရန်ကုန်မှာ ခိုးပြေးနေကြ
တာကို သူက မန္တလေးသွားနေတုန်းမို့ နေ့ရက်ကိုတောင်မှ အတိ
အကျ မသိလိုက်နိုင်ပါတဲ့ ...။ ရဲထွန်းနဲ့ မော်လီတို့ရဲ့ကိစ္စကို ...
ဖေဖေက သူ့ကိစ္စအဖြစ် သတင်းမှားလွဲနေတာပါ ဆိုရင်လည်း
ဖေဖေ ပြောပုံက သူ ဒီကနေ မန္တလေးသို့ အသွား ... ကားပေါ်
မှာပဲ မိန်းကလေးတစ်ယောက်ပါ တစ်ခါတည်း ပါသွားသလိုလို။

သမီးက လူ့ခဆီသို့ ဖုန်းလှည့်ခေါ်လိုက်သည်။

"သမီးပါ ..."

"ဟာ ... သမီး ... ဝမ်းသာလိုက်တာ ... အကောက်ပြေ
ပြီလား ..."

"မန္တလေးသွားတုန်းက ကားပေါ်မှာ တစ်ယောက်တည်း
လား ... ဘယ်သူ ပါသေးလဲ ..."

လုံးဝ အဖြေပြန်မရတော့ပါ။ အသက်ရှူသံတစ်ခု
သာ ကြားနေရပြီး စကားသံကတော့ လုံးဝတိတ်ဆိတ် ပြတ်တောက်
လို့ နေလေသည်။ ဒီအသက်ရှူသံမျိုး သမီး သိပ်သိတာပေါ့
ဘာလုပ်ရမှန်း မသိတိုင်း ... စိတ်ကျဉ်းကျပ်လှမှာနှင့်ပင် ... အ
တစ်ခုခု အမြန်ဆုံး ထုတ်ပေးလိုက်ဖို့ အဘက်ဘက်က ကြည့်မြင်
ပြီး တွေးတောနေရတဲ့ ... မှုမမှန်တဲ့ ... အသက်ရှူ

www.burmeseclassic.com



ကဲ ... အဖြေထွက်လာသင့်တဲ့ အချိန်တစ်ခုထ
ပိုကြာသွားခဲ့ပြီကွယ် ...။ သမီးမှာ အံ့သြနာကျင်လွန်းလှစွာ
ဖုန်းကို "ဂွပ်"ခနဲ ဆောင့်ချပစ်လိုက်ပါတော့သည်။ ပြီးလျှင်တော
ဖေဖေ့ထံသို့ ပြန်ခဲ့၍ ...။

နောက်ဆုံးအနေနဲ့ ကောက်ရိုးမျှင်တစ်ချောင်းဝဲ
ခေါ် ... ဘာခေါ်ခေါ်ပေါ့နော် ...။ သမီး ပြောပြီးပြီပဲ ... အလွ
တကူတော့ မျက်စိမမှိတ်လိုက်နိုင်ပါဘူးဆို ...။ အဖြေတစ်ခုထွ
ပြီးပြီဆိုရင်တောင်မှ ... သက်သာရာ၊သက်သာကြောင်းကလေး
ဖြစ်ဖြစ် ...။ ပြတ်ကို ပြတ်ကြရပါတော့မည် ဆိုရင်တောင်မှ
သူ့ရဲ့နာမည်လေးတစ်ခုကိုတော့ ဟိုးမြောင်းကြီးထဲ စုပ်စုပ်မြုပ်
တာထက် ... မြောင်းနှုတ်ခမ်းပေါ်လေး တင်နေလို့ရရင်ရကြား

"ဖေဖေ ... သူ မိန်းမခိုးတဲ့ ကိစ္စမှာ ဖေဖေပါ ... ပါ
တယ် ဆိုတာကြီးကိုတော့ သမီး ဘယ်လိုမှ ဘယ်နည်း
မှ နားမလည်နိုင်ပါဘူး ... ဒါပေမဲ့ နားလည်းလည်
ချင်တော့ပါဘူး ... တစ်ခုလေးပဲ မေးပါရစေနော် ...
တကယ်မြင်ခဲ့တယ်ဆိုရင် ... ရဲထွန်း ဆိုတဲ့ လူတစ်ယော
ကော ..."

"အဲဒီညက အဲဒီမိန်းကလေးနဲ့ သူနဲ့ပဲ ... အထင်မှား
တွေးပေးချင်စရာ အထုပ်လိုက်ထမ်းပေးတတ်တဲ့ သူငယ်ချ
အဖော် ဆိုတာမျိုးတောင်မှ မပါပါဘူး ... အဲဒီကော
ကိုယ်တိုင်ပဲ အထုပ်ကြီးထမ်းလို့ ..."





သမီးရဲ့ မျက်ရည်ပေါက်တို့ကို ဖေဖေ မမြင်စေချင်
လျှင် ... သမီးဟာ ဘာတိုအပြေးသမားကောင်းတစ်ယောက်နီးနီး
လျှင်မြန်နိုင်မှ ဖြစ်ပေမည်။

❦ ❦ ❦

အံ့သြစရာကောင်းလှသည့် တစ်ခုမှာ ... စိတ်အခြေ
အနေ အပြောင်းအလဲပဲ မြန်ဆန်လွန်းလှတာလား ...၊ ဟန်ဆောင်
လျှို့ဝှက်ဥာဏ်ဆင်တတ်သည့် ဘက်မှာပဲ ပိုင်လွန်းနေတာလား
မသိဘဲ ... ကြီးကြီးဟာ သမီးရဲ့ ဘက်တော်သားတစ်ယောက်
လုံးလုံးကြီး ပြန်ဖြစ်နေပြန်ခြင်းပင် ...။

"သမီးက သမီး မပြတ်ဘူးဆိုရင် မပြတ်နိုင်ဘူးလို့ ...
ပေါ်တင်ဖွင့်ပြောပြီး ကိုယ်မှန်တယ်ဆိုတာကို မရရအောင်
ပြမှာနော် ကြီးကြီး ... ပြတ်ပါပြီ ဆင်ခြင်ပါတော့မယ် ...
ဘာညာအိညောက်ညောက်နဲ့ လျှောက်ပြောနေပြီးမှ ကွယ်
ရာမှာ ခိုးလုပ်နေမဲ့အစားမျိုး လုံးဝမဟုတ်ဘူး ... သိလား ..."

"အေးပါအေ ... ဘယ်သူကကော ဘာများ ပြောနေသေးလို့
လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... အဲဒီတော့ ကြီးကြီးက သမီးဘက်ကတွေ ဘာတွေ ဘာမှလာပြောနေစရာ မလိုပါဘူး ... ဖေဖေ့ကို ပြောလိုက်ပါ ... ကြီးကြီးကို အစောင့်ချမထားလည်း ဒါက ဒါပါပဲလို့ ... သူ့လူ ကိုယ့်ဘက်သားသွင်းပြီး စုံစမ်းမှ အဖြစ်မှန်ကို သိနိုင်မှာ မဟုတ်ပါဘူးလို့ ..."

"အောင်မာ ... ကြီးကျယ်လှချေရဲ့အေ ..."

ကြီးကြီး ကြည့်ရတာ တော်တော် စိတ်တိုသွားပုံ ရသည်။

"မယုံလည်း မတတ်နိုင်ဘူး ... နေ ...။ အမှန်က ညည်း ကောင် လုပ်ပုံက မဟုတ်လွန်းလို့သာ ... ငါ့မှာဖြင့် သဘော တူလိုက်ရတာ ..."

"ခုမှ ဒီစကားကို လာပြောတော့ ... သမီးကို ကလိလာထိုး နေတာထက်တောင်မှ ဆိုးနေသေး ..."

"မယုံလည်းနေ ... လို့ ပြောထားတယ်လေ ... ညည်းစဉ်း စားကြည့်စမ်း ... ရုပ်ချော၊ ဥစ္စာပေါ၊ ပညာတတ်၊ အဆင့် အတန်းမြင့်၊ အလုပ်နဲ့ အကိုင်နဲ့ မိကောင်းဖခင်သားသမီး ကဲ ... ဘာလိုသေးလဲ ..."

"ကြီးကြီးနဲ့ ပိုင်ငြင်းတယ်လေ ... ခုလည်း အကျင့်စာရိတ္တ က မကောင်းဘူးလေ ..."

"အကျင့်စာရိတ္တကိစ္စက ခဏထားပါဦး ... ကြီးကြီးနဲ့ငြင်း ငြင်းတာကတော့ ..."





"ကြီးကြီးပဲ အကြီးအကျယ် စိတ်ဆိုးပြီး ... သဘောမတူ နိုင်တော့တာလေ"

"စိတ်ကလေး ဘာကလေးတောင် နည်းနည်းပါးပါး ကောက် မကြည့်ရတော့ဘူးလားတော် ..."

"ဟင် ... ကြီးကြီးက စိတ်ကောက်တတ်တယ် ... ဒီအရွယ် ကြီးနဲ့ ..."

"ညည်းကျတော့ရော စိတ်မကောက်လို့လား ... ကျုပ်အရွယ် ကို ညည်းရောက်လာခဲ့ရင်ကော ... ညည်း 'စိတ်မကောက် တော့ပါဘူးလို့ ခုကတည်းက အာမခံကတိပေးထားနိုင်လို့ လား ... ကဲ ..."

သမီးက ကြီးကြီးကို မျက်ခုံးလေးမွှင့်ကာ ကြည့်နေ မိလျှင် ... ကြီးကြီးသည် စိတ်မကောင်းလှသလို သက်ပြင်းကြီး တစ်ချက်ကို ချလိုက်ရင်း ...

"သူ့ကိုပြန်ရွတ်ချင်တာနဲ့ပဲ ... သူနဲ့ပိုင်ဘက်အဖြစ် မောင်မိုး မြင့် ကလေးကို တမင်ရွေးပြထားတာဟော့ ... မင်းအဆင့်က အဲဒီလောက်ပဲ ဆိုတာမျိုးကို ပြချင်တာ ... ရှင်းရဲ့လား ..."

ဒီတစ်ခါတော့ သမီးက ပြုံးစိစိပါ ဖြစ်ချင်လာသည်။ စိတ်ညစ်ညူးနေရသော ကာလကြီးထဲမှာ အရွှင်ဓာတ်ကလေး တစ်ခု ရလိုက်တော့ သမီး မျက်နှာကလေးက ကြည်ကြည်လင်လင် လေးတောင် ဖြစ်လာလေသည်။

www.burmeseclassic.com



"ငါ သင်းကို လွယ်လွယ်နဲ့ မစွန့်လွှတ်နိုင်ပါဘူးအေ ... အဲဒါမျိုး နောက်တစ်ယောက် ကောင်းကောင်းကန်းကန်း ထဲက ထပ်တွေ့ဖို့ ဒီခေတ်ကြီးထဲမှာ လွယ်ပါ့မလား ... လူတွေကလည်း ဘက်စုံမကောင်းကြတော့ဘူး ... ကောင်း ကောင်းကန်းကန်းလေး တစ်ယောက်လောက်ရှိရင်လည်း ဥသျှစ်တစ်တင်း ... နှမ်းတစ်တင်းခေတ်ကို တကယ်ရောက် နေပြီဟဲ့ ... ဝိုင်းဝိုင်းလည်နေလိုက်ကြတာများ ... ခွေးကလေး နို့စို့သလို ... သဘော်သီးများ သီးနေသလို ..."

ကြီးကြီးသည် တစ်ဖျစ်တောက်တောက်နှင့် ညည်း တွားနေရင်းက စိတ်တိုလာပြန်သလို ... "အလကားကောင်ကလေး" ဟုပြစ်ပြစ်နှစ်နှစ်ပင် ပြောလိုက်ရင်း ...

"ငါ့များ တစ်ချက်တလေလောက် လာတောင်းပန်လိုက်ပြီး ကိုယ့်ကြီးတော်ကြီးရယ်လို့ ဖက်ယက်ပြီး ဇက်ကြောလေး ဘာလေး ဆွဲပေးလိုက်ခဲ့ရင် မပြီးပါလား ... ခုတော့ ..."

"ဟင် ... အဲဒီလို မျှော်လင့်ပြီး စောင့်နေခဲ့တာလား ..."

"ဒါပေါ့အေ ... လူရိပ်လူကဲမှ မသိတတ်ကြတဲ့ဟာတွေ ... အ,ချင်တဲ့ နေရာကျတော့လည်း နှစ်ယောက်လုံး လက်တွဲပြီး တက်ညီလက်ညီကို အ,နေကြတော့တာပါပဲနော် ..."

"ပြောပါလား ကြီးကြီးက ..."

"သြော် ... စိတ်ကောက်နေတဲ့ လူကပဲ မောင်းထုပြီး သတင်းပေးရဦးမယ် ... ဟုတ်လား ..."





"မသိမသာလေး တံခါးဖွင့်ထားပါတယ် ဆိုတာကို အမှု အရာလောက်နဲ့တော့ ပြခဲ့ရမှာပေါ့ ... လုံးဝပိတ်ပိတ်ကြီး ပုံစံဆိုတော့ ဒီတံခါးပေါက်ဟာ တွန်းဖွင့်မှ ဝင်လို့မရရင် ... ထုရိုက်ဖျက်ဆီး ချိုးဖဲ့ပြီးမှများ ဖွင့်နိုင်တော့မှာလားလို့ ... စိုးရိမ်တဲ့လူကတော့ စိုးရိမ်မိမှာပဲ ... ကျော်မကောင်းကြား မကောင်းတွေတော့ ဘယ်သူက ဖြစ်ချင်မှာလဲ ... ဒီလိုပဲ အရိပ်ကြည့်နေရတာကမှ တော်ပါလိမ့်ဦးမယ်လို့ ..."

"တော်ပါအေ ... ညည်းတို့ရဲ့ တံခါးဖွင့် ကြိုဆိုတဲ့ အမှု အရာတွေ ဘာတွေ ရှုပ်တီးရှုပ်ယှက် မလုပ်တတ်ပါဘူး ... ပြဇာတ်မင်းသမီးမှ မဟုတ်တာ"

အဲဒါကြောင့် ဒီလောက်ချောပါရက် ... ခန့်ပါရက် ...ကြီးပဲ ဖြစ်နေခဲ့ရတော့တာပေါ့ ...။ သမီးက စိတ်ထဲမှာပဲ ...ရေရွတ်လိုက်မိပါသည်။ သြော် ... သနားစရာ ... လွန်ခဲ့တဲ့ ...သုံးဆယ်ကျော် လေးဆယ်လောက်က ... မသက်ပိုင်ကလေး ...ကြင်နာချင်ကြမည့် လူပျိုကာလသား အပေါင်းတို့ဟာ ... ..."ပိတ်ပိတ်တင်းတင်း"ကြီးကို တွန်းဖွင့်မကြည့်ရဲကြတော့တာ ...။

"ကြီးကြီးက ဖေဖေ့ စကားနဲ့ မညီဘူး ဖြစ်နေတယ် ... ဟိုတစ်ယောက်ကို ရှုတ်ချင်တာနဲ့ပဲ ... မိုးမြင့်ထက်ကို ခေါ်သုံးပြလိုက်တယ်ဆိုတော့ ... ဒါ ခုတုံးကြီးသက်သက် ပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါ ကြီးကြီး ရယ်ချလိုက်ပုံကြီးက တကယ့် ... ဟက်ဟက်ပက်ပက်ကြီးမို့ ... သမီးမှာ ကိုယ့်စိတ်ညစ်ပင် ... မေ့ကာ ကြီးကြီးရဲ့ အရယ်သန်သန်နောက် ဘုမသိ ဘမသိ ... ရောယောင်ပြီး ... "တဟင်းဟင်း"တောင် ဖြစ်လာမိပါသည်။

"ရယ်ချင်လိုက်တာ သမီးရယ် ... မောင်မိုးမြင့်က ... ကို စိတ်ဝင်စားလွန်းလို့ ကြီးကြီးကို ကူညီနေတာပါလို့ ... ညည်းက ထင်နေသေးသလား ... သွေးမကြီးစမ်း ... အေ"

"အမယ် ... သင်းက ... သင်းရုပ် သင်းရည်နဲ့များ ..."

"ရုပ်ဆိုးတဲ့ ယောကျ်ားတစ်ယောက်ဖြစ်တိုင်း ညည်း ... တန်းကြိုက်ရတော့မလား ..."

"ကြီးကြီးနော် ..."

"ပေါင်းကြည့်ပါဦး ... သူက ညည်းထက် ကျုပ်ကို ... ညည်းအဖေကို အဲဒီလို ခင်ခင်မင်မင် ပြောပြောဆိုဆို ... တွေ နေနေရတာကို ပိုသဘောကျတတ်တာပါ ... မောင်မိုး ... မြင့်ကို ညည်းခဏပဲ ပေါင်းကြည့်လိုက်ရင် သူ့ဆိုင် ... ကြောင့် လူစည်နေရသလဲ ဆိုတာ ညည်းသိမယ် ... အော ... သဘောကျစရာကောင်းတဲ့ ကလေးပါ ... ကြီးကြီးကိုသူ ... သမီးကို ခင်ချင်ပါတယ် ... ဒါပေမဲ့ မကြိုက်ပါဘူးလို့ ... ပြောထားပြီးသားပါ ..."

"အမယ်မယ် ..."





"ဒါ အမှန်အတိုင်း အကောင်းပြောတာပဲအေ့ ... ဒါ့ပြင်မဲ့ ညည်းအဖေတော့ မသိစေနဲ့ဦး ... ကျုပ်က ညည်းအကောင်လေးကို တမင်ချွတ်ချင် ရွတ်ချင်စိတ်နဲ့ မောင်မိုးမြင့်ကို ခေါ်လူလုံးပြထားတယ် ဆိုတာ ညည်းအဖေသိရင် ... လူ တစ်ယောက်လုံးကို အသုံးချ ခုတုံးလုပ်ရသလားလို့ ကျုပ်ကို ပြောလို့ ဆုံးမှာကို မဟုတ်တော့ဘူး ... အမှန်စင်စစ်က မောင်မိုးမြင့် ကိုယ်တိုင်က ခင်တတ်လွန်းလို့ကို ဝမ်းပမ်း တသာ ကူညီတာ ...

ညည်းအဖေကိုတော့ ကျုပ် သူ့ကို အကြောင်းပြထားတဲ့အတိုင်း မောင်မိုးမြင့်ဟာ ကျုပ်သဘောတူတဲ့ လူပါဆိုတာမျိုးပဲ ပေးသိထားဦးပေါ့ ..."

"ကြီးကြီးနော် ... အဲဒီလို ဉာဏ်ဆင်ပြီး တမင်လှည့်ကွက်နဲ့ သမီးကို အဲဒီသူရဲကြီးနဲ့ မနီးစပ် နီးစပ်အောင် ..."

"အမယ်လေး ... ညည်းလား ငါ့လှည့်ကွက်မှာ မိမဲ့မိန်းမ"

"အခုပဲ မိပြီးပြီလေ ... တောင်းပန်ခံချင်လို့ ထိုင်စောင့်နေတာတဲ့ ... လူကဖြင့် ပုပ်ပုပ်ကြီး ... အဲဒါနဲ့ပဲ ဒီကလူတွေမှာ အငိုက်ကို မိကုန်ရော ..."

ဒါပေမဲ့လည်း သမီးက မိုးမြင့်ထက်နှင့် ခင်ခင်မင်မင် နေကြည့်ဖို့ ဆုံးဖြတ်နိုင်လိုက်ပြီပဲ ဖြစ်ပါသည်။ ကြီးကြီးရဲ့ တိုက်တွန်းနားချမှုကို ယုံကြည်လက်ခံချင်တာထက် ... ကြီးကြီးရဲ့စကားထဲမှာ ပါလာသော ... "သူ့ကို ပြန်ရွတ်ချင်တာ ... မင်းရဲ့ပြိုင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က ဒါပဲ ... မင်း အဆင့်က အဲဒီလောက်ပါပဲ ဆိုတာကို ပြချင်တာ ...”ဟူသော စကားကို ပိုနှစ်သက်သွားမိတာဖြစ်ကြောင်း ကိုတော့ ကိုယ့်ဘာသာ အသိဆုံးပင် ...။

မိုးမြင့်ထက် အိမ်ရောက်လာသောအခါ ...

“သမီး ခေါ်ထားလို့ သားလာခဲ့တာ ဘဘ”ဟု ဆိုလိုက်စဉ်မှာ မဲတူရှုံ့တွသွားခဲ့သည့် ဖေဖေ့ မျက်နှာကြီးကို သမီးမှာ (စိတ်ပုပ်ပုပ်နှင့်) သဘောကျလိုက်ရတာဆိုတာ ...။ သမီးလည်း “ဘာကတိမှ ပေးမထားဘူး”ပဲလေ ဖေဖေရဲ့ ... ဟင်းဟင်း ...။

“သမီး ... ဘာအကူအညီ လိုသလဲ ...”

“အများကြီးပဲ ကိုမိုးမြင့် ... အဓိက,ကတော့လေ ... သူနဲ့ ကိုမိုးမြင့်နဲ့ ငယ်ပေါင်းကြီးဖော်တွေလို ခင်မင်ရင်းနှီးသွားကြတဲ့ အထိကို ဖြစ်စေချင်တာ ...”

“ဘုရားရေ ... သမီးကတော့ ကျွန်တော့်ကို အချွန်နဲ့ကိုမ,ပြီ ... ကြီးကြီး ... ဒါ သားကို သူ သက်သက် ... မြေတွင်းထဲ တွန်းချတာပဲ ဖြစ်လိမ့်မယ် ...”

“အမယ်လေး ... ပေါင်းပဲကြည့်စမ်းပါဦး ...”

“အကျိုကော်လာစကနေ ကျိုင်,မ,ထားတာလေ ... လည်ပင်းမှာ ခုထက်ထိ အနီစင်းကြီး ကျန်နေသေးတယ် ထင်တယ်”

“ဒဏ်ကြေဆေးပုလင်းတွေ ဒါ့ခေါင်လိုက် လက်ဆောင်ပေးပို့မယ် ...”





“ကြီးကြီးရေ ... အငြိုးနဲ့ကို အသေသတ်မဲ့ သဘောပဲ ... လုပ်ဦး ...”

“အမယ် ... ပြီးကာမှ ... ပေါင်းကောင်းတယ်ဟဲ့ ... ဆိုပြီး ဘက်ပြောင်းပြီး ယိမ်းမပါသွားနဲ့ သိလား ...”

“အဲဒီလိုဆို လည်သာဖြတ်ပစ်လိုက် ...”

သမီးမှာ အခုလောက် ဟက်ဟက်ပက်ပက် အားရ ...းရကြီး မရယ်မိတာပင် ဘယ်လောက်ကြာသွားခဲ့ပြီလည်း မသိ။ ...တ်ဆရာကြီးကြီးပင် သမီးတို့နှစ်ယောက်ကို ဘေးကနေ စေ့စေ့ ...င်ကြည့် အကဲခတ်ကာ ... မိုးမြင့်ထက်ရဲ့ ကွယ်ရာကိုရောက် ... “နေပါဦး ... ညည်းတို့ချင်းက ဘယ်တုန်းကများ ခုလောက် ...ဲ ခင်မင်နေကြတာလဲ ... အပေးအယူ အတိုင်အဖောက်တွေက ...ည်း ချိတ်ဆက်မိမိနဲ့ ...” တဲ့ ...။

ဖေဖေကတော့ ... မိုးမြင့်ထက် ပြန်သွားတာနဲ့ ...

“သမီး ... လူတစ်ယောက်က အကျင့်စာရိတ္တ မကောင်းလို့ သူနဲ့ကိုယ် ရေစက်မပါရတဲ့ကိစ္စမှာ ကိုယ်ဟာ ‘ကျန်ရစ်’ လည်း မမည်ဘူး ... ခေတ်လူငယ်အတွေးနဲ့ အောက်လိုက်တာတို့ ဘာတို့ တွက်စရာလည်း မလိုဘူး ... ကျန်ရစ်လို့ ထင်ခံရမှာစိုးလို့ ... အောက်မှာစိုးလို့ ... ကြုံရာတစ်ယောက်ယောက်နဲ့ ရုတ်တရက် ဖမ်းတွဲပြတာကမှ ရှက်စရာ တကယ်ကောင်းတာနော် ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ကြိုးရာတစ်ယောက်ယောက်ဟာ ဟိုတစ်ယောက်နဲ့ ဘယ်လိုမှ ဘက်မညီဘဲ … ယှဉ်ကြည့်လို့ကို မသင့်တဲ့သူမျိုး ဖြစ်နေပြီ ဆိုရင်တော့ … သမီးအနေနဲ့ လှူဟားခံရမဲ့ အဆင့်ထဲထိကို ရောက်သွားလိမ့်မယ် …”

“သမီး … အဲဒီသဘောမျိုး မဟုတ်ပါဘူး ဖေဖေရဲ့ …”

ဖေဖေကတော့ တယ်လီဖုန်းချင်း တဆက်ဆက်ဖြစ်နေကြသည့် သမီးနှင့် မိုးမြင့်ထက်တို့ကို အလွန်တရာ မျက်စိနောက်လှပုံနှင့် ရှိလေသည် …။





## အခန်း(၄)

လူထိုင်း လူတိုင်းတွင် … (တခြားဘောလူတွေအဖို့တော့ တကယ်တမ်း အရေးကြီး … မကြီး မသိ) မိမိကိုယ်တိုင်အတွက်တော့ အင်မတန်မှ အရေးပါလှသော ရည်မှန်းချက် …၊ ဦးတည်ချက် …၊ အရူးအမူး(Crazy)ဖြစ်မှု တစ်ခုခုစီ မဖြစ်မနေ ရှိကြမည်ဆိုလျှင် … မိုးမြင့်ထက် အတွက် … ထိုအရာမှာ … “လူတကာက ကိုယ့်ကို နှစ်လိုခင်မင်စွာ … လူအများရဲ့ကြားမှာ … အရေးပါ လူရာဝင်နိုင်မှု”ပင် ဖြစ်လေသည်။

ငယ်ငယ်လေးကတည်းကကို သူများတကာတို့ရဲ့ … “ဟင်”ခနဲ စိတ်ပျက် အားငယ်မှုများနှင့်အတူ လူ့ဘဝထဲ ရောက်ရှိခဲ့ရတဲ့ သူတစ်ယောက်ရဲ့ ခံစားချက်ကို လူတိုင်းကိုယ်ချင်းစာနားလည်ပေးနိုင်ကြဖို့တော့ ခဲယဉ်းပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထက်ရဲ့ မိဘနှစ်ပါးနဲ့တကွ ... ညီအစ်ကိုမောင်နှမရင်းများ ... ဆွေမျိုးအသိုင်းအဝိုင်းကြီး တစ်ခုလုံး ... စသည်တို့ဟာ ... မှုန်နုချောမော ... အဆင်ပြေနေသော ရုပ်ရည်များနှင့် မဟုတ်ကြဘူး ဆိုရင်တောင် ... လူတန်းစေ့နိုင်ကြသော သာမန် "လူရာဝင်"ရုပ်ရည်များချည်းနှင့်သာ ...။

မိုးမြင့်ထက်ကို မွေးလိုက်စဉ်က ... အမိဝမ်းကကျွတ်သည်နှင့် ... "ဟင်"ခနဲ ဖြစ်ကြသော ဖခင်နှင့် နှစ်ဖက်အဘိုးအဘွားများ ...။ မေ့ဆေးပြန်ပြယ်ချိန်မှစကာ ... "ဟယ်"ခနဲဖြစ်ခဲ့ရသည့် မိခင် ...။ အဲဒီလို လူတကာရဲ့ "ဟယ်"ခနဲ၊ "ဟင်" ခနဲတွေနှင့်အတူ လူ့ဘဝထဲ ရောက်လာခဲ့ရပြီးနောက်မှာ နှစ်ဖက်အဘွားနှစ်ယောက်တို့က ... စုတ်တသပ်သပ်နဲ့ ... "ငါတို့ မြေးကလေးတော့ဟယ် ... လူရာမှ ဝင်နိုင်ပါ့မလား"ရယ်လို့ဝမ်းပန်းတနည်း ညည်းညူခဲ့ကြရပါသည် ဆိုတာကိုလည်း ကိုယ် သိနားလည်လာနိုင်ချိန်မှ စကာ ... တစ်မျိုးလုံး တစ်ဆွေလုံးရဲ့နှုတ်ဖျားတွေထဲမှာ တပြောပြောနှင့် ဆိုတော့ ...။

မိုးမြင့်ထက်ရဲ့ အဓိက ဦးတည်ရည်မှန်းချက်ဟာ ... "လူတကာက ကိုယ့်အပေါ် နှစ်လိုခင်မင်ကြစွာနှင့် လူတကာတို့ရဲ့ကြားမှာ အရေးပါ လူရာဝင်နိုင်မှု"ပင် ဖြစ်လေသည်။ ဒီလိုဖြစ်ခွင့်ရအောင် ... ကိုယ့်ဘက်က အတော်ကြီးတော့ ကြိုးစားယူရမည် ဆိုတာ သူ သိသည်။ အဲဒီပညာ(ပညာပဲဆိုကြပါစို့နော်)ကို မိဘ





တွေလည်း မသင်ပေးရဘဲ ငယ်ကတည်းက ကိုယ့်ဘာသာနည်းလမ်းပေါင်းစုံနှင့် ဟိုလိုစမ်းကြည့် ... ဒီလိုလုပ်ကြည့်နှင့် သူတတ်မြောက်ပိုင်နိုင်ခဲ့သည်။

သူ့ကို ခင်မင်နှစ်လိုလာဖို့ အတော်ကြီး ခဲယဉ်းကြန့်ကြာနေသူ ဆိုရင် သူက ဒါကို စိတ်ပျက် စိတ်ကို လက်လျှော့ဖို့ထက် ... အလောင်းအစားပါသော ပြိုင်ပွဲတစ်ခုကို သူနိုင်ကိုယ်နိုင်ကြိုးနေရသလို ... ပိုပြီး စိတ်ဝင်စား၊ မဖြစ်မနေ ဖွဲကြီးတတ်လေ့ရှိပါသည်။

ကလေးဘဝတည်းက စတင်ကာ ... ဘခြားကလေးတွေမှာ သူငယ်ချင်းနှစ်ယောက်သုံးယောက် ရပြီးဖြစ်လျှင် ... သူ့မှာ တစ်ယောက်လောက် အနိုင်နိုင်ရဖို့ကိုတောင် အတော်ကြီးသုံးပမ်းယူခဲ့ရသည် မဟုတ်လား ...။ ကြာလာတော့ ဒါကို ပင်ပန်းဆင်းရဲလှချည့် ... နစ်နာလှချည့်လို့ တွက်ဖို့ထက် သမားရိုးကျဖြစ်ရိုးဖြစ်စဉ် တစ်ခုမျှအဖြစ် သူက သဘောထားနိုင်လာခဲ့ပြီးဖြစ်သည်လေ ...။

မျက်နှာထားကို ပုံမှန်တည်တည်ကြည်ကြည် ထားရဖို့ထက် ... ချိုချိုပြောင်ပြောင် ထားနိုင်လျှင် ...၊ စကားပြောဆိုပုံသူများတကာထက် ထူးကဲလျှင် ...၊ ကိုယ်ဟန်အမူအရာက လိုအပ်တာထက် လွန်ကဲကဲလေး ထားကြည့်လျှင် ...၊ အများတကာအရေးကို ကိုယ့်အရေးထက်မတောင်မှ ပိုမိုစိတ်ဝင်စား အရာထားတတ်နေ

www.burmeseclassic.com



လျှင် ..၊ စိတ်သဘောထားကိုလည်း တမင်ကြီး လုပ်ယူနေရတာထက် ... ပင်ကိုယ်သဘောကိုက ပျော့ပျောင်းနူးညံ့နေအောင်ကို လေ့ကျင့်ကြိုးစားထားနိုင်လျှင် ... လူအပေါင်းတို့ရဲ့ နှစ်သိုခင်မင်မှုကို အချိန်တိုတိုအတွင်းမှာပဲ ရလာနိုင်သည်ဆိုတာ ... သူ့အတွက် အတွေ့အကြုံတွေက သင်ခဲ့သော သင်ခန်းစာများ ဖြစ်သည်။

သူငယ်ချင်းယောကျ်ားလေး အချင်းချင်း "ငပေါကောင်"ဟု နာမည်ထွက်ခဲ့ခြင်းသည် ... ယောကျ်ားလေးများရော ... မိန်းကလေးအပေါင်းအသင်းများပါ ... များလာနိုင်စေဖို့အတွက် အဓိကသော့ချက် ဖြစ်တာလည်း သူ သိခဲ့ပြီးပြီ ...။ အရွယ်ရောက်ယောကျ်ားလေးတစ်ယောက်ဖြစ်ရက် ... သူကိုယ်တိုင်ကိုက(တကယ့်ကိုပဲ) မိန်းကလေးများကို တစ်မျိုးတစ်ဖုံ စိတ်ဝင်စားကြည့်ဖို့ထက် သူငယ်ချင်းရင်းချာတွေလိုသာ ခင်မင်ကူညီလိုနေတာပါဆိုရင် ... ဘယ်သူက ဘယ်လောက် အသည်းမာနိုင်လို့မို့ ... သူ့ကို မခင်မင်ဘဲ ရှိနိုင်ရမည်နည်း။

စ,စချင်း အမြင်အတွေ့မှာတော့ ... မိန်းကလေးတိုင်းနီးပါးဟာ သူတို့ကို မိုးမြင့်ထက်ကတော့ မတန်မရာ နှစ်သက်ချိန်ရွယ်နေပါပြီဟုချည်း ထင်သွားတတ်ကြခြင်းမှာ ... မိန်းကလေးတို့ကကိုယ့်ကိုယ်ကိုယ် တအား အထင်ကြီး စိတ်ကြီးဝင်နေကြတာထက် ... မိုးမြင့်ထက်ရဲ့ ဘဝပေး ပင်ကိုယ်ပုံဟန်ကြောင့်သာ ဖြစ်ပေသည်။

ဒါလည်း နောက်တော့ နားလည်သွားကြတာပါပဲ။





ကိုယ်ကိုယ်တိုင်က ကိုယ့်စိတ်ထဲမှာ ခုထက်ထိ တကယ့်ကို ဘာမှမှ မရှိခဲ့သေးတဲ့ဟာ ...။ မိုးမြင့်ထက်ရဲ့ ရင်ထဲမှာက ကိုယ် Crazy အရူးအမူး ဖြစ်ရသည့် ရည်မှန်းချက်တစ်ခုကလွဲရင် ... "ဘာမှကိုမရှိ"ဟုတောင်မှ ပြောနိုင်ပါသည်။

လွှယ်လွှယ်နဲ့ ဇွဲမလျှော့တတ်တာကလည်း ... ဘဝမှာ အောင်မြင်နိုင်ဖို့အတွက် အဓိက အရည်အချင်း တစ်ခုလိုဖြစ်နေသည်။ အားလုံးရဲ့ ခင်မင်နှစ်လိုမှုကို ရနိုင်ဖို့အတွက် ကြိုးစားရင်း ကြိုးစားရင်း ... ကိုယ်ကိုယ်တိုင်ကလည်း အားလုံးအပေါ် ဘကယ့်စိတ်ရင်းထဲက နှစ်လိုတတ်လာခြင်းမှာတော့ ကံကြမ္မာက မိုးမြင့်ထက် အပေါ် ပြန်လည်သိတတ်ထားသည့် တစ်ခုတည်းသော ဆုလာဘ်ပင် ဖြစ်လေသည်။

ခုလည်း ဆိုင်နီးနားချင်း ကြီးကြီးဒေါ်သက်ပိုင်နှင့် ခင်မင်ရင်းနှီးခဲ့ရသည်မှ စတင်ကာ ကြီးကြီးတို့ မိသားစုနှင့်ပါ ဆက်တိုက် ပတ်သက်ရမလို ဖြစ်လာသောအခါ ... ခင်မင်နှစ်လိုမှုပေါများလိုသော မိုးမြင့်ထက် အတွက် အသစ် ... အသစ်သော အတွေ့အကြုံများ ကြုံပမ်းနိုင်တော့မည်ဖြစ်၍ မိုးမြင့်ထက်က ဒီအခြေအနေကို အင်မတန်မှ နှစ်လိုသဘောကျပါသည်။

သူတကာထက် ထူးကဲနေအောင်ကို ရုပ်ရည်အဆင့်အတန်း မြင့်မားနေသူပီပီ ... သာမန်လူရာဝင် ရုပ်ရည်တွေထက်သာလွန်နေသည့် လူချော ... မိန်းမချောများ ဆိုလျှင် မိုးမြင့်ထက်ကပို စိတ်ဝင်တစား ပတ်သက်ချင်လေရှိရာ ... ကြီးကြီးတုမ "သမီး"



www.burmeseclassic.com

www.burmeseclassic.com



သာမက ... တစ်နွယ်ငင် တစ်စင်ပါ ဆိုသလို ... သူ့ရဲ့ကောင်
လေးဟု ဆိုသော ... "လူခ"သည်လည်း ကိုယ့်ရဲ့ဦးတည်ချက်
Target ထဲ ထည့်ကို ထည့်ချင်စရာ ...။

အလွယ်တကူနှင့် ချဉ်းကပ်လို့ရမည် မထင်သော
ခါတိုင်း သုံးနေကျ နည်းလမ်းများနှင့်ဆိုလျှင် အောင်မြင်နိုင်
မလားဟု ... ကိုယ့်အတွက် Challenge သဘောဆောင်လာ
ဖြစ်သော ကြီးကြီးရဲ့မောင် ... ဘဘဦးမော်နိုင်သည်လည်း
ပုံမှန်မဟုတ်သည့် လေ့ကျင့်ကွင်းမို့ မိုးမြင့်ထက် အတွက်
အလွန်တရာမှကို စိတ်ဝင်စားဖွယ်ရာ ...။

ခုတော့ ... ခါတိုင်းဆို စေ့စေ့စိုက်ကြည့်ဖို့ပင်
လေးခဲ့ပုံရသော "သမီး"ကပင် စတင်ပတ်သက်လာကာ တန်း
ရည်တူ သဘောထား၊ နှစ်လိုဟန်လည်း ပြလာခဲ့ပြီမို့ ... ခြေတ
လှမ်းစာဟာ ကိုယ်ကပင် မစတင်လိုက်ရဘဲ အောင်မြင်နေခဲ့ပြီ
ပင် ဆိုနိုင်ပြီ မဟုတ်လား ...။

အမိက,က ... သမီးရဲ့ကောင်လေး။ ပြီးတော့ ဘ
ဦးမော်နိုင်။

ဘယ်နည်းနဲ့မှ အဂန့်သင့်နိုင်ကြတော့မည့်ပုံ
သည့် အဲဒီနှစ်ယောက်တို့ရဲ့ ကြားမှာ ... ဘာမှမတော်စပ်သ
လူတစ်စိမ်းတစ်ယောက်အနေနှင့် ကြားဝင် အောင်မြင်နိုင်လို
တာလောက် ... မိုးမြင့်ထက် လိုအပ်သည့် "အရှုံးအမှုး"ကိုရှာ
ပြီးမြောက်တာ ရှိဦးမလား ...။





လူဆိုတာဟာ တစ်ယောက်ကိုတစ်မျိုး ... အရှုံးချည်း
ပဲဟုသာ ယုံကြည်နိုင်လျှင် ... မိုးမြင့်ထက်ကို "အရှုံး"ဟုဆူပြီး
ပြောနေစရာ လိုတော့မည် မထင်ပေ ...။

မိုးမြင့်ထက်က လူခထံ ဖုန်းလှည့်ဆက်သွယ်လိုက်
ပါသည်။

"လူခလား ..."

"ဟုတ်ပါတယ် ... ဘယ်သူပါလဲ ..."

အသံကား အခြေအနေ သိပ်တော့မကောင်း ...။
တစ်လောကလုံးကြီးနှင့် ရန်ပြိုင်ဖြစ်တော့မည့် အသံမျိုးဆိုတာ ...
ဒီအသံမျိုးကို ဆိုလိုခြင်း ဖြစ်ပေလိမ့်မည်။ [illegible]
ကို စားသောက်နေပုံဖြင့် ဗလုံးဗထွေးကလည်း ဖြစ်နေသေးသည်။

"ငါ မိုးမြင့်ထက် ပါကွ ..."

"ဘာ ... ဘာ ... မှုး ... ဖရှုး ... အဟွတ် ... အဟွတ် ...
ဟွတ် ..."

အစားအသောက်တွေ [illegible]
ပြန်မှုတ်ထုတ်ထွက် ... သီးပါ သီးသွားသည့်ကြားက လူခက ...
"ဟေ့ကောင် ... မင်းက ဘာကောင်မို့ ငါ့ဆီ ဖုန်းဆက်ရမှာလဲ ..."
ဟုသည့် စကားကို အတင်းကြီး မရမက ... ညစ်ဖြစ်ပြီး [illegible]
ဆောင်းတောင်းနှင့် ဆိုနေသေးသည်။

"ဘာလို့ မဆက်ရမှာလဲ ..."

www.burmeseclassic.com



"ဟော့ကောင် ... မင်း ... အရူးလား ... အဟွတ် ... အဟွတ် ..."

"ငါက နေကောင်းတယ်ကွ ... အေးအေးဆေးဆေးပဲ ... မင်းသာ ဆရာဝန်ပြဖို့ လိုနေတယ်လို့ ငါ သတင်းကြား တယ် ..."

"ဟော့ကောင် ... (----) တယ်လီဖုန်းထဲကမို့ မင်းပြော ချင်တိုင်း ပြောခွင့်ရထားပြီ မထင်နဲ့ ... မင်းနဲ့ငါ မျက်နှာ ချင်းဆိုင် တွေ့ကြရင် မင်း သေပြီမှတ် ... ဟော့ကောင် ... မင်း သတ္တိရှိရင် ... ငါ့ကို ချိန်းစမ်း ... အခုချိန်း ... ဟော့ ကောင် ..."

"ရတယ်လေ ... တွေ့ချင်စိတ်ရှိရင် ချိန်းလေကွာ ..."

လူခထံမှ တီးတိုးရေရွတ်ပစ်လိုက်သံ တစ်ခွန်း ထွက်ပေါ်လာပြီးမှ ... လမ်းနာမည်၊ ဆိုင်နာမည် တစ်ခုကိုပြော လေသည်။

"ချောင်ကျလိုက်တာကွာ ... မင်းမို့ ရှာရှာဖွေဖွေ တွေ့ရှိထား တယ်"

"ဟော့ကောင် ... မင်း လာမှာလား ... မလာဘူးလား ... ဒါပဲပြော"

ဒီလိုနေ့လယ်ခင်းကြီးဆိုရင် လူတောင် မရှိနိုင်သည့် နေရာဌာနတစ်ခုထံ အချိန်းအချက် လုပ်ခြင်းမှာ ဘာကိုပိုမိုပြော ရှယ်သလဲ ဆိုတာ မိုးမြင့်ထက်က မသိဘဲ နေပါမလား ...။ ကိုယ်





သာ ပညာမပါရင် အဲဒီဆိုင်ထဲမှာပဲ ပုံရက်သားလေး သတိလစ် ပြီး ကျန်ခဲ့ရမဲ့ အနေအထားမျိုးကို လူခက တမင်သက်သက် ရွေး ချယ်ထားခဲ့တာပါပဲ ...။ မိုးမြင့်ထက်က "အိုကေကွာ ... မိနစ်နှစ် ဆယ်အတွင်း ရောက်ခဲ့မယ်"ဟု ပြောလိုက်သည်။

"ဟော့ကောင် ... အရူးထပြီး လာချိန်းပြီးမှ မင်း ရောက်မလာ တော့ရင် ပိုဆိုးမယ်နော် ... ငါ သတိပေးတယ် ..."

"လာမှာမို့ ချိန်းတာပေါ့ကွ ..."

"ပြီးရော ..."

သူ့ "ပြီးရော"မှာ နှစ်လုံးတည်းနှင့် ... အတော်ကြီး ခိုးစိုးပိုးပိုး လေးလေးပင်ပင်ပုံစံနှင့် ဆိုလိုက်ခြင်းဖြစ်ရာ ... ကိုယ့် ဘက်က ပညာသားပါပါနှင့် ဆက်ဆံဆံ ... မဆက်ဆံဆံ ... ကိုယ့်ကို မြင်တာနဲ့ ဆီးဆော်တော့မည့် အနေအထားလောက် အထိပင် ထွက်နေပါသည်။ သံခမောက် ဆောင်းသွားရမလိုလို ... သည်ပင်းကော်လာ အမာကြီးပဲ ဝတ်သွားရမလိုလို အပေါက်မျိုး ပါ။

မိုးမြင့်ထက်မှာ ဤအနေအထားနှင့်ပင် ... လူခ ချိန်း ဆိုသော နေရာသို့ မိနစ်နှစ်ဆယ်အတွင်း မရောက်ရောက်အောင် ... ရောက်သွားခဲ့ပါသည်။ သို့သော် ... စိတ်ဇောတစ်ခုဖြင့် ... ကိုယ့် ထက်တောင် ဝီရိယကြီးနေခဲ့ဟန်တူသည့် လူခက ... ဆိုင်မှာအရင် ကြိုရောက်နေခဲ့သည်။ အမှန်အတိုင်းဆိုရင် ခုန သူနဲ့ဖုန်းပြောခဲ့ကြ တုံးက သူ့အိမ်မှာ သူရှိနေသည်ပဲဖြစ်ရာ ... သူ့အိမ်နေရာဟာ ...



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထက် ရှိနေခဲ့ရာ နေရာနှင့် ယှဉ်လျှင် ... ဒီကိုရောက်လာဖို့ ပိုလို့တောင် ဝေးနေသေးတာ မဟုတ်လား ...။

"မင်းဖင်မှာ ဂျက်လေယာဉ် အင်ဂျင်များ တပ်ပျံလာခဲ့သလား ..."

လူခထံမှ သွားကြိတ်သံတွေ တဂျစ်ဂျစ် ထွက်ပေါ်လာပြီးလျှင် မိုးမြင့်ထက် 'မျှော်လင့်သလို စိတ်မထိန်းနိုင်သည့် လက်သီး ... လက်ဝါးတွေ တစ်ခုခုတော့ဖြင့် ထွက်ပေါ်မလာသေးဘဲ ...

"အဘိုးကြီးကော ... မင်းနောက်ကနေ ပါလာသလား ..."

ဩော ... ဒါ့ကြောင့် ... အလျှင်စလို မနိုင်သေးတာကိုး။ အမှန်အတိုင်း ပြောလိုက်ရင်တော့ ချက်ချင်း နာသွားနိုင်သည်။ ဒါပေမဲ့လည်း မိုးမြင့်ထက် ကတော့ အမှန်အတိုင်းပင် ...

"အဘိုးကြီးနဲ့ မဆိုင်ပါဘူး... ငါနဲ့ အဘိုးကြီးနဲ့က တစ်ဂိုဏ်း မဟုတ်ပါဘူး ..."

"ဒါဖြင့် မင်းက ဘာသဘောလဲ ..."

"သမီးကို သနားတယ် ..."

"ဘာ ..."

"ဟိုး ... ဟိုး ... မင်းစိတ်ကို မင်းမထိန်းနိုင်ရင် ...အားလုံးရဲ့အနာဂတ်တွေက ပိုစုတ်ပြတ်ကုန်မှာပေါ့ကွ ..."

"ဟေ့ကောင် ... မင်းက ဘာလဲ ... ဘာကောင်လဲ ..."





လူခရဲ့ စိတ်ဆိုးမာန်ဆိုး ပုံစံမှာ အတော်ကြီးကြည့်ကောင်းတာပဲ ... ဟု မိုးမြင့်ထက်က မှတ်ချက်ချလျှင် ... သခင့် ယခင်တွေကအတိုင်း၊ တချို့လူတော်တော်များများရဲ့ ဆုံးစံအတိုင်း ... ကြားရသူတွေက မိုးမြင့်ထက်ကို "ဒီကောင် အခြောက်များလား" ဟုပင် သံသယ ဝင်ချင် ဝင်ကြပါလိမ့်ဦးမည်။ တကယ်ကတော့ မိုးမြင့်ထက်ဟာ ... အများအတွေးနှင့် ဗီလာဖြစ်နေသည့် လူထူးလူဆန်းတစ်ယောက်ပင် ဖြစ်တော့သည်။ အဲဒီလို ဖြစ်နေအောင်လည်း သူ့ကို သူမွေးလာကတည်းက ကံကြမ္မာက ပြုပြင်ဖန်တီးပေးထားပြီး ဖြစ်လေသည်။

အထက်တန်းကျကျ ပညာရှိကြီးဆန်ဆန် အထက်စီးဟန်နှင့် ပြုံးထားသည့် မိုးမြင့်ထက် ပုံစံကို လူခက ပထမတော့ ဘယ်လိုမှ ဒေါသမထိန်းနိုင်ဟန်နှင့် ...။ ဒီနောက်မှာတော့ တဖြည်းဖြည်းချင်းပင် လူခရဲ့ မျက်နှာပေါ်မှာ စိတ်ရှုပ်ရှုပ် အရုပ်အရည်မျိုးပေါ်လာသည်။ အဲဒီကမှတစ်ဆင့် မှိုးတိုးရှန့်တန့်နှင့် ... "ဒီကောင် ဘာပါလိမ့် ..."ဟု မနေတတ် မထိုင်တတ် ဖြစ်ရသည့် အသွင်သဏ္ဌာန်များ ...။

"ကျွန်တော့်ကို တစ်ခုခုလောက် ပြောချလိုက်ပါတော့လား ..."

"အောင်မာ ... မင်းက ..."

မည်သို့ပင်ဖြစ်စေ ...။ လူခရဲ့ လေသံကတော့ ခုနအထက် နည်းနည်းလျော့သွားခဲ့ရပြီ ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ဘယ်သူ လွှတ်တာလဲ ... သမီးလား ... အဘိုးကြီးလား ..."

"အမှန်အတိုင်း ပြောရရင်တော့ ယုံချင်မှ ယုံမယ် ... ဘယ်သူမှကို မလွှတ်တာ ... ဒီထက်ပိုပြီး အမှန်အတိုင်း ပြောရရင်တော့ ... ကိုယ့်လက်သီးကိုယ် မထိန်းထားမှာလည်း ကြောက်ရသေးတယ် ... အဘိုးကြီးကော ... သမီးပါ ကျွန်တော့်ကို ခင်ဗျားဆီ ဘာကြောင့် လွှတ်ရမှာလဲ ... သူတို့ အနေနဲ့ ခင်ဗျားနဲ့ အချိန်မရွေး တိုက်ရိုက်ဆက်သွယ်နိုင်ပါရက်နဲ့ စိတ်မဝင်စားလို့ အဆက်အသွယ်လုပ်ဖို့ မလိုလို့ မဆက်သွယ်ကြတာပဲ ... ကြားထဲက ကျွန်တော့်လို လူစိမ်းကြားခံလူကို သုံးနေဖို့ ဘာလိုသလဲ ... အဓိပ္ပာယ်ရှိသလား"

"ဒါဖြင့် မင်းက ဘာလဲ ... ခုတလော မင်းကို သမီးနားမှာချည်း တွေ့နေရတယ် ..."

"သူ့မှာ လိုအပ်မယ်ထင်ရင် နေပေးလိုက်တာပဲ ..."

"အောင်မာ ... မင်းကို သူက ဘာကြောင့် လိုအပ်ရမှာလဲ ... တောက် ..."

"ဒါတော့ သူမှပဲ သိမယ် ..."

"ဒါဆို မင်း အခု ငါ့ဆီ ဘာလာလုပ်တာလဲ ..."

"ခင်ဗျားခေါ်လို့ လာတာလေ ..."





"ဟော့ကောင် ... အကြောင်းကြောင်း လုပ်မနေနဲ့ ... ဒါဖြင့် ဘာလို့ ဖုန်းဆက်တာလဲ ..."

"စိတ်ဝင်စားလို့ပါ ..."

"ဘာ ..."

"စိတ်ဝင်စားတယ်လေ ..."

"ဟော့ကောင် ..."

"ကြီးကြီးက ပြောတော့ ခင်ဗျားက သမီးကို လိုက်နှောင့်ယှက်နေသူတဲ့ ... သမီးကပြောတော့ အင်မတန် စိတ်ပျက်စရာကောင်းတဲ့ ... ရည်းစားဟောင်းတဲ့ ..."

"ဟော့ကောင် ..."

"ဒါ သူ့ဝေါဟာရပါဗျာ ... ကျွန်တော် ဘာမှ အသစ်ထွင်မထည့်ဘူး ... အဘိုးကြီးကတော့ စကားတွေ ဘာတွေ သိပ်များများစားစား ပြောတတ်တဲ့ပုံမျိုး မဟုတ်ပါဘူး ... ဒါပေမဲ့ ခင်ဗျားရဲ့ မကောင်းကွက် တော်တော်များများကို တော့ သူ သိထားပုံရတယ် ... အဲဒါတွေ ဟုတ်မဟုတ်ဆိုတာကို လိုက်စုံစမ်းချင်ပုံရတယ် ..."

လူခက မိုးမြင့်ထက်ကို ခပ်ကြာကြာ စကားပြောကြည့်ပြီးလျှင် ... ရန်လုပ်မောင်းထုတ်ပြီး ခပ်ခွာခွာ နေဖို့ထက် ... "ဒီကောင့်ကို ငါ ဘာများ ပြန်အသုံးချနိုင်မလဲ ..." ဟုသာ စဉ်းစားမိသွားပုံရသည်။ ဒါကတော့ မိုးမြင့်ထက်နှင့် ဆက်ဆံပြောင်း



www.burmeseclassic.com

www.burmeseclassic.com



သင်းဖူးသည့်သူ မှန်သမျှ … အစပထမမှာ တစ်မျိုး … ခဏကြာလာလျှင် … "ဘာအသုံးချနိုင်မလဲ" ဆိုတာချည်း ခေါင်းထဲဝင်လာကြသည်ဖြစ်ရာ … မိုးမြင့်ထက်ကတော့ ဒီလိုရိပ်မိလည်း အရေးမကြီး၊ အဆန်းတကြယ် မဟုတ်လှတော့ …။

"မင်း ငါ့ကို ဘာလုပ်ပေးနိုင်မလဲ"

လူခက မိုးမြင့်ထက်ရဲ့ အူကြောင်ကြောင်ဟန်ပန်ကို အငိုက်ဖမ်းရင်း မေးလိုက်သည်။ မိုးမြင့်ထက်က ပြုံးစိစိနှင့် …

"ဘာမှ မလုပ်ပေးနိုင်ဘူး …"

လူခ မျက်နှာရှစ်ခေါက်ကျိုးကြီး ပြန်ဖြစ်သွားလေသည်။

"ဒါပေမဲ့ ကျွန်တော့်မှာ နားရွက်တော့ ပါတယ်"

"အဲဒါ ငါက ဘာလုပ်ရမှာလဲ …"

"ခင်ဗျား ပြောချင်တာရှိရင် ပြောလေ … ထိုင်နားထောင်ပေးမဲ့သူ တစ်ယောက် ရထားတဲ့ အဖြစ်က နည်းလား …"

"မင်းများ … ငါက …"

"ဟာ … ပြောစရာရှိတုန်းမှာ … နားထောင်ပေးတဲ့လူ ရှိလာတဲ့ ကုသိုလ်ကတင် နည်းလား … ခင်ဗျားက အဲဒါကို … နည်းတဲ့အခွင့်အရေးလို့ မမှတ်ဘူးလား … ခက်တဲ့လူပဲ …"

လူခက သူ့မျက်ခုံးမွေး တစ်ဖက်ကို တဆတ်ဆတ်ကုတ်ခြစ်နေရင်း …





"ပြီးရင် မင်းက ငါ ပြောလိုက်တာတွေကို အဘိုးကြီးဆီဖြစ်ဖြစ် … သမီးဆီဖြစ်ဖြစ် … အရင်းအတိုင်း မေတ္တာရိ ပြန်ပို့ပေးမယ်ပေါ့ …"

"မပို့ပါဘူး"

"ဟော့ကောင် … ပြောရမှဖြင့်တော့ ပို့ဖို့ပေါ့ကွ"

"ကျွန်တော်က နားရွက်တော့ ပါတယ်ပဲ ပြောတာ … ပါးစပ်ကိစ္စ မပါသေးဘူး …"

မိုးမြင့်ထက်ကို ကြည့်နေသော လူခရဲ့ အကြည့်တွေက ဝေဝေဝါ … သို့လော သို့လောနှင့် …။ ခဏအကြာမှာတော့ လူခက ခေါင်းတယမ်းယမ်းနှင့် နှုတ်ကလည်း ဘာတွေမှန်းမသိ ရေရွတ်ကာ ထိုင်နေရာမှ ထလိုက်သည်။

"မပြောတော့ဘူးလား … သွားတော့မလို့လား … ပိုက်ဆံရှင်းသွားလေ"

လူခ ထံမှ ဆဲဆိုရေရွတ်သံ တစ်ချက်နှင့် … လက်ဖက်ရည်တစ်ခွက်စာဖိုး ပိုက်ဆံကို စားပွဲပုလေးပေါ်သို့ ပစ်ချလိုက်သည်။

"ကျွန်တော့်အတွက်ပါ ရှင်းလေ … ကျွန်တော့်ကို ဒီဆိုင်လာဖို့ ခင်ဗျားပဲ ဖိတ်ခေါ်လိုက်တာပဲ …"

လူခက အံတကြိတ်ကြိတ်နှင့် ဘာမှ မပြောချင်တော့သလို … နောက်တစ်ခွက်ဖိုးပါ စားပွဲပေါ် ထပ်ရောက်လာပါသည်။

www.burmeseclassic.com



"ဒီမှာ ကျွန်တော့် Visiting Card လေး ယူထားမလား ... အလုပ်လိပ်စာ ဆိုင်လိပ်စာတော့ မပါဘူး ... ကျွန်တော်က အလုပ်ချိန်အတွင်း ဧည့်သည်လာရင် မကြိုက်တတ်လို့ ... အိမ်လိပ်စာနဲ့ ဖုန်းနံပါတ်ပါတယ် ... ညဘက်ဆက်သွယ်လို့ရပါတယ် ... ကြိုက်တဲ့အချိန် ... ဝဲလ်ကမ်း ..."

"အောင်မာ ... ကြီးကျယ်တဲ့ကောင် ... တောက် ..."

လူခက မိုးမြင့်ထက်ရဲ့ လက်ထဲက ကတ်လေးကို လှမ်းမယူဘဲ သူ့ကားရှိရာသို့ ခြေလှမ်းကျဲများနှင့် ထွက်ခွာသွားပါသည်။ အူကြောင်ကြောင်လိုလို ... ကိုယ့်စိတ်ထဲရှိရာ ကိုယ်လျှောက်လုပ်နေသည့် ရူးပေါပေါလိုလို လူမျိုးကို သာမန်လူကောင်းတစ်ယောက်ဟာ ... (ဘယ်လောက်ကြီးပဲ ဒေါသထွက်နေချိန်မှာပဲဖြစ်ဖြစ်) ကိုယ်ထိလက်ရောက် ရင်မဆိုင်ရဲတာ ... ဒီမှာ ကိုယ်တွေ့။ မိုးမြင့်ထက်က ကိုယ့်ကိုယ်ကိုယ်လည်း ကျေနပ်သည်။ လူခရဲ့ လူဆန်တဲ့ စိတ်ဓာတ်ကိုလည်း အမှတ်ပေးပါသည်။

ပထမဆုံး တွေ့ဆုံခြင်းကတော့ သိပ်မအောင်မြင် ... ဒါပေမဲ့ ရတယ်လေ ... ရှိပစေလေ ...။ အလျှင်မလိုပါဘူး ...။ အေးအေးဆေးဆေးပေါ့။





သမီးက "ပုစွန်တုပ်မ"ဟု ခေါ်သည်ဟု ကြားဖူးနားဝရှိထားသော ထိုမိန်းကလေးမှာ ... မိုးမြင့်ထက်ရဲ့ အမြင်မှာတော့ သူသည်လည်း လူထူးလူဆန်း အုပ်စုဂိုဏ်းဝင် ... သာမန်လူ့ဝန်းကျင်ထဲမှ သီးခြားလေး ဖြစ်နေသည့် တစ်ယောက်ပင် ဖြစ်တော့သည်။ သူ ထူးဆန်းပုံကတော့ ... (သမီးက စွပ်စွဲသလို ခေါင်းထဲမှာ ချေးတွေချည်း ဟုတ်မဟုတ်တော့ မပြောလိုပေမဲ့) တစ်စုံတစ်ခုကို ခေါင်းထဲရောက်ရှိလာပါက ဘယ်တော့မှ နှစ်ခါပြန် စဉ်းစားမနေတော့တာ ...။ လူနေမှုစရိုက် ... လူ့ဘဝ ... လူ့အသိုင်းအဝိုင်း ပတ်ဝန်းကျင်နှင့် ကိုက်မကိုက် ... ညီမညီ ...။ သူများတကာက ကိုယ့်ကို ဘာထင်မလဲ ဆိုတာတွေကိုပါ ဘာမှ ခေါင်းထဲထပ်မထည့်တော့သည့်သူ ...။

"ကဲ"ကလေးတစ်ခု ကောင်းနေလို့ ခုထက်ထိ မပျက်မစီး၊ မသေမကြေ ...၊ အကောင်းပကတိလေး ရှိနေပေသေးတာဟု မိုးမြင့်ထက်က ရင်ဘတ်ဖိပြီးပင် 'သြ'ချချင်သည်။ အဲဒီလိုမိန်းကလေးမျိုးကမှ လူခရဲ့သူငယ်ချင်းပါ ဆိုတော့ ... သမီးတို့ချင်း သိပ်အဆင်တဲပြေ မရှိလှတာ အဆန်းတကြယ်ကိစ္စ မဟုတ်နိုင်တော့ပေ ...။



www.burmeseclassic.com

www.burmeseclassic.com



တမင်တကာကြီး သိပ်မဖန်တီး ... မစွမ်းဆောင်လိုက်ရပါ ...။

မိုးမြင့်ထက်ရဲ့ ဖောက်သည်ရင်းကြီးတစ်ယောက်ဖြစ်နေသည့် ... မအေးသက်က ထိုပုစွန်တုပ်မကလေးရဲ့ အစ်မတစ်ဝမ်းကွဲတဲ့ ...။

"ဟော့ ... ကိုမိုးမြင့် ... ဒါ ကျွန်မ ညီမပဲ ... မော်လီတဲ့ မော်လီ ... အဲဒါ ကိုမိုးမြင့် ... မအေးသက်ရဲ့ မိတ်ဆွေပဲ ... မော်လီလည်း မှတ်ထားပေါ့ ... နောက်တစ်ခါ အိမ်မှာ ပစ္စည်းအသုံးအဆောင် လိုအပ်တာရှိရင် ... ဒီဆိုင်ကပဲ ဝယ်လေ ... မအေးသက်တို့ကတော့ ကိုမိုးမြင့်မှ ကိုမိုးမြင့်ပဲ ... အိမ်က ဆိုင်ကလေးအတွက် လိုတဲ့ပစ္စည်းလည်း ဒီကပဲ ယူတယ် ..."

မော်လီက မိုးမြင့်ထက်ကို "ဟီး"ခနဲ တစ်ချက်ပြုံးပြသော်လည်း အားနာသမှု သိပ်မရှိတတ်သည့် မျက်နှာပေးကလေးနှင့် ...

"မှတ်တာကတော့ မှတ်ထားပါ့မယ် ... ဈေးလာဝယ်ဖို့ကတော့ မမျှော်လင့်နဲ့ပေါ့ ... အိမ်အတွက် လိုတာတွေ ဝယ်ရအောင် ... ဘယ်မှာလဲအိမ် ..."

မအေးသက်က "ဟဲ့"ဟု တစ်ချက် အော်လိုက်ကာ သူ့ညီမသူ အသာ လက်ကုတ်လိုက်ပါသည်။ မော်လီကတော့ "ဟုတ်တာပြောတာပဲ"ဟူသည့် မျက်နှာပေးက တစ်စက်မှ မလျော့





"အဲဒါကြောင့် နင်နဲ့ နင့်ယောကျ်ားနဲ့ မတည့်တာ ..."

"ဘယ်သူလဲ ကျွန်မယောကျ်ား ..."

"ဟဲ့ ... ဩော် ... ဒုက္ခပဲ ... ပြောလေဆိုးလေ ... မောင်ရဲထွန်းကို လျှော့မတွက်နဲ့ ... နင့်ကိုယ်နင်လည်း အဟုတ်ကြီး ထင်မနေနဲ့ ... နင်တို့နှစ်ယောက်ကြားက လူခ,ခမျှာ သနားစရာဟယ် ... ပဲလှော်ကြား ဆားညပ်လို့ ... ငါနဲ့ မခင်ပေမဲ့ အဲဒီကောင်လေးကို ငါ တကယ်သနားတယ် အဟုတ် ...။ နင်တို့နှစ်ယောက်ဒဏ်ကို သူ့ခမျှာ လိုမ့်ခံနေရတာ ... ရှေ့ဘဝက ဝဋ်ပါလာတာ ကျနေပြီ ..."

မအေးသက်တို့ အိမ်မှ စတိုးဆိုင်ကလေးအတွက် လိုအပ်သော ပစ္စည်းစာရင်းကို ဆိုင်က အကူကောင်လေးတွေလက်ထဲ ထည့်ပြီး သေချာထုပ်ပိုး ထည့်သိုခိုင်းနေချိန်ဖြစ်ရာ ... မိုးမြင့်ထက် ချပေးထားသော ခုံပုကလေးများပေါ်တွင် ထိုင်စောင့်ပြီး ညီအစ်မနှစ်ယောက် ... စကားတွတ်ထိုးနေကြခြင်း ဖြစ်ပါသည်။

မအေးသက်က တိုးတိုး ... တိုးတိုး ...။ မော်လီကတော့ ခပ်ကျယ်ကျယ်သာ။

မအေးသက်ရဲ့ လေသံက တိုးပေမဲ့ သူတို့ခုံပုတွေနားမှာပဲ ကပ်ထိုင်ပြီး ဂဏန်းပေါင်းစက် တစ်လုံးနှင့် အလုပ်ရှုပ်နေသည့် မိုးမြင့်ထက် အတွက်တော့ ... ထို"တိုးတိုး"တို့က နားထဲ ကွက်တိသာ ဝင်လာပါသည်။ လူခ ဆိုတာကိုပါ အတိအလင်းကြီး ကြားပိုးဟ်ရတော့မှ ... မော်လီ၊ ရဲထွန်း ဆိုတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပါ တစ်ဆက်တစ်စပ်တည်း ဆက်တွေးနိုင်လိုက်လျှင် မိုးမြင့်ထက်ကလက်ထဲမှ ဂဏန်းပေါင်းစက်ကို အသာချကာ ...

"မအေးသက်တို့ ဘာသောက်မလဲ ... မှာလိုက်မယ်"

"တော်ပါပြီဟယ် ... နေပါစေ ..."

"ဘာနေပါစေလဲ ... အအေးသောက် ... ဟုတ်ပြီလား သဒ္ဒါနေတုန်း စိတ်မကောင်းအောင် မလုပ်ပါနဲ့ ... ကဲပါ ထ ... ထ ... ဒီဈေးထဲက 'အဒေါ်ကြီး'ရွှေရင်အေး နာမည်ကြီးပဲ ... သောက်သွားကြည့်ဦး ..."

"အချိန်မရလို့ပါ ကိုမိုးမြင့်ရယ် ... နောက်တစ်ခါမှ ..."

"အချိန်ဆိုတာ လူက လုပ်တာပါ ... စေတနာခမ်းခြောက်အောင် မလုပ်ပါနဲ့ ... နောက်တစ်ခါဆိုတာ ... ကျွန်တော်ရော မအေးသက်ပါ ဘယ်သူ့ဘက်မှာမှ သေချာတာမဟုတ်ဘူး ... ကောင်လေးတွေ ပစ္စည်းထည့်နေတုန်းလည်း ဒီတိုင်းငုတ်တုတ်ကြီး ထိုင်စောင့်ရမဲ့ဟာ ... သူတို့က ကြာဦးမှာ အမယ်က များတယ် ..."

မအေးသက်က "ဖွတ်မှဖွတ်" ဖြစ်နေသော မိုးမြင့်ထက်ကို မျက်စောင်းရွယ်ကာ ... မကြားတကြားနှင့် ...

"ထူးကိုထူးတယ် ... ခါတိုင်းများ သူ့ဆိုင်က ခွာဖို့ကို ဒီက ကုတ်နဲ့ကော်ရင်တောင် ကွာတာမဟုတ်ဘူး ... ကျွန်မ ညီမလေးက အိမ်ထောင်သည်နော် ... ပိုစလေးကြည့်ပြီး အထင်မမှားနဲ့ ..."





ဒါမျိုးအပြောတွေက မိုးမြင့်ထက် အဖို့ ရိုး၍ပင်နေပြီ ...။ ထူးပြီး လိုက်ခံစားနေလျှင် ကိုယ့်အလွန်လိုတောင် ဖြစ်နေပြီ ...။

"အမယ်လေး ... သူ့ယောက်ျားက ရဲထွန်းတဲ့ ... ရဲထွန်းရဲ့သူငယ်ချင်းက လူခ ... အဲဒီလူခက သူနဲ့ သူ့ယောက်ျားကြား အမြဲညပ်နေတာ ... ပဲကြော်လေးနှစ်ခြမ်းကြားကဆားလိုလို ..."

မိုးမြင့်ထက်က ခပ်ရွဲ့ရွဲ့နှင့် ပြန်ရွတ်ပြလိုက်သော် ... မော်လီ့ထံမှ သဘောတကျ ခပ်ဟားဟားသံ ထွက်ပေါ်လာပြီး ... မျက်လုံးပြူးသွားသော မအေးသက်ကတော့ ...

"ကြည့်စမ်း ... အကုန်လုံး ခိုးနားထောင်ထားတာပဲ ..."

မအေးသက်က အားတုံ့အားနာနှင့် ရယ်ကျဲကျဲဆိုသည်။ သူတို့ပဲ လူတကာ ကြားလောက်အောင် ဆိုမြွက်နေကြပြီး ... ပြီးကျတော့ ခိုးနားထောင်သည်ပဲ ဖြစ်ရပြန်သေး ...။

"ဘယ်လိုလဲ ... ဘယ်လိုလဲ ... သောက်မှာလား ..."

မိုးမြင့်ထက်ရဲ့ဆိုင်မှာ ဈေးဝယ်ဣတ္ထိယတို့နှင့် စည်ကားနေရခြင်းဟာ အဲဒီလို စကားအပြောအဆိုနှင့် ဟန်ပန်မူရာများကြောင့်ဟု ဆိုင်နီးနားချင်းတို့က ချီးမွမ်း ခြေကျော့ ဆိုချင်ကြပါသည်။ နောက်တော့လည်း မိုးမြင့်ထက်တို့ သုံးယောက်ရွှေရင်အေးဆိုင်ကို ရောက် ...။ ခုနကတော့ ဒီတိုင်း ကြားနေရတာကိုပဲ

www.burmeseclassic.com



"ခိုးနားထောင်သည်"ဟု စွပ်စွဲပြီး မနှစ်သက်နိုင်သလိုလိုတွေး ခုကျတော့ မိုးမြင့်ထက်ကြီး ခလယ်ထားပြီး သူတို့ချည်း ပြောချင်ရာတွေ လျှောက်ပြောနေကြတော့သည်။

"ရဲထွန်းနဲ့က ဘယ်လိုလဲ ..."

"စိတ်ထဲရှိသလိုပဲ ..."

"ဟဲ့ ... အကောင်းမေးတာ အကောင်းဖြေစမ်း ..."

"သြော် ... အမှန်အတိုင်းပဲ ပြောတာပဲဟာ ... လက်ထဲမှာ သော့တစ်ချောင်းစီ ရှိကြတယ်လေ ... အိမ်ဟု ခေါ်ဆိုသင့် မှတ်ထားလို့ ရနိုင်သော နေရာကို ... ပြန်ချင်စိတ်ရှိသူက ပြန်ချင်တဲ့အချိန်မှာ ပြန်လာနိုင်တယ် ..."

"ဟယ် ... နင်က မိန်းကလေးပဲ ... အဲဒီလုပ်လို့ ဘယ်ရမလဲ ..."

"မလုပ်ပါဘူး ... ဒီလိုပါပဲ အစ်မရယ် ... တစ်ခါတလေ တည့်ချည်းနေတဲ့ အချိန်လည်း အစ်မတို့ကို မြင်စေချင်ပါတယ် ... ဟား ဟား ဟား ... သိပ်ရယ်ရတာ"

"ကြံကြီးစည်ရာအေ ... ကြည့်ချင်ပါဘူး ... တည့်တယ်ဆိုလည်း ဝမ်းသာပါတယ် ... ပြီးတာပဲ ..."

"မနက် ဆယ်နာရီကနေ ရန်ဖြစ်လိုက်ကြတာ ... ညဆယ်နာရီထိ ရောက်သွားတာပဲ ဆိုရင်ကော ... တကယ့်ကို ဆယ့်နှစ်နာရီလုံးလုံး မနားတမ်း အော်ဟစ်နေကြတာ ... နာရီ လှမ်းကြည့်မိတော့မှ ... လူခ ပြောသလို ဒီတစ်ခါတော့





တကယ်ပဲ 'Guiness Book'ထဲ ထည့်လို့ရပါပြီဆိုပြီး ... အဲဒီတော့မှ ရပ်လိုက်ကြရတာ ..."

"အရပ်က ကောင်းပေလို့ပေါ့အေ ... ဒါပေမဲ့ ဘယ်နှခါများ ဆက်သည်းခံနိုင်မှာလဲ ညီမရဲ့ ..."

"မလိုပါဘူး ... သည်းခံရမယ်လို့လည်း တစ်ဖက်သတ်မှ မတောင်းဆိုထားတာ ... သူတို့ သည်းမခံချင်လည်း သူတို့သဘောပေါ့ ... လောကကြီးမှာ လူဆိုတာ ကိုယ့်သဘောကိုယ်ဆောင်ချည်းပဲ ..."

မအေးသက်က မိုးမြင့်ထက်ဘက် လှည့်ကာ ရှုံ့ရှုံ့မဲ့မဲ့ကလေးနှင့် တစ်ချက် ရယ်ပြပါသည်။ မိုးမြင့်ထက်ကတော့ မော်လီ့ကိုပဲ စိတ်ဝင်စားနေသည်။ ဒါခေါင်းထဲမှာ ချေးချည်းပဲ ရှိတာ ဟုတ်ပါ့မလား ... မော်လီရဲ့ ခံယူချက်နဲ့ ရပ်တည်မှုတို့ဟာ လူ့လောကနှင့် သွေဖီနေသယောင် ရှိသော်လည်း သူ့ဟာနဲ့သူတော့ မှန်နေသလို ရှိကာ စိတ်ဝင်စားဖို့ ကောင်းသည်။

"ဒါဖြင့် နင့်ယောကျ်ားက နင့်ကို ပေါင်းချင်ရင် လာပေါင်းလိုက် ... ရန်ဖြစ်ရင် ဆင်းသွားလိုက် ... ဘယ်လိုလဲ မော်လီရယ် ... ညီမဘက်က နစ်နာလွန်းအား ကြီးမနေဘူးလား"

"မပေါင်းပါဘူး ... အစ်မတို့က ပေါင်းတယ် ... ပေါင်းတယ်နဲ့ ဘာတွေကို သတ်မှတ်နေကြတာလဲ ... ဒါကြောင့်အစောတည်းက ပြောသားပဲ ... ဘယ်သူလဲ ကျွန်မယောကျ်ားလို့ ... ရဲထွန်းကို ဆိုလိုတာ ဆိုရင်တော့ ရဲထွန်းက ကျွန်မယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ... တစ်ခါတလေကျ ခင်လို့မင်လို့ရသော ... တစ်ခါတလေကျရင်တော့ အမြင်ကတ်စရာ သတ်ပစ်ချင်လောက်အောင် ကောင်းသော ... မိတ်ဆွေကြီးပဲ ..."

ဒီတစ်ခါမှာတော့ မအေးသက်တင်"ဟယ်"ခနဲ ဖြစ်ရတာမဟုတ် ... မိုးမြင့်ထက်လည်း ပါးစပ်အဟောင်းသားတောင် ဖြစ်ချင်သွားရသည်။ မအေးသက် ခမျာမှာတော့ ... "ဟယ်"ပြီးတာနဲ့ ... "အင်း ... အဲ"သံတွေ ဆက်ထွက်နေကာ စကားစကိုတောင် ဘယ်ကနေ ပြန်စရမလဲ မသိနိုင်တော့လောက်အောင်ဝင်း ခဏကြာမှ မိုးမြင့်ထက်လည်း ဘေးနားမှာ ငုတ်တုတ်ကြီး ရှိနေပြီး အားလုံးကိုလည်း ကြားပြီး၊ သိပြီး ဖြစ်နေပြီးပြီမို့ မထူးတော့သည့်ပုံနှင့် ... မျက်နှာပူနေဟန် မရှိတော့ဘဲ ...

"ညီမရယ် ... နင်တို့ချင်း တရားရုံးမှာ ပေါင်းဖို့ပဲဖြစ်ဖြစ် ကွဲဖို့ပဲဖြစ်ဖြစ် ... ဘယ်နှခါပဲ လက်မှတ်ထိုးထား ထိုးထား မြန်မာ့ထုံးတမ်းဥပဒေမှာတော့ ... ရှေ့ခုနစ်အိမ် ... နောက်ခုနစ်အိမ် အသိအမှတ်ပြုထားရင် အဲဒါ လင်မယားပဲဟဲ့၊ နင် ပြောသလို မိတ်ဆွေကြီးတွေ ဘာတွေ ပါးစပ်ထဲရှိရာ လျှောက်ပြောထားလို့ ရပါ့မလား ..."

"ဒါဆိုရင်တော့ ပိုလို့တောင် ဟုတ်သေး ... ကျွန်မတို့အိမ် ရှေ့မှာက ဘောလုံးကွင်းကြီးနဲ့ အဲဒါကကျော်ရင် စက်ရုံပဲ ရှိတယ် ... ဘာခုနစ်အိမ်မှ မရှိဘူး ... နောက်ဘက်မှာတော့ စိမ်ကိန်းမြေက ခုမှ အကွက်ချတာ ... တိုက်ခန်းတွေရှိ





လာဖို့တော့ ရှိပါတယ် ... ဒါပေမဲ့ ခုမှ မြေတူးတုန်း ... ဖောင်ဒေးရှင်းချတုန်း ..."

"ဟဲ့ မော်လီ ... နင် အပြောရကျပ်မနေနဲ့ ... ရှေ့နဲ့နောက်မှာ မရှိရင်လည်း ... ဘေးဘယ်ညာမှာတော့ အိမ်တွေရှိမှာပဲ ..."

မအေးသက်က ဝင်ပြောဖို့ ပြင်ပြန်သော မော်လီ့ကို ဖြန်းခနဲ ရိုက်ထည့်လိုက်ကာ ...

"စကားကို လိုက်ကပ်မယ် မစဉ်းစားနဲ့ ... နင်တို့အိမ်ကို လွင်တီးခေါင်ထဲမှာ တစ်လုံးတည်းကွက်ပြီး သွားဆောက်ထားတာပါ ဆိုရင်လည်း ... နင်နဲ့ ရဲထွန်းတို့ဟာ အိမ်ထောင်သည်တွေအဖြစ် လူတိုင်းက အသိအမှတ် ပြုထားကြတာပဲ ..."

"ဘယ်သူကများ အသိအမှတ်ပြုလို့လဲ ... လူတကာ မသိမှာစိုးလွန်းလို့ ... တစ်နိုင်ငံလုံး မသိ,သိအောင်ကို 'အသိအမှတ်မပြုပါ'လို့ သတင်းစာအစောင်စောင်မှာ ... တရားဝင်ထုတ်ဖော်ကြေညာထားကြတဲ့ဟာပဲ ..."

"ငါ အသိအမှတ် ပြုတယ်ဟယ် ... ကဲ ..."

မော်လီ့ ထံမှ တမင်သက်သက်ကြီး ထုတ်ဖော်ဖြစ်ညှစ်ပြီး ရယ်လိုက်သံ "တဟီဟီ"ထွက်ပေါ်လာပါသည်။

"ကျွန်တော်လည်း အသိအမှတ် ပြုပါတယ် ... နှစ်ယောက်ရှိပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



မော်လီက မိုးမြင့်ထက် ထံသို့ အထူးတဆန်းပုံစံကြီးနှင့် လှည့်ကြည့်လာသည်။ ဒီတစ်ခါမှာ ထွက်ပေါ်လာသော မော်လီ့ ရယ်သံကတော့ အစစ်ပဲ ဖြစ်လိမ့်မည်ဟု မိုးမြင့်ထက်က မှန်းဆနိုင်သည်။

"သိပ်ရယ်ရတာပဲ ..."

"ကျွန်တော်တို့ နောက်ထပ် လူဆယ့်နှစ်ယောက်လောက် ခပ်မြန်မြန် ရှာလိုက်ရင် ကောင်းမယ်ထင်တယ် မအေးသက်၊ တစ်အိမ် လူတစ်ယောက်နှုန်း အသိအမှတ်ပြုတဲ့ သဘောပေါ့ ... လူဆယ့်လေးယောက် ... အိမ်ဆယ့်လေးအိမ် ..."

ဒီတော့မှ မအေးသက်လည်း ရယ်ဖြစ်လိုက်ကာ တင်းမာလာပြီဖြစ်သည့် စိတ်တွေ အတန်ငယ် လျော့ပါးသွားဟန် ရှိပါသည်။ နို့မို့ဆိုရင်တော့ ... နောက်တစ်မိနစ်လောက်ဆိုရင် ကရုဏာဒေါသောတွေ ဝေနေတဲ့ မအေးသက်နဲ့ ... တခြားလူတစ်ယောက်ကို မကျေနပ်တာနှင့်ပဲ ကြုံရာလူကို ဖမ်းရွဲ့ပစ်တော့မည့် မော်လီတို့ ညီအစ်မချင်း မိုးမြင့်ထက်ကို အလယ်ထားကာ ထသတ်ကြတော့မည့် အခြေအနေလောက်တောင် ရှိနေနိုင်ပြီ။

"နင်လေ ... နင် ... အလကားနေရင်း သက်သက်ရွဲ့ဖို့ စောင်းဖို့ပဲ စဉ်းစားနေ ... ကိုမိုးမြင့်ကို ဘယ်လောက် အားနာဖို့ ကောင်းသလဲ ... သူ့မှာ ပိုက်ဆံကုန်ခံပြီးလည်း မုန့်လိုက်ကျွေးရသေး ... မိတ်ဖြစ်ဆွေဖြစ်တောင် မရှိလိုက်ရဘဲ ... သတ်ပွဲနဲ့တင် ပြီးသွားတယ် ..."





"အထူးအဆန်းတွေ ကြားရလို့လည်း ဗဟုသုတ တိုးပါတယ် ..."

"ကိုမိုးမြင့်ရေ ... အဲဒီ ငရွဲ့မနဲ့တော့ မပြောချင်ဘူး ... ဒီ့ပြင်လူသာဆို သူ့ကို ဘယ်လိုဟာမပါလိမ့်လို့ ထင်ကြမှာ ... ကိုမိုးမြင့်ကတော့ ပြောစရာ မလိုဘူး ..."

ထိုညီအစ်မတို့ မသိရှိကြသည်မှာ ရွှေရင်အေးဖိုး အကုန်ခံလိုက်ရသော ပိုက်ဆံလေးရာငါးဆယ်နှင့် မကအောင် တန်ဖိုးရှိသည့် သတင်းများကို မိုးမြင့်ထက်က သမီးထံ ဝမ်းသာအားရ ဖုန်းလှမ်းဆက်နိုင်ခဲ့ခြင်းပင် ...

"သမီး ... ရဲထွန်းနဲ့ မော်လီ ဆိုတာ ကွဲသလား ပေါင်းသလား မသေချာလှတဲ့ လင်မယားစုံတွဲပေါ့ ..."

"ကိုမိုးမြင့်က ဘယ်လိုလုပ် သိသလဲ ..."

"အဲဒီ မော်လီနဲ့ကို စကားပြောခဲ့ရတာပဲ ..."

"ဟယ် ... အဟုတ် ... တကယ်ပဲလား ..."

"အမယ်လေး ... မိုးမြင့်ကို ... ဒီလို ... အထင်ကြီးစမ်းပါ ... သမီးရဲ့ တစ်စုံတစ်ယောက်ကတော့ ထိုနှစ်ယောက်ရဲ့ ဝင့်ကြီးဝင့်ငယ်ခံပေါ့ ..."

"ဒီလောက် သိရုံနဲ့လည်း မပြီးသေးပါဘူး ကိုမိုးမြင့်ရယ် ... အဲဒီနှစ်ယောက်ဟာ တကယ်ပဲ အဲဒီရက်ပိုင်းက ခိုးပြေးဖြစ်ကြတယ် ... ခုထိ ကွဲသလား ပြတ်သလား မသေချာ

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကွာစိဖြစ်နေကြတယ် ဆိုတာတွေ မှန်တယ်ဆိုရင်တောင်မှ ... ဖေဖေ ပြောတဲ့ ... သူ့ ခိုးသွားဖြစ်တယ်ဆိုတဲ့ တစ်ယောက်ဟာ မော်လီ ပါလို့မှ မပြောနိုင်တာ ... မော်လီပါ ဆိုရင်တောင်မှ 'ဘာလို့လဲ ... အဲဒီတုန်းက ရဲထွန်းက ဘယ်ရောက်နေခဲ့လို့လဲ' ဆိုတဲ့ မေးခွန်းက ရှိသေးတယ်_ ခုဟာကတော့ ... တခြားတစ်ယောက်လည်း ဖြစ်နေနိုင်သေးတာပဲ ..."

သမီးက မိုးမြင့်ထက်ကို သူ့အကြောင်းများကို "၏၊သည်"မလွဲ ပြန်ပြောထားပြီးပြီပဲ ဖြစ်ပါသည်။

"သူ့ သွားဖွင့်မေးလို့ သူ ပြန်ဖြေတာကိုလည်း သမီးက ယုံချင်မှ ယုံဦးမှာကိုး ... ဒီလိုလုပ်ပါလား ... တစ်ခုခုတော့ ပြတ်ပြတ်သားသား ရှင်းသွားအောင် ... မော်လီနဲ့ ဘဘနဲ့ တွေ့ပေးလိုက် ..."

"ဟင်း ... ရမယ် ... စောင့်နေ ... ဘယ်သူက လိုက်ကြည့်ပေးမှာလဲ ..."

"ဘဘက လိုက်မကြည့်နိုင်လည်း ... မော်လီက ဘဘဆီ သွားပေါ့ ..."

"ဩော် ... အင်း ... ဟုတ်တယ် ... ကိုယ်နဲ့လည်း ဘာမှ မပတ်သက်တဲ့ သူစိမ်းကြီးကို အဲဒီလို အမိန့်သွားပေးလို့ ရမလား ..."





"အမယ်လေး ... ဉာဏ်နည်းလိုက်တာ ... အမိန့်ပေးတာ မှဟုတ်တဲ့ ဒီပြင်နည်းနဲ့ပေါ့ကွယ့်"

"ကွဲကွဲပြားပြား သိရတော့ရော ... ဘာထူးမှာလဲ ..."

"အေးလေ ... အဲဒါဆိုလည်း ဘာကိစ္စ ... 'ကိုမိုးမြင့်ကြီးရေး ...'လို့ အကူအညီတွေ လာတောင်းခဲ့သေးလဲ ..."

မိုးမြင့်ထက်ရဲ့ လေသံကြောင့် သမီးက တခိခိ ...။ ဒါပေမဲ့ သမီးရဲ့ ရယ်သံခများ ... "လူခဆိုတာက အလာစားနော် ... သမီးတို့များ ... ရွေးတတ်ပါ ..."ဟု ဆိုလိုက်သောအခါတွင်တော့ "တိ"ခနဲတိတ်လျက် ... "ကိုမိုးမြင့်"ဟု မသက်သလို၊ ခပ်တည်တည်နှင့် သတိပေးသလို ဆို၏။ သမီးလည်း ဒီပုပ်ထဲက ဒီပဲ ...။ ဒီဂိုဏ်းဝင် ...။ မိုးမြင့်ထက်အပေါ် ... "မိန်းမစိတ်များ ဝင်နေသလားဟဲ့"ဆိုတဲ့ သံသယတစ်ပိုင်းနဲ့ ဆက်ဆံနေတယ်ဆိုတာ သိပ်ကို သေချာနေတော့တာပါပဲ ...။

အဲဒါတွေကြောင့်လည်းပဲ မိုးမြင့်ထက်က ကိုယ်တိုင် အစဆွဲကိုင်မိပြီဖြစ်သော ကိစ္စတစ်ခုကို ပိုပြီးအောင်မြင်ချင်ရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ယောက်ကို သူ့စိတ်ထဲ တွေ့မိပြီဆိုရင် ... အဲဒီလူက သူ့အပေါ် ခင်ခင် မခင်ခင် ...၊ ဘာထင်ထင် ... သိပ်ကြီး ဂရုစိုက်နေမိတော့ဟန် မရှိဘဲ ... သူ နေချင်သလို ... နေတတ်သလို ... သူ့ဆန္ဒရှိရာပဲ သူကြည့်တတ်တော့မည့်ပုံရသော မော်လီက ... မကြာမြင့်မီ ရက်တစ်ရက်အတွင်းမှာပဲ ... မိုးမြင့်ထက်ရဲ့ဆိုင်သို့ ထပ်ရောက်လာခဲ့လေသည်။

"ကိုမိုးမြင့်ရေ ... မော်လီ သွားစရာ လာစရာရှိတဲ့ နေရာလေးတွေကို ကားရော လူပါ လိုက်အကူအညီ ပေးမလား"

ခါတိုင်းလို ဆိုရင်တော့ ဘယ်လောက်ကြီးပဲ အသိအကျွမ်းတိုးကာ ခင်မင်သူ ပေါချင်ချင် ... မိုးမြင့်ထက်ဟာ ကိုယ့်ရဲ့အလုပ်ချိန် အတွင်းမှာတော့ ဆိုင်ကိစ္စကို သိပ်ထိပါးမခံတတ်ဘဲ ... ကိုယ့်အလုပ်အပေါ် အတော်ကလေး စည်းကမ်းရှိသူတစ်ယောက် ဖြစ်ပါသည်။ ဒါပေမဲ့ ဒီတစ်ခါကိစ္စတွေမှာတော့ ကိုယ့်ရဲ့စိတ်ဆန္ဒက တစ်မျိုး ...။

ကြီးကြီးအပေါ်မှာလား ... သမီးအပေါ်မှာလား ... ဒါမှမဟုတ် ဟိုအကောင် လူခ အပေါ်မှာလားတော့ မသိရဘဲ ... "ဒါလည်း ဝင်ပါပဲ"ဟု ညည်းညူမိရုံမျှနှင့်ပင် ... မိုးမြင့်ထက်က





သူ့သဘော သူဆောင်လှသည့် မိန်းမတစ်ယောက်ရဲ့နောက်သို့ ကောက်ကောက်ပါအောင်ပင် လိုက်လာမိတော့၏။

တကယ်တမ်းကျတော့ ... သွားလာနေရသည့်ကိစ္စတွေဟာ ဘာမှလည်း ထိထိရောက်ရောက် မရှိ ... အရေးမပါလှ။ မသွားလည်းဖြစ်သော နေရာများချည်း ဖြစ်လို့နေနေတော့တာမို့ ...

"ကဲ ... ရည်ရွယ်ရင်းလေး တစ်ဆိတ်လောက် ရှင်းပါဦး ဒေါ်မော်လီရယ် ... ခင်ဗျားမှာတော့ အားလပ်နေပေမဲ့ ကျွန်တော်ကတော့ ကိုယ့်အလုပ်နဲ့ကိုယ် ဆိုတာလည်း ခင်ဗျား သိရက်နဲ့ ..."

မော်လီက "တဟီဟီ"နှင့် ပြုံးစိစိ ...

"မဟုတ်မှလွဲရော ... ခင်ဗျားရဲ့ မိတ်ဆွေကြီး ဆိုသူကို ကလိချင်နေတာမှ ဟုတ်ရဲ့လား ..."

"ဉာဏ်ပြေးလှချေလားရှင် ..."

"အဲဒါ ဉာဏ်ပြေးတာ မဟုတ်ပါဘူး ... ကြုံရပေါင်းများလို့ ရိုးနေတာပါ ... ဒီမျက်ခွက်ကြီးတစ်ခုက ဒီလိုကိစ္စမျိုးမှာတော့ အင်မတန်မှ အသုံးတည့်သလေ ..."

"အမယ်လေး ... ကိုမိုးမြင့်ရယ် ... သူများ စိတ်မကောင်းအောင် မလုပ်ပါနဲ့ ... ဒီနေရာမှာ ခင်တာမင်တာ ဆိုတာရော မပါရတော့ဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ခင်မင်တယ် ဆိုတဲ့ လူတစ်ယောက်ရဲ့ ခေါင်းတစ်လုံးကိုတော့ ဘယ်သူကမှ အရိုက်ခံရမဲ့ နေရာမှာ ငှားသုံးမိကြမယ် မထင်ပေါင်ဗျာ ..."

ကိုယ်ထင်ရာပဲ ကိုယ်လျှောက်လုပ်နေဖို့ စိတ်ကူးလောက်သာ ရှိပုံရသည့် မော်လီပင် မိုးမြင့်ထက်ရဲ့ စကားတွေမှာ ခပ်ငိုင်ငိုင် ဖြစ်သွားပါသည်။ မပွင့်တပွင့် ခပ်တိုးတိုးနှင့်လည်း ...

"ရှင်က ခင်မင်စရာကောင်းတဲ့ လူထူးလူဆန်းတစ်ယောက်ပါပဲ ..."

"ကျေးဇူးတင်ပါတယ် ..."

မိုးမြင့်ထက် ခမျာ ... သူ့ယောက်ျားဆိုတဲ့ မောင်,ကိုမြင်ဖူးတွေ့ဖူးတာလည်း မဟုတ် ...။ ခုနေ ကိုယ့်ရှေ့ "ဘွား"ခနဲ ပေါ်လာပြီး ရိုက်ချလိုက်ရင်တောင် ရှောင်နိုင်မှာ မဟုတ်တာ သေချာလှပါသည်။ မော်လီကတော့ ဘာတွေ တွေးမိသွားသည် မသိဘဲ ... ရုပ်ကတော့ တည်တည်ငြိမ်ငြိမ် အရိပ်အယောင်တွေ ဘာတွေ သမ်းလာလျက် ...

"ကိုမိုးမြင့်လည်း ဒီအရွယ် ရောက်နေပြီပဲ ... ကြုံဖူးတွေ့ဖူးမှာပေါ့"

"မကြုံဖူး ... မတွေ့ဖူးပါဘူး ..."

"အို ... ရှင်ကလည်း ... နှစ်ဖက်သတ် မဟုတ်ရင်တောင်မှ တစ်ဖက်သတ် လောက်တော့ ..."





"ကျွန်တော့်ဘက် တစ်ဖက်ကမှ စ,မသတ်တာ ... တစ်ဖက်သတ် ဆိုတာလည်း မရှိဘူး ..."

"ဘာလို့ မသတ်တာလဲ ..."

"ခင်ဗျား ပြောပုံက မသတ်မိတာပဲ အပြစ်ဖြစ်ရဦးမလိုလို ပါလား"

"ရှင့်တော့ မပြောတော့ဘူး ... ရှင်က လူထူးလူဆန်းပဲ ဟာ ... တစ်ဖက်မှ မသတ်ဘူးရင်လည်း ကြားဖူးနားဝ လောက်တော့ ရှိရမယ်"

"အဲဒီလောက်ကတော့ ရပါတယ် ..."

မော်လီက မိုးမြင့်ထက်ကို "ဟင်း"ခနဲ မျက်စောင်းရွယ်ပစ်လိုက်ကာ ...

"ခုမှပဲ လိုရင်းကို ပြောခွင့်ရတော့မယ် ... ရှင်ကြားဖူးသလောက်နဲ့ ဆိုရင်ကော ... ယောက်ျားတစ်ယောက်နဲ့ မိန်းမတစ်ယောက်တို့ရဲ့ အချစ်ဆိုတဲ့ အရာကို ရှင် ဘယ်လိုမြင်သလဲ ..."

မော်လီ့လို ကိုယ်ထင်ရာပဲ ကိုယ်လုပ်မည့် ကိုယ့်သဘော ကိုယ်ဆောင် မိန်းကလေးမျိုးကို မပြောပါနဲ့ ...။ တခြား မိန်းမကြီး,ငယ် တော်တော်များများတို့ဟာလည်း မိုးမြင့်ထက်ကို ဆိုလျှင် သူတို့ရဲ့ ချစ်ရေးချစ်ရာ အမှုကိစ္စတွေကို တင်ပြအကူအညီ တောင်းဖို့ သိပ်ဝန်မလေးတတ်ကြတာ မိုးမြင့်ထက်ရဲ့ ရေးဘဝက ပါလာသော အရည်အချင်း တစ်မျိုးပဲ ဖြစ်မည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ်မတော့ ... မိန်းကလေးချင်း မဟုတ်ဘဲ ယောကျ်ားလေးတစ်ယောက်ထံမှ "မှတ်ချက်"ကို လိုချင်၍ တခြား ယောကျ်ားတစ်ယောက်ယောက်ကို (ခင်ခင်မခင်ခင်) သွားရင်ဖွင့် မိနေလျှင် ... မိန်းကလေးတွေအတွက် သတိပြုဆင်ခြင်စရာက ... "တော်မှတော်ပါ့မလား ... သူ့လာပြီး ရေလာမြောင်းပေး လာလုပ် နေတယ်လို့ တစ်လွဲတွေးရင် မခက်ပါလား"စသဖြင့်တွေကို ရှင်း ချိန်နေရပါဦးမည်။

မိုးမြင့်ထက်ကို ဆိုလျှင်တော့ ... (အဲဒီလို ရှင်းရှင်း ရိုင်းရိုင်းကြီး တစ်ခါမှ ဖွင့်မပြောဘူးကြပေမဲ့) "ငါ့များ ရေလာ မြောင်းပေး လာလုပ်နေလေရော့သလား"ဆိုတဲ့ အတွေးဟာ ... မိုးမြင့်ထက် အဖို့ ..."တွေးစရာလား"ပေါ့ ...။ သဘောကတော့ "ကိုယ့်ရုပ်ကိုယ်သိ"ဆိုတဲ့ သဘော ...။ အဲဒီလိုတွေနှင့်ပင် မိုးမြင့် ထက်ဟာ မိန်းမကြီး,ငယ်တို့ရဲ့ အလွယ်တကူ ရင်ဖွင့်ရဲစရာ အကောင်းစား သတ္တဝါကြီးကို ဖြစ်လို့ ...။

"မမော်လီတို့ နှစ်ယောက်က ဘာတွေ ခက်နေကြတာ လဲ"

"ဟုတ်ပါ့ရှင် ... ကျွန်မလည်း အဲဒါကိုပဲ တွေးနေမိတော့ တာပဲ ..."

"ငယ်လင် ငယ်မယား၊ ငယ်ရည်းစားတွေပဲ မဟုတ်လား"

"ဒါပေါ့ ... နှစ်ယောက်စလုံး First love ချည်းပဲ ..."





"ဒါနဲ့တောင် ..."

ဒီလောက်ဆိုရင်တော့ မော်လီဟာ (မလိမ်မညာတတ် သူဆိုရင်) သမီးရဲ့ကောင်လေးနဲ့ မချစ်မကြိုက်၊ (အဆုံးထိပြော ရရင်)မညားခဲ့တာလည်း သေချာသလောက်တော့ ရှိပြီ။

"မပြောတတ်ပါဘူး ကိုမိုးမြင့်ရယ် ... ကျွန်မတို့ချင်း ရိုးမြေ ကျ ... အိုကြီးအိုမအထိ ... ရွှေရတု၊ စိန်ရတုမင်္ဂလာပွဲတွေ ကြံရလိမ့်မယ်လို့ ရှင်ထင်သလား"

"ဟား ... အဲဒီလူတစ်ယောက်ကိုလည်း ကျွန်တော်က တစ်ခါမှ မမြင်ဖူး ... ခင်ဗျားတို့ အကြောင်းတွေလည်း ဘာမှ ရေရေရာရာ ဂဃနဏ မသိဖူး ... ခင်ဗျားနဲ့တောင်မှ ဆုံကြရတာ ဒါ ဒုတိယအကြိမ်လေ ..."

"ဟုတ်သားပဲနော် ... ဟား ဟား ... ဒါပေမဲ့လည်း ရှင်က လူကြားကောင်းအောင်တော့ လျှောက်ပြောကြည့်,ကြည့်ပါ လားရှင့် ..."

"လူကြားကောင်းအောင် မဟုတ်ပါဘူး ... အစစ်အမှန် မှန်းမှာပါ ... ခင်ဗျား အခုလို ကျွန်တော့်ရုပ်ကို ခေါင်းခံပြီး ခေါ်သုံးနေသေးတယ် ဆိုကတည်းက ... ခင်ဗျားဘက် တစ်ဖက်တည်းကို တွက်ရရင်တော့ အိုကေပေါ့ ... ဒီလူ့ကို ခင်ဗျား လုံးဝ မပြတ်နိုင်သေးလို့ပေါ့ ... ဒါပဲရှိတာပဲ ..."

"ဟင်း ..."



www.burmeseclassic.com

www.burmeseclassic.com



မော်လီက ကျေနပ်သလိုလို မကျေနပ်သလိုလိုနှင့် ပြုံးစိစိပါ ...။ သူက ကိုယ့်ကို စိတ်ကြိုက် အသုံးချနေတုန်း ... ကိုယ်ကလည်း သူ့ကို တစ်နည်းတစ်ဖုံနှင့် ကိုယ်ကျိုးပြန်မရှာသင့်ဘူးလား ... ဟု တွေးမိလိုက်လျှင်တော့ မိုးမြင့်ထက်က မော်လီ့ကို ပေါ်ပေါ်တင်တင်ပဲ ...

"အိမ်တစ်အိမ် ခဏလှည့်ဝင်လို့ ရမလား ..."

"ဘာလုပ်မလို့လဲ ..."

"ကျွန်တော့် ရုပ်ကြီးကို ခင်ဗျားဘက်က ခဏ ငှားသုံးပြီးပြီ ... ကိစ္စပြတ်ပြီဆိုရင် ... အပြန်အလှန် အနေနဲ့ ခင်ဗျားရုပ်ကလေးကို ကျွန်တော်လည်း ခဏ ပြန်ငှားမယ်လေ ..."

"အမယ်လေး ... ဟား ဟား ဟား ... သိပ်ရယ်ရတာပဲ ကိုမိုးမြင့်ရယ် ... ဟား ဟား ..."

"ကျွန်တော်ကတော့ ... ခင်ဗျားနဲ့ ကျွန်တော့်ကို တွဲရက်သားကလေး အထင်မှားစေချင်တာမျိုး မဟုတ်ပါဘူး ..."

"အဲဒီအိမ်ပေါ် လိုက်တက်ပြရမှာလား ..."

"အဘိုးကြီးတစ်ယောက်ပဲ ရှိနေမှာပါ ..."

"အမယ်လေး ... တစ်ချိန်လုံး နင်းကန်ပွင့်လင်းနေပြီး ခုကျမှ သွယ်ဝိုက်ကြားကောင်းအောင်တွေ လုပ်နေမြန်ပြီ တက်ဆိုလည်း တက်ပေါ့ ... ဘာဖြစ်လဲ ... ရှင်နဲ့ ကျွန်မနဲ့ လင်မယားပါလို့ အဲဒီအဘိုးကြီးကို သွားမပြောရင် ပြီး တာပဲ ... ရှင် သိတယ်နော် ... ကျွန်မက ကျွန်မရဲ့မိတ်ဆွေ





ကြီးနဲ့ ပြီးပြတ်နိုင်သေးတာ မဟုတ်ဘူး ... နောက်ဆက်တွဲတွေ ရှင်းမရ ဖြစ်ကုန်အောင်တော့ ရှင် မလုပ်နဲ့ ... ကျွန်တာ အိုကေ ..."

မော်လီသည်ကား ဤသို့တည်း ...။ မော်လီမို့လို့လည်း ဒီကိစ္စက ဒီလောက်လွယ်ကူနိုင်မှာမှန်း မိုးမြင့်ထက်ကလည်း သိပြီးသားလေ ...။ သမီးတို့အိမ်ကိုရောက်တော့ အဘိုးကြီးရဲ့ကားကို တွေ့ရသဖြင့် မိုးမြင့်ထက်က လေတစ်ချက်တောင် ချွန်လိုက်မိသည်။ ကားရှိနေရင် အဘိုးကြီး အပြင်မသွားဘူးပေါ့ ...။

"ဟိတ် ... ကိုမိုးမြင့် ... ပြီးရင် ရှင့်ကိစ္စဆိုတာကို ပြန်ပြောပြမလား"

"မကူညီချင်ရင်လည်း ကားပေါ်မှာပဲ နေခဲ့ပါ ... ခုချက်ချင်းတော့ မပြောနိုင်သေးဘူး ... တစ်ချိန်ချိန်ကျရင်တော့ ပြောကောင်း ပြောပြမယ်"

"အောင်မာ ... ကားပေါ်က မဆင်းဘဲ ချန်နေရစ်တော့ ရော ... ရှင်က အိမ်ထဲက အဘိုးကြီးဆိုတာကို ပြတင်းပေါက်နားထိခေါ်ပြီး ကားထဲက ကျွန်မကို လက်ညှိုးညွှန်ပြလို့ ရနိုင်တာပဲ ... အဲဒီလောက်တော့ မအ,သေးပါဘူး"

မော်လီက ကားပေါ်မှ ဆင်းလာခဲ့ပါသည်။ အိမ်တံခါးကို ဘဲလ်နှိပ်တီးလိုက်သော် ... အဘိုးကြီးက အိမ်ထဲမှထွက်လာပါသည်။ မိုးမြင့်ထက်ကို မြင်တော့ ... ရုတ်တရက်ပင်မှုန်



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ကုပ် ...။ မိုးမြင့်ထက်ရဲ့နောက်မှာ မိန်းကလေးတစ်ယောက်ကိုပါ မြင်လိုက်ရတော့ ဗိုရှပ်ပင် မှုန်ကုပ်ကုပ် ...။

"ကြီးကြီးများ ရှိပါသလား ... ဘာဘာ ..."

ခုလေးတင် ကိုယ့်ဆိုင်က ထွက်ခါနီး ကြီးကြီးဒေါ်သက်ပိုင် ရှိရာ ဆိုင်မျက်စောင်းထိုးကို လက်လှမ်းပြ နှုတ်ဆက်ခဲ့သေး၍ ဒေါ်သက်ပိုင်ကတောင် မိုးမြင့်ထက်ရဲ့ နောက်ပါးက မိန်းကလေးတစ်ယောက်ကိုပါ လှမ်းမျှော်ကြည့် မျက်လုံးကြီး ပြူးနေခဲ့သေးပေမဲ့ ... ဒီအိမ်သို့ နေရင်းထိုင်ရင်း ရောက်လာစရာ အကြောင်းပြကိစ္စက ဒါပဲရှိတာ မဟုတ်လား ...။

"ဟာ ... အန်ကယ် ... အန်ကယ်ကြီး ..."

လူကြီးနှင့် လူငယ် ကွာခြားသည်မှာ ဒါပဲဖြစ်ပါသည်။ ဦးမော်နိုင်က မျက်မှောင်ကုတ်ကုတ်နှင့် ဘာလိုလိုသာ ရှိနေဆဲမှာပင် မော်လီက ဦးအောင် မှတ်မိသွားခဲ့လေပြီ။ မိုးမြင့်ထက်ရဲ့ ရင်ထဲ "ဒိတ်" ခနဲတောင် ဖြစ်သွားရသည်။ ဒါဆိုရင် ...။

မော်လီရဲ့ ခုန်ပေါက်မတတ် နှုတ်ဆက်သံကြောင့် သူလည်းပဲ မှတ်မိသွားပြီ ဖြစ်ဟန်တူသည့် ဦးမော်နိုင်မှာ နဂိုမှုန်ကုတ်သော မျက်နှာကြီးတစ်ခုလုံး မည်းမှောင်ပုပ်အဲ့လို့ သွားရတော့ကာ ... တံခါးဖွင့်ပေးပြီးသည်နှင့် မကော်င်းတတ်လှသည့် လူမှုရေးအရ မော်လီထံ တစ်ချက်လောက်သာ လှမ်းပြုံးပြနှုတ်ဆက်လိုက်သည်။





"အန်ကယ် ကျွန်မကို မှတ်မိတယ်နော် ... ဟုတ်လား ... အဲဒီညက သေချာတောင် နှုတ်မဆက်လိုက်ရဘူး အန်ကယ်ရယ် ... သေချာကျေးဇူးတင်ဖို့ဆိုတာ ဝေးရော ... ဟဲဟဲ ... အားနာလိုက်တာ ..."

"ကိစ္စမရှိဘူး ... ဖြူးကနေ ရန်ကုန် ပြန်ဖြစ်လိုက်သလား ... ဟုတ်လား"

"ဟီဟိ ... အန်ကယ့်ကို ဒုက္ခပေးမိသလိုတော့ ဖြစ်သွားတယ် ... ဒါပေမဲ့ ... ကားရောက်လာတော့ မန္တလေးဘက်ပဲ ပြန်သွားဖြစ်လိုက်ကြတယ် ... ဟိ ... ကျွန်မရဲ့ခင်ပွန်းကတောင်မှ ..."

ဦးမော်နိုင်က မော်လီ့ရဲ့ စကားကြောင့် ပိုပြီး မသက်မသာ ဖြစ်သွားရသည့် သဏ္ဌာန်ကြီးနှင့် ... မော်လီဘက် မြန်မြန်မေးဆတ် ပြုံးပြကာ စကားကို ဖြတ်ပစ်လိုက်ရင်း ... "Excuse me "ဟုပါ တစ်ဆက်တည်း ဆိုလိုက်ကာ ... မိုးမြင့်ထက်ကိုတော့ အိမ်ထဲဝင်ဖို့ လက်ဟန်ခြေဟန်ပြရင်း ... "ဟော့ကောင် ခဏ" ... တဲ့ ...။ သူ့သဘောချည်း သူဆောင်တတ်သော မော်လီလည်း သူ့ထက်ဆိုးသည့် ဦးမော်နိုင်နှင့် တွေ့မှပင် ... စကားကြီးတစ်ပိုင်းတန်းလန်းနှင့် အိမ်ထဲတောင် ဝင်ခွင့်မရဘဲ အိမ်ပြင်တင် ရပ်ကျန်ရစ်ရလေသည်။

"ဟော့ကောင် ... မင်း အဲဒါ ဘာသဘောလဲ ... ဘာလုပ်ရပ်လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျာ ... ဘဘ ..."

အခြေအနေကတော့ မလှပြီ ...။ "ဘူး" ခံ ဟန်လုပ်နိုင်မှ သက်သာမည်ဆိုတာ မိုးမြင့်ထက်က ရိပ်စားမိလိုက်ပေ ကိုယ့်ဘာသာကိုယ်တောင် အန္တရာယ်က လွတ်အောင် မနည်းကြည့်ရှောင်ရမည့် အချိန်မျိုးမှာ ... သမီးကို မြင်ယောင်ပြီးလည်း မိုးမြင့်ထက်က စိတ်မကောင်း။ ကောင်မလေးတော့ ကံဆိုး ထင်ပါရဲ့ ...။ ရုပ်ကလေး ချောသလောက် (ခုပုံအရဆို) အကျင့် သိပ်ကောင်းပုံ မရသည့် ဟိုသတ္တဝါကောင်ကိုပဲ ဖိထောင်းနေ လား။

ခုနကတော့ သူ့ရဲ့မိတ်ဆွေကြီးကိုပဲ ငယ်လင်ငယ် မယား ငယ်ရည်းစားပါဆိုတဲ့ မချောကရော ဘယ်လို ဘယ် ဖြစ်ပြီး ဦးမော်နိုင်ကြီးရဲ့ စွပ်စွဲမှုနဲ့မှ ကွက်တိ လာကိုက်နေပြ သည် မသိ ...။

"မင်း ဒီအိမ်ကို ဒီကောင်မလေးကို ခေါ်လာပြတာ ပြောနေတာ"

"အာ ... ဘဘ ... ဟို ... ဟို ... သားက ကြီးကြီး လာ ..."

"တိတ်စမ်း ... မမ ဆိုင်ထွက်မယ်ဆိုတာ မင်းက ဘာ မသိရမှာလဲ ..."

"သားက ဒီနေ့ ဆိုင်မထွက်ဘူး ဘဘ ..."





ပြောပြီးမှ ... ညနေ သူ့အစ်မ ပြန်လာလို့ ... "ဒီနေ့ ဟိုကောင် မိုးမြင့်ထက် ဆိုင်ထွက်သလား" လို့ သူ့အစ်မကို တစ်ချက်လောက် ဖောက်ကြည့်လိုက်ရင်တော့ "ခွပြီ" ...ဟု တွေးရင်း ကျောစိမ့်လိုက်မိသေးသည်။ မတတ်နိုင်တော့ပါ ...။ နောက်ကိစ္စ သည် နောက်မှ ...။

"ဒါဖြင့် အဲဒီကောင်မလေးက ဘာလဲ ..."

"သား ... မိတ်ဆွေပါ ..."

"မမနဲ့ ဘာပတ်သက်သလဲ ..."

"ကြီးကြီးနဲ့ ဘာမှ မပတ်သက်ပါဘူး ... သားဘာသာ သူနဲ့ ကိစ္စရှိလို့ အပြင်ထွက်လာရင်း ... ဒီနားရောက်တော့ ကြီးကြီးတို့အိမ်ကို လမ်းကြုံနေတာနဲ့ ... အဲဒါနဲ့ ... အကယ်၍ ကြီးကြီးများ ဆိုင်မထွက်ဖြစ်ခဲ့ရင်လို့ ..."

"မမ ဆိုင်မထွက်ဖြစ်ရင် ဘာဖြစ်လဲ ... အဲဒီကောင်မလေးနဲ့ တွေ့ပေးဖို့လား ..."

"အာ ... ဘဘ ... သူက သပ်သပ်ပါ ... ဘဘတို့နဲ့သိနေကြတာတောင် သား မသိပါဘူး ... ကြီးကြီးနဲ့ရော ... သိကြလို့လား ..."

မိုးမြင့်ထက်က အလစ်မှာ ပြန်မေးခွန်းထုတ်လိုက်သမှဲ့ အဘိုးကြီးကတော့ အလစ်မမိပါ ...။ မိုးမြင့်ထက်ကိုသာ မျက်မသုန် ကြည့်နေရင်း ...

"မင်းတို့ကိစ္စ ဆိုတာကရော ... ဘာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ ..."

"မင်းနဲ့ အဲဒီကောင်မလေးနဲ့ကကော ဘာကိစ္စတွေ ရှိနေတာလဲ ..."

အဘိုးကြီးဟာ သူ့ဟာနဲ့သူ စိတ်ဆောင်နေတာနဲ့မဲ သူများတကာရဲ့ အရေးကိစ္စတွေမှာပါ ... ပါမှန်းမသိ ဝင်ပါစွက်ဖက် စပ်စုနေမိပါရော့လား ဆိုတာ သူ့ဘာသာပင် တွေးမိဟန်မတူပါ ...။ သူ့ရဲ့ဟန်ပန်က မိုးမြင့်ထက်ကို ဆိုရင်တော့ သူ့အနေနဲ့ ဘယ်လိုပဲဖြစ်ဖြစ် မေးခွင့်ရှိ ... ခြယ်လှယ်ပိုင်ခွင့်ရှိသည် ဆိုသည့်ဟန်မျိုး အလိုလိုနေရင်းကို အထက်စီးက ဖြစ်နေလေသည်။ စိတ်တိုစရာလိုလိုပေမဲ့ ... မိုးမြင့်ထက်ကတော့ ရယ်ပုံရယ်ချင်ပါသည်။

မိုးမြင့်ထက်က တစ်လုံးလောက်တော့ ပစ်သွင်းလိုက်ဦးမည်ဟု ရည်ရွယ်လျက် ...

"သူ့ယောက်ျားနဲ့ ပတ်သက်ပြီး ..."

"ဘာ ..."

"ဟို ... ဟို ... သူ့ယောက်ျားလေ ဘဘ ..."

"မင်းက အဲဒီအကောင်ကို ဒီကောင်မလေးရဲ့ ယောက်ျားမှန်း ဘယ်တုန်းက သိနေတာလဲ ... မင်း အဲဒီအကောင်နောက် တချောင်းချောင်းပါအောင် လိုက်နေခဲ့တုန်းကတည်းက ... မင်း သိပြီးပြီဆိုရင် ငါ့ကို မင်း ပြောပြခဲ့ရမှာပေါ့ ... မင်း ဘာကောင်လဲ ..."





"ဘဘ ပြောတာ သဘော နားမလည်ဘူး ... သူ့ယောက်ျား ရဲထွန်းနဲ့ ဘဘနဲ့က ဘယ်လို ... သားကရော ... ရဲထွန်းရဲ့နောက်ကို ဘယ်တုန်းက ..."

မိုးမြင့်ထက်ရဲ့ ပိပိရိရိ အကြောင်းရိုက်မှုမှာ ဦးမော်နိုင်တစ်ယောက် ခပ်ကြောင်ကြောင်ပင် ဖြစ်သွားပါသည်။ "သူ့ယောက်ျားက ဘယ်သူတဲ့ ..."ဟု ဓဝေဓဝါသံနှင့် ဆိုလွင်တော့ အကွက်ဝင်စပြုပြီဖြစ်သဖြင့် မိုးမြင့်ထက်က "ရဲထွန်းလေ ဘဘ"ဟု သွက်သွက်လက်လက်ပင် ဖြေလိုက်၏။ အဘိုးကြီးမှာ ခပ်ကြောင်ကြောင် ဘဝကနေ အူလည်လည်ချာလည် ပါနိုင်သွားတော့ပုံနှင့် နောက်ဆုံးမှာတော့ ...

"ကဲ ... ကဲ ... သွား သွား ... ပြန်တော့ ... ပြန်တော့ ... မင်းတို့တွေကြားမှာ ကြာကြာနေရင် ငါပါ ရူးလိမ့်မယ် ... အဲဒီကောင်မလေးဟာ မလွယ်ဘူး ... လုံးဝမလွယ်ဘူး ... ငါ သိတာက တစ်ယောက် ... မင်းပြောနေတာက တစ်ယောက် ... ကဲ ... ကဲ ... ပြန် ... ပြန် ... ဘာမှမဟုတ်တော့ဘူး ..."

ဦးမော်နိုင်က မိုးမြင့်ထက်ရဲ့ နောက်ကျောကို တွန်းမထုတ်ရုံတစ်မယ် ... အတင်းကြီး ပြန်နှင်လွှတ်လိုက်ပြီးလျှင် ... မော်လီကိုပါ ပြန်ပြီး မျက်နှာချင်း မဆိုင်လိုတော့ပုံနှင့် ... သူ့တစ်ယောက်တည်းရှိသည့် အိမ်မှာ သူပဲ အိမ်ရှင်ဖြစ်ရက် ... ဧည့်သည်တွေအပြန်ကို တံခါးပင် လိုက်ထွက်မပိတ်တော့ပါချေ ...။



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထက် တစ်ယောက်တည်းသာ ခပ်တည်တည် ပြန်ထွက်လာပြီး အိမ်တံခါးကို အပြင်ကနေသော ပြန်ပိတ်ပေးနေလျှင် မော်လီက ဟိုဒီကြည့်ရင်း ... "အန်ကယ်ကြီးရော ..."တဲ့။

"ရှိတယ်လေ ... အထဲမှာ ..."

"ဟင် ... ဘာလို့လဲ ..."

သို့သော် ... သူက ဝမ်းပန်းတသာ နှုတ်ဆက်၊ ကျေးဇူးစကားပင် ဆိုခဲ့သလောက် ...၊ သူ့ကို အိမ်ထဲလည်းဝင်ခွင့်မပေး။ အပြန်မှာတောင် အိမ်ရှင်ပီပီ အိမ်ရှေ့ထိတောင် ပြန်လှက်မလာတော့သည့် ဦးမော်နိုင်ရဲ့ အကျောကြီးကြီးပုံစံကို ပြန်တွေးမိနိုင်သွားလျှင်တော့ မော်လီက ခပ်စူစူနှင့် ဘာမှ ဆက်မေးမြန်းမနေတော့ပေ ...။ မချိုမချဉ်ရုပ်နှင့် ဖြစ်နေသော မိုးမြင့်ထက်ဘက်ကိုသာ လှည့်ပြီး ...

"ဒီရုပ်ကို ဘယ်လို အသုံးပြန်ချခဲ့သလဲ ဆိုတာ ပြောနိုင်ပြီလား ..."

"ခင်ဗျား 'သမီး'ကို သိသလား မမော်လီ ..."

"ဘယ်သူ ..."

"သမီး ..."

"ခုနက အဘိုးကြီးက ..."

"သမီးရဲ့ အဖေလေ ..."

မော်လီ့ ထံမှ "တောက်"ခေါက်သံ ကျယ်ကျယ်တစ်ခု ထွက်ပေါ်လာပါသည်။ အင်း ... သမီးဘက်က သူ့ကို





ကြည်လင်လှသလို ... သူ့ဘက်ကလည်း "သမီး"ဆိုတာနဲ့တင် တောက်ခေါက်သံကြီးက ကျားဟိန်းသံအလား။

"သူတို့ကို ဘာသွားပြောတာလဲ ..."

"ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောတော့မယ် ... အဘိုးကြီးက ခင်ဗျားနဲ့ လူခကို တွဲရက်မြင်ထားတယ် ... အဲဒီတော့ ခင်ဗျား ခိုးရာလိုက်တယ် ဆိုတာ ဘယ်သူနဲ့လဲ ... ခင်ဗျားယောကျ်ားက ဘယ်သူလဲ ဆိုတာ သိချင်တယ်"

မော်လီက မခိုးမခန့် ခနိုးခနဲ့ ပြုံးရင်း ... "ဒုက္ခတွေ သိပ်ရောက်နေကြတယ်ပေါ့ ... ဟုတ်လား"ဟု ဆိုလိုက်ပါသည်။

"ဘယ်သူက သိချင်တာလဲ ... အဘိုးကြီးကလား"

မိုးမြင့်ထက်က ပြန်မဖြေ ...။ မော်လီက မိုးမြင့်ထက်ကို "လက်စသတ်တော့ ရှင်က သမီးရဲ့ စပိုင်ပေါ့လေ"ဟု လှောင်ပြောင်သံနှင့် ဆိုလိုက်၏။ သူ့မျက်လုံးတို့ကတော့ အတော်ပင် ဒေါ်ဆိုးနာကျင်နေဟန်နှင့် ရှိလေသည်။

"ကျွန်တော့်ကို ခင်ဗျားအနေနဲ့ အဲဒီလို တစ်လွဲတွေ ဖြစ်နေရတဲ့ အကြောင်းရင်းကို ရှင်းပြနိုင်မလား ... ကျေးဇူးပြု၍ ..."

"ကျွန်မက ရှင့်ကိုဘာကိစ္စ ကျေးဇူးပြုရမှာလဲ ... ဝါသနာမပါလိုက်တာ ... ရှင် သိထားဖို့က တစ်လွဲတွေ ဖြစ်တယ်ဆိုကတည်းက တစ်လွဲတွေ လုပ်လို့ပဲ ... ခိုးရာလိုက်တ

www.burmeseclassic.com



ကတစ်ယောက် ... ယောက်ျားဆိုတာက တစ်ယောက်ပဲ မြင်တဲ့အတိုင်းပဲ ... ဘာလုပ်ချင်သလဲ ..."

မော်လီဟာ အစွမ်းကုန် ရွဲ့စောင်းပြီး ထင်ရာလျှောက်ပြောရမှာကို ဝန်မလေးသော ... သူ့စကားတွေရဲ့ အကျိုးဆက်ကိုလည်း ဂရုစိုက်တတ်သူ မဟုတ်သော မိန်းကလေးမှန်း မိုးမြင့်ထက်က သိပြီးဖြစ်ပါသည်။ ဖြစ်နေသည့် အဖြစ်အပျက်ကြီးကိုလည်း (ဦးမော်နိုင်ပါ အသက်သေရှိရက်) မော်လီ ကိုယ်တိုင်ကပါ "ဒီအတိုင်းပဲ"ဟု ဝန်ခံပါရက် ... လက်ခံနိုင်ဖို့ကို ခဲယဉ်းနေသေးတာပါ။ မော်လီက ဝန်ခံလိုက်တာမို့လည်း ပိုပြီးတော့ပင် မယုံကြည်။

ဒါပေမဲ့လည်းကြုံနေရတာက အဲလိုကြီးပဲ ဖြစ်နေသည်။ သမီးကို "တိတိလင်းလင်းလေး သိသွားကြရအောင်ပေါ့" ဟု ပြောခဲ့ပေမဲ့ တကယ်တမ်း တိတိလင်းလင်းကလေး သိသွားရတဲ့အခါကျတော့ မိုးမြင့်ထက်မှာ စိတ်ကုန်လက်ကုန်ပင် ဖြစ်ရတော့မလို ရှိပါသည်။



## အခန်း(၅)

"မင်း ... ငါ့ကို တစ်ခုတော့ ကူညီမှ ဖြစ်မယ် ဟောကောင်ရာ ... ဒီကိစ္စက မင်းပဲ ထတ်နိုင်တယ် ..."

"အသွင်မတူ အိမ်သူမဖြစ်" ဆိုသည့် စကားကိုတော့ လူခေါ ရှေးစကားပုံမို့ မပယ်ရဲပေမဲ့ ... အသွင်လည်း တူပေမဲ့ ... အိမ်သူလည်း ဖြစ်ခဲ့ပေမဲ့ ... သင်းတို့နှစ်ယောက် ဘာကြောင့်များ မြဲမြဲမြံမြံ မရှိကြသလဲ ... ဟုတော့ စောဒက တက်ချင်နေမိပါသည်။ ဒီလောက် အသွင်တူကြတဲ့ အချင်းချင်းဖြစ်ရက် ...။ ရဲထွန်းနဲ့ မော်လီရော ...။

ရဲထွန်းက မော်လီလောက် ဖွတ်ကြီးမဆန်ဟု ပြောလို့ရမလိုလို ရှိပေမဲ့ သူသည်လည်း တစ်မျိုးတစ်ဖုံ ဆိုသလိုလေ ...။

"ရဲထွန်းရာ ... ငါ့ဟာနဲ့ငါတောင် စိတ်ဒုက္ခ လူဒုက္ခ ရောက်နေရတဲ့အထဲ ... မင်းကိစ္စဆိုတာက မင်းနဲ့ မော်လီပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား ... မင်းတို့ကိစ္စဆိုတာက ဒီတိုင်း ပစ်ထားလိုက်လည်း အချိန်တန်ကျ ကောင်းရင် ပြန်ကောင်းနေမှာပဲ ... လိုက်ကူညီဖြည့်ဆီးပေးလည်း ကူညီရတဲ့လူပဲ အရှုံးကြီးဖြစ်ရတာမျိုးနဲ့ ကြုံချင်ရင် ကြုံရမှာပဲ ... ငါ့မှာသာ ကြိုးစားလို့လည်း မရ ... ရှေ့တိုးမလွယ် ... နောက်လည်းပြန်ဆုတ်လက်လျှော့တာမျိုး မလုပ်နိုင် ... ဒီကြားထဲ ကြားကားဝင်ဆွဲမလိုလို အကောင့်မျိုးက ရှိနေသေး ...”

“ဟာ ... တူတယ်ကွာ ... တူတယ် ...”

“ဘာတူတာလဲ ... မင်းတို့နဲ့ ငါနဲ့ လုံးဝမတူဘူး ... လာမပူနဲ့ ... ငါကမှ တကယ်ဒုက္ခရောက်နေတာ ... မင်းတို့ဟာက ဘာမှ ဖြစ်စရာမရှိဘဲနဲ့ ဖြစ်နေကြတာ ... အလကားဟာတွေ ... သူများဒုက္ခပေးဖို့ပဲ ကြည့်နေကြတယ်”

“ဟာ ... ဆော်လှချေလား ...”

“ဆော်ရမယ်လေ ... ဘာတွေ လာတူနေသေးလဲ ... မင်းတို့က ဘာမှပြဿနာမရှိဘဲ သူများကို ဒုက္ခပေးရရုံသက်သက် ပြဿနာရှာနေကြတာ ... ငါတို့ကငါတို့ချင်း လုံးဝပြဿနာကင်းတယ် ... သူများ ဝင်ရှုပ်လို့ ... သူများလာပေးထားတဲ့ ပြဿနာတွေကြောင့် ဒုက္ခရောက်နေကြရတာ ... အဲဒီ သူများဆိုတာလည်း တခြားလူ မဟုတ်ဘူး ... မင်းတို့နှစ်ယောက်ပဲ ... ကဲ ... ဘာတူဦးမလဲ ... ဒီလောက်လုံးဝဆန့်ကျင်ဘက်ကြီးကို ...”





ရဲထွန်းက တကယ်ပဲ စိတ်ဆိုးမာန်ဆိုး ဖြစ်နေသည့်လူခကို ခဏ အသာလွှတ်ထားပေးပြီးမှ ... ရလောက်ပြီထင်သည့်အချိန်တွင် ... အသံပျော့ကလေးနှင့် ...

“တူတယ် ဆိုတာက ဒီလိုလေကွာ ... မင်းပြောတဲ့ကြားကားကိစ္စ ...”

“ဘာ ... မင်းမိန်းမက ဘယ်လိုလဲ ... အဲဒီဟာမ ... ဒီတစ်ခါမြင်ရင် အသေသတ် ... ခေါင်းဖြတ်ပစ် ... တောက်”

“မင်းကလည်း ... မင်းမှာလည်း ဒီကြားကားကိစ္စက ရှိနေရက်နဲ့ ... ကိုယ့်လူကိုယ်ကျတော့ ခေါင်းမဖြတ်ဘူးလား ... ငါ့မိန်းမကျမှ ရက်ရက်စက်စက် ...”

“ဟေ့ကောင် ... ငါတို့က သမီးရည်းစားချင်းပဲ ရှိသေးတယ် ... ကြိုက်သလို လှုပ်ရှားခွင့် ရှိသေးတဲ့ အချိန်မှာတောင် ... အဲဒီကိစ္စက သမီးရဲ့ဆန္ဒ လုံးဝမပါနိုင်ဘူး ... ဒါ လူကြီးတွေ သက်သက် အဓိပ္ပာယ်မဲ့ ထားတာကွာ ... မင်းဟာမကတော့ အိမ်ထောင်လက်ရှိကြီး ... သူ့လူကြီးတွေကလည်း မနိုင်လို့ကို ပစ်ထားတာ ... ဒီတော့ သူ့သဘောချည်း လုံးလုံးပဲ ... သူပါ,ပါနေလို့ ကြားကောင်က ကပ်လို့ရတာ ... အပြစ်ရှိတယ် ... သမီးနဲ့ လာမနှိုင်းနဲ့ ...”

“မင်းဟာလေ ... အဲဒါကြောင့် မင်းနဲ့ မော်လီနဲ့ မတည့်တာ ...”



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့ကော တည့်လို့လား ... ပိုဆိုးမနေဘူးလား... ဒီမှာ မဟုတ်ကောင်း ရှင်းရှင်းပဲ ပြောလိုက်မယ် ... တစ်ခုခု ဖြစ်ပြီဆိုရင်လည်း ညှောင်နာနာအသံ ... သောမလိုရှုပ်နဲ့ ... မင်းပဲ မပြတ်နိုင်တာ ... အဲဒီတော့ ရှင်းရှင်းပဲ လုပ် ... ဒီတစ်ခါ ပြန်ပူးပြီးရင် ... ယောကျ်ားမာနတွေ ... လက်ရည်တူချင်းတွေ ... တစ်ပြေးညီ အခွင့်အရေးတွေ ... ဘာမှလေ ရှည်မနေနဲ့တော့ ... ဟိုဟာမ ဘာပဲလုပ်လုပ် ... ထိုင်ခွင့် လွှတ် ... သွားဖြဲလေးနဲ့ သည်းခံ ... ဒါဆို အိုကေပြီ ..."

"ဩော် ... မင်းက ဒါ ယောကျ်ားချင်း ရိုင်းပင်းတဲ့ အကူအညီမျိုးလားကွာ ... မင်းဟာက တစ်ဖက်သတ်ဘက်ပင်းထားတာ အသိသာကြီး ဖြစ်မနေဘူးလား ..."

"ငါ ကူညီနိုင်တာကတော့ ဒီလောက်ပဲ ... ဒီအကြံကိုမှ လက်မခံနိုင်ရင် ... နောက် ဘာအကူအညီမှ လာမတောင်းနဲ့ ... ရှင်းရှင်းပြောရရင် ... လာမရှုပ်ကြနဲ့ ... ငါသည်းခံမနေနိုင်တော့ဘူး ... အကယ်၍ ခုကိစ္စမှာ ငါတို့နှစ်ယောက် တကယ်ပြတ်ကြပြီ ဆိုရင်လည်း မင်းတို့နှစ်ယောက်ကို ကောင်းကောင်း အရေးယူစရာကိစ္စ ကျန်သေးတယ်လို့ မှတ် ... ဒါ ငါ ကြိုပြောထားတာပဲ ..."

ရဲထွန်းမှာ ကိုယ့်အဖြစ်ထက် သူ့အဖြစ်ကဆိုး ... ဆိုသလို ... ကိုယ့်ကိစ္စကို ထုတ်ဖော်ညည်းညူမည့် ကြံကာမှ ... လူခရဲ့ အမိကပစ်မှတ်က ကိုယ်တို့လင်မယားပဲ လာဖြစ်နေသည့်





အတွက် ... အတော်ကြာကြာကလေး ငြိမ်ကုပ်သွားရပြန်ပါသည်။ သို့ပေမဲ့ အကြာကြီးတော့လည်း ငြိမ်ကုပ်မနေနိုင်ပါ ...။ လူခပြောသလို ... "မင်းဟာမကာ အိမ်ထောင်လက်ရှိ ... သူပါ,ပါနေလို့ ကြားကောင်ကပ်လို့ရတာ ..." ဆိုတာကြီးကပဲ သူ့နားထဲက မထွက်နိုင် ဖြစ်နေသည်။

အမှန်ကတော့ လူခထံ အကြံနဲ့ အကူအညီသာ လာယူတာ ... မော်လီကို "သူပါ,ပါနေတာ" ဆိုတဲ့အထိ ရဲထွန်းက မတွက်မိသေးတာ အမှန်ပါ။ တွက်ကော တွက်စရာလား ...။ ကားတစ်စီးပေါ်မှာ နှစ်ယောက်တွဲ ... "တဟဲဟဲ" တွေ ဖြစ်နေကြဟန်ဟာ ... ရဲထွန်း ရင်ထဲ အူနကျွဲခတ်သလို အကြည့်ရဆိုးလှပေမဲ့ ... ဒါဟာ အဲဒီလို လှုပ်ခပ်ခပ်တွေ မဖြစ်ဖြစ်အောင် မော်လီရဲ့ အကြံအဖန်ပဲ ဆိုတာကိုတော့ ရဲထွန်းက မသိဘဲ နေပါ့မလား။ မသိစရာလား ... ဥပမိချင်းက လားလားမျှကို မဆိုင်တာပဲဟာ။

ရဲထွန်းမှာ မော်လီနှင့် ပတ်သက်လျှင် သူ့ကိုယ်သူ အတော်ကြီး သိသည်ဟု ထင်မိပါသည်။ ဥပမာဆို ... မော်လီနှင့် လူခ ...။ သူ့ထက် အများကြီး စောပြီး အကျွမ်းတဝင် ရှိခဲ့ကြပေမဲ့ ... ကြည့်လိုက်တာနဲ့ ပူစရာမလိုဆိုတာ သူသိသည်။ ဒီလိုပဲ ခုတစ်ယောက်ဟာလည်းပဲ "တမင်သက်သက်ကြီး" ဆိုတာ သူသိပါသည်။

သိပင်သိသော်ငြား ... သူ့မိန်းမကိုသာ သူ သိပေမဲ့ ... အဲဒီ အစုတ်ပလုပ်ကောင် တစ်ကောင်ကိုမှ သူ မသိတာ ...။



www.burmeseclassic.com

www.burmeseclassic.com



သွားကြီးဖြိုးပြီး "တဟဲဟဲ"ရယ်နေလိုက်တာများ ... ဒီရုပ်ဒီ‌ကြော်ကလေးနဲ့ ကလေးမတစ်ယောက်ကို အကြောင်းမရှိဘဲ သူ့အနေ ရနိုင်ကောင်းလောက်သည်ဟု ထင်နေသေးသော ရုပ်များလား မသိ ...။ သတ္တိက အရှိစားကြီး မဟုတ်လို့သာ ...။ နို့မို့ဆို ... ကားချင်း ခေါင်းတည့်တိုက်ပြီးမှ ... သေနေတဲ့ ရုပ်အလောင်း လည်ပင်းထပ်သွစ်တာမျိုးတွေ ဘာတွေ ... တစ်ခါတည်း လုပ် လိုက်မိမည် ...။

ရဲထွန်းမှာ လူခနှင့် အပြိုင် လူကောင်က ကြီး သလောက် ... ဘယ်အရာမဆို အဖော်ကလေးနဲ့ ကြံရမှ သတ္တိ နိုင်တာမျိုးမို့ ... ဒီလောက် အထက်စီးကနေ ဒေါသထွက်ပြ သည့် လူခကိုပဲ ခယယ လာလုပ်နေရခြင်း ဖြစ်ပါသည်။

"သနရုပ်ပ ဆိုရင်လည်း မပြောပါဘူးကွာ ... မော်လီသား စိတ်ချမ်းသာမယ် ဆိုရင် ..."

လူခ လှည့်ကြည့်လာသဖြင့် ရဲထွန်းက သူ့စကား သူ ရုပ်ပစ်လိုက်သည်။ ပြီးမှ နားငြီးဒေါပွလို့ ကြည့်လာတာ မဟုတ်ဘဲ ... ကိုယ့်စကားကို နားထောင်လိုသည့်ပုံပဲ ရနေ သဖြင့် ...

"အရုပ်ကလည်း လူစဉ်မမီဘူးကွာ ... ခြေကလည်း ... များလို တစ်ဖက်မ,ကဘူး နှစ်ဖက်လုံး ဆာနေတယ် ထင် တယ် ..."

"Wheel Chair (ဘီးတပ်ကုလားထိုင်)နဲ့လား ..."





"ဟင့်အင်း ... ကားတောင် မောင်းနေဘာပဲ ... ကားပေါ် ကလည်း လမ်းဆင်းလျှောက်တာ တွေ့ပါတယ် ..."

"လမ်းလျှောက်နိုင်၊ ကားမောင်းနိုင်ပါတယ် ဆိုမှ ... ခြေ ကနှစ်ဖက်စလုံး ဘယ်လိုလုပ် ဆာမလဲ ..."

"မသိဘူးကွာ ... ခြေနှစ်ဖက်လုံး ဆာနေတာ မဟုတ်ရင် တော့ ... အတော် အမြင်ကတ်စရာကောင်းတဲ့ လမ်းလျှောက် ပုံပဲ ... ရိုက်ပေါက်ကွ ... ဟန်ကလည်းများလိုက်သေး ... မျက်လုံးတွေက ပြုံးမလို မှေးမလို ..."

"ဆန့်ကျင်ဘက်ကြီး ဖြစ်နေတယ်ကွာ ... တစ်ဖက်ဖက်ကို ရွေး ..."

"မရွေးနိုင်ဘူး ... အဲဒီအတိုင်းပဲ ဖြစ်နေတာ ... နှာခေါင်း ကကျတော့ ... ပြားပွပြီးတော့မှ လန်ကောက်နေတယ် ... နှာခေါင်းတစ်ခုတည်းနဲ့ ပုံစံလေးမျိုး ဖြစ်နေတာ မင်းမြင် ဖူးလို့လား ... ပြား၊ ပွ၊ လန်၊ ကော,က်"

လူခထံမှ ရယ်သံကြီး ထွက်လာသဖြင့် ... ရဲထွန်းခမျာ လည်း မသက်မသာနှင့် ရောယောင်ရယ်လိုက်ရကာ ...

"ထိပ်ပြောင်ပြောင်နဲ့ကောင်တွေ ... ကပ္ပလီလို ဆံပင်ကောက် နေတယ်ဆိုရင်တောင် ... ဒါခန့်တယ်လို့ 'ပြောနိုင်သေး တယ် ... ခုတော့ကွာ မင်းပဲ မြင်ကြည့်စမ်းပါ ... ထိပ်က လည်း ပြောင်လိုက်တာမှ ... အဲဒါကို ဆံပင်ကလေးက



www.burmeseclassic.com

www.burmeseclassic.com



ဖြောင့်စင်းပြီး ပခုံးကျော်တယ် ... ပြီးကျတော့ ပါးပါးလေး၊ ငါ့လာရွဲ့နေသလိုပဲ ...”

လူခမှာ ရယ်ပြီးရင်းသာ ရယ်ရင်း ...

“ပါးစပ်မှာ သွားတွေက သူ့အလိုလို ပေါက်နေတာမှ မဟုတ်ဘဲ ...တစ်ယောက်ယောက်က စည်းမရှိ ကမ်းမရှိနဲ့ နောက်ပြန်ပစ်ထည့်ထားတာမျိုး ... ပါးစပ်က စေ့လို့တောင်မှ မရဘူး ...”

“တော်တော့ ... တော်တော့ ...”

“ရှိသေးတယ် ပြောစရာတွေ ...”

“မပြောနဲ့တော့ ...”

“မင်းက ရယ်ချည်းနေ ... ငါ့မှာ အဲလိုကောင်နဲ့မှ ပြိုင်ရမယ်လို့ ... တောက် ... အဲဒီဟာမတော့ ... မင်းပြောတာလည်း ဟုတ်တာပဲ ... ဒီတစ်ခါ မြင်ရင်တော့ အသေသတ်ခေါင်းဖြတ်ပစ်မယ် ... တောက်”

“ငါ ရယ်နေတာက မင်းပြောတဲ့ မောင် ... ကို ငါသိနေလို့ပဲ ...”

“ဘာ ... မင်း သိတယ် ...”

“သိဆို ... မင်းပြောတဲ့ ‘တူတယ်ကွာ’ ... ဆိုတာ ခုမှတကယ်တူတာ ... ငါ့ကောင်ကလည်း သူပဲ ... မိုးမြင့်ထက်တဲ့ ...”





“ဘာ ... အဲဒီကောင်က ဘာကောင်လဲ ...ဘာကိစ္စနဲ့ ... ကျွတ် ... သမီးရဲ့ကြားကားကလည်း အဲဒီကောင်ပဲလား ... ဟာ ... ဘယ်လိုလဲ ... မခေပါလား ... ဟော့ကောင် လူခ ... သိပ်ကြာကြာ လွှတ်ထားလို့ မရဘူးနော် ... ဒီကောင်ငယ်ငယ်က (Beauty and the Beast) ကာတွန်းရုပ်ရှင်တွေ ဘာတွေကြည့်ပြီးများ ... ဒါမျိုး အပြင်မှာလည်း ဖြစ်နိုင်သေးရှိတယ်ဆိုပြီး စိတ်ကစဉ့်ကလျား ဖောက်ပြန်ရနေသလား ...”

“သူ့မှာ အကြောင်း တစ်ခုခုတော့ ရှိလိမ့်မယ်၊ ... ထင်တယ်”

“ဘာ ... အကြောင်း ...၊ အကြောင်းက သူ့ဘက်က ရှိစရာလား ... မော်လီဘက်က ရှိတာမဟုတ်ဘူးလား ... အောင်မာ ရာရာစစ ... မော်လီက သူ့ကို ခေါ်သုံးထားတယ်ထင်တာတောင် ငါက သင်ခန်းစာပေးချင်နေတာ ... သူကများ အကြောင်းရှိရတယ်လို့ ... ဘာအကြောင်းလဲ ... သူများမိန်းမကို ကြာခိုချင်တဲ့ အကြောင်းလား ... လာကွာ ... လူခ ... မင်း သိတယ်ဆိုရင် ... ထိုင်စောင့်မနေနဲ့တော့ ... လိုက်ရှာပြီးတော့ကို ... အမှတ်သညာလေးတွေ ပေးပစ်ရမယ်”

ရဲထွန်း တစ်ယောက် လိုက်မရှာလိုက်ရပါ ...။ သူတို့နှစ်ယောက် ရှိနေကြသည့် လက်ဖက်ရည်ဆိုင်ကိုမှ ... မိုးမြင့်ထက်က ရှာပြီးတော့ကို လိုက်ချလာခဲ့၍ ဖြစ်ပါသည်။ လက်ဖက်ရည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်လေးရဲ့ရှေ့မှာ မိုးမြင့်ထက်ရဲ့ကား လာရပ်လိုက်ပြီး ... ကားပေါ်က ခြေတစ်ချောင်းပဲ ချရသေး ... လှမ်းမြင်လိုက်ရသော ရဲထွန်းမှာ ... ထိုင်နေသည့် ကုလားထိုင်ပုလေးပေါ်မှပင် ခုန်ပြီးထရပ်လိုက်မိကာ ...

"ဟာ ... ဟာ ... ဟော့ကောင် ... လူခ ... ဟို ... ဟိုကောင် ..."

လူခက လှမ်းကြည့်လိုက်ရာ မိုးမြင့်ထက်က လက်ပြနှုတ်ဆက်လိုက်ပါသည်။ လူခက သူ့နံဘေးက ခွေးခြေပုလေးကို လက်ဖြင့်ပုတ်ပြလိုက်ကာ မိုးမြင့်ထက်ကို ဖိတ်ခေါ်လိုက်၏။ မိုးမြင့်ထက်ကား ဝမ်းသာအားရ ခပ်ပြုံးပြုံးနှင့် လျှောက်လာလေပြီ။

"ဟော့ကောင် လူခ ... ဘာလုပ်တာလဲ ..."

"စကားအေးဆေး ပြောမယ်ကွာ ... ပြန်ထိုင်ဦး ... ပြောနေရင်းကမှ မကြိုက်နိုင်တာရှိရင် ... အဲဒီခွေးခြေပုနဲ့သာ ကောက်ချ ..."

"ကောင်းပြီ ... ဒါမျိုးဆို လက်ခံတယ် ..."

"ခင်ဗျားရဲ့ရုံးတောင် ရောက်ခဲ့သေးတယ် ကိုလူခ ... နေလယ်ဆို ဒီရောက်နေတက်တယ် ဆိုလို့ ... တိုးတက်တော့မှာပဲဗျာ ..."

"ဒီမှာ ဆရာ ... ငါထက် ဆိုးနေတဲ့ လူတစ်ယောက်ကို ငါ မနည်းထိန်းထားရတာနော် ... အပိုတွေ စီမနေနဲ့ ... လိုရင်းပြော ..."





မိုးမြင့်ထက်က ရဲထွန်းဘက် လှည့်ကြည့်လာပါသည်။ ရဲထွန်းကား ကပ်ရက်စားပွဲမှာ ပိုနေသော ခွေးခြေပုတစ်လုံးဆီပဲ လက်ကတပြင်ပြင် မျက်စိက တရောက်ရောက် ...။

"ရဲထွန်းတဲ့ ... မင်း မော်လီနဲ့လည်း ကိစ္စသွားများနေတယ်ဆို ..."

"ဟား ... တွေ့ရတာ ဝမ်းသာလိုက်တာ ..."

"ဟော့ကောင် ... ဝမ်းမသာဘူး ... ကဲ ... ရှင်းစမ်း ... ရှင်းစမ်း ... ငါ့ကိစ္စကို အရင်ရှင်း ... တောက် ..."

"ဘယ်သူ့ကိစ္စ အရင်ရှင်းရှင်း တစ်ခုတည်းပါပဲ ... ဒီလို ကိုလူခ ... ခင်ဗျားနဲ့ မော်လီနဲ့ ခိုးပြေးကြတာကို ... သမီးရဲ့အဘိုးကြီးက မျက်မြင်ကိုယ်တွေ့တင်မက သူကိုယ်တိုင်ပါ ကူညီထားရတယ် ဆိုပဲ ... အဲဒါကို မော်လီကလည်း 'ဟုတ်တယ်'တဲ့ ... 'အဲဒီအတိုင်းပဲ'တဲ့ ..."

"ဟာ ..."

"ဟာ"သံကြီးက ရဲထွန်းဆီကရော ... လူခဆီမှပါ ထွက်လာသဖြင့် နှစ်သံထပ်ပြီး ခပ်ကျယ်ကျယ် ဖြစ်သွားသည်။ လူခက မြောက်တက်လာသော ခွေးခြေပုတစ်လုံးကို သူ့လက်နဲ့ အမြန် တားဆီးဆွဲယူပစ်လိုက်ရရင်း ...

"ဘယ်လိုဖြစ်တာလဲ ... ဘာတွေလဲ ..."

"ကျွန်တော်လည်း မသိဘူးလေ ... အဘိုးကြီးနဲ့ မော်လီနဲ့ တွေ့ကြတုန်းကတော့ အဘိုးကြီးက ဖြူးကနေ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဖြစ်သလားတဲ့ ... မော်လီက မန္တလေးပဲ ဆက်သွား
လိုက်တယ် ဆိုတော့ အဘိုးကြီး မဲ့သဲနေတာပဲ ..."

ဒီတစ်ခါ ကုလားဆိုင်လေးပေါက ခုန်ထလိုက်ရ
မှာ လူခပင် ဖြစ်ပါသည်။ ဦးမော်နိုင် ... ဦးမော်နိုင် ...။ အား
မှတ်မိပြီ ...။ တစ်ဆက်တည်းမှာပဲ ... ဘယ်တုန်းကမှ နံပါတ်
ကို အမှတ်မရှိတတ်သည့် ဦးနှောက်က (၄က/----)ကိုပါ
ခါတည်း အမှတ်ရလာလျက် လမ်းမဘက် လှည့်ကြည့်လိုက်
မိုးမြင့်ထက် မောင်းနှင်လာသည်မှာ ထိုကားမဟုတ်။

"(၄က/----)ရော"

"အဲဒါ အဘိုးကြီးကားလေ ကိုလူခ ... ဘာဖြစ်လို့လဲ"

"ဟာ ... ကျွတ် ... သွားပြီကွာ ... ဒီလိုလား ... အဲဒီအ
ကြီးက ဦးမော်နိုင်လား ... ဟောကောင် ရဲထွန်း ... ဟို
လေကွာ ... ဘာမြို့လဲ မသိဘူး ... အဲဒီမှာ ကားပျက်တ
က ... မင်းနဲ့ မော်လီနဲ့ ထုံးစံအတိုင်း သုတ်ကြပြီး ... မ
က မြို့ထဲမှာ ဝပ်ရှော့ဆရာ သွားရှာမယ် ငါကို မော်လီ
ကားထဲမှာပဲ စောင့်နေခဲ့ပေးလို့ ဆိုတုန်းကလေ ..."

"အေးလေ ... လိုတဲ့ပစ္စည်းက 'ရေတာရှည်'မှာမှ မရတာ
ငါနဲ့ ဝပ်ရှော့ဆရာနဲ့ ပျဉ်းမနားထိ သွားပြီးပစ္စည်းဝယ်
တယ် ... ပြန်လာတော့ မင်းတို့ မရှိကြတော့ဘူးလေ
ကားကြုံနဲ့ ရန်ကုန်ဘက် ..."

"အေး ... အဲဒီကားကြုံက သမီးအဖေတဲ့ကွာ ... ကဲ





"ဟား ... ကွက်တိပဲပေါ့ ..."

"မင်းဟာမကိုက မွှေတာပါ ... မင်းနဲ့ ရန်ဖြစ်ထားပြီး ...
မင်းက တော်ရုံနဲ့ ပြန်မလာတော့ ... သူ့ကိုထားခဲ့ပြီး ...
မင်းတော့ ရန်ကုန်ဘက် ပြန်သွားပါပြီချည်း စွပ်စွဲတာ ...
မဖြစ်နိုင်ပါဘူး ဆိုတာကို ဘယ်လိုမှ ဖြေရှင်းဖျောင်းဖျလို့
မရဘူး ... အလကားဟာမ ... တစ်ဖွတ်ထိုးမ ..."

"ဒီလို ကိုမိုးမြင့်ရ ... အဲဒီတုန်းက ..."

လူခမှာ စကားသံရောအခေါ်အဝေါ်တွေပါ ပြောင်း
လဲလာရပါသည်။

"ကျွန်တော်က ဝပ်ရှော့ဆရာ သွားရှာပြီး ... သူတို့ချည်း
ကားထဲမှာ ထားခဲ့ရင် ပြဿနာက ဒီထက်ဆိုးမယ် ...
အဲဒါကြောင့် ကျွန်တော်က နေခဲ့ပြီး သူက ထွက်ရှာတာ ...၊
အဲဒီတုန်းက ကျွန်တော်က ကျွန်တော့်ဘာသာ မန္တလေး
ပြန်တာ ... သူတို့နှစ်ယောက်က သူတို့ပဲ မနေနိုင်မထိုင်
နိုင် ကျွန်တော့် ကားပေါ် ခိုးရာတက်လိုက်လာကြတာ
လေ ...

ခင်ဗျားပဲ စဉ်းစားကြည့် ... တားမရဘဲ ကားကြုံနဲ့
ရန်ကုန် ပြန်ပါမယ်ချည်း လုပ်နေတာ ... မှောင်မည်းနေ
ပြီ ... ကြုံရာကားတစ်စီး ဖမ်းတားပြီး တက်တော့ ...
ကျွန်တော်က ဘာလုပ်ရမလဲ ... ခင်ဗျား ဆိုရင်ကော ..."



www.burmeseclassic.com

www.burmeseclassic.com



“ကျွန်တော်လည်း ခုမှတွေ့ရတဲ့ ယောကျ်ားတစ်ယောက်ကို အသက်ကြီးကြီးငယ်ငယ် စိတ်မချပါဘူး ... လိုက်သွားဖြစ်မှာပါ ...”

“ကြီးလား ငယ်လားတောင် မသိပါဘူးဗျာ ... ရုပ်ကို ... သေချာကို မကြည့်ဖြစ်တာ ... ဒီကောင် ပြန်လာရင် လိုက်လာခဲ့လို့ ... ကျွန်တော့်ကားမှာ စာရေးကပ်ပစ်ခဲ့တယ် ... သူ လိုက်လာတော့ ဖြူးမှာ မီတယ် ... မန္တလေး ပြန်သွားကြတယ် ... ဒါပဲ ...”

“အားလုံး ရှုပ်ကုန်ကြတာပဲနော် ... ခုလိုဆိုတော့လည်း အရှင်းလေး”

“ဟော့လူ ... ငါ့ကိစ္စက မရှင်းသေးဘူး ... မင်းနဲ့ ငါ့မိန်းမ ...”

လူခက ရဲထွန်းကို “ဗြန်း”ခနဲ တစ်ချက်လှမ်းရိုက်လိုက်ကာ ... “မိန်းမဆိုတာ ဒီလိုပဲ ...”ဟု စကားပိတ် ဝင်ပြောလိုက်သော်လည်း မိုးမြင့်ထက်က နားလည်နေသော ခပ်ပြုံးပြုံး မျက်နှာနှင့် ...

“ဟုတ်တယ်ဗျ ... မိန်းမဆိုတာ ဒီလိုပဲ ... ဒီလိုလူမျိုးကိုမှ ကိုယ့်လူတွေရဲ့ ပြိုင်ဘက်အဖြစ် ပြချင်ကြတယ် ... ဒါမျိုး ကူညီရပေါင်းများပြီ ... သူတို့လူတွေကို ရွဲ့ပြချင်တဲ့ မိန်းမတစ်ရာမှာ တစ်ရာလုံးလုံး ကျွန်တော့်ကိုချည်းပဲ သုံးချင်ကြတယ် ...”

“ဟာ ...”





ဒီလိုတော့လည်း ရဲထွန်းမှာ ပါးစပ်ကြီးဟပြီးတော့ပင် အားနာသွားရပါသည်။ လူခက အဲဒီအငိုက်ကိုပဲ အမိဖမ်းကာ ...

“ကဲ ... အားလုံး နားလည်သွားကြတဲ့ အထိမ်းအမှတ်အနေနဲ့ ... မင်းကိုယ်တိုင်ပဲ ကိုမိုးမြင့်နဲ့ အတူတူ ... သမီးအဘိုးကြီးဆီ လိုက်ရှင်းပြပေးကြမယ် မဟုတ်လား ...”

လူခက မိုးမြင့်ထက်ထံ လက်ကမ်းပေးလိုက်ရာ ... မိုးမြင့်ထက်က ချက်ချင်း ပြန်ဆုပ်ကိုင်ဆွဲညှစ်ပစ်လိုက်လေသည်။ ထိုလက်ဆုပ်နှစ်ခုပေါ်သို့ ရဲထွန်းက သူ့လက်နှစ်ဖက်ကို လာတင်ထားလိုက်သည်။

❦ ❦❦ ❦

“ကာယကံရှင် မိန်းကလေးပါ ... ပါလာရမှာပေါ့ ...”

ဦးမော်နိုင်က မကြည်လင်ချင်လှသေးသလို လေသံနှင့် ပြောလိုက်သည်။ လူခက ရဲထွန်းဘက် အားကိုးတကြီး ကြည့်လိုက်စဉ် ရဲထွန်းက ...

“သူ့ အကြောင်းတော့ ... ရေတာရှည်မှာ ကတည်းက အန်ကယ်လည်း သိပြီးနေမှာပါ ... တကယ် ပြောမရဆိုရ



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးပါ အန်ကယ် ... သူ ပါမလာတာကိုတော့ ခွင့်လွှတ်စေချင်ပါတယ် ... ဒါပေမဲ့ အန်ကယ်တို့များ ချီးမြှင့်နိုင်မယ် ဆိုရင်တော့ ကျွန်တော်နဲ့သူ့ကို အန်ကယ် ဆုံရဦးမှာပါ ... ကျွန်တော်တို့ နှစ်ဖက်မိဘတွေ အစီအစဉ် နဲ့ ပွဲပြန်လုပ်ဖို့ စီစဉ်နေကြပါပြီ ...”

“ဟာ ... တကယ်လား ... ငါတောင် မသိသေးဘူး ... မင်းတို့ကတော့ကွာ ...”

“မနေ့ကညနေကပဲ အမေတို့ လာပြောတာ ... မိဘတွေ ကကွာ ... ငါတို့နှစ်ယောက်စလုံး လေပေနေသလိုဖြစ်နေ တာကို မမြင်နိုင်တော့ဘူးနဲ့ တူပါတယ်”

အလကားနေရင်း အရယ်အပြုံးတွေများပြီး တက်ကြွ နေသလို ဖြစ်နေသည့် လူခကို ဦးမော်နိုင်က တိတ်တခိုးပင် အကဲခတ်နေမိပါသည်။ အင်း ... သိပ်ပျော်နေတဲ့ပုံဆိုတော့ ... သဘောကတော့ သမီးကို တကယ်ပဲ မြတ်နိုးနေရှာတယ်ဆိုတဲ့ ပေါ့နော် ...။ သမီးလည်း ငြိမ်ငြိမ်မျှ မနေနိုင်အောင် အတော်ကြီး ပျော်နေပုံရတာ မနေ့ကတည်းက အသိသာကြီးပါပဲ ...။

မနေ့က အိမ်ကို မိုးမြင့်ထက် ရောက်လာပြီး ... ဦးမော်နိုင်ကို ရင်မဆိုင်ရဲတိုင်း ... မမနှင့်သာ တွတ်တွတ် ... တွတ်တွတ် လုပ်နေကြတာကိုတော့ အတွေ့သားပါပဲ ...။ အဲ အကောင်လေးကိုလည်း ဦးမော်နိုင်က အတော်တော့ အံ့သြပါသည်။ မမနှင့် ဈေးမှာ ဆိုင်တူတူ ထွက်ဖြစ်ခဲ့ကြပါရက် ... “သားလ





ဒီနေ့ ဆိုင်မထွက်ဘူး”ဆိုပြီး ... “ကြီးကြီးကို လာရှာတာပါ”လို့ လုပ်သွားပြီးကတည်းက ... “ဒီကောင် ဒီအိမ်ရိပ်ကို မနင်းစေနဲ့ ...” ဟု ဦးမော်နိုင်က ယတိပြတ်ကို အမိန့်ထုတ်ထားပစ်လိုက်တာ ...။

မမကတောင် ... “ငါ့အိမ်ကို ငါခေါ်ချင်တဲ့လူတောင် မခေါ်ရဘူးတဲ့တော့ ... စီးစီးပိုးပိုး ...”ဆိုတော့ ... “ခေါ်ကိုခေါ်ရ မှဆိုလည်း ခေါ်ကြည့်လေ ... ခေါ်ကြည့်လိုက် ...”ရယ်လို့ ရာဇသံ ကို ပစ်ထားတာ ...။ မနေ့က ကုပ်ချောင်းချောင်းနဲ့ ရောက်ချလာ တော့ ... “မမရော ... သင်းပါ ငါ့ကို စမ်းကြတာပဲ ...”ရယ် လို့ ... ဝုန်းဒိုင်းကြဲပစ်လိုက်ဖို့ ပြင်ဆဲ ... မမက ... “မောင်နိုင် ရေ ...လာပါဦး”တဲ့ ...။ “ဒီလိုပါ ဒီလိုပါ”တဲ့ ...။ “အဲဒါလေး လာရှင်းပြချင်လို့ပါ”တဲ့ ...။

အဲဒီကတည်းက “ဒီကောင် ဘယ်လိုကောင်ပါလိမ့်” လို့ အတော်ကြီးမှ တော်တော်ကြီးကို အံ့သြမိခဲ့ရတာပါ ...။ အရင် ကတော့ မမ ဘယ်လိုပြောပြော ... သမီး ဘယ်လိုပြောပြော ... မမက မျက်နှာသာလေး နည်းနည်းပေးရုံနဲ့ “တသားသား”နဲ့ ငါ့ သမီးကိုများ ... ဒီလိုကောင်က မှန်းချင်ရသလားလို့ ... သမီးချော ရှင်မာနနဲ့ ... အဲဒီကောင်ကို တစ်စက်မှကို ကြည့်မရခဲ့တာ ...။

ခုကျတော့ ဒီကောင့်ကြည့်ရတာ ... နောင်ဘဝကျရင် “နတ်သား”ဆုများ ပန်ထားလေရော့သလားပဲ ...။ သူလိုလူ ရှာ မှရှားမို့ ပြတိုက်များတောင် ပို့မိချင်ပါရဲ့ ...။ သူ့စရိတ် သူသွား ပြီး သူများအအော်ခံ၊ အငေါက်ခံ၊ အငြိုငြင်ခံပြီး တက်တက်ကြွကြွ

www.burmeseclassic.com



နဲ့ ကိုယ့်ကိစ္စကြီးနှယ် ... လိုက်လှုပ်ရှားပေးနေသူမျိုး ... ဒီတစ်ဦးသာ တွေ့ဖူးပါသေးသည်။

သမီးမှာလည်း ရည်မှန်းထားတဲ့သူသာ ရှိပြီးမနေရင် ... ဒီကောင့်ရုပ်ကလည်း အဲဒီလောက်ကြီး ဖြစ်မနေခဲ့ရင် ... သမီးရှင်တန်မဲ့ ဝင်စဉ်းစားကြည့်ရမလိုတောင် ဖြစ်နေသည်။

အမယ်လေး ...။ လောကကြီးများ အဆန်းတကြယ် နိုင်ပုံ ပြောပါတယ်။ မနေ့က သူ့ရင်ဘတ်လေးသူ တဖိဖိနှင့် (သမီးတောင် သူ့ရင်ဘတ် သူဖိထားတာမျိုး မမြင်ရ) ရှုရှုကလေး တခုန်ခုန် ဖြစ်နေသူမှာ ... မမ ...။ "ငါ့ယတြာကောင်းလိုက်တာ"တဲ့ ...။ "အဲဒီဆရာက တော်လိုက်တာ ..."တဲ့ ...။

"ဘာဆရာက တော်ပြီး ... ဘာယတြာက ကောင်းတာလဲ ... လာလုပ်မနေနဲ့ ... ခုကိစ္စက နဂိုတည်းက ... စောစောတည်းက သူ့အဖြစ်မှန်က ဒါပဲဟာ ... ခုမှ မမ ယတြာချေလိုက်မှ ထဖြစ်သွားတာမှ မဟုတ်တာ ..."

"ဟဲ့ ... အဲဒီလိုတော့ ဘယ်ဟုတ်ပါ့မလဲ ... ဒါပေမဲ့ ကြားထဲကနေ အားကိုးမာန်တက် ဝင်ကူညီသူနဲ့တွေ့ပြီး အားလုံးတိုက်ဆိုင် ..."

"အဲဒါဆိုလည်း မောင်မိုးမြင့်သာလျှင် တော်တာဖြစ်ရမယ် ... ဆရာတွေ ယတြာတွေနဲ့ ဘာမှမဆိုင်ဘူး ... ဒါနဲ့နေပါဦး ... မမပဲ မောင်မိုးမြင့်မှ မောင်မိုးမြင့် ကလေးဆို ... အဲဒီကောင်လေးကို ကြည့်မရပါဘူးဆို ..."





"ဟင်း ဟင်း ... မောင်မိုးမြင့်ကလေးကတော့ ဒီလိုပါ ... သူကလည်း ခင်တတ်တယ်လေ ... ဟင်း ဟင်း ... ဲကိုသူ ငယ်ကတော့ကွယ် ... ကိုယ့်သမီးကလည်း နှစ်သက်နေတာ ... သူ့မှာလည်း ဘာပြောစရာ ရှိလို့လဲ ..."

မောင်မိုးမြင့်ဆီက တစ်ဆင့် ..."မနက်ဖြန်မှာ ကြီးကြီးကိုလည်း လာကန်တော့ရင်း တောင်းပန်ပါဦးမည်"ဟု အမှာစကားပါးလိုက်တာကိုတော့ နောက်မှ ပြန်သိရသည်။ မိန်းမတွေများ ...။ "မြစ်ကဲ့သို့ ကောက်ကွေ့သည့် သဘောကို ဆောင်၏"ဆိုတာ အသက်(၆၀)ကျော်ကြီးမှာတောင်မှ အဲဒီမြစ်တို့ရဲ့ သဘောသဘာဝက လျော့ကျပျောက်ကွယ်လို့ မသွားနိုင်သေး ...။

သမီးတော့ မသိ ...။ ဟိုမိန်းကလေး မော်လီ ဆိုတဲ့ တစ်ယောက်ကတော့ ကောက်ရင်း ကွေ့ရင်းနဲ့ပင် ... မြစ်ကွေ့တွေ၊ မြစ်ကျဉ်းတွေ၊ မြစ်ကျိုးအင်းတွေဖြစ် ... အဲဒါနဲ့ ... မြစ်ကျိုးအင်း အကွေ့အဝိုင်းက ပြတ်ထွက်ပြီးရင် မြစ်က ပြန်ဖြောင့်သွား ...။ ပြီးရင် ... နေရင်း၊ နေရင်းနဲ့ ပြန်ကောက်လာ ...၊ ကွေ့လာ။ မြစ်ကွေး၊ မြစ်ကျဉ်း၊ မြစ်ကျိုးအင်းတွေ ထပ်ဖြစ်လာ ...။ ဒီလိုချည်း သံသရာလည်နေမည့်ပုံရသည်။

ဦးမော်နိုင်ကား ... ကိုယ်ထင်တာမှ အမှန် ... တစ်ယူသန်ကြီးနှင့် ဖြစ်ကိုဖြစ်ရမည် ... ဟု ယုံကြည်မှုကို သော့ခပ်ထားတတ်သည့် သူတစ်ယောက်တော့ဖြင့် မဟုတ်ပါ ...။ သဘောထားကို ပျော့ပျောင်းစွာ အမှန်ပြန်ပြင်ဖို့ ဝန်မလေးတတ်သူ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သလောက် … ကိုယ့်သမီးကိုယ်လည်း သိပ်ချစ်တတ်သူ။ အမြဲလို သဘောထားချင်း မတိုက်ဆိုင် … စိမ်းကားနေတတ်မြဲ သမီးဖြစ်သူနှင့် ဖြစ်နိုင်ရင်တော့ … အဆင်ပြေ ချောမွေ့လိုသူတစ်ယောက်ပဲ ဖြစ်ပါသည်။ အဲဒီလို လူမျိုးပဲဖြစ်နေ (ဖြစ်ချင်)တာတောင်မှ … "လူခ"ဆိုသော သမီးရဲ့ ကောင်ကလေးကို စိတ်ကခုံးခုံးကြီးကို ချကာ နှစ်လိုလိုက်ချင်စိတ် မရှိသေး။

လူခနဲ့စာရင် … ကိုယ်တိုင်က တစ်စက်ကလေးမှ ကြည့်မရခဲ့သည့် …! "တသားသား"နှင့် အင်မတန်မှ နားကြားပြင်းကပ်ခဲ့ရသည့် မိုးမြင့်ထက်ကိုမှ ချက်ချင်းပြန်ကြည့်ရ ကြည်ဖြူနေမိသေးသည်။

လူခ ဘာသာ ပျော်နေတာကို မြင်ရင်တောင်မှ … "ဩော် … ပျော်သားပဲ … ပျော်တယ်ဆိုရင်တော့ … အမှန်တကယ်မို့သာနေမှာပဲ …"ဟု တမင်ကြီး အမှတ်ပေး လိုက်တွေးပေးနေရတာမျိုးသာ ဖြစ်နေလျက် … သူပျော်တာကို မြင်လိုက်ရုံနှင့် သူ့အလိုလို … (တမင်မလုပ်ပေးရဘဲ) ရင်ထဲက နှစ်လိုလာတာမျိုး ဖြစ်မလာပါ …။ ဒါလည်း ရေစက်တစ်မျိုးပဲ ဖြစ်ရင် ဖြစ်မှာပေါ့။

မမကတော့ … "အလကား … တိုနေတာ …သမီးတို့ အဖေကြီးဆိုတာ ဒါမျိုးပေါ့ … သူ့သမီးကဖြင့် … အချိန်တန် အရွယ်ရောက် … ပညာစုံလို့ … အသက်ပဲ အစိတ်ကျော်နေပြီ… မကြာခင် အချိန်လွန် … အရွယ်ကုန် ဖြစ်တော့မဲ့ဟာကို …" တဲ့ …။





တို့နေမိသေးတာလား … ဘာလားတော့ … သူ့ကိုယ်သူ သိပ်မသိလှပါ …။ ဒါပေမဲ့ မမလိုတော့ ဟိုကုပေါက်ဆိန်ပေါက် ဦးချလိုက်ရုံနဲ့ … "မန္တလေးမှာကော … ဘယ်လိုလဲ … မိဘတွေသာရဲ့မာရဲ့လား"နဲ့ … သမီး တစ်ခါ သူ့ဆန္ဒနဲ့သူ ဇွတ်ကြီးစီစဉ်ခဲ့ချင်ခဲ့သော … မိဘလူကြီးစုံရာကိစ္စကို … တစ်လက်စတည်းပါ;စပ်ထဲထည့်ချင်ပြုချင်တွေ ရှိလာတာမျိုးတွေ … အလွယ်တကူအပြောင်းအလဲ နိုင်တာမျိုးကြီး … သူ မလုပ်နိုင်ပါ …။

သူ့မျက်နှာထားကိုကြည့်ပြီး ကလေး … လေးယောက်စလုံးခမျာ သွားကလေးတွေ အဖြီသားနှင့် …။ ဟိုမိန်းကလေး ပါမလာတာကို သူက စကားထဲ ထည့်ရမည်ရှာထားသော်လည်း ပါပါ … မပါပါ … ဒီလောက် အရေးမကြီးလှတော့တာ သူလည်း အသိသားပါပင် …။ ဂျစ်တီးဂျစ်ကန် သမီးကတော့ ဘာလိုလိုနှင့် သူ့ပေါင်ဘေး၊ လက်မောင်းဘေးတွေကို သုံးလေးခါမက ဆိတ်ဖဲ့ပြီးပြီ။

"ဖေဖေနော် … မကပ်ပါနဲ့ … ပါမလာတော့ ဘာဖြစ်လဲ … သမီးနဲ့ ဒီလောက်ကြည့်မရ … အမြင်ကတ်ကြတာ … ပါမလာတာက ပိုကောင်းသေး … ပါလာရင်တောင် … ဝင်စိတ်ပုပ်နေတာနဲ့ ပွဲက ဒီလောက်ရှင်းချင်မှ ရှင်းမှာ … ခုဟာကတော့ အရှင်းကြီးပဲ …"

အားလုံးရဲ့ ရှေ့မှာပဲ ဘာလိုလိုနဲ့ ဆွဲခေါ်သွားကာ … သူများတကာတွေ မကြားသာအောင်လည်း တိုးတိုးတိတ်တိတ်



www.burmeseclassic.com

www.burmeseclassic.com



ကိုတ်ပြောရင်း ... "စိတ်ကောက်တော့မှာနော်"ဟူသည့် ခြိမ်းခြောက်သလိုလိုဟန်ကို အတိအလင်းပင် ပြုပြီးပြီ ...။ "သူ့ကောင်လေးလုပ်ပုံက မဟုတ်"ဟု ထင်ခဲ့ကြစဉ်က ငြိမ်ကုပ်လိမ္မာဟန်လေးနှင့် ရှိခဲ့သော သမီးက ခုကျတော့ ချက်ချင်းပင် ဗိုလ်ပြန်လုပ်ကာ သူပဲ အနိုင်ယူချင်ပြန်ပြီ ...။

"ရှင်းတော့ ဘာလုပ်ရမှာလဲ ... လက်ခံသွားပဲပဲ‌ဟာ၊ ပြီးပြီပေါ့"

"ဒါပေမဲ့ ဖေဖေ့ပုံကြီးက ..."

"ဟ ... ဘာဖြစ်လို့လဲ ..."

"မှုန်တုန်တုန်ကြီးနဲ့ ..."

"ပျော်လိုက်တာကွာလို့ ... အဲဒီကောင်ကို တစ်ချိန်လုံးသွားဖက်ထားရမလား ..."

"ဟွန့် ..."

"ဒါပဲနော် ... မန္တလေးကို လုံးဝမပြန်ဘဲ ဟိုကအလုပ်တွေကို လုံးဝပစ်ထားလိုက်ကတည်းက သမီးအပေါ် ဖေဖေဘယ်လောက် စိတ်ဝင်တစားနဲ့ ပူပန်မှုရှိသလဲ ဆိုတာ သမီး သဘောပေါက်သင့်တယ် ... ဖေဖေ့ဘက်က ဖခင်တစ်ယောက်လို ပီပီသသနေရင် ... သမီးကလည်း အဲဒီအဖေရဲ့သမီး ပီပီသသ ရှိပြဖို့လိုတယ် ..."

"သမီးက ဘာလုပ်ရမှာလဲ"

"ဟိုတစ်ခါကလို ကိုယ့်စိတ် ကိုယ့်သဘောနဲ့ ဟိုဘက်ကမိဘတွေကို လှမ်းမှာတာတို့ ဘာတို့ လုံးဝမလုပ်ရဘူး ...





ဒီတစ်ခါတော့ ဖေဖေပဲ အားလုံးကြည့် စီစဉ်ဆုံးဖြတ်မယ် ... သမီးဖေဖေရဲ့နောက်မှာ ခပ်အေးအေးသာ့ပါ,ပါ ..."

"ဖေဖေ ..."

"သူ့မှာ ဘာအပြစ်မှ,မှ မရှိရင် ... သမီးအနေနဲ့ ဖေဖေ့ကို ဘာအယူခံမှ ဝင်နေစရာလည်း မလိုဘူး ... ဘာမှတွေးပြီး လိုက်ကြောက်နေစရာလည်း မလိုဘူး"

"အိုးကေ ... ခုဟာက ဖေဖေကိုယ်တိုင် ရှင်းတယ် ... လက်ခံတယ်လို့ ပြောထားတာနော် ..."

"အေးပါ ..."

သမီးက ဦးမော်နိုင်ရဲ့ အပါးမှ ခုန်ပေါက် ခုန်ပေါက်ကလေး ထွက်သွားပါသည် ...။ အစပထမတော့ သူ့ကြီးကြီးရဲ့အနားမှာလိုလို ...၊ သူ့ကြီးကြီးဖြစ်သူက ... "ကဲ ... မောင်နှမတွေ စကားပြောချေကြ ..."ဟု ထထွက်ပေးလိုက်တော့ ... မောင်မိုးမြင့်နဲ့ စကားစ မပြတ်ကြလို့ပဲ မောင်မိုးမြင့် ရှိရာ ဆိုဖာဆက်တီဘေးက ခုံတစ်ခုအနား ပြောင်းထိုင်လိုက်သလိုလို ... ဘာလိုလိုညာလိုလိုနဲ့ ... နောက်ဆုံးမှာ သမီးဟာ ... သူ့ကောင်ကလေးရဲ့ဆိုဖာခုံနံဘေးမှာ သူ့ခုံပုကလေးကိုပါ ဆွဲယူပြီး သွားကပ်ထိုင်လို့နေပါပြီ။

ကြည့်ရတာတော့ အမြင်မရိုင်းလှပါ။ မောင်ရဲထွန်းတို့ ... မောင်မိုးမြင့်တို့နှင့်လည်း ပြောပြောဆိုဆို ရယ်ရယ်မောမောတွေနှင့်ပါပဲ ...။ တစ်ခါမှာတော့ သူ့ကောင်လေးဘက် မျက်



www.burmeseclassic.com

www.burmeseclassic.com



နာမော့ကာ ... ဘာတွေမှန်းမသိ ... တိုးတိုး တိုးတိုးနှင့် ခပ်ကြာကြာ ...။ ပြီးတော့ "ဝါး"ခနဲ ရယ်ချလိုက်ကြပြန်သည်။ လှူခက သမီးရဲ့ခေါင်းကို လက်သီးဆုပ်နဲ့ လှမ်းထုမည့်ဟန်ပြင်ပြီးမှ ဇက်ပုကာ လက်ကို ပြန်ရုပ်လိုက်သေးသည်။

"အမယ်လေးတော် ... ဘာတွေ ချောင်းမြောင်းကြည့်နေရတာလဲ ... ဟိုက သိသွားရင် ရှက်စရာပါ မောင်နိုင်ရယ် ... ဒီလောက် ဖြစ်နေရင်လည်း ဝိုင်းထဲပဲ သွားပြန်ဝင်ထိုင်နေချေသွား ... ကလေးတွေက သူတို့ချည်း နေမယ် ... အဘိုးကြီးအဘွားကြီးတွေ သွားကြလို့ နှင်ထုတ်ထားတာမှ မဟုတ်တာ ..."

အစ်မဖြစ်သူ ဒေါ်သက်ပိုင်က မဲ့ကာ ရွဲ့ကာ လာပြောမှပင် ... ဦးမော်နိုင်လည်း ကိုယ့်အိပ်ခန်းထဲ ကိုယ်အမြန်လှမ်းဝင်ခဲ့မိတော့သည်။ အဲဒီ ခြောက်ဆယ်ကျော် မြစ်ကြီးတစ်စင်းလည်း ... ဘယ်အချိန်ကျ ထကောက်ကွေ့ပြန်ဦးမည် မသိ ...။ အပြောင်းအလဲကလည်း မြန်ဆန်လှကာ ... ရုတ်တရက် ဘက်ပြောင်းစီးချင်ပုံ ထောက်ရင်တော့ ... ကြည့်ရတာ "သံလွင်မြစ်"ပဲ လား မသိ ...။

ဦးမော်နိုင်ကတော့ စိတ်ထဲက လက်ခံပြီးပြီဆိုရင်လည်း သူ့လိုတော့ မာယာမများနိုင် ...။ ရုတ်တရက်လည်း ကောက်ခါငင်ခါကြီးတော့ ထပြီး လက်မခံနိုင် ...။

❦ ❦ ❦





"ဟိုမှာလည်း အခါတော်ပေးသူတွေက ပေးနေကြပါပြီ သမီးရယ် ..."

"အဲဒါကြောင့်မို့ ပြောတာပေါ့ ... အဲဒါကြောင့်မို့ ပိုသတိထားရမှာပေါ့ ... သူတို့ဘာသာ ခိုးပြေးကြ၊ ပေါင်းသလိုလို ပြတ်သလိုလို ဖြစ်နေကြတာက ဘယ်သူမှမသိဘူး ... အခုဟာကတော့ ... လူသိရှင်ကြား အသိုင်းအဝိုင်းအားလုံးကိုပါ ဖိတ်ခေါ်ပြီး အခါတော်ပေးပြလိုက်ပြီလေ ... 'မော်လီဆိုတာရဲ့ထွန်းရဲ့ မိန်းမပါ'လို့ တိုင်းသိပြည်သိ ကြော်ညာလိုက်ပြီ ... အဲဒီလို အခါမျိုးဆိုရင် ကိုယ်ကပိုပြီး ဆင်ခြင်ရမယ် ..."

သမီးက ပြုံးစိစိ လုပ်နေသော လှူခကို ... "ပြုံးမနေ"ဟု ခပ်ကျိတ်ကျိတ် မာန်လိုက်ပါသည်။

"အရင်၊ ဒါမှ သူနဲ့ ကိုယ်နဲ့ကြား တစ်ခုခု အကြောင်းရှိရင် အပျို လူပျိုချင်း ဆိုတဲ့ နာမည်မျိုးပဲ ထွက်နိုင်တယ် ... အခုဆိုရင် လူပျိုနဲ့ လင်ရှိမယားဆိုတဲ့ နာမည်ကြီး ထွက်လာမှာနော် ... ဘာမှတ်နေလဲ"



www.burmeseclassic.com

www.burmeseclassic.com

သမီးက ခပ်ကျိတ်ကျိတ်သာ ဆိုပေမဲ့ ... လူခ,ခမျာ မျက်ကလဲဆန်ပျာနှင့် တစ်ဝိုင်းတည်း ထိုင်နေကြသော သူများကိုပါ လှည့်ပတ် အကဲခတ်လိုက်ရင်း ...

"ဟာ ... တိုးတိုးလုပ်စမ်းပါဟ ... သူနဲ့ ကိုယ့်ကြားမှာ ဘာတစ်ခုခု အကြောင်းရှိလို့ ဘာနာမည်က ထွက်ရမှာလဲ သမီးရယ် ... လူကြားလို့မှ မကောင်းဘူး ... အဓိပ္ပာယ်မရှိတာ ..."

"အေးပေါ့ ... ဘာတစ်ခုမှ အကြောင်းထပ်မရှိတော့ရင်တော့ အကောင်းဆုံးပေါ့ ..."

"ဟိုကဖြင့် နှစ်ဖက်မိဘလည်း ပြန်သဘောတူ လက်ထပ်ပေးလို့ ... ဟိုတယ်ကြီးမှာ ပွဲထုတ်ညှော်ခံတဲ့ အဆင့်ပဲ ရောက်နေပြီ ..."

"ဘာဆိုင်လဲ ... အဲဒီလို လုပ်ပေးလိုက်တိုင်း ... အဲဒီနှစ်ယောက်ရဲ့ကြားမှာ ဘာပြဿနာမှ မရှိနိုင်တော့ပါဘူးလို့ ... ခ,က အာမခံနိုင်လို့လား ..."

အဲဒီလိုတော့ ရဲရဲကြီး အာမခံနိုင်ပုံ မရသဖြင့် လူခမှာ နှုတ်ပိတ်လျက်သာ ရှိနေပါသည်။ သမီးက ... ပွဲလယ်ကောင် ကော်ဇောနီကြီးပေါ်မှာ ရှေ့ဆုံးကနေ ဖြတ်လျှောက်သွားသည့် "အခန်းအနားမှူး"ဖြစ်သူကို "ဟင့်"ခနဲတစ်ချက်မြည်ကာ လှမ်းကြည့်လိုက်ရင်း ...





"ဟင့် ... ရွှေနှစ်ပြားကို ဂဟေသားသကဲ့သို့တဲ့ ဘာတို့လာတော့မယ်လေ ... အဲဒီ ဂဟေဟာ ဘယ်လောက်ခိုင်မယ် ... မခိုင်မယ် ဘယ်သူမှ မပြောနိုင်ဘူး ... ပန်းတိမ်ဆရာ လက်ရာညံ့ပြီး မကြာခင် ဖျတ်ခနဲ ပြန်ပြုတ်သွားမဲ့ ဂဟေမျိုးလည်း ဖြစ်နေနိုင်တာပဲ ..."

လူခမှာ တစ်စားပွဲတည်းထိုင် တခြားလူများကို ပြုံးပြုံးပျာပျာနှင့် ကြည့်ရပြန်ကာ ... "သမီး"ဟု သတိပေးသလို ခပ်တင်းတင်း တစ်ချက်ဆိုလိုက်သည်။ သမီးက လူခကို သိပ်ဂရုမစိုက်ပါ ...။ ကိုယ့်လေသံ အတိုးအကျယ်နှင့် ... တစ်စားပွဲတည်းထိုင် ... တခြားလူများရဲ့ အကွာအဝေးတို့ကိုပါ ချိန်ဆထားနိုင်ပြီးပြီ ဖြစ်သဖြင့် ... လူခလို ... ပြုံးပြုံးပျာပျာ ... မျက်ကလဲဆန်ပျာ ဖြစ်ရတာမျိုးတွေလည်း မရှိ ...။ သူတို့တွေ လုံးဝမကြားနိုင်အောင် ... လူခပဲ ကွက်ကြားသာနေအောင် ... ပြောနေတာပဲဟာ။

"သူများတကာက အခါတော်တွေ ပေးနေတုန်း နမိတ်မရှိနမာမရှိ ပါးစပ်ပုပ်ကြီးနဲ့ စိတ်ပုပ်နေတာ မဟုတ်ပါဘူး... သမီးက ဖြစ်နိုင်ချေ အလွန်ရှိနေတာကိုပဲ ပြောနေတာ ... ခ,ရဲ့ ... သူတို့ဘာသာ ဂဟေသားက ခိုင်ခိုင် မခိုင်ခိုင် ... သမီး ပြောချင်တာက ... ဒီတစ်ခါတော့ ... ခ,စားခုတ်ရာမှာ လက်ဝင်,ဝင်လျှိုမနေနဲ့တော့ ... ဒီမှာ ... ပြောနေတာကြားရဲ့လား ..."



www.burmeseclassic.com

www.burmeseclassic.com



"ကြားပါတယ်ကွာ ... ကြားပါတယ် ..."

"ကြားရင် ပြန်ပြောပြ ... တကယ် ကြားလို့လား ... သူ အဲဒီသတို့သား ... သတို့သမီးတွေ ရုပ်နေရာဘက်ပဲ လှမ်း လှမ်းငေးနေပြီးတော့ ..."

"သမီးကတော့ တကယ့်ဂျစ်ပဲကွာ ... ပွဲလယ်ကောင်ကြီး မှာ ..."

"ပွဲလယ်ကောင်ကြီးမှာမို့ တမင်ပြောနေတာပေါ့ ... ဒါ ထိထိရောက်ရောက်ကလေး မှတ်မိနေမှာ ... ကဲ ... ပြ ပြောလို့ ပြောနေတယ် ..."

"သူတို့ဘာသာ ဘာဖြစ်ဖြစ် ဝင်မပါနဲ့ ..."

"ဟုတ်ပြီ ... ကဲ ... ဒါဖြင့်ရင် ... ဟိုတစ်ခါကလို ကွဲထ ပြန်ပြီဆိုပြီး အိတ်ကြီးဆွဲပြီး ရောက်လာပြန်ရင်ကော ..."

"ဟာ ... အဲဒီတုန်းက နှစ်ဖက်မိဘဆွေမျိုးအသိုင်းအဝိုင် ကိုမှ အားကိုးလို့ မရနိုင်တာ ... ကိုယ့်တစ်ယောက်တည် စဉ်းစားလို့ ရသလို ဖြစ်နေတာမျိုးလေ သမီးရယ် ... တစ်ခါဆိုတာရှိလာရင်တောင် ... သူ့မှာဟိုဘက် ... ဒီဘက် အသိုင်းအဝိုင်း၊ အမျိုးအဆွေ၊ မိဘ ... တစ်ပုံကြီး ... တစ် အိမ်တစ်ရက် တက်နေနေရင်တောင် ... သူ့ယောက်ျား ပြန်ရောက်ဖို့ တစ်လလောက် အချိန်ယူရမယ် ... ဒါတောင် အိမ်စေ့ချင်မှ စေ့မယ် ..."





"သူတို့ရဲ့ ဆွေမျိုး၊ အသိုင်းအဝိုင်း၊ ရာဇဝင် ...'Family Tree' တွေ ဆွဲပြခိုင်းနေတာ မဟုတ်ဘူး ... ရောက်လာခဲ့ရင် ဘာလုပ်မလဲလို့ မေးနေတာ ..."

"ဟိုတစ်ခါကလည်း ချက်ချင်း ပြန်လိုက်ပို့တာပဲဟာ ..."

"ဒါပေမဲ့ ရှန်းရင်းဆန်ခတ် ... ဝိုဟယ် ... ရယ်ဟယ် ... ချော့မော့ဟယ် ... တွေနဲ့လေ ... ဘယ်လောက်ကြီးပဲ ကိုယ့်ဘက်ကမှန်ပါတယ် ပြောပြော ... လူမြင်လို့မှ မကောင်း ခဲ့တာ ..."

"ဒါဖြင့် ဘာလုပ်ရမလဲ ... သမီးပဲ ပြောထား ... ကိုယ်က တော့ အဲဒါကလွဲပြီး ထပ်မစဉ်းစားတတ်တော့ဘူး ..."

"အဲဒီလို အထုပ်ကြီးနဲ့ ရောက်ချလာတာနဲ့ တစ်ပြိုင်နက် ... တစ်စက္ကန့်အတွင်း သမီးဆီ ချက်ချင်းဖုန်းကောက်ဆက်ရ မယ် ... ညနက်သန်းခေါင် ဖြစ်ပစေ ... အကြောင်းမဟုတ် ဘူးနော် ... အချိန်မရှိ အချိန်ရှိကြီး ဖြစ်နေရင် ... ပိုတောင် အကြောင်းကြားရဦးမယ် ... သမီး တစ်ယောက်တည်းလာ ဖို့ မသင့်တော်ရင် ... ကြီးကြီးပါ မရ,ရအောင် ခေါ်လာ ခဲ့မယ် ..."

"အပိုင်ပဲကွာ ... သမီးကို လွမ်းလာရင် ... တွေ့ချင်လာ ရင် ... သမီးရေ ... မော်လီ ရောက်လာပြီကွ ... လို့ လှမ်း လှိမ့်ရုံပဲ"

"အေး ... လိမ် ... လိမ် ... သမီးတစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲ ... ကြီးကြီးနဲ့ပါ နှစ်ယောက်ပူးကြီး အလွမ်းပြေသွားစေရမယ် ... ကဲ ... အိုကေပြီနော် ... ဒါ အတည်ပဲ ... ကတိ ..."

"နေဦး ... နေဦး ... တစ်စက္ကန့်အတွင်း ဆိုတာတော့ ဖြစ်နိုင်ချင်မှ ဖြစ်နိုင်မယ်နော် ... ငါးစက္ကန့်၊ ဆယ်စက္ကန့်လောက် ဖြစ်သွားရင်ရော ... ရလား ..."

သမီးက လူခရဲ့ ပြောင်စပ်စပ်ရုပ်ကို ရယ်ချင်လာသလို ... ခပ်မူမူ မျက်စောင်းကြီးနှင့် တုံ့ပြန်လိုက်ပါသည်။ ထိုစဉ်မှာပင် ... အခမ်းအနားမှူး၏ လှမ်းဖိတ်ခေါ်လိုက်သံနှင့် အခါတော်ပေးသီချင်းသံက မြိုင်ဆိုင်စွာ ထွက်ပေါ်လာပေတော့ရာ ... သတို့သား ... သတို့သမီး အရန်များ ...၊ မင်္ဂလာစုံတွဲနှင့် မိဘနှစ်စုံတွဲတို့ အတန်းလိုက် အရှည်ကြီး တရွေ့ရွေ့နှင့် ပွဲထွက်လာကြပါတော့သည်။

သူတို့ရဲ့ မင်္ဂလာဧည့်ခံပွဲက ... နိုးပြေးကြအပြီး ... ပေါင်းလိုက်၊ ကွဲလိုက်၊ ပြတ်လိုက်၊ ပြန်ဆက်လိုက်နှင့် ကြားထဲမှာ အချိန်တွေ အတော်ကြီး ခြားသွားခဲ့ပြီးမှ ပြန်လုပ်ပေးသောပွဲမျိုး ဖြစ်နေတာရယ် ...၊ သတင်းစာတွေထဲမှာ နှစ်ဖက်မိဘတို့ရဲ့ ကြိမ်းမောင်းသတိပေးသံတွေ ဝေဝေဆာဆာကြီး ပါဝင်ပြီးမှ ပွဲကြီးလမ်းကြီး ပြန်ထလုပ်နေကြပြန်တာရယ်ကြောင့် ... ပွဲထွက်စဉ်မှာ ... ဧည့်ပရိသတ်တို့ထံမှ အတင်းစကားသံတွေက တလှိုင်လှိုင်ပင် ဖြစ်နေပါသည်။





ပကျိ ပကျိ တိုးတိုးသံများမှာ ... ခန်းမဆောင်ကြီးတစ်ခုလုံးအတွင်းက လူပေါင်း လေး,ငါးရာဆီမှ တစ်ပြိုင်နက်ပြုထွက်လာခြင်းမို့ "တဝေါဝေါ"သံပင်ပေါက်ကာ ... အခါတော်ပေး ဆိုနေရသည့် အဆိုတော်၏ မိုက်ကရိုဖုန်း၊ စပီကာသံကိုပင် လွှမ်းချင်ချင်ပါ ...။

ဒီကြားတည်း ... သတို့သားနှင့် သတို့သမီးတို့ကြည့်ရတာကလည်း ပွဲလယ်ကောင်မှာပင် အခြေအနေက ဟန်လုပုံမရ ...။ ပွဲကျင်းပချိန် နှစ်နာရီလောက်အတွင်း ကလေးမှာပင် ... အချင်းချင်း မျိုသိပ်စောင့်ထိန်းကာ ဟန်လုပ်နိုင်ကြပုံမရပေ ...။

သတို့သမီးဖြစ်သူက သတို့သားကို လက်မချိတ် ...။ သူ့ဘာသာ သူ့ပန်းစည်းကြီးကို လက်နှစ်ဖက်စလုံးနှင့် ကိုင်ထားပြီး ... သတို့သားကတော့ ... ဘာလုပ်ရမှန်းမသိ၊ ဘယ်လိုထားထားရမှန်းမသိ ... အားလပ်နေသည့် သူ့လက်ကြီးနှစ်ချောင်းကို ... တွဲလောင်းတောင့်တောင့်ကြီးတော့ ချမထားချင်ပုံနှင့် ... စစ်ချီတက်သလိုလို ...၊ ကျန်းမာရေးအရ လမ်းလျှောက်ထွက်နေပုံလိုလိုနှင့် ... အချက်ကျကျ ဘယ်ညာလွှဲကာ လျှောက်လာလေသည်။

ဒါကိုသတိထားမိနေကြတော့ ... ပွဲပရိသတ်အပေါင်းနှင့်တကွ ... လူခ သည်လည်း ပါးစပ်မနေနိုင်ဘဲ "တဟားဟား" ...။ သမီးကတော့ ရယ်မနေနိုင်ပါ ...။ "ဖြစ်နေကြပြန်ပြီ ... ဖြစ်နေ

www.burmeseclassic.com



ကြပြန်ပြီ”ဟု ရင်ထဲမှာ တဖျစ်စစ်နှင့် ရယ်နိုင်ဖို့ နေနေသာသာ တနုံ့နုံ့ … တကျိုကျိုနှင့် ဖြစ်နေရသည်။ တွေ့ပါလား …။ ပွဲလှ ပေးလိုက်တိုင်း … အစစအရာရာဟာ အဆင်ပြေသွားရော လား …။

ထိုအချိန်မှာ မင်းလမ်းတစ်လျှောက် လျှောက်လှမ်း လာကြသည့် သူတို့က မင်းလမ်းဘေးတလျှောက်က … အနီး နေရာ စားပွဲမှာ နေရာယူထားမိသော သမီးတို့ စားပွဲနား ရောက်ရှိလာပါသည်။ သတို့သမီးကား … စစ်ချီတက်နေသ ဟန်ပန်နှင့် သူ့ကို ပြောင်လှောင် အရှက်ရနေစေသော သတို့သ ဖြစ်သူကိုလည်း မကြည့် …။ တခြားမင်္ဂလာပွဲများမှ သတို့သ တွေလို မနို့တရို့လေး မျက်လွှာချနေတာတို့ … ရှေ့တည့်တည့် စိုက်ကြည့်နေတာတို့လည်း မရှိ …။ မျက်ဆံတို့က အငြိမ်မနေ ဟိုကြည့်ဒီကြည့်နှင့် တစ်ယောက်ယောက်ကိုပဲ ရှာနေသလိုလို

ထိုဝေ့ဝဲနေသော မျက်နက်ဆံတို့ဟာ သမီးတို့ ရှိရာသို့ ရောက်လာတာနဲ့ တစ်ပြိုင်နက် … မျက်နှာထားက လက်ရွှန်းမြသွားတော့ကာ … မင်္ဂလာဆောင် သတို့သမီးရဲ့ လည်း ဣန္ဒြေရရ ပိပိရိရိမနေ …။ အသံတော့ဖြင့် ထွက်မလာ လည်း …(Mouth Reading) သူ့ပါးစပ် အလှုပ်ကို တစ်ဖက် မြင်ရုံနှင့် သူဘာပြောနေမှန်း ဖတ်မိသိသာလောက်အောင် နှုတ်ခမ်းကို ပိပိသာသာ … အချက်ကျကျကြီး လှုပ်ပြနေလှ

“ပြောစရာရှိတယ် … ပြီးရင် လာခဲ့ဦး …”





သတို့သမီးရဲ့ မျက်လုံးချင်း ဆုံစိုက်ကြည့်နေရာဟာ… လူ့ခ …။ သမီးက လူ့ခဘက် ခပ်မြန်မြန် စိုးရိမ်တကြီး လှမ်း ကြည့်လိုက်မိလျှင် … လူ့ခကလည်း ခေါင်းနှစ်ချက်လောက် ပြန် ဆတ်ပြလိုက်တာကို တွေ့လိုက်ရလေသည်။ ကြည့်စမ်း … ခုပဲ ပြောထားတယ် …။ သူ့ပါးစပ်ကလည်း ခုပဲ“ဝင်မပါရ”လို့ သူ ကိုယ်တိုင်ပဲ ထုတ်ပြောထားတယ် …။ ချက်ချင်းပဲ ကတိကဖောက် ပြီ …။ နောင်အရှည်သဖြင့်အတွက် ဆိုရင်တော့ မပြောပါနဲ့ …။ နေ့တောင်မှ မကူးသေး။ နာရီဝက်မျှပင် မပြည့်သေး။

ထိုသတို့သမီးကား … လူ့ခ ထံမှ မျက်လုံးခွာကာ… နံဘေးမှာ ကပ်ထိုင်နေသော သမီးဆီ အကြည့်ရောက်လျှင်တော့… သူ့မျက်နှာက အော်တိုမက်တစ်ပင် ခပ်တည်တည် …။ သမီးက လည်း သူ့ ကိုယ့်ကို စိုက်ကြည့်နေဆဲမှာပင် … လူ့ခရဲ့လက်မောင်း ကို ခပ်နာနာကြီး ဆွဲလိမ်ပစ်လိုက်လေသည်။

“ဟ … ဟ … အား … သမီး … သမီးရာ … ကျွတ်… ပွဲလယ်ကြီးမှာ …”

“ဟင် … ခုပဲ ပြောထားတယ် … ခုပဲ ကတိကဖောက်ပြီ… ပွဲလယ်ကောင်ကြီးမှာ ဘာဖြစ်သလဲ … ဟိုတစ်ယောက် တောင် သူ့ပွဲရဲ့ ပွဲလယ်ကောင်ကြီးမှာ ဘာမှမထိန်းသိမ်း သေးတာ … ကိုယ်က ပွဲရှင်မဟုတ်ဘူး … ပွဲလာပရိသတ်… သူ့ မထိန်းရင် ကိုယ်လည်း ထိန်းနေစရာ ဘာမှမလိုဘူး…”

www.burmeseclassic.com



ဒီတစ်ခါမှာတော့ သမီးတို့နဲ့ တစ်စားပွဲတည်းထိုင် တခြားဧည့်သည်များလည်း သမီးနဲ့ လူခတို့ရဲ့ တိုးတိုးကျိတ်ကျိတ် ပွဲအကြောင်းကို ရိပ်မိသွားကြပုံ ရှိပါသည်။ ပွဲရှင်သတို့သမီးနဲ့ ပတ်သက်ပြီး ဖြစ်နေကြတာဟု အတပ်မသိနိုင်သေးပုံတွေ ရှိသော်လည်း ... လူခ, ခများတော့ စားသောက်ဖွယ်တို့ကိုပဲ သဲမဲကြည့်နေရကာ ခေါင်းမဖော်ဝံ့ပြီ။ သမီးကိုလည်း စိတ်တိုသွားပုံရှိ၏။ သမီးကလည်း စိတ်တိုတိုနှင့် စကားမပြော။

ဟွန်း ... ကြည့်ပါလား။ ခါတိုင်းဆို အသိမိတ်ဆွေတို့ရဲ့ ဒီလိုမင်္ဂလာပွဲမျိုးတွေကို ပွဲအတူတက်ဖြစ်ကြရင် ... ရေခဲမုန့်ကို အသေအလဲ ကြိုက်တတ်တဲ့ သမီးနဲ့ ...၊ လုံးဝမကြိုက်တတ်တဲ့ လူခတို့ အတွဲဟာ တကယ့်ကို အံကိုက် ...။ သမီးကလည်း နှစ်ပန်းကန်လုံး စားပစ်ချင် ...။ လူခကလည်း ဒီတိုင်းချန်ထားရစ်ကာ ... အရည်ပျော် အလဟဿ ဖြစ်သွားမည်ထက် ... သမီးကိုပဲပေးကာ ... စားလိုက်စေချင်။

တခြားအတူထိုင်နေသူတွေ မသိအောင် ... (သမီးကို "အစားပုပ်လှချေလား"လို့ အရှက်မရရအောင်) ကုန်သွားပြီဖြစ်သော သမီးရဲ့ပန်းကန်နှင့် အသစ်ကျန်နေသေးသော သူ့ပန်းကန်တို့ကို တိတ်တဆိတ် ... "ဖျတ်"ခနဲလေး လဲလိုက်ရတာသည်လည်း နှစ်ယောက်စလုံးအတွက် ... (ဘာရယ်မဟုတ်လေးပေမဲ့) "တခိခိ" နဲ့ ကျိတ်ပျော်စရာ ...။





ခုကျတော့ ... ဟိုဟာမက ချိန်းချက်ထားလို့ ... စိတ်တွေစောပြီး ယောင်တောင်ပေါင်တောင်တွေ ဖြစ်ကုန်တာလား။ သမီးကိုပဲ ... "ငါစိတ်တိုတယ်နော် ..."ဟု ပြချင်တာလား မသိဘဲ ... သမီးက ကိုယ့်ရေခဲမုန့်ပန်းကန်ကလည်း ပြောင်ပြီမို့ သူ့ဘက် မသိမသာလေး လှမ်းအကဲခတ်လိုက်သော် ... သင်းက (အဟုတ်ကို စိတ်နာကျင်စရာ) ဘယ်တုန်းကမှ မစားဖူးသည့် ရေခဲမုန့်တွေကို သဲကြီးမဲကြီး ကျုံးစားပစ်နေသည်နှင့် ကြုံလိုက်ရပါတော့သည်။

ကဲ ... ဘယ်လောက် စိတ်နာမလဲဆိုတာ စဉ်းစားကြည့် ...။ ပွဲပြီးလို့ ပရိသတ်တွေ တစ်စတစ်စ ထပြန်ကြတော့မှ ... သမီးဘက် ပြန်လှည့်ကြည့်လာတော်မူတော့ဖော်ရသည့် လူခက ... လက်ထဲမှာ ရေခဲမုန့်ပန်းကန် အလွတ်ကြီးကိုင်ပြီး ... သူ့ကို မမိုတ်မသုန် စိုက်ကြည့်နေတော့သည့် သမီးကိုမြင်လျှင် ... သူ့ရှေ့က ပန်းကန်ဟောင်းလောင်းကို အထိတ်တလန့် ပြန်ငုံ့ကြည့်လိုက်ပြီး ..."ဟာ ..."တဲ့ ...။ လဲသေလိုက်ပါလား။

"ဟာ ... သမီး ... ကိုယ် ..."

"ဘာမှ ပြောမနေနဲ့ ..."

"ရေခဲမုန့်က ..."

"ချက်ချင်းလက်ငင်း ကတိဖျက်တာက ... ရေခဲမုန့်ထက် ဆိုးသေးတယ် သိလား ..."

"ဟာ ... ဘယ်မှာ ကတိဖျက်ရသေးလို့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဝင်မပါတော့ဘူးဆို ..."

"ခုဟာက ဒီတိုင်းပဲ ရိုးရိုးတန်းတန်း ... ပြောစရာရှိ ..."

"ဘယ်ဟုတ်ရမှာလဲ ... ဒီလောက်ပြဿနာတက်နေကြပြန်တာ အသိသာကြီးဟာကို ... မသိဘူးလို့ မလိမ်နဲ့ ...သူတို့ချင်းက ရန်ဖြစ်ထားကြပြန်ပြီ ... ရှင်ကလည်း 'ပြောစရာရှိတယ်'တစ်ခွန်းတည်းနဲ့ 'ဟုတ်ကဲ့ ... ဟုတ်ကဲ့ ...'ပဲ ... ဦးလူခနော် ... ဦးလူခ ... ဒီဒဏ်တွေ ကျွန်မ တစ်သက်လုံး ခံသွားရတော့မှာလား ... မခံနိုင်ဘူး ..."

သမီးတို့ရဲ့ စားပွဲမှာ တခြားလူတွေ မရှိကြတော့ဘဲ သတို့သား၊ သတို့သမီးတို့ကို အရင်ဦးဆုံး နှုတ်ဆက်နိုင်ဖို့ ခပ်မြန်မြန် ထပြန်သွားကြပြီမို့ ... သမီးနှင့် လူခတို့ ခုနကလောက်ပင် ထိန်းသိမ်းနေစရာမလိုတော့ဘဲ ... သတ်လို့ကောင်းနေကြသည်။

"သမီး ... ကိုယ်တစ်ခု အလေးအနက် ဆန္ဒရှိတာကတော့ ကိုယ့်ရဲ့ သမီးကို မော်လီလို ကိုယ် မဖြစ်စေချင်ဘူး ... ကိုယ်ကိုယ်တိုင်ကလည်း ရဲထွန်းလိုကောင်မျိုး ဘယ်တော့မှ မဖြစ်စေရဘူး ..."

"အဲဒါ ဘာကို ပြောတာလဲ ..."

"ကိုယ်တို့နှစ်ယောက် ရန်ဖြစ်မနေချင်ဘူး ... အမြဲပြေပြေလည်လည်ပဲ ရှိချင်တယ် ..."





အဲဒီတစ်ခွန်းနှင့်ပင် သမီးမှာ ရှေ့ဆက်ပြောချင်သေးသည့် စကားတွေလည်း တစ်ခွန်းတည်းနှင့်ပင် ရပ်တန့်ပစ်လိုက်ရကာ ... လူခ လက်ဆွဲခေါ်ရာနောက်သို့ ဟန်မပျက်ကလေးနွဲ့ကာပဲ လိုက်ပါရတော့သည်ပေါ့။ ဟိုတယ်ခန်းမကြီးရဲ့ အပေါက်ဝဘက်ထိပ် ... သတို့သား၊ သတို့သမီး စုံတွဲက ပွဲလာသရိသဘ်တွေ အပြန်ကို ရပ်စောင့်နှုတ်ဆက်နေသည့် နေရာလည်း ရောက်ရော ... သတို့သမီးရဲ့ အမေဖြစ်သူက လူခကို မြင်တာနဲ့ ...

"သားရေ ... မင်းသူငယ်ချင်းလည်း အေးပြီ ... လို့ ပစ်မထားလိုက်နဲ့ဦးနော် ... မျက်ခြည်မပြတ် ကြည့်ရှုသတိပေးနေပါဦး ..."

ဟင် ...။ ဘယ့်နှယ်ဟာကြီးလဲ ...။ အမေက ဤလိုဆိုတော့ သမီးကလည်း ...

"သူလား ... ဟင်း ဟင်း ဟင်း ... သူက မော်လီတို့ကိုတော့ တစ်သက်လုံး မယုံဘူး မေမေ ... နင်တို့နှစ်ယောက် ဒီလို ကောင်းကောင်းမွန်မွန် လက်ထပ်သွားကြရင်လည်း ငါ့အိမ်က တစ်ခန်းကတော့ အမြဲအသင့်ရှင်းထားရမှာပဲတဲ့ ... ဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်ကတော့ တစ်ချိန်ချိန်မှာ ပေါ်ကိုလာဦးမှာပဲဆိုတာ သူ သိတယ် ... ဟင်း ဟင်း ဟင်း ... ဟဲ့ ... ငါပြောထားတယ်နော် ... ပြောစရာရှိတယ် ... ငါ လာခဲ့ဦးမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ လက်တစ်ဖက်က လူခရဲ့ လက်သီးဆုပ်ထဲမှ ဆောင့်ကြီး အောင့်ကြီးပင် ပြုတ်ထွက်သွားရပါတော့သည်။ အပြန်လမ်းမှာတော့ လူခက "မဖြစ်စေချင်ဘူး ..." ဘယ်လောက်ပဲပြော ပြော ... သမီးနှင့် လူခတို့ သတ်ပွဲက ကျင်းပလာရပြန်သည်။ လူခက "မော်လီကို အဲဒီစကားမျိုး သူ မပြောထားမိပါဘူး ..." တဲ့ ...။ ဘယ်သူ ဖြောင်လိမ်နေသလဲတော့ သမီး မသိနိုင် ...။ လူခကတော့ သမီးကို ... "သတို့သမီး ဖြစ်သူက လက်ကမ်းပေးရက် ပြန်လက်ဆွဲနှုတ်မဆက်ခဲ့လို့"တဲ့ ...။ "လူမှုရေးမကျေပွန်သူ"အဖြစ် ... ပြန်အပြစ်တင် ရန်လုပ်လေသည်။



## အခန်း(၆)

မော်လီက ... "ငါလာခဲ့ဦးမယ်"ဟု ပြောထားသည်မို့ တံခါးဘဲလ်သံကြားတိုင်း လန့်လို့ချည်း နေရသော လူခ,ခများ သတိတွေ ထားနေတုန်းကတော့ဖြင့် မှတ်ိုး ...။ "မဟုတ်ဘူး နေမှာပါ"ဟု ပေါ့ပေါ့ သဘောထားလိုက်မိချိန်ကျမှ တန်းတိုးနေပေတော့သည်။

ဖြစ်ပုံက ... အိမ်ရှေ့က ... "တီး ... တောင်"ဟု ဘဲလ်သံမြည်လျှင် ... လူခက အိမ်အတွင်းခန်းလေးထဲမှ ခေါင်းလေးပြူကာ အသာချောင်း ...၊ သတင်းစာပို့သူတို့၊ ရေမီတာဖတ်သူတို့၊ ရေသန့်ဘူး လိုက်ပို့သည့် ကားသမားတို့ ဖြစ်နေလျှင် ... ရဲရဲတင်းတင်း အပြင်ထွက်ကာ ကိစ္စကို မြန်မြန်ဖြတ်ရသည်။

လူခက သမီးနှင့်လည်း ရန်မဖြစ်ချင်ပါ။ ရဲထွန်းနှင့် မော်လီတို့ နှစ်ယောက်ကို ကြည့်နေရတာနဲ့ပဲ သမီးရည်းစား



www.burmeseclassic.com

www.burmeseclassic.com



လင်မယားကြား ရန်ဖြစ်သတ်ပုတ်နေကြသည့် အဖြစ်ကို မနှစ်သက် ရုံမျှမက အော့နလုံးပင်နာလို့ နေရတော့တာ …။ ကိုယ့်ဘက်က ဘာမှ မှားယွင်းနေတာလည်း မဟုတ် …။ ကိုယ်မမှားဘူးဆိုလို့ သမီးကိုချည်း အပြစ်တင်ချင်တာမျိုးလည်း မဟုတ်ရပါ …။ သမီး အနေနဲ့ ခံစားရမည့် စိတ်ကုန်စရာ ခံစားချက်ကြီး တစ်ခုကိုလည်း လူခက သဘောပေါက် နားလည်ပေးနိုင်ပါသည်။

ဒါပေမဲ့ အခြေအနေကိုက ဒီလိုကြီး ဖြစ်နေတော့ ဘယ်လိုလုပ်ကြမှာလဲ …။ လူခမှာ ရန်တောင်မှ မဖြစ်ချင်တာ … ဒါကို အကြောင်းပြုပြီး (အရင်တစ်ခေါက်ကလို)တကယ်ပြတ်စဲကြဖို့ကြီးအထိ ဆိုရင်တော့ ပိုလို့တောင်မှ ရှောင်ရှားချင်ပြီပေါ့။ ဒီတော့ လူခမှာ လုပ်နိုင်တာဆိုလို့ တစ်ခုပဲ ရှိသည်။ မော်လီနှင့် ဒက်ထိတိုးပြီးမှ ငြင်းဆန်ရှောင်ရှားထုတ်ရမှာမျိုးကို မလုပ်တတ်၊ မလုပ်ချင်လျှင် … တန်းမတိုးအောင် ကြည့်ရှောင်၊ ဒါပဲရှိသည်။

လူခ တစ်ယောက်တည်းသာ နေနေသော ဤအိမ်သို့ သူငယ်ချင်း အပေါင်းအသင်းမိတ်ဆွေ၊ ဆွေမျိုးဆိုတာမျိုးတွေ ပေါ်လာ၊ အိမ်လည်တတ်ကြတာလည်း တကယ်ပင် ရှားမှရှားဖြစ်ပါသည်။ သမီးနှင့် ခွဲမနေလို၍ ကျောင်းပြီးတာတောင် မိဘများ ရှိရာ မန္တလေးသို့ မပြန်ဖြစ်ဘဲ … ရန်ကုန်မှာပဲ ရရာအလုပ် ဝင်လုပ်ပြီး ကုပ်ကပ်နေနေတဲ့ လူခ အဖို့ ကိုယ်ကျင်လည်နေရတဲ့ အလုပ်၊ ရုံးအသိုင်းအဝိုင်းမှာလည်း ဒီလောက်ကြီး ခင်မင် အိမ်လာနေရမဲ့ အပေါင်းအသင်းမျိုး မရှိနိုင်ပါ။





ဒါကြောင့်မို့ပင် … တံခါးဘဲလ်သံက "တီး … တောင်" ဆိုလျှင် လူခမှာ လန့်ရပြီ …။ ခုရက်ပိုင်းကျမှပဲ … သတင်းစာ၊ ရေသန့်၊ ရေမီတာ၊ လျှပ်စစ်မီတာ၊ စာပို့သမား၊ မန္တလေးမှလူကြုံ၊ တစ်ယောက်ပြီးတစ်ယောက် … အစွဲ့တိုက်နေသလား ထင်ရအောင် ပေါ်,ပေါ်လာပြီး တံခါးဘဲလ်ကို လာနှိပ်နေကြသည်မှာ … အစင်အခါ တွေက မပေါ်လာစဘူး … အလှူခံလိုဟာမျိုးတောင်မှ ပ လိုက်သေး။

အဲဒီလိုနဲ့ပဲ … ဘဲလ်သံကြားတိုင်း အလန့်တကြား ထချောင်းမိမနေတော့ဘဲ … ခပ်ပေါ့ပေါ့ပဲ သဘောထားကာ … ဒီအတိုင်း ထွက်,ထွက်ချလာမိသည့် တစ်ခါ နှစ်ခါလည်းရှိရော… လူခမှာ …"ကွ"ခနဲပင် ဆိုသလို …။

"တီး … တောင် …၊ တီး … တောင် …"

"လာပြီ … လာပြီ … ဟိုက် …"

ကဲ … လဲသာ သေလိုက်ရုံ ရှိတော့သည်။ ဒီလောက် စိတ်မရှည် လက်မရှည် နိုင်လှစွာ … အထဲကလူသံ၊ တုံ့ပြန်သံ တို့ကို သိပ်စောင့် အချိန်ယူ မနေဘဲ … လေးငါးဆယ်ချက် ဆက်တိုက်ကြီး နှိပ်နေတော့သည့် ဘဲလ်နှိပ်သံမျိုးကို … မသင်္ကာကို ဖြစ်လိုက်သင့်တာပေါ့ … တော်းကောင်ရဲ့ …။ ဖြစ်နိုင်ရင် လဲသာ သေလိုက်ပေတော့ …။ မသေနိုင်သေးခင် စင်္ကြားတော့ အိမ်ရှေ့က တံခါးရှေ့မှာ ခရီးဆောင်အိတ်ကြီး တစ်လုံးနဲ့ မားမားကြီး ရပ်နေ ပြီဖြစ်တဲ့ … ဂျိုဟ်နတ်မင်း(မိန်းမ)ကြီးထံသို့သာ အငေါက် သားကလေး လှမ်းသွားလိုက်ပေတော့ …။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရရင်များ ကောင်းမလဲ"ဟု ပျင်းပျင်းရိရိ စဉ်းစား၍ ပြစ်သော စနေ တနင်္ဂနွေ ရုံးပိတ်ရက်ကလေးသည်လည်း ခြောက်သွေ့မှုတွေ ရတ်တရက်ရပ်ကာ ဖြန်းစားဖြင်းစားကြီးပဲ ရပ်ဆိုးစွာ အသက်ဝင်သွားခဲ့ပါပြီ။

"ကွဲလာပြန်ပြီလား ..."

လှူခက ဆောင့်အောင့်အော်ထည့်ပစ်လိုက်ပါသည်။ တံခါးကို အရင်ဖွင့်ရမလား ...။ သမီးထံ အရင်ပြေးပြီး ဖုန်းလှည့်ခေါ်လိုက်ရမလား ...။ ဘာလုပ်လို့ လုပ်ရမှန်းမသိ ဝေဝေဝါးဝါးနှင့် စိတ်တွေသာ တိုလာရချိန်မှာ ... ခေါင်းကလည်း ရုတ်ချည်းကိုက်တက်လို့လာသည်။

သမီးကို လှမ်းခေါ်တာကတော့ ဟုတ်ပါပြီ ...။ အချိန်ရှိ၊ လင်းလင်းချင်းချင်းပဲ ဖြစ်နေသေးတာမို့ သူ့ကြီးတော်ကြီးလည်း ပါချင်မှ ပါလာမှာပါ ...။ သို့သော် ... "ထင်ရာစိုင်း" နှင့် "ဂျစ်ကန်ကန်" ...။ "ဘယ်သူ့မှ ဂရုစိုက်မနေတတ်သူ" နှင့် "အပြတ်မောင်းတင်လာတော့မည့်သူ ..." ...။ ဆိုလိုက်တာနှင့် ပြဿနာ အကြီးအကျယ် တက်ကြတော့မည့် ထိုမိန်းမနှစ်ဦးရဲ့ သတ်ကွင်းအဖြစ် ... လှူခရဲ့ ခြံကြီးဟာ ... "ရှမ်းလေးသွေး"နှင့် "ဝမ်ချိုင်း" တို့ရဲ့ လက်ဖျော့ကြီးဝိုင်းထက်ပင် ဆိုးဝါးသွားဦးတော့မလား ...။

ခေါင်းက ခုတောင် ကိုက်လှပြီ။ အဲဒီအချိန်ကျရင်တော့ ... သူ့ တားမရ ...၊ သူ့ ပြောမရနှင့် ... လှူခမှာ ဦးနှောက်





ကြောတွေ ဘာတွေတောင် ပြတ်ထွက်ကုန်မလား ...။ ဦးနှောက်က အပိုင်းအစများစွာနှင့် တစ်စစီ ပဲ့ထွက်ကြေမွကုန်မလား။ ကံကိုက ဆိုးပါသည်။ ပြဿနာနှင့်မှ တည့်တည့်တိုးရတဲ့အထဲ ... ရိုးရိုးမဟုတ် ... "ရှယ် ..."။ လက်ထဲမလည်း အထုပ်နှင့်အထည်နှင့် ...။

"အစုတ်ပလုပ် ... အနူကောင် ... မဦးမချွတ် ပြောထည့်ရသလားဟဲ့ ... ငါတို့မှာတော့ တည်းတည်းလေး လှုပ်လီလှုပ်လဲ့ အမြဲဖြစ်နေတဲ့ အခြေအနေကို ပိုဆိုးဝါးမသွားအောင် ... သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေကို အတင်းကြီး မျက်နှာချိုသွေး, ဖားပြီး မေတ္တာတွေ ပို့ပေးနေလိုက်ရတာ ... နင့်အလှည့်ကျမှ ပါးစပ်ပုပ်ကြီးနဲ့ ..."

"ဒါဖြင့် ဘာလို့ ငါ့အိမ်ရှေ့ကို ခရီးဆောင်အိတ်ကြီးနဲ့ ရောက်လာရတာလဲ ..."

"ဩော် ... ဒါလား ... အဟားဟားဟား ... အမယ်လေး ... အကြောက်တရားကလည်း ကြီးလိုက်တာနော် ... အိတ်မြင်တာနဲ့ တံခါးတောင် မဖွင့်ရဲတော့ဘူးဟဲ့ ... အမယ်လေး ဟား ဟား ဟား ... လှူခရယ် ... ဖြစ်မှ ဖြစ်ရလေ"

မော်လိုထံမှ စိတ်ဆိုးသံ ထွက်မလာဘဲ ... ရယ်သံများသာ ဝေစီသွားတာမို့ လှူခမှာ ခုမှ သက်ပြင်းစချဖို့ သတိရကာ ... သော့ဖွင့်ဖို့လည်း ခုမှပဲ ခေါင်းထဲ ရောက်ရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုမျိုး ဒုက္ခပေးဖို့တော့ မဟုတ်ပါဘူး ... ဒါပေမဲ့ ဒုက္ခကတော့ ပေးရဦးမှာပါပဲ ... ဒုက္ခလို့ သဘောမထားနဲ့ပေါ့ဟယ် ... ကိုယ့်သူငယ်ချင်းတွေပဲ ... ကူညီကောင်းပါတယ် ..."

"ဘာလုပ်ပေးရဦးမှာလဲ ..."

တံခါးဖွင့်ပြီးလျှင် လူခက ဘာလိုလိုနှင့် သူ့တော့ အိမ်ထဲအဝင်မခံသေးဘဲ ကိုယ်ကသာ အပြင်ထွက်လိုက်ပြီး တံခါးကို နောက်ပြန် ပြန်ဆွဲထားလိုက်သည်။ သမီးဆီကိုတော့ တစ်စက္ကန့်အတွင်း ဖုန်းပြေးဆက်လောက်စရာကိစ္စ မဟုတ်နိုင်သေး ... ဟု ကိုယ့်ဘာသာပဲ ဆုံးဖြတ်လိုက်သည်။ လူခရဲ့ ညဏ်နီညဏ်နက် (အနည်းငယ်)ကို သိပ်ရိပ်မိဟန် မရှိသေးတဲ့ မော်လို ခများတော့ အိမ်ထဲ အတင်းဝင်ဖို့လည်း ကြိုးစားမနေတော့ (ကြိုးစားဖို့လည်း သတိရဟန် မရှိတော့)ဘဲ ... လူခ ထိုင်ချပစ်လိုက်သည့်အတိုင်း တံခါးပေါက်ဝက လှေကားထစ်များပေါ်မှာ လိုက်ထိုင်ချလေသည်။

လူခက မော်လီနှင့် ယှဉ်ရက်သားကြီး ခပ်နီးနီး ဖြစ်မနေအောင် မသိမသာ ခွာထိုင်ပစ်လိုက်ပြီး ... လှေကားထစ် တစ်ထစ်စာလောက်လည်း အောက်ဘက် ထပ်ရွှေ့ပစ်လိုက်ပါသည်။

"Honey Moon သွားကြမလို့လေ ... ဟဲ ဟဲ ဟဲ ..."

"နင်တို့ Honey Moon က ငါ့အိမ်ကိုလား ..."

"ဒီလောက် မလန့်ပါနဲ့ ဆရာရယ် ... အထက်ဘက်ကို





သွားမှာပါ ... ခု သူက ကိစ္စလေးတစ်ခုရှိလို့ ... ကားယူပြီး မြို့ထဲသွားတယ် ... ငါက ဒီကိုကြိုလာထားတာ ... ပြီးရင် သူ ဒီကိုလိုက်လာပါလိမ့်မယ် ..."

"ခုထိတော့ ဘာမှ မရှင်းသေးဘူး ..."

"ရဲထွန်း အဖေက ငါတို့ကို ကားတစ်စီးပေးစီးထားတာ သိလိုက်လား ... အပိုင်ပေးလိုက်တာ မဟုတ်ဘူးနော် ဆရာ ... ပေးစီးထားတာ ... ပေးစီးထားတာ ..."

"ဘာပဲဖြစ်ဖြစ် ... စီးရပြီးရောပေါ့ဟ ... တက္ကစီတို့ ဘတ်စ်တို့နဲ့ သွားလာနေရမဲ့အစား ... ကားကလေးနဲ့ ရှတ်ဆို ပိုမကောင်းဘူးလား"

"ထားပါတော့ ... ဒါပေမဲ့ အဲဒီကားက စပေးလိုက်ကတည်းက စီးရတယ်ကို မရှိပါဘူး ... ပြင်ရတယ်ပဲ ဖြစ်နေတာက ခက်တယ် ... သူတို့အိမ်မှာ ဝပ်ရှော့သွား ... ပစ္စည်းဝယ် ဘာညာနဲ့ လိုက်လုပ်ကိုင်နေနိုင်မဲ့သူ မရှိလို့ တစ်ဖက်လှည့်နဲ့ ရဲထွန်းပဲ သွားလာလုပ်ကိုင် ပြင်ပစေရယ်လို့ ... ငါတို့ဆီ ပို့လိုက်သလားတောင် ထင်ရပါတယ် ..."

"နင်ဟာလေ ... အဲဒါတွေ နင် ခက်နေတာပေါ့ ..."

"ဟာဟ ... အဲဒါအခု သူ မြို့ထဲ သွားနေတာလည်း အဲဒီ ကားကိစ္စပဲ ... ဘာပစ္စည်းတစ်ခုဆိုလည်း လဲစရာရှိလို့တဲ့ ... အော်ရဂျင်နယ်ရမယ်ဆိုတဲ့ သူဆီက လိုက်ယူနေတာ ... ဒါပေမဲ့ အဲဒီပစ္စည်းကို တပ်ဆင်ဖို့ရယ် ... ကျန်တဲ့ တခြား



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တာတွေ ဆက်ပြုပြင်နေသေးဖို့ရယ် ... ငါတို့မှာ အချိန်မရှိတော့ဘူး ... ငါတို့က ဒီနေ့ညနေလေးနာရီကား နဲ့ စော်ဘွားကြီးကုန်းဂိတ်က ထွက်တော့မှာ ..."

"သြော် ... သြော် ... သိပါပြီ ... သိပါပြီ ... နင့်ကိုလာခေါ်ရင်းနဲ့ ရဲထွန်းက အဲဒီကားကို ငါ့အိမ်လာပို့ထားလိမ့်မယ် ... နင်တို့သွားနေတုန်း ငါက ဆက်ပြင်ထား ... နင်တို့လည်းပြန်လာရော ... ကောင်းမွန်နေတဲ့ ကားလေးတစ်စီးနဲ့ အဆင်သင့် ... အဲဒီလိုလား ..."

"ဟား ဟား ... ပညာရှိဆိုတော့လည်း အရိပ်ပြရုံနဲ့ အကောင်ထင်ပြီး ဆက်တွေးတတ်လိုက်တာနော် ... ဒါတောင်တစ်ခု ကျန်နေသေးတယ် ... ရဲထွန်း ဒီအိမ်ရောက်လာပြီးရင် ... ငါတို့လင်မယားနှစ်ယောက်က အဝတ်အိတ်ကြီးတွေနဲ့ စော်ဘွားကြီးကုန်းထိ ဘယ်လိုကြွကြွရမှာလဲ ..."

"သိပါပြီ ... သိပါပြီ ..."

အမယ်လေး ... သင်းတို့လင်မယား နှစ်ယောက်စလုံး ကိုယ်နဲ့ အဝေးဆုံး တစ်နေရာရာကို ရောက်နေကြပြီး ... ကိုယ်က ဝေယျာဝစ္စ အကူအညီလေးပဲ လိုက်လုပ်ပေးနေရမှာများ ... ထ, ကပြီးတော့တောင် ကူလိုက်ချင်သေး ...။ ဒီထက်မကတဲ့ ဒုက္ခပေးမှုပေါင်း မြောက်မြားစွာကို ခံထားရပြီးသူ ဆိုတော့ ... သူများတွေအဖို့တော့ (ငါ့ပဲ ကွက်ခိုင်းစရာ ရှိသလား ... ဘာညာနဲ့) ဝန်လေးကောင်း ဝန်လေးကြမည်ဖြစ်သော ဒီလိုအကူအညီတောင်းမှု





ကလေးဟာ လူခ အတွက်တော့ ... "ဒါလေးများ ... ဒါလေးများ" ပါပဲ။

"ကဲ ... လာ လာ ... အထဲဝင် ... အပြင်မှာ ... နင်မဲ့ငါနဲ့
အထုပ်ကြီးနဲ့ ငုတ်တုတ် ... လူမြင်မကောင်းပါဘူး ..."

လူခ, ခမျာ ဒေါ်မော်လီကို အဖြစ်မှန် အကြောင်းစုံသိရမှပင် အိမ်ထဲသွင်းရဲတော့သည့် အဖြစ်မျိုးပါပဲ ...။ ပြီးရင်တော့ ဒီဟာမ အလစ်မှာ သမီးဆီ ဖုန်းခိုးဆက်ထားသင့် ဆက်ရမည်။ ရဲထွန်း ဆိုတဲ့ အကောင်က လိုအပ်တဲ့ပစ္စည်းကို ချက်ချင်းရပြီး ချက်ချင်းရောက်ချလာနိုင်ရင် အကြောင်းမဟုတ် ...။ ပစ္စည်းမရနိုင်သေးတာ ဖြစ်ဖြစ် ... ဒါမှမဟုတ် စုဋ္ဌလိပ် ရေထဲချလိုက်သလို ... အပေါင်းအသင်းများနဲ့ မြို့ထဲမှာ ဆက်ပျော်နေတာပဲဖြစ်ဖြစ် ... လျှောက်လုပ်နေပြီး ညနေ လေးနာရီထိုးကာနီးကျကာမှ ကပ်ပေါ်လာရင် ခက်မည်။

ခုမှ ဆယ့်နှစ်နာရီကျော်ရုံရှိသေးသည်မို့ ... ကိုယ့်ရဲ့ ချစ်သမီးထံ ကြိုအကြောင်းမကြားနိုင်လျှင် ... ထိုသုံးလေးနာရီ လုံးလုံး ... တစ်အိမ်တည်းမှာ နှစ်ယောက်တည်းကိစ္စကြီးသည် နည်းတဲ့ပြစ်မှု မဟုတ်နိုင်ပေ။

လူခနှင့် မော်လီတို့ ထိုင်နေရာတွေမှ ထရပ်ကာ အထုပ်ကြီး အထုပ်ငယ် အသွယ်သွယ်ကို နှစ်ယောက်သား သူဆွဲကိုယ်ဆွဲ ရှိနေကြစဉ်မှာ ... လူခရဲ့ ခြံဝင်းထဲသို့ ကားကလေးတစ်စီးက တစ်လိမ့်ချင်း လှမ်းဝင်လာခဲ့ပါသည်။ လူခက ထိတ်လန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကြည့်လိုက်မိသော် ... သမီးတော့ဖြင့် မဟုတ်ဘဲ ... မိုးမြင့်ထက်ပဲ ဖြစ်နေလေသည်။ မိုးမြင့်ထက်ရဲ့ မျက်နှာထားကတော့ ... ခြံထဲကို ဝင်လိုက်တာနှင့် ...၊ ခြံထဲက မြင်ကွင်းကို လှမ်းမြင်လိုက်တာနှင့် ... သိပ်တော့ မျက်နှာမကောင်း ...။

ကားပေါ်က ဆင်းလာတာတောင်မှ အပြင်းအထန် အကဲခတ်နေခဲ့သည့် မိုးမြင့်ထက်ရဲ့ပုံစံကို လူခက ခေါင်းတခါခါနှင့်ပင် ... အကွက်ရတုန်း မိုးမြင့်ထက်နှင့် မော်လီတို့ကို နှစ်ယောက်တည်း ထားပစ်ခဲ့ကာ ... ဖုန်းဆီသို့ ပြေးပါတော့သည်။ မိုးမြင့်ထက်ပါ ပေါ်လာတဲ့အတွက် ... သမီးထံသို့ မဖြစ်မနေ ... ခုချက်ချင်း ... ဖုန်းထဆက်မှ ရတော့မည်လေ ...။ နို့မို့ဆို သမီးက "ဘယ်အချိန်လောက်လဲ" ဘာညာစုံစမ်းတတ်ပါဘိသနဲ့။

ဒီအဖြစ်ကို ဒီညနေလောက်မှာပဲ သမီးထံသို့ သတင်းပို့ကို ပို့ပေးတော့မည့် "ကျေးဇူးရှင်"က အချိန်နှာရီနဲ့ အတိအကျသံတော်ဦး တင်လိုက်ရင် လူခတော့ နေရင်းထိုင်ရင်းကို ကွဲမည်။

လူခတစ်ယောက် လှစ်ခနဲ ပျောက်သွားသည်နှင့် ... မိုးမြင့်ထက်က မော်လီ့ကို ခပ်တည်တည်ပဲ ကြည့်လိုက်ကာ ...

"အိမ်ပေါ်က ဆင်းလာပြန်ပြီလား ..."

မော်လီက ရွဲ့နောက်နောက်နှင့်ပင် ... မိုးမြင့်ထက်ကို သူ့ပုံစံအတိုင်း ခပ်တည်တည်ပဲ ပြန်ကြည့်ကာ ... "ဟုတ်ပါ" ဟု ပြောလိုက်သည်။ မိုးမြင့်ထက်ရဲ့ မျက်နှာက ခပ်ရဲရဲနှင့်ပိုလည်း မာသွားရကာ ...





"ဒီမှာ မနေနဲ့ ... ကျွန်တော့်နောက် လိုက်ခဲ့ ..."

"အမယ် ... ရာရာစစ ... ဒါ ဘာစကားလဲ ..."

"ခင်ဗျားကရော ဘာသဘောလဲ ... အခုဆိုရင် ရှိရှိသမျှ နှစ်ဖက်ဆွေမျိုးအားလုံးနဲ့ အဆင်ပြေနေပြီပဲဟာ ... ဒီအိမ်မှ ဒီအိမ် ... ဘယ်လိုဖြစ်နေတာလဲ ... လာပါဗျာ ... ကျွန်တော် တစ်အိမ်အိမ်ကို လိုက်ပို့ပေးပြီး ခင်ဗျားကို လက်ခံအောင်တောင်းပန်ပြောပေးပါ့မယ် ..."

"အောင်မာ ... ကြီးကျယ်လို့ ... သူ ပြောပေးမှပဲရတော့မှာကျနေတာပဲ"

"ကိုယ့်ဘာသာကိုယ် ပြောလို့ဆိုလို့ ရမယ်ဆိုရင်လည်း ... ဘာလို့၊ ဒီအိမ်ကိုမှ ရွေးပြီး ဆင်းလာရပြန်တာလဲ ...ခင်ဗျားကတော့ သိပ်မဟုတ်တော့ဘူး မမော်လီ ...ကိုယ့်ကြောင့်သူများတကာတွေမှာ ပြဿနာအခါခါ ဖြစ်နေရတာကိုလည်း သိသိကြီးနဲ့ ... ဂရုမစိုက်ဘူး ဆိုရင်လည်း ခင်ဗျားလွန်တယ် ... တမင်ကို ကြံရွယ်တာပါ ဆိုရင်တော့ ဒါ သိပ်ဆိုးသွားတဲ့ အမှုပါ ဖြစ်နေပြီ ... ကျွန်တော် တောင်းပန်ပါတယ်ဗျာ ... နော် ...

ကိုယ့်မှာလည်း ကိုယ့်အိမ်ထောင်ရေးက သိပ်အဆင်ပြေလှတာမှ မဟုတ်ဘဲ ... သူများတကာကိုလည်း ကိုယ့်လိုကြီးတော့ ဖြစ်မနေစေချင်ပါနဲ့ ... အရင်ဘဝက ဝဋ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆို ... တော်ပြီပေါ့ ... ဒီဘဝမှာပါ ... နောက်ထပ်ဝဋ် ... အကုသိုလ်တွေ ထပ်ယူမနေချင်နဲ့တော့လေ ..."

မိုးမြင့်ထက်မှာ ပြောရင်း ပြောရင်းက စိတ်တိုလာရကာ ... တစ်သက်မှာ တစ်ခါမျှ ဘယ်သူ့ကိုမှ မပြောဘူး မဆိုဘူးသော စကားလုံး လေသံတို့နှင့် ဆပ်ကြမ်းကြမ်း ဖြစ်လာပါသည်။ သို့သော် သူသွားပြောမိနေသူက ... ရိုးရိုးသာမန်လူ(မိန်းကလေး) တစ်ယောက်တော့ဖြင့် မဟုတ် ... "မော်လီ"သာတည်း ...။ မော်လီက မိုးမြင့်ထက်ကို ..."ဆက်မပြောနဲ့ ... ခုရပ် ..."ဟု ကျူးအော်ပစ်လိုက်ပါသည်။

အခန်းထဲဝင်ပြီး သမီးကို ဖုန်းသွားခိုးဆက် ... ရှင်းပြချော့မော့နေသော လူခလည်း အော်သံကြီးကြောင့် ..."ဟာ ... သမီးရေ ... အိမ်ရှေ့မှာတော့ မော်လီနဲ့ မိုးမြင့်ထက် ... ပွဲကြီးပွဲကောင်းပဲ ထင်တယ် ..."ဟု ဖုန်းကို မြန်မြန်ချပစ်ကာ ... အိမ်ရှေ့ဘက် ပြန်ပြေးထွက်လာခဲ့ရသည်။

"ဟာ ... ဟာ ... ဘယ်လိုဖြစ်ကြတာလဲ ... လူကြားမကောင်း ... သူကြားမကောင်း ..."

မိုးမြင့်ထက်က လူခကို ..."မင်းတို့ကကော ...လူကြားကောင်း ... မြင်ကောင်းအောင် နေ့,နေကြတာမို့လို့လား ..."ဟု ဘလိုင်းကြီး ပြန်ကောထုတ်ပစ်လိုက်သည်။

"ဟော့လူ ... ခင်ဗျား ဘာစကားပြောတာလဲ ..."





"ဒီမိန်းမ အိမ်ပေါ်က ဆင်းလာလိုက်တိုင်း ... ခင်ဗျားအိမ်ကိုချည်းပဲ ဖြစ်နေတာကကော ... ဘာအဓိပ္ပာယ်လဲ..."

လူခက ပါးစပ်ပြင်လိုက်စဉ်မှာ ... မော်လီက ရှူးရှူးဝါးဝါး လေသံနှင့် ..."ရုပ်ဆိုးသလောက် ... စိတ်ထားက သေးသိမ်ပုပ်စပ်နေတဲ့ အကောင် ..."ဟု အကျယ်ကြီး ဝင်အော်ပစ်လိုက်သည်။

"ငါက နောက်တာဟဲ့ ... နောက်တာ... ဘီလူးသရဲရဲ့ ... နောက်ရုံလေး နောက်မိတာကိုပဲ ... ဝဋ်တွေရော၊ အကုသိုလ်ရော၊ အယုတ်တမာ အကြံအစည်တွေရော ... ဝေါဟာရကို စုံသွားတာပဲ ... ရုပ်နဲ့ စိတ်နဲ့ တစ်ထပ်တည်း ကျနေတဲ့သူ ... လူတိုင်းကို ကိုယ့်လိုချည်း မှတ်မနေနဲ့ ...

ရှင်သာ ... မစားရ ညှော်စော်ခံ ... ကိုယ်လည်းရနိုင်တော့မှာ မဟုတ်တဲ့ မိန်းမတစ်ယောက်ဆီက မျက်နှာသာလေး တစ်ချက်ရလည်း နည်းလားလို့ ... လူတကာကို လိုက်အထင်သေး ... စွပ်စွဲ အောက်တန်းကျနေတာ ..."

လူခက ပထမတော့ သူကိုယ်တိုင်လည်း မိုးမြင့်ထက်ကို စိတ်တိုသွားမိသေးသော်လည်း ... မော်လီ့ စကားတွေကို ကြားရတော့ ... မော်လီ့ဘက်က သိပ်လွန်နေပြီမို့ ... "မော်လီ ... မော်လီ ... တော်တော့"ဟု ဝင်တားပါသည်။ တစ်လက်စတည်းမှာလည်း မိုးမြင့်ထက်ထံ လှည့်ပြီး ...

"သူက အိမ်ပေါ်က ဆင်းလာပြန်တာ မဟုတ်ပါဘူး...



www.burmeseclassic.com

www.burmeseclassic.com



သူ့ယောက်ျားနဲ့ ဒီနေ့ပဲ ခရီးထွက်ကြမလို့ ... ဒီမှာ ကိစ္စလေး နည်းနည်းရှိနေတာနဲ့ ... ဒီအိမ်ကပဲ နှစ်ယောက်လုံး ကားဂိတ်ဆင်းကြမှာ ... သမီးကိုလည်း ကျွန်တော် ပြောပြထားပြီးပါပြီ ..."

မိုးမြင့်ထက်က "ကျွတ်"ခနဲ စုပ်သပ်လိုက်ကာ ... မော်လီ့ကို လက်ညှိုးထိုးလျက် ... "သူ"ဟုပဲ စကားစရရုံရှိသေး ... တောင်ကျချောင်းရေတွေ ဒလဟောကြီး စီးဆင်းလာသလို ... ကျည်ကပ်က အတွဲလိုက်နှင့် စက်သေနတ်တစ်လက်ကို တရစပ်ကြီး ပစ်ခတ် ထုတ်ပစ်လိုက်သလို ... မော်လီ့ရဲ့ နှုတ်ဖျားမှ (မိုးမြင့်ထက် အတွက်တော့) ဇာကယ့်ကို မကြားဝံ့မနာသာပင် ဖြစ်သော စကားလုံးတွေ မရပ်မနား တန်းစီပြီး ထွက်လာကြပါတော့သည်။

"မော်လီ ... တော်တော့လို့ ငါ ပြောနေတယ် ..."

လူခက ပြောပြောဆိုဆို ... မော်လီ့ကို ပါးစပ်ပါ ပိတ်ပစ်ဖို့ လက်ရွယ်လိုက်ပြီးမှ ... မိုးမြင့်ထက်ဘက်ပဲ ပြန်လှည့်လာခဲ့တော့ကာ ... ပခုံးမှ အတင်းဆွဲပြီး ခြံထဲ ပြန်ခေါ်ချလာလိုက်ပါသည်။

"ဘယ်လိုမှတော့ မထင်နဲ့ဗျာ ... သူ့ကို မျှို့စပ်သွားပိတ်ဖို့က မသင့်တော်ဘူး ... ခင်ဗျားကို ကျောကနေတွန်းပြီး အကင်းပြန်ခိုင်းလိုက်တာကမှ သင့်တော်သေးတယ် ... အစစအရာရာ အတွက် အဆင်ပြေတယ်"





မိုးမြင့်ထက်ကား ဘာတစ်ခွန်းမှ ပြန်မပြောတော့ပါ ...။ ပြုံးမလိုလို မှေးမလိုလိုဟု ရဲထွန်းက ထောပနာပြုခဲ့သည့် မျက်ဝန်းတို့ကတော့ စိတ်မကောင်းခြင်း ကြီးလှစွာသော ခံစားချက်တို့ဖြင့် မှုန်မှိုင်းအရောင်ဖျော့ ... နာကျင်လျက် ...။

❦ ❦ ❦

"ကားနဲ့ မပြန်ဘူး ... ကားထားခဲ့မယ် ... ရထားနဲ့ပဲဖြစ်ဖြစ် ... ရန်ကုန်–မန်း Express နဲ့ပဲဖြစ်ဖြစ် ... ပြန်လိုက်မယ် ..."ဟု ဦးမော်နိုင်က ကြေညာလိုက်စဉ်မှာ ... သမီးကလည်း "ခိ"ခနဲ ပြုံးစိစိ ဖြစ်သွားသလို ... အစ်မဖြစ်သူ ဒေါ်သက်ပိုင်ကလည်း မဲ့ရွဲ့လျက် ...

"အယူသီးတာ ..."

"ဘာ ... ဘာ ... မမ ဘာပြောတယ် ..."

"မင်းကားနဲ့ လာခဲ့တုန်းက ဟိုကလေးမရဲ့ ဘရုတ်ဘရက်ကိစ္စနဲ့ ကြုံထားရလို့ ... ဒီတစ်ခါသာ ကိုယ့်ကားနဲ့ကိုယ် ပြန်ရင် ... မောင်လူခကိုများ ဇရုတ်သုက္ခပုံစံနဲ့ ဆုံနေရဦးမလားလို့ ... လန့်ပြီး မပြန်ရဲတာ မဟုတ်လား ..."

"ဟာ ... အဓိပ္ပာယ်မရှိတာ ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆိုရင် ကားကို ပြန်ယူသွားပေါ့ ... မင်း မန္တလေး ပြန်မှာက ခဏတဖြုတ် အလည်လည်း မဟုတ် ... ဟိုမှာလည်း မင်း သုံးစရာက ဒီတစ်စီးပဲ ရှိတာ ... ဒီမှာက သမီးနဲ့ ဒရိုင်ဘာနဲ့ တစ်လှည့်စီမောင်းနေတဲ့ အိမ်ကတစ်စီးလည်း ရှိပြီးသား ... နှစ်စီးကြီး ဘာလုပ်ရမှာလဲ ... ငါတို့မှာလည်း ဒီမှာ နှစ်စီးစာ ထိန်းသိမ်းစောင့်ရှောက်နေရမှာ ... အလုပ်မှ မဟုတ်တာ ... ဆီဆိုင်ကလည်း ဟိုမှာပဲဆိုတော့ ဆီကလည်း မရ ...

ဟိုမှာ မင်း အသုံးလိုပါပြီဆိုမှ ဒီကားကို ဘယ်သူက လာပို့ရမှာလဲ ... မင်းပဲ ပြန်လာလိုက် ... ယူပြီးပြန်လိုက် လုပ်မှာလား ... အလုပ်ပိုတွေ ရှုပ်လိုက်တာ ..."

ဦးမော်နိုင် တစ်ယောက် ဘာအကြောင်းပြချက်နဲ့မှ ပါးစပ်ထပ်မဟသာအောင် ဖြစ်သွားရပါတော့သည်။ တကယ်တော့လည်း ကိုယ့်ဘက်က လုံမှမလုံတာလေ ...။ မမ ပြောသလို "အယူသီးတာ"ဆိုတာမျိုးလောက်ကြီး အထိတော့ အဖြစ်မခံနိုင်ပေမဲ့ ... သူ စွပ်စွဲလိုက်သလို ဒက်ထိနီးပါး ဖြစ်နေခဲ့တာလည်း ကိုယ့်ကိုယ်ကိုယ်တော့ အသိဆုံးပင် ...။ အမိပ္ပာယ်တော့ သိပ်မရှိလှပါဘူး ...။ သမီးရော ဦးမော်နိုင် အတွက်ပါ စိတ်ဆင်းရဲစရာတွေ ဖြစ်ခဲ့ရသော ဒီကားလမ်းခရီးစဉ် တစ်ခုရဲ့ အတွေ့အကြုံမျိုးဟာ ဘယ်လိုမှ ထပ်တူထပ်မျှ ထပ်ရလာနိုင်စရာမှ မရှိတာ။





သိသိကြီးနဲ့ပဲ ... "ဒီကားကို ယူမပြန်ဖြစ်ဘူး ..." ဟု ဘာကြောင့်များ ပေါက်ကရ အဓိပ္ပာယ်မဲ့ စကားမျိုးကို ဆိုဖြစ်လိုက်ပါလိမ့် ...။

"ဖေဖေ စိတ်မချရင် ကိုလူခကိုပါ ကားပေါ် တစ်ခါတည်း ခေါ်တင်သွားပစေလေ ကြီးကြီး ... သူလည်း ဒီရက်ပိုင်းအတွင်း မန္တလေး ပြန်ဖြစ်ချင် ပြန်ဖြစ်လိမ့်ဦးမယ်လို့ ပြောနေသေးတယ် ... သူ့အမေ သိပ်နေမကောင်းချင်ဘူးတဲ့ ... သူ့အဖေက ဟိုမှာ ဆေးရှာလို့မရရင် ... ဒီကဝယ်ပြီး ပို့လိုက်လို့ ပြောနေတာ ... 'ချော'နဲ့ မပို့ဘဲ သူကိုယ်တိုင်ပဲ သွားပို့ပစေတော့ ... ဖေဖေနဲ့ တစ်ခါတည်း လိုက်သွားချေလို့ ပြောလိုက်မယ်"

သမီးက ဦးမော်နိုင်ကိုတော့ဖြင့် တိုက်ရိုက်မပြောဘဲ သူ့ကြီးကြီးကို ပြောနေသလိုလိုနှင့် ဦးမော်နိုင် ကြားသာအောင် လှမ်းစနေဂလသည်။

"ဟော့ ... ဒီမှာ မောင်နိုင် ... သမီးက ပြောနေတယ် ... မင်း မျက်စိကွယ်ရာမှာ စိတ်ချလက်ချ မထားခဲ့နိုင်ရင် ကားပေါ် ခေါ်တင်သွားချေတဲ့ ... ရန်ကုန်ထဲက တစ်ခါတည်း ပါလာတော့ ... လမ်းကျမှ ဘွားခနဲ ပေါ်လာပြီး ငါ့ကားမှ တိုက်တိုက်ဆိုင်ဆိုင် လာတားနေကြဦးမလားလို့ တထိတ်ထိတ်နဲ့ ပူပန်သွားစရာ မလိုတော့ဘူးပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အစ်မဖြစ်သူကလည်း တူမချောနှင့် ပူးပေါင်းကာ_ ဒီမောင်တစ်ယောက်ပဲ စလို့ကောင်းနေပုံရသည်။ ဦးမော်နိုင်က စိတ်ပေါက်ပေါက်နှင့် ...

"ရန်ကုန်တည်းက တစ်ခါတည်း ခေါ်တင်သွားလည်းပဲ_ ဒီကောင်က သူ့ဆန္ဒရှိရင် ... ရေတာရှည်လောက်ကျမှ မိန်းကလေးတစ်ယောက်တည်း ကြားဖြတ်ပြီး ကားတားစီးလို့ စီစဉ်ချင် စီစဉ်ထားမှာပေါ့ ... အဲဒီကျမှ ကောက်တင်ပြီး ... မန္တလေးထိ လိုက်ပို့ပေးလိုက်ရတာမျိုးလည်း ဖြစ်နေနိုင်တာပဲ ... ကဲ ..."

တူမရော ကြီးတော်ပါ ဦးမော်နိုင်ရဲ့ စိတ်ပေါက်ပေါက် စကားကြောင့် ... ပါးစပ်မစေ့နိုင်အောင်ပင် "တဟင်းဟင်း" ဖြစ်နေကြလေသည်။ ဦးမော်နိုင်ကလည်း ... ဦးမော်နိုင်...။ မန္တလေးက အလုပ်ကိစ္စတွေကို ပစ်ထားခဲ့ရတာကလည်း ကြာပြီဆိုတော့ကာ ... မပြန်မဖြစ် ပြန်ကိုပြန်ရတော့မည့် အချိန်မျိုးဖြစ်လာခဲ့စဉ်မှာ ... ကိုယ့်ဘာသာ တောင်တောင်အီအီတွေ လျှောက်တွေး စိတ်ပူပြီး ...

"မမ ... ကျွန်တော် ဟိုပြန်ရောက်တာနဲ့ တစ်ရက်နှစ်ရက်လောက်အတွင်း ... ဖုန်းတွေဘာတွေ လှမ်းဆက်ပြီး ငါနဲ့ သမီးနဲ့လည်း မန္တလေးလာလိုက်ဦးမယ်ဟေ့ ... ဆိုတာမျိုး မဖြစ်ပစေနဲ့နော် ... ဒါပဲ ... ကျပ်ကျပ် သတိပေးသွားမယ်"





"ဟဲ့ ... ဘာဖြစ်လို့လဲ ... ငါကတောင် ... မန္တလေးမရောက်တာ ကြာပြီ ... မင်းပြန်ရင် ဘုရားဖူး ခရီးတဖြုတ်လောက်များ လိုက်လည်ကြရင် ကောင်းမလားလို့တောင်မှ ပြောမလို့ စဉ်းစားနေသေးတာ ..."

"တွေ့လား ... တွေ့လား ... ထင်တဲ့အတိုင်းပဲ ... မမနော် ... မမ ... ကိုယ့်ဦးနှောက်ကလေးနဲ့လည်း စဉ်းစားပြီးတွက်ချက်စမ်းပါဦး ... ချစ်လုံးလုံး ... မုန်းလျှားလျှား ဘက်ပင်းချင်တာမျိုးတွေ လျှော့စမ်းပါ ... အမြဲ ရန်ဖြစ်စိတ်ကောက်နေကြတဲ့ ဒီကြီးတော်နဲ့ ဒီတူမ သိပ်တည့်နေကြကတည်းက ကျွန်တော်က သိပ်သင်္ကာလှတာတော့ မဟုတ်ဘူး ..."

"ဟဲ့ ... ဘာတွေ ပြောနေတာလဲ ... ငါ ဘာမှလဲ မသိပါလား ..."

"သမီးက မမကို ကျိတ်ဆွယ်ပြီး ... မန္တလေးက ဟိုဘက်မိသားစုဆီ မျက်နှာပြ ဆွေပြမျိုးပြ အလည်တစ်ခေါက်လောက် ဆိုရင်တော့ ... ကျွန်တော် လုံးဝခွင့်မပြုနိုင်သေးဘူးနော် ... စောင့်ကြည့်နေရဦးမဲ့အချိန် ... စိတ်ဒုံးဒုံးချကို မချနိုင်သေးတဲ့ အချိန်လို့ ကျွန်တော် ခင်ဗျားကို ပြောထားပြီးသားနော် မမ ... သမီး ဆွယ်တိုင်း မပါနဲ့ ... ကျွန်တော် မကြိုက်ဘူး ..."

"အောင်မာ ... ဘယ်မှာပါသေးလို့လဲ ... ငါ့များ ပြောသွားလိုက်တာ ... သူငယ်နှပ်စားလေး ကျနေတာပဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"မမ ဘယ်တုန်းကများ ဆိုင်ပိတ်ပြီး ခရီးထွက်ရမှာကို ကြိုက်ဖူးလို့လဲ ... အစဉ်းသိတွေပဲဟာ ... ဒါ ထူးခြားတာ မဟုတ်လို့ ဘာလဲ ..."

"ဟဲ့ ... သြော် ... ဒုက္ခပါပဲတော် ... တစ်ခါတလေလေး လောက်တော့ လူပဲ ... စိတ်အပြောင်းအလဲလေး ဘာလေး မဖြစ်ရတော့ဘူးလားဟယ် ... ဒီလိုဆိုရင်တော့ ငါမှာ မင်း ပြောသလိုဆို ... ဆိုင်ပိတ်ပြီး ခရီးထွက်ခွင့် တစ်သက် လုံးမရှိရတော့မလိုလို ဖြစ်နေပြီ ..."

"တခြားမှာ ရှိချင်ရှိ ... မန္တလေးဘက်တော့ လာမရှိနဲ့"

"အဲဒီလို တိုကိုတိုလို့ ... တိုပါတယ်ပြောလည်း မကြိုက်"

ဦးမော်နိုင်နဲ့ ဒေါ်သက်ပိုင်တို့ နှစ်ယောက်မှာ မန္တလေး ခရီး မစခင်ကတည်းကပဲ အဲဒီလိုလည်း အခြေအတင်တွေ ရှိခဲ့ ကြရပြီးပါပြီ။ လူခ ဆိုတဲ့ကောင်ကလေးခများတော့ ... "လူလိမ္မာ သား ယဉ်ပါး"ဆိုတဲ့ စာဆိုနဲ့ သူ့ခများ ဆက်တိုက်ကို ကိုက်ညီနေ ရှာပါသော်လည်း ... တစ်ခါကြုံဖူးသည့် ဦးမော်နိုင် ထံမှ ယုံကြည်မှု ကို လွယ်လွယ်နှင့်ကို ပြန်မရနိုင်တော့ပေ ...။ သမီးကတော့ သူ့ ကောင်လေးကို ...

"ဒါ ဖေဖေ့ အပြစ် မဟုတ်ဘူး ... လူကြီးတစ်ယောက် ဆိုတာ ဒါလောက်တော့ ရှိမှာပဲ ... သူက ကိုယ်တိုင်ကြုံ လိုက်ရတာကိုး ... ဒီတော့ ခ,အနေနဲ့က ပုံမှန်အခြေအနေ ထက် နှစ်ဆတိုးပြီး နေထိုင်တတ်ရမယ် ... စိတ်လည်းမလော





နဲ့ ... ဒါမျိုးက အချိန် သေချာယူပြီး ပြန်လည်တည်ဆောက် ယူရမဲ့ကိစ္စ... ခ,ကို မှားတယ်လည်းပြောတာ မဟုတ်ပါဘူး ... ဒါပေမဲ့ လူတစ်ယောက်နဲ့ တစ်ယောက်ကြားမှာ ယုံကြည်မှု ပျက်သွားပြီးပြီဆိုရင် ... ဒီလိုပဲ အချိန်ပြန်ယူ ကြိုးစားရမှာ ကတော့ ကိုယ့်တာဝန်ပဲ ... ဟုတ်တယ် မဟုတ်လား ..."

အဲဒီလို ပြောထားခဲ့သည်ဟု မမထံမှ ပြန်သိခဲ့ရတာ မို့ ... ငါ့သမီး ဂျစ်ကန်ကန်ကလေးက ဒါမျိုးကျတော့ တော်သား ပဲ ..."ဖမဆုံးမ ... ကြီးတော်မဆုံးမ" ပုံစံကနေ အများကြီးတိုးဘက် လာသားပဲ ... ရယ်လို့ ဦးမော်နိုင်မှာ တစ်ချက်တော့ဖြင့် ရင်အေး လိုက်ရသည်ပင် ...။

နောက်ဆုံးတော့လည်း အစီအစဉ်မရှိလှသည့် စိုးရိမ် စိတ် (မမပြောသလိုဆိုရင် ... အယူသီးစိတ်)ကြီးကို ကိုယ့်ဘာသာ ပဲ ကြိုးစားဖျောက်ယူရာ ... အိမ်ကကားနဲ့ပဲ ... ဦးမော်နိုင်တစ် ယောက် မန္တလေးသို့ ပြန်ခဲ့ဖြစ်ပါသည်။ ဒါတောင်မှ သမီးနှင့် မမကိုတော့ မသိစေရဘဲ ကိုယ့်အစီအစဉ်နှင့် ကိုယ် ...။

ဖြူး ရောက်ရင် ကိုခင်မောင်လတ်ထံ ဝင်တွေ့ပါက "ခဏနေပါဦး ... မနက်စာ ... ညစာ စားသွားပါဦး ..."တွေ ဘာတွေ လုပ်နေပါက ... အဲဒီ "အတွေ့အကြုံဆိုး"ကြီးရှိရာ "ရေတာရှည်"သို့ ... နေဝင်ရီတရော ... ခပ်မှောင်မှောင်ကြီးမှာ ဖြတ်ရဦးမှာကို ဦးမော်နိုင်က လန့်သည်။ ဘာမှ အစီအစဉ်မရှိ မှန်း ... မဖြစ်နိုင်မှန်း သိသိကြီးနှင့် ... ကိုယ့်ဘာသာကိုယ် စပ်



www.burmeseclassic.com

www.burmeseclassic.com



မှောင်မှောင်မှာ "ရေတာရှည်"ကို ဖြတ်ကိုမဖြတ်ချင်တာ ဘာဖြစ်လဲ ...။

ကိုခင်မောင်လတ် ဆိုသည့် သူကလည်း သူ့ကို အပြန်မှာ ဝင်မတွေ့သွားဘဲ မန္တလေးသာ ပြန်ရောက်သွားလို့ကတော့ ... တစ်သက်လုံး ပြောလို့ကို မပြီးတော့မည့် လူစားမျိုးမို့ ... ရန်ကုန်ကနေ ညနေစောင်းမှထွက်ပြီး ဖြူးမှာ ညအိပ်ဖို့ပဲ စီစဉ်လိုက်ပါသည်။ ပြီးရင်တော့ ဖြူးကနေ ခပ်စောစော မလင်းတလင်းမှာ ထထွက်လိုက်ရုံပေါ့ ...။ မမနဲ့ သမီးလည်း ..."ဘာဖြစ်လို့လဲ" ဘာညာ မစပ်စုကြတော့ပါ။ မေးလာခဲ့ရင်လည်း ..."ညကြီးမင်းကြီး တစ်ယောက်တည်း ကားမမောင်းချင်လို့ ..."ပေါ့ ...။ ပြီးတာပဲ ...။

ဖြူးသို့ ရောက်သောအခါ ကိုခင်မောင်လတ်က သူလည်း ကိစ္စတစ်ခုရှိသဖြင့် မန္တလေးသို့ သူပါလိုက်ဦးမည် ... ဟု ဆိုလာပါသည်။ သူ့အလုပ်ကိစ္စအတွက် ... ရန်ကုန်မှ ငွေဝင်လာစရာ တစ်ခုကိုလည်း စောင့်ရဦးမည်ဟု ဆိုလာသောအခါ ... ဖြူးမှာ တစ်ညဝင်အိပ်လိုက်ရသော်ငြား ...၊ နောက်တစ်နေ့ မနက်လင်းတာနဲ့ ထပြန်ဖို့က မဖြစ်နိုင်တော့ဘဲ ... နောက်တစ်နေ့မှာပါ တစ်နေကုန်လုနီးပါးပင် ... ရန်ကုန်မှ ငွေအဝင်ကို ငုတ်တုတ်ထိုင်စောင့်နေခဲ့ရပါသည်။

"မန္တလေးမှာ ခင်ဗျား အလုပ်ကိစ္စက အရေးတကြီး စောင့်နေလို့လား ကိုမော်နိုင် ... ဒါဆိုလည်း ကျုပ်ကို ဘာမှအားနာနေစရာ မလိုဘူးနော် ... စောင့်ပေးမနေနဲ့တော့ ...





နောက်တစ်နေ့ကျမှ ကျွန်တော့်ဘာသာ ကားကြီးနဲ့ တက်လိုက်လာခဲ့လည်း ဖြစ်ပါတယ် ... ကျွန်တော့် ကုန်ကားကလည်း ဘယ်လိုမဆို မန္တလေးကို မောင်းတက်ရမှာပဲလေ ... ကျွန်တော်က ခင်ဗျားနဲ့ လိုက်ခဲ့ဖို့ စီစဉ်လိုက်တာက လမ်းတစ်လျှောက်မှာလည်း စကားပြောလို့ရအောင်ရယ် ... ကားလေးနဲ့ဆိုတော့ သွားရလာရတာ ကားကြီးထက်တော့ လူပိုသက်သာတာပေါ့ဗျာ ... အဲဒါကြောင့်ပါ ..."

အဲဒီ ရေတာရှည်ဆိုတဲ့မြို့ကို ညကြီးမင်းကြီး ကားနဲ့ မဖြတ်ချင်ပါဘူး ဆိုနေမှ ဖြတ်ကိုဖြတ်ရတော့မှာပါပဲ ...ဆိုတဲ့ အသိက ဦးမော်နိုင်ကို အတော်ကြီးပင် ဖိစီးနှိပ်စက်နေပုံရပါသည်။ မမနဲ့ သမီးသာ သိရင်တော့ ရှောင်ရှားကာမှ ကွိခနဲ ပြန်မိနေတော့တဲ့ အဖြစ်ကို ဟားကြပါလိမ့်ဦးမည်။ ဦးမော်နိုင်ရဲ့ ပုံစံက ဘယ်လောက်ထိ ဖြစ်နေသည်မသိ ...။ ကားကြုံလိုက်ဖို့တောင်းဆိုထားသည့် ကိုခင်မောင်လတ်ပင် ရိပ်မိသွားတဲ့အထိ။ ဒီလိုဆိုတော့လည်း ဦးမော်နိုင်မှာ အားနာပါးနာကြီးနှင့် ကိုယ့်မျက်နှာကိုယ် အမြန်ပြန်ပြင်ရပါသည်။

"မဟုတ်တာဗျာ ... ကျွန်တော်က အဲဒီလိုပဲ ... နည်းနည်းနေပူရင် ... ခေါင်းထိုးပြီး မျက်နှာက ပျက်ချင်လာရော ... အသက်က စကားပြောပြီဗျ ..."

"သွေးတိုးတွေ ဘာတွေများ ဖြစ်ချင်လို့လား ... ဆေးခန်းသွားလိုက်မလား ..."



www.burmeseclassic.com

www.burmeseclassic.com



"နေပေ့စေ ... နေပေ့စေရတယ် ... ခဏကြာရင် သက်သာမှာပါ ... ကိုယ့်အကြောင်းကိုယ် သိပါတယ် ..."

ကိုခင်မောင်လတ် ခမျာ ... သံပရာရည်တွေ ဖျော်တိုက်ရ၊ ပန်ကာနှစ်လုံး အပြိုင်ဖွင့်ပြီး ... ပန်ကာလေတွေ ဦးမော်နိုင်အပေါ် တိုက်ရိုက်ကျမနေအောင် စီစဉ်ပေးရ ... အော်ဒီကလုံးဆွတ်ထားသော လက်ကိုင်ပဝါ ဘုထုံးလေး လုပ်ပေးရနဲ့ ... ဦးမော်နိုင်ရဲ့ ကြုံရာဆင်ခြေတစ်ခုကြောင့် သူ့ခမျာ အတော်ကြီး အလုပ်ရှုပ်သွားရရှာပါသည်။ အားနာလွန်းလှသော်လည်း အသာငြိမ်ပြီးသာ ခံယူနေရ၏။ ကိုယ်က အဖြစ်မှန်အတိုင်းမှ မပြောဝံ့ဘဲ ...။ ပြောသာ ပြောလိုက်လို့ကတော့ ကိုခင်မောင်လတ်ရဲ့ ရယ်သံကြီးဟာ ... သမီးတို့ မမတို့ထက် အဆတစ်ရာလောက် ပိုသာသွားမည်လေ။

ကိုယ့်တုန်းကလည်း သူ့ကို အဲဒီလိုပဲ ရယ်ခဲ့ဖူးတာပဲ ...။ ခုဆို ကလေးနှစ်ယောက်တောင် ရနေပြီဖြစ်သော ကိုခင်မောင်လတ်ရဲ့ သမီးအကြီးမ လက်ထပ်စဉ်က ... သူကိုယ်တိုင်သဘောတူ စီစဉ်ပေးစားသော ... သူ့စက်ထဲ အလုပ်ထဲမှ အားကိုးရသည့် လူယုံ၊ ပညာတတ်၊ မျိုးရိုးကောင်းကလေးတစ်ယောက်ဖြစ်နေပါသော်လည်း ... ကိုခင်မောင်လတ်က ... ဦးမော်နိုင်ကို ဖက်ပြီး ... "နှမြောလို့ပါဗျာ"ဟု တဟီးဟီးနဲ့ မျက်ရည်တွေ ကျခဲ့ဖူးသေးတာ ...။





"နှမြောရအောင်ဗျာ ... သေတာမှ မဟုတ်တာ" ရယ်လို့ ပစ်ပစ်နှစ်နှစ် ဝေဖန်ခဲ့တာ ... အသံကျယ်ကြီးနှင့် အော်ရယ်ခဲ့တာ ဦးမော်နိုင်ပင် ...။ နောက်ဏ သမီးအငယ်တွေ အလှည့်ကျတော့ ကိုခင်မောင်လတ် တစ်ယောက် ခံနိုင်ရည် ရှိသွားခဲ့ပြီ။ "ခင်ဗျားသမီး အလှည့်ကော ဘယ်တော့လဲဗျ ဦးမော်နိုင် ... ကျုပ် ပါးစပ်ပြင်ထားမယ်နော် ... စားဖို့မဟုတ်ပါဘူး ... ရယ်ဖို့" ဘာညာ စသဖြင့် အေးအေးဆေးဆေး ပြောင်ပြောင်နောက်နောက်တွေလည်း လုပ်နိုင်သွားပြီ ...။

ပြောရရင် ကိုယ်က သူ့လို နှမြောတဲ့အထိတောင် မရောက်သေး ... အမိပွာယ်မဲ့ အယူသီးတာပါ ဆိုရင် ... ကိုခင်မောင်လတ် တစ်ယောက် ဘယ်လောက်များ ဝမ်းသာအားရတွေ ဖြစ်နေလိုက်မလဲ ...။

ဖြူးမှထွက်ဖြစ်ကြတော့ ... ထင်သည့်အတိုင်း ... ညနေ တော်တော်စောင်းစောင်း ...။ အကြောင်းမသိသည့် ကိုခင်မောင်လတ်က စိုးရိမ်တကြီးနှင့် ဦးမော်နိုင်ကို ကားမောင်းမခံပေ။

"အသာငြိမ်လိုက်ခဲ့စမ်းပါ ... အိပ်ချင်လာရင် တစ်ရေးလောက် အိပ်ပစ်လိုက်ဦး ... အိပ်ရာကနိုးမှ ... တစ်လှည့်ပြန်မောင်းရင် မောင်းပေါ့ ..."

မန္တလေးသို့ ရောက်ကြတော့ နေ့လယ်စောင်း ... ညနေခင်း ...။ တစ်လမ်းလုံး ကားမောင်းဖို့တာဝန်ကို သူချည်း



www.burmeseclassic.com

www.burmeseclassic.com



ယူလာခဲ့သည့် ကိုခင်မောင်လတ်က မြို့ထဲစဝင်မှပင် ဦးမော်နိုင်ကို ပြန်မောင်းခိုင်းတော့ကာ ...

"မြို့ထဲတော့ ... ခင်ဗျားပဲ မောင်းတော့ဗျို့ ... ဖြစ်မလား"

"ဟာ ... ဘာလို့ မဖြစ်ရမှာလဲ ... ကျုပ် ဘာမှမဖြစ်တော့ပါဘူး ..."

"ဟုတ်တယ် ... မျက်နှာက တူကို မတွေ့တော့တာ လမ်းမှာတည်းက သတိထားလိုက်မိတယ် ..."

ဘယ်တူပါတော့မလဲ ...။ အယူသီးနေရသော ရေတာရှည်ကို ခပ်မှောင်မှောင်ထဲမှာပဲ အောင်မြင်စွာ ဖြတ်ကျော်လာနိုင်ခဲ့ပြီးတဲ့နောက်ကစပြီး ဒီမျက်နှာရဲ့ အချိုးအချိတ် အနေအထားက ပြောင်းလဲသွားခဲ့တာ ဖြစ်မှာပေါ့။ မန္တလေးသို့ ဒုတ်ဒုတ်ထိ ဆိုက်ရောက်ခဲ့တော့ လူက လန်းဖြာ ... ဝမ်းသာလျက်ရှိပြီ။

"လားရှိုးလေးဆိုင်ကိုပဲ တန်းမောင်းသွားလိုက်တော့ဗျာ ဦးမော်နိုင် ... ဗိုက်ဖြည့်ပြီးမှ ... ခင်ဗျားအိမ်လိုက်ပြီး ... တစ်ချိုးတည်း အိပ်မယ် ..."

'လားရှိုးလေး' ရှမ်းစားသောက်ဆိုင်ကတော့ အကောင်းကြိုက်တတ်သော ကိုခင်မောင်လတ်ရဲ့ လက်စွဲပဲ ဖြစ်ပါသည်။ မန္တလေးသို့ ရောက်လျှင် ဦးမော်နိုင်ရဲ့ အိမ်မှာပဲ ထမင်းစားပါဆိုရင် ... မနက်စာတစ်ထပ်သာ ကျိတ်မှိတ်စားလျက် ... ညစာအနပ်တိုင်းကတော့ ... "လားရှိုးလေး"ပင်။ လူတွေ ကျပ်တောက်နေ





အောင် စည်ကားလွန်းလှသော နေရာမျိုး မှာ အလှူပေးနေသလို စားရသောက်ရပုံမျိုးကို ဦးမော်နိုင်ကတော့ မနှစ်သက်လှပါ ...။ သို့သော် ကိုယ်ကအိမ်ခံ ...၊ ဧည့်သည်ဆိုတော့ ဧည့်သည်ကိုပဲ ဦးစားပေးရတော့မှာပေါ့ ...။

(၂၃)လမ်းပေါ်က "လားရှိုးလေး"ဆိုင်ရှေ့သို့ ရောက်လျှင် ...

"စောနေတော့ လူချောင်သေးတယ်ဗျို့ ... မဆိုးဘူး ..."

ဦးမော်နိုင်က ဝမ်းသာအားရ ဟစ်ကြွေးလျက် ... ကားပါကင်နေရာလွတ်မှာ ကားကို နောက်ပြန်ဆုတ်ကာ ... ရပ်တန့်ပါသည်။ သို့သော် ... အဲဒီ"မဆိုးဘူး"ဟူသည့် စကားလုံးမှာ ... "လုံးဝဆိုးရွားတယ်"ဟူသော စကားလုံးအဖြစ် ... ချက်ချင်းလက်ငင်းကြီး ဆန့်ကျင်ဘက် ဖြစ်ပွားသွားခြင်းနှင့် ကြုံတွေ့လိုက်ရပါတော့သည်။

ကားကို နောက်ပြန်ဆုတ်ကာ သေချာရပ်တန့်နေဆဲ ... ဆိုင်ထဲမှ ... အော်သံတစ်ချက်နှင့်အတူ ... မိန်းကလေးတစ်ယောက်က ဝုန်းဒိုင်းကြဲ လှုပ်ရှားစွာပင် ထွက်ချလာခဲ့ပါသည်။ ထိုမိန်းကလေးဟာ ဆိုင်ပြင်သို့ ရောက်အပြီး ဦးမော်နိုင်ရဲ့ကားဘေးက အဖြတ်မှာပင် ... ဘာမှန်းမသိသည့် တစ်စုံတစ်ရာကို (လမ်းမပေါ် ရောက်နေပြီဖြစ်ရက်) မဆင်မခြင် ထပ်မံအော်ဟစ်လိုက်ပါသေးသည်။ ပြီးလျှင်တော့ ... တစ်ယောက်တည်း လျှောက်လှမ်းသွားလိုက်သည်မှာ ... မာရသွန်မယ် တစ်ယောက်အလား ...။

www.burmeseclassic.com



ခဏကြာတော့ အော်ခေါ်သံတို့နှင့်အတူ ဆိုင်ထဲမှ နောက်ထပ် ယောကျ်ားလေးတစ်ယောက်ပါ အပြေးထွက်ချလာပါသည်။ မိန်းကလေးက ခေါင်းငုံ့လည်ပြန်ကြည့်သော်လည်း ရပ်တော့ မစောင့်သဖြင့် ... အတော်လှမ်းလှမ်းသို့ ရောက်နေပြီဖြစ်သော မိန်းကလေးထံ ထိုယောကျ်ားလေးက ပြေးလိုက်သွားရပါသည်။ မိန်းကလေးရဲ့ ပခုံးမှာ လွယ်ထားသော အိတ်ကြီးတစ်လုံးကို ဆွဲယူသည်။ ဟိုကမပေး ...။ ပြန်ဆွဲထား၏။

ဆွဲလုလိုက် ပြန်ယူလိုက် ... သုံးကြိမ်မြောက်လောက်မှာ မိန်းကလေးက သူ့အိတ်ကြီးကို လွှတ်ပေးလိုက်ပြီး ... ကိုယ်လွတ်လက်လွတ် ဆက်ထွက်သွားသဖြင့် ယောကျ်ားလေးခမျာ ... ထိုအိတ်ကြီးကို ကောက်လွယ်ကာ နောက်မှ ဆက်လိုက်ရပြန်သည်။ မိန်းကလေးက ဘာစကားမှ မဆိုပါ ... ယောကျ်ားလေးကသာ ... တစ်ချိန်လုံး တောက်လျှောက် တတွတ်တွတ် ... တဖွဖွနှင့် ...။

သူတို့စုံတွဲမှာ ... လူမြင်ကွင်းထဲတွင် ထင်းနေပြီး ... လူကြည့်ချင်စရာ ... ကသောင်းကနင်းတွေလည်း ဖြစ်နေကြသည်မို့ နာမည်ကြီး ရှမ်းထမင်းဆိုင်(၃)ဆိုင်တောင်မှ ရှိနေသည့်အတွက် ... လူမပြတ်သော ထိုလမ်းအတွင်းမှာ ဖြတ်သွားဖြတ်လာ ... ငုံ့ကြည့်သွားကြသူတွေ ရှိသလို ...၊ ရပ်လို့ကို ကြည့်နေမိတော့သည့် သူလည်း မရှား ...။ ဦးမော်နိုင် ကဲ့သို့ပင် ကိုခင်မောင်လတ်ကလည်း ခန္ဓာကိုယ်ကို ကုန်းကိုင်းကာ လိုက်ကြည့်နေလေသည်။





မိန်းကလေးကား ... "မော်လီ ..."။ ဘေးနားမှ လူမြင်မကောင်းတဲ့ ကောင်ကတော့ ... ထိုမိန်းကလေးရဲ့ လင်ယောကျ်ားပါဆိုသူ "ရဲထွန်း"တော့ဖြင့် မဟုတ်ပါချေတကား ...။

ဦးမော်နိုင်က"တောက်"တစ်ချက် ခေါက်ကာ ကားကို အကြမ်းပတမ်းပဲ ပြန်မောင်းထွက်လိုက်ပါသည်။ တောက် ...။ လွတ်ပြီ ... အေးဆေးပြီ ထင်ထားကာမှကွာ ...။

"ဟာ ... ဟာ ... ဘာဖြစ်တာလဲဗျ ကိုယ့်လူ ..."

"ပြောမယ် ... ပြောမယ် ... အားလုံး ပြောပြမယ် ... ဖြူးမှာကတည်းက ခင်ဗျားရဲ့ ရန်ကုန်က ငွေအဝင်ကို စောင့်ရမယ် ဆိုကတည်းက ကျွန်တော် မျက်စိမျက်နှာပျက်နေခဲ့ရတဲ့ အကြောင်းက စပြီးတော့ကို ပြောပြတော့မယ် ..."

ကိုခင်မောင်လတ် ခမျာ ... ပါးစပ်အဟောင်းသား ...။ ကဲ ... ပြောပြီးရင် ရယ်ချင်လည်း ဝမ်းသာအားရသာ ရယ်ပေ့စေတော့ ... ဘာမှ မတတ်နိုင်တော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သမီးက မန္တလေးမှ ဖေဖေ့အိမ် ဖုန်းနံပါတ်ကို လှည့်ပြီး ခေါ်လိုက်ပါသည်။ ဖေဖေ ဟာလေ ... သမီးကိုယ်တိုင် သေချာထည့်ပေးလိုက်ပါရက် ... သူကိုယ်တိုင် မဖြစ်ဖြစ်အောင် ပြန်ထုတ်ပြီးတော့များ မေ့ကျန်ရတယ်လို့ပဲ ...။ ခုတော့ ကောင်းပါလေ့ ...။ အမေ့ကောင်း ဖြစ်သွားပြီ။

ဒီနောက်ပိုင်းနှစ်တွေ အတွင်းမှာ အစားအသောက် မဆင်ခြင်မှုနှင့် ခန္ဓာကိုယ်က သိသိသာသာပင် ခပ်ဝဝ ဖြစ်ချင်လာသော ဖေဖေ့ကို ဆရာဝန်က သွေးဖောက်စစ်ဆေးခိုင်းပြီးသည်နှင့် အဆီဓာတ်(Lipid Profile) စစ်ချက်မှာ ... Cholesterol တွေ၊ LDL တွေ အတော်ကြီး တက်နေခဲ့တာ တွေ့သတဲ့ ...။ အဲဒါကြောင့်မို့ပင် ဖေဖေဟာ ဆရာဝန်ရဲ့ ညွှန်ကြားချက်အရ Atorvastatin ဆေးကို စွဲသောက်နေခဲ့ရပါပြီ။

ထိုဆေးကတ်လေးကို ထုတ်သောက်ပြီး ရန်ကုန်အိမ်မှာပဲ မေ့ကျန်ခဲ့သော ကိစ္စဟာ တကယ်တော့ ဒီလောက်ကြီး အရေးမကြီးလှဘူးလို့ ပြောရင်လည်း ရတာပေါ့လေ ...။ အဲဒီဆေးက မန္တလေးမှာလည်း အချိန်မရွေး ဝယ်ယူရရှိနိုင်တာပဲ မဟုတ်လား ...။





ဒါပေမဲ့ သမီးက မဆိုစလောက် ညဏ်နှိုဉာဏ်နက်ကလေး ထုတ်လိုက်ကာ ထိုကိစ္စကိုပဲ သိပ်အရေးကြီးလှသလိုလို ခံစားယူလိုက်ပါသည်။ ဖေဖေ ထွက်သွားတဲ့ညမှာပဲ ... ခု,ဆီက သမီးဆီ ဖုန်းဝင်လာသည်။

"သမီး ... ကိုယ်လည်း မနက်ဖြန် မနက်ပဲ မန္တလေးသွားရမယ် ... မေမေက တွေ့ချင်လို့ လာခဲ့ဦးတဲ့ ... ဆေးပါဝယ်ခဲ့ခိုင်းတယ် ... တကယ်တော့ နေမကောင်းတာက နည်းနည်းပါ ... ကိုယ်သိပါတယ် ... ဟိုလင်မယားက ပြင်ဦးလွင် အသွားမှာ မေမေ့ဆီဝင်ပြီး ကိုယ့်အကြောင်းတွေ ဖောက်သည်ချသွားကြတယ်တဲ့ ... မေမေက ဘာမှ သိပ်သိမထားတော့ တအံ့တသြနဲ့ ပြီးတော့ ဝမ်းပမ်းတသာပေါ့"

"အောင်မယ် ... တအံ့တသြကတော့ ထားပါတော့ ... ဝမ်းပမ်းတသာ ဆိုတာကတော့ သူ့ဘာသာ တမင်ထည့်ပြောတာ မဟုတ်လား ..."

"တကယ်ပါ သမီးရဲ့ ... မေမေက ကိုယ့်ကို အိမ်ထောင်ပြုပြီး မန္တလေးက သူတို့အလုပ်မှာ လာဦးစီးပေးပြီး အခြေချဖို့ ပြောနေတာ ကြာလှပြီ ... ကိုယ်က အင်း၊ အဲနဲ့ သဘောမတူနိုင်သေးလို့ ... မေမေက ကိုယ့်ကို မန္တလေးမှာပဲ နေစေချင်တော့ အဲဒီမှာနေနိုင်မဲ့ မိန်းကလေးမျိုးကိုပဲ ယူစေချင်တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အခု သမီးအဖေက မန္တလေးက ... အဲဒီမှာပဲ စီးပွားရေးကလည်း အခြေတကျ ဆိုတော့ ... သမီးလည်း အဲဒီကို ပါလာနိုင်မှာပဲလို့ တွေးပြီး သူတို့လည်း ဝမ်းသာတာပေါ့ ... ညနေက မေမေ ဖုန်းပြောတော့ တကယ်ဝမ်းသာနေတာ ... အဲဒါ လာခဲ့ဦးတဲ့ ... ဆေးကလည်းကုန်နေပြီဆိုတော့ မဆိုင်းတော့ဘူးလေ ... မနက်ဖြန်မနက်ပဲ သွားလိုက်မယ် ... ခွင့်ကလည်း သိပ်မရဘူး ... နှစ်ရက်သုံးရက်လောက်ပဲ နေမယ် ..."

"ဒီလိုမှန်းသိ ... ဖေဖေ့တောင် ... သူ့ကိုပါ တစ်ခါတည်း ခေါ်သွားပါလားလို့ နောက်နေသေးတာ ..."

"အမယ်လေး ... တော်ပါသေးရဲ့ ... အန်ကယ်နဲ့သာ ဆယ့်နှစ်နာရီ ဆယ့်သုံးနာရီကျော်ကျော်ကြီး ကားအတူတူ စီးရမယ်ဆိုရင် ... မန္တလေးလည်းရောက်ရော ... ကိုယ်လည်း တစ်လမ်းလုံး တောင့်တောင့်ကြီး သတိဆွဲထားရတာနဲ့တင် ... ကျောက်ရုပ်ကြီး ဖြစ်နေမှာပဲ ..."

"ဒါပေမဲ့ ခုခဏပဲဖြစ်ဖြစ် အိမ်လာလိုက်ပါလား ... ဖေဖေ ပြန်သွားတာ ... သူသောက်လက်စ ဆေးကတ်ကျန်နေခဲ့လို့ ... အဲဒါ လူကြုံလေး ထည့်ပေးလိုက်မယ်လေ ... မန္တလေးရောက်ရင် ... ဖေဖေ့အိမ်ကို သူသွားပေးလိုက်ပေါ့"





"ကောင်မလေး ... အကောင်လေး သေးသလောက် ... လူတစ်ကိုယ်လုံး ဉာဏ်ချည်းပဲ ... အေးနော် ... ကိုယ်က ဆေးသွားပေးရင် ဖေဖေရော မေမေပါ ခေါ်ချသွားလိုက်မှာ"

"အား ... အဲလောက်ကြီးတော့ မလုပ်နဲ့နော် ... လုံးဝ မလုပ်လိုက်နဲ့ဦး ... ဘယ်လိုဖြစ်နေလဲ ..."

အဲဒီလောက်ကြီး ဖွတ်ကြီးဆန်ပစ်လိုက်ဖို့တော့ သမီးလည်း ကြောက်သေးတာပေါ့နော် ...။ သမီးက ဖေဖေနှင့် ခင်တို့ကိုတော့ တရင်းတနှီး အကျွမ်းတဝင်တွေ ဖြစ်စေချင်လှပါသည်။ ဒီအဖေနှင့် ဒီသမီး နှစ်ယောက်တည်းရှိတဲ့ဟာကို ... အဖေရင်း သမီးရင်း ဖြစ်ပြီး ခပ်စိမ်းစိမ်းကြီးလိုလို ဖြစ်နေရတဲ့ အနေအထားကို သမီးမှ မနှစ်သက်တာ ...။ သူများတကာတွေလို သမီးလည်း ဒီအဖေအပေါ် ... ကလေးတစ်ယောက်လို နွဲ့ဟယ် ဆိုးဟယ်နှင့် အလွန်တရာ ချစ်ကြည်စည်းလုံးလှသော ပုံစံမျိုးလေး ရချင်သေးတာပေါ့ ...။

ကိုယ်ချည်းတောင် မနည်းပြန်ကြိုးစားယူရဦးမှာ ...။ ကိုယ်နဲ့ အိမ်ထောင်ဖက် ဖြစ်လာမဲ့သူ အတွက်ပါ မဖြစ်မနေကြိုးထည့်ကြိုးစားနေရဦးမည်ဆိုရင် မိုမခက်ခဲနိုင်ပါလား ...။ အစတည်းက ဖေဖေ ကိုယ်တိုင် ကျေနပ်ကြည်ဖြူပြီးဖြစ်ကာ၊ လူငယ်တွေကို သူငယ်ချင်းလိုပဲ ဆက်ဆံလေ့ရှိသည့် ဖေဖေနှင့် ... ကိုယ့်အပေါ် နည်းနည်းလောက် လာကောင်းပြရင် တအားကြီးပြဲ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပစ်ဖို့ ဝန်မလေးသည့် ခတို့နှစ်ယောက်သားဟာ သမီး မျှော်လင့်ထားသလောက် အကျွမ်းတဝင် စည်းလုံးသွားကြသည် ဆိုရင်တော့ ပိုကောင်းတာပေါ့ ...။

ဖေဖေက ကြီးကြီးလို မဟုတ် ...။ စိတ်အပြောင်း အလဲ သိပ်မမြန်တတ်ပါ ...။ သူ့ဆိက နှစ်လိုမှု တစ်ခုကို ရပြီး ရင်လည်း တစ်သက်တာလုံး လက်ခမောင်းခတ်လို့သာ နေပေတော့။ အဲဒါကြောင့်မို့ပင် သမီးမပါဘဲ ... သူတို့ချင်း နှစ်ယောက်တည်း ဆုံတွေ့နိုင်မည့် အခြေအနေများကို သမီးက ကြိုးစားဖန်တီးယူကြည့် ရမှာပေါ့ ...။ ပါးနပ်လိမ္မာဖို့ကတော့ ... ခ,ရဲ့တာဝန် ...။

မန္တလေးနှင့် ဖုန်းလိုင်း ဝင်သွားလျှင် ... သမီးသည် ဖေဖေနှင့် ဒီလော်ကာလေး ပြောဆိုဖို့ကိုပင် ရင်က ခုန်ချင်ချင် ...။

"ဖေဖေ ... သမီးပါ ... ဖေဖေ ဘယ်တုန်းက မန္တလေး ရောက်လဲ ... ဦးလတ်ကြီးတို့အိမ်က ဖုန်းလှမ်းဆက်မှ ... ဖေဖေ ဖြူးမှာ ကြာသွားသေးတာ သမီးတို့ သိရတာ ... ဦးလတ်ကြီးပါ မန္တလေး လိုက်လာတယ်ဆို ..."

"အေး ..."

ဟင် ... ဖေဖေ့ အသံသည် တုံးတိတိ တိုပြတ်ပြတ် နှင့်ပါလား။ ရာသီဥတုမှ ကောင်းပါလေစ ...။ မန္တလေးက အလုပ် ထဲမှာ ဖေဖေ မရှိတုန်း ဘယ်သူတွေက ဘာတွေမှားယွင်းထင်ရာ စိုင်း ... မဟုတ်တာတွေ လုပ်ထားကြပြီလဲ မသိ ...။ သူတို့ဘာ သာ လျှောက်လုပ်ထားကြတာနှင့်ပဲ အကျိုးဆက်ကို လက်ခံရမှာ





က သမီး ဖြစ်နေရင်တော့ ဒုက္ခပါပဲ ...။ ဒီမှာကဖြင့် ခ,အကြောင်း ပြောမလို့ ရှိသေးတဲ့ဟာကို ...။

"ဖေဖေ ... သမီး ထည့်ပေးလိုက်ရက်နဲ့ ... ဖေဖေ ပြန် ထုတ်လိုက်မိတယ် ထင်တယ် ... Atorvastatin ဆေး ကတ်လေ ... ဒီမှာ ကျန်နေခဲ့တယ် သိလား ..."

"ရတယ် ... အရေးမကြီးဘူး ... ဒီမှာ ဝယ်လိုက်လည်း ဖြစ်ပါတယ် ... ကဲ ... ဒါပဲလား ..."

"ဟင့် ... ဖေဖေကလည်း ဘာမှတောင် မပြောရသေးဘူး ... သမီးကဖြင့် ဖေဖေ ဆေးမသောက်ရမှာစိုးလို့ ... အဲဒါလေ ... ဖေဖေ ထွက်သွားပြီး နောက်တစ်နေ့ မနက်မှာပဲ ... ခ, လည်း မန္တလေးသွားတယ် ... သိလား ဖေဖေ ... သူ့အမေ နေမကောင်းလို့တဲ့ ... အဲဒါနဲ့ သမီးလည်း အဆင်သင့်နေ တော့ ဝမ်းသာအားရနဲ့ ... ဖေဖေ့ဆေးကတ်ကိုထည့်ပေး လိုက်သေးတယ် ... သိလား ဖေဖေ ..."

"ကျွတ် ..."

"ဖေဖေက ဘာတွေ စိတ်မရှည် ဖြစ်နေတာလဲ ... အလုပ် ရှုပ်နေလို့လား ... အဲဒါလေ ... ဖေဖေ့ဆီ သူလာပေးလိမ့် မယ် ... နော် ... ဖေဖေ ..."

"ဟာ ... မလာနဲ့ ... မလာနဲ့ ... မလာပစေနဲ့ ... တောက် ..."

"ဟင် ... ဖေဖေ ... ဘာဖြစ်တာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်တိုနေတယ် ... စိတ်တိုနေတယ် ..."

"ဖေဖေ့ ဘာသာ အလုပ်ထဲမှာ စိတ်တိုနေတာ သမီးတို့နဲ့ ဘာဆိုင်လို့လဲ ... သူကလည်း ဖေဖေ့ဆီ အဲဒီဆေးကတ်လေး ပေးရုံပဲ လာမှာပါ ... တခြား ဘာမှမဟုတ်ပါဘူး ... သူလာရင် ဆီးကြိုပြီး ဟောက်မလွှတ်နဲ့နော် ဖေဖေ ... ဖေဖေ စိတ်တိုနေတာ သူနဲ့မှ မဆိုင်တဲ့ဟာ ..."

"သမီး ..."

ဖေဖေက သမီးကို ဒေါသသံကြီးနှင့် ဆောင့်ကြီးအောင့်ကြီး တစ်ချက် အော်လိုက်ပြီးလျှင် ... "ကိုခင်မောင်လတ် ... ဒီမှာ သမီးနဲ့လာပြောစမ်းဗျာ ... ကျုပ်က ဒေါသနဲ့ဆိုတော့ ... မဆီမဆိုင် ... သမီးကိုချည်း ဖိပြောပစ်နေမိလိမ့်မယ် ... အကုန်ပြော ... ကျွန်တော့် သဘောထားပါပြော ..."ဟူသည့် စကားကို ကြားလိုက်ရကာ ... ဖုန်းကို လက်ပြောင်းကိုင်လိုက်သည့် အသံတွေလည်း ထွက်ပေါ်လာပါသည်။

"သမီး ... ဦးလတ်ပါကွ"

"ဦးလတ် ... ဖေဖေ ဘာဖြစ်နေတာလဲ ... ဘယ်သူ့ကို ဒီလောက် စိတ်တိုနေရတာလဲ ... အဲဒီမှာ ဘာတွေဖြစ်ကုန်ပြီလဲ ..."

"ဒီလိုသမီးရဲ့ ... ဟိုဒင်းကွာ ... ဘယ်လိုပြောရရင်ကောင်းမလဲ ..."





နောက်ဘက်မှ ... "ကိုခင်မောင်လတ် ... အတိအလင်းပြော ... ဖြောင်ဖြောင်ပြော ... ဟိုလိုဒီလိုတွေ လုပ်မနေနဲ့"ဟူသော ဖေဖေ့ အသံကြီး ပေါ်လာပြန်ကာ ... သမီးကလည်း ...

"ဟုတ်တယ် ဦးလတ် ... သမီး အတိအကျ သိချင်တယ်"

"သမီးကောင်လေးလေ ... မောင်လူခ ..."

သမီးရင်ထဲ "ဒိန်း"ခနဲ တုန်တက်သွားရပါတော့သည်။

"အဲဒါကွယ် ... သမီးအဖေက ... ဒီတစ်ခေါက် မန္တလေးပြန်တော့ အဲဒီကလေးကို သူ တစ်ခါကြုံခဲ့တဲ့အတိုင်း မထော်မနန်း ... အထင်မှားလောက်စရာ ပုံစံကြီးနဲ့ ပြန်ကြုံရဦးမလားချည်းပဲ ထင်နေခဲ့တာ ... သမီးရဲ့"

သမီးက ... "ရေတာရှည်မှာ ... ညကြီးမင်းကြီးပဲလား"ဟု ကြားဖြတ် မေးပစ်လိုက်ပါသည်။ ဝမ်းနည်းရလွန်းလို့ သမီး မျက်ရည်ကျလာရပြီ။

"မန္တလေးမှာပါ ... ညနေဘက် ... ဦးလတ်လည်း တွေ့ပါတယ် ... အဲဒီမိန်းကလေးနဲ့ပဲ ... သူတို့နှစ်ယောက်တည်းပေါ့ ... အိတ်ကြီးကလည်း ထုံးစံအတိုင်းပဲ ပါနေသေး ... မိန်းကလေးက စိတ်ကောက်ထွက်ပြေး ... သူက နောက်ကလိုက်ချော့ ... အဲ ... အဲ ... လိုက်ခေါ် ..."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါတော့ ဦးလတ်ရယ် ... တော်ပါတော့ ..."

"ကဲ ... သမီးရယ် ... ပြောလက်စနဲ့ တစ်ဆက်တည်းပဲ နားထောင်လိုက်ပါတော့ ... အဲဒါ သမီးအဖေက ... ဒီလို ကောင်လေးမျိုးတော့ လုံးဝမှ လုံးဝပဲတဲ့ ... ခုတစ်ခဏ လေးကို ဖွတ်မတိုးနဲ့တဲ့ သမီးရေ ... နောင်တစ်သက် တာလုံး စိတ်ဆင်းရဲ မနေရဖို့ ... ခု တစ်ခဏ နည်းနည်း စိတ်ညစ်ရရုံက ဘာမှ မပြောပလောက်ဘူးတဲ့ကွယ် ..."

"နည်းနည်း" ဟုတ်လား ဦးလတ်ရယ် ...။ ပြောရက်လိုက်တာ "နည်းနည်း"တဲ့ ...။ "စိတ်ညစ်ရရုံ"တဲ့ ...။ တကယ်တမ်းမှာတော့ ရင်ကွဲပက်လက် ဖြစ်ကျန်ရစ်ရမှာ သမီးသာလျှင် အသိဆုံးပါ။ "ဖြစ်ကြပြန်ပြီ"ဟူသည့် အတွေးရဲ့နောက်မှာ ဟိုးအရင် အရင်တွေကလို လူခကို ထရိုက်ကုတ်ဆွဲ သတ်ဖြတ်ပစ်လိုက်လိုစိတ်တွေအစား ... ကိုယ့်ကိုယ်ကိုယ် သနားလွန်းလှသော အတွေးတွေပဲ တောက်လျှောက် ကပ်ပါလာကြကတည်းက ... သမီးဟာ ဘယ်လောက် အလွယ်တကူလေး ရှုံးနိမ့်သွားပြီလဲဆိုတာ အသိသာနိုင်ကြီးပဲပေါ့ ...။ သမီးကဖြင့် အဲဒီ"တစ်သက်တာလုံး စိတ်ဆင်းရဲ"ဆိုတာကြီးကိုပဲ လက်ခံဖြစ်ဖို့ကိုပါ တစ်လက်စတည်း ခေါင်းထဲရောက်လိုက်ပြီးသား ... ဦးလတ်ရဲ့ ...။

သို့သော် ... အရေးကြီးတာက ဖေဖေလေ ... ဖေဖေ ...။

"သူ သဘောမတူတာကိုတော့ ရှောင်စေချင်တယ် သမီးရယ် ... ဒါ ... သူ့ဘက်က တစ်ဖက်သတ် မတရားကြီး





ဆုံးဖြတ်တာလည်း မဟုတ်ဘူးလေ ... သမီးတို့မှာ ဒီအဖေနဲ့ ဒီသမီးပဲ ရှိတာ ... သူများတကာတွေလို မိဘကနှစ်ပါး၊ မဟုတ်ဘဲ တစ်ပါးတည်း ဖြစ်နေတော့ ... သားသမီးဘက်ကကော ... မိဘဘက်ကပါ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် အစွမ်းကုန် သိတတ်ရတော့မဲ့ သဘော"

ဦးလတ်က "ဖေဖေနဲ့ ပြောဦးမလား"ဆိုပေမဲ့ သမီးက မပြောတော့ဘဲ ဖုန်းသာပြန်ချလိုက်ပါတော့သည်။ သွားပြန်ပြီ လူခရယ် ...။ "အသွားမတော် တစ်လှမ်း"တဲ့ ...။ အဲဒါကြောင့် သမီးမှာ ဟိုနှစ်ယောက် ပြင်ဦးလွင် ရောက်နေကြသည်ဟု ကြားလိုက်ရကတည်းက စိတ်တွေ စနိုးစနောင့်နှင့် ဖြစ်ရကာ ...

"သူတို့က ပြောတော့ အထက်ဘက်ဆို ..."

"အထက်ဘက်ဆိုတာ မန္တလေး ... ပြင်ဦးလွင်လည်း ပါတာပေါ့ သမီးရယ် ..."

"သူတို့ ရှိနေတုန်းကြီး ခ,က မန္တလေး သွားရမယ်ဆိုတော့ ..."

"မေမေက လှမ်းခေါ်တာကိုး သမီးရဲ့ ... သမီးစိတ်ပူလောက်စရာတွေ ဘာမှတော့ဖြစ်မယ် မထင်ပါဘူး ... ကိုယ်ပြင်ဦးလွင်လည်း မသွားဘူးလေ ... သူတို့ မန္တလေး ပြန်ဆင်းလာရင်တောင် ကိုယ့်အိမ်မှာ တည်းပါလားလို့ ခေါ်စရာလည်း မလိုဘူး ... ခေါ်လို့လည်း ရမှာမဟုတ်ဘူး ... မေမေက မော်လိုကို သမီးလို တူမလိုတော့ ခင်မင်တမ့်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ချင်းက တစ်ယောက်နဲ့ တစ်ယောက် ကြည့်ရကြတာ မဟုတ်ဘူး ... အပြန်အလှန် အမြင်ကတ်နေကြတာ ... ငယ်ကတည်းကပဲလေ ... သူတို့နှစ်ယောက်က တစ်နှာရှိ လောက်ထက်ပိုပြီး စကားလက်ဆုံ ကျလို့မရဘူး"

စိတ်ဆိုတာ အတော်ကြီးတော့ ဆန်းကြယ်လှသားပဲနော် ...။ "ရှေ့ဖြစ်ဟောဆရာ"ဆိုသူများဟာ ထိုစိတ်အာရုံကို စွမ်းအင်တစ်ခုအဖြစ် စုစည်းထားနိုင်ကြ၍သာ ... သူများတကာထက် ပိုထူးသောသူများ ဖြစ်နေကြခြင်း ဖြစ်ပေလိမ့်မည် ...။ သမီးနဲ့ ဖေဖေတောင်မှ "ရှေ့ဖြစ်ဟောဆရာ"မဟုတ်ပေမဲ့ ... ဖေဖေသည်လည်း မန္တလေးသို့ ပြန်မည်ဆိုကတည်းက စိတ်ထဲတထင့်ထင့် ...။ သမီးလည်း ... ဟိုလင်မယား ပြင်ဦးလွင်မှာရှိနေကြပြီး ... ခ,က မန္တလေးသွားရမည်ဆိုတော့ စိတ်ထဲ စနိုးစနောင့် ...။ ကဲ ... ခုတော့ အဲဒီကြိုသိစိတ်တွေအတိုင်းပဲ အပ်ချမတ်ချကြီးကို လိုက်ဖြစ်လာပါပြီ ... တဲ့ ...။

အင်း ... ကောင်းကောင်းကလေးသာ မွေးပေးလိုက်ပေါ့ ဒေါ်မော်လီရယ် ...။ ဒီတစ်ခါတော့ သူ့ကို "ပုစွန်တုပ်"ဟု အမည်တပ်ဖို့ထက် မွေနိုင်လွန်းလို့ "ယောက်မ"အဖြစ်ပဲ သတ်မှတ်ရတော့မလိုလို ...။ ယောက်မမှ သစ်သားယောက်မတောင် မဟုတ် ... စတီးယောက်မ ...။ ချွန်မြ,ထက်နေအောင် ဖော်င်းတွေ သွေးထားသော စတီးယောက်မတစ်ချောင်းရဲ့ မွေခြင်းကို သမီးတော့ ကောင်းကောင်းကြီး ခံလိုက်ရချေပြီ။





သမီးက ငိုင်တွေတွေကလေး မျက်ရည်ကျဖြစ်နေရာက ချက်ချင်း လှုပ်ရှားလာကာ ... မိုးမြင့်ထက် ဆီသို့ ဖုန်းကောက်လှည့်လိုက်ပါသည်။

"ကိုမိုးမြင့်ရေ ... ကူပါဦး ..."

"မကူဘူး ..."

ဟင် ... ဘာမှတောင် မပြောရသေး ...။ တုံ့ပြန်ပုံကြီးက ခပ်မာမာနှင့် ...။ ဘုရားရေ ... သူကလည်း ဘာဖြစ်နေပြန်တာတဲ့လဲ ...။

"ကိုမိုးမြင့် ... ဘာဖြစ်နေတာလဲ ... သမီး စိတ်ညစ်နေရတဲ့အထဲ ..."

"သမီးစိတ်ညစ်တာက တခြားကိစ္စ ဆိုရင်တော့ပြော ... လူခနဲ့ ပတ်သက်နေတာ ဆိုရင်တော့ ဆောရီးပဲ သမီး ... ကျွန်တော် မကူတော့ဘူး ..."

"ဟာ ... ဘာဖြစ်လို့လဲ ... ဘယ်လိုတွေ ဖြစ်နေတာလဲ ... သူနဲ့ ဘာဖြစ်ထားကြလို့လဲ ... သမီးလည်း မသိရပါလား ... ဟာ ... ကိုယ့်ဘာသာတောင် စိတ်ညစ်ရတဲ့အထဲ ... သူတို့ကလည်း တစ်မျိုး ... စိတ်ညစ်လိုက်တာ ... စိတ်ညစ်လိုက်တာ"

သမီးက အကျယ်ကြီး ကျူးအော်လိုက်ပေမဲ့ မိုးမြင့်ထက်ဘက်ကတော့ လှုပ်ရှားတုံ့ပြန်မှု ဘာမှမရှိ ...။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးမြင့် ကရော ... သဘောမတူပြန်ဘူးပဲလား ... ခု ဖေဖေက သမီးတို့ကို သဘောမတူတော့ပြန်ဘူးတဲ့ ... အဲဒါ ဒီမှာ ဒုက္ခရောက်နေတာ ..."

"ဘဘ မှန်တာပေါ့ ... နောက်ဆုံးတော့ ဒီလိုပဲ ဆုံးဖြတ်ရမှာပဲ ..."

"ဘဘ ..."

"သမီး ... ဟိုမိန်းမက ခုမှ သမီးနဲ့ ရွယ်တူလောက်ပဲရှိသေးတယ် ... သေဖို့ နောက်နှစ်ပေါင်း သုံးလေးဆယ် ... အဝေးကြီး လိုသေးတယ် ... ဒီကြားထဲမှာ သမီးသာလျှင် စိတ်ညစ်ရလို့ သေချင်သေမယ် ... သူကတော့ ဝေးသေးတာပဲ ... သမီးတို့ကိစ္စက အဲဒီတစ်ယောက် လူ့လောကကြီးထဲမှာ မရှိတော့မှဘဲ အဆင်ပြေကောင်း ပြေနိုင်မှာ ... အဲဒီတော့ မလွယ်ဘူး ... ဒါကြောင့်မို့ ပြောတာ ... ဘဘ မှန်တယ် ... မှားနေတာက သမီးပဲ ဖြစ်လိမ့်မယ် ..."

"ဖေဖေက ကိုမိုးမြင့်ကို ဒီလောက် သဘောကျသွားတဲ့ဟာကို ... အရင်တစ်ခါက သဘောမကျဖြစ်နေတုန်းကတောင် ကိုမိုးမြင့် ဝင်ကူလို့ အောင်မြင်သွားရသေးတာ ... ခုဆို ပိုလွယ်မှာပေါ့ ... ပြောပေးနော် ... နည်းလမ်းကောင်းကောင်းလေးတွေ စဉ်းစားပေးပါဦး ..."

"လွယ်မှာ မဟုတ်တော့ပါဘူး ... လွယ်ရင်တောင် မကူဘူးလို့ ပြောပြီးပြီ သမီးရယ် ..."





"ဘယ်လို ဖြစ်နေတာလဲ ... ကိုမိုးမြင့်နော် ..."

"သမီး ... လူဆိုတာ အတိုင်းအတာ တစ်ခုအထိ ရှိမှ ကောင်းမယ် ..."

"ဪ ... သမီးက အခု အဲဒီအတိုင်းအတာ ဆိုတာကို လွန်နေပြီပေါ့"

"သမီးက မလွန်ပါဘူး ... ဟိုတစ်ယောက်ကို ပြောတာပါ ... သူကတော့ လူတိုင်းအပေါ်မှာ လိုက်လွန်နေတယ် ... အင်မတန်မှ စိတ်ပျက်စရာပဲ ..."

"မဆိုင်တဲ့လူကို ထည့်မပြောဘူးလေ ကိုမိုးမြင့်ရယ် ... ကိုယ့်ဘက်က လုံနိုင်ရင် ပြီးတာပဲ ... သမီးက ကိုလူခကို ရအောင်ပြောမှာပါ ... ကိုမိုးမြင့်ကသာ ဖေဖေ့ကို ..."

"သမီးရော ကျွန်တော်ပါ အောင်မြင်မှာကို မဟုတ်ဘူး ... လူခကို ပုံစံပြောင်းပါ့မယ်လို့ သမီးက ထင်နေသေးသလား ... ဘဘကို ကျွန်တော်က အဲဒီလို ကတိတွေ သွားပေးထားပြီးမှ ဖြစ်မလာရင် ဘယ်လိုလုပ်မလဲ ... ခုဟာက ကျွန်တော့် လုပ်ရပ်ကို ကျွန်တော်က ကတိထားရမှာမျိုးမှ မဟုတ်တာ ... သူများရဲ့ လုပ်ရပ်ကို ကြားကနေ ကတိဝင်ခံဖို့ဆိုတာ ... အဲဒီလူအပေါ် ကိုယ်က အစွမ်းကုန် ယုံကြည်နိုင်ဖို့လိုတယ်လေ ... ကျွန်တော်ကတော့ လူခဟာ ဟိုတစ်ယောက်မသေမချင်း ဘယ်တော့မှ ပြောင်းလဲနိုင်တော့မှာ မဟုတ်ပါဘူးလို့ချည်း ယုံနေမိတော့ ဘယ်လိုလုပ်မလဲ ... ကျွန်တော်က



www.burmeseclassic.com

www.burmeseclassic.com



ဘာဘာကို ကိုယ်တကယ် ယုံကြည်ရာကိုမှ ကိုယ်ပြောခွင့်
မရှိတာ ..."

သမီးရဲ့ စိတ်ဓာတ်တွေ ဟိုးခြေဖျားအောက်ခြေအထိ ကျဆင်းချင်သွားရပါသည်။ ဒါပေမဲ့ သမီးက ကိုယ်နိုင်မယ်ထင်ရတဲ့လူကိုမှ အနိုင်ယူ ဗိုလ်ကျချင်တတ်သော အကျင့်ဆိုးကလေးနှင့် ခပ်တည်တည် ခပ်မာမာပင် ...

"ဝင်မကူဘူးပေါ့ ..."

"မကူဘူး သမီး ..."

"ဒီလိုလား ... သူများ စိတ်ညစ်နေချိန်မှာ မျှဝေခံစား ကူညီဖို့ကိုမှ နားမလည်ရင် ... မိတ်ဆွေကောင်းလို့ ဘယ်လိုသတ်မှတ်လို့ ရမှာလဲ ..."

"သမီး သတ်မှတ်ချင်သလိုသာ သတ်မှတ်ပါ ... ကျွန်တော့်မှာ ကိုယ့်ကိုယ်ကိုယ်တောင် ဘယ်လိုပြန်သတ်မှတ်ရမယ်မှန်း မသိဘဲ ... ငါ ဘာကောင်လဲ ... ဘာတွေလျှောက်လုပ်နေမိတာလဲနဲ့ ဇဝေဇဝါ ဖြစ်နေရချိန်မှာ ... သမီးက ဒီလိုပါလားလို့ ဝင်သတ်မှတ်ပေးလိုက်တော့လည်း ... ကိုယ့်အကြောင်း ကိုယ်သိရတာပေါ့ ..."

"ကိုမိုးမြင့် ... ရှင် ဘာဖြစ်နေသလဲဟင် ..."

"ကျွန်တော်လည်း သမီးထက် သာရင်သာမယ် ... မလျော့တဲ့ဒဏ်မျိုးတွေ အဲဒီတစ်ယောက်ဆီက ခံထားရပါတယ် ... ရပါတယ် ... ကိုယ်လုပ်လို့ ကိုယ်ဖြစ်တာ ကိုယ်ခံပေါ့ ...





ဘေးထွက်နေလည်း ရရက်နဲ့ တက်တက်ကြွကြွကြီး ဝင်ပါနေမိတာက ကိုယ်ပဲကိုး ..."

သမီးက "အာ" ခနဲ ရေရွတ်လိုက်မိပါသည်။ ဒါတွေ သမီး ဘာမှမသိသေး။ တစ်ခုခုတော့ ဆက်လုပ်မှ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၇)

သမီး ရောက်လာမည် ဆိုတာကို မိုးမြင့်ထက်က သိရှိထားပါသည်။ မတွေ့ချင်လှပေမဲ့ ... သမီးဆိုတဲ့ ဂျစ်ကန်ကန် ကောင်မလေးဟာ မတွေ့ရမချင်း ပြီးသွားမဲ့ အစားထဲက မဟုတ်တာမို့ ... မိုးမြင့်ထက်က ထိုင်စောင့်နေဖို့ပဲ ဆုံးဖြတ်လိုက်သည်။ လပြည့်နေ့နှင့် အစိုးရရုံးပိတ်ရက်ကြီးတစ်ခု ဆက်သွားတာမို့ မိုးမြင့်ထက်က ကြားထဲမှာ ခံနေသည့် ရက်တစ်ရက်ကိုလည်း ဆိုင်မဖွင့်တော့ဘဲ အလုပ်သမားတွေကိုလည်း အနားပေးလိုက်ကာ ကိုယ်တိုင်လည်း ... သုံးရက်ကြီးလုံးလုံး အိမ်မှာ ငုတ်တုတ်ထိုင်နေမိသော ရက်များပင် ဖြစ်ပါသည်။

ငုတ်တုတ်ထိုင်နေတယ်ဆိုတာ ... စကားအဖြစ်ပြောတာ မဟုတ်ပါ ...။ တကယ့်ကို ငုတ်တုတ်ကြီး မလှုပ်မယှက် ထိုင်နေဖြစ်တာမို့လို့ မိဘနှစ်ပါးခမျာတောင် ... တောင်မေးမြောက်





မေး ... နဖူးစမ်း ... ကိုယ်စမ်းနှင့် ...။ အသက်ကြီးပြီဖြစ်ကြသည့် မိဘနှစ်ပါးကို တစ်ယောက်တည်း ပြုစုလုပ်ကိုင်ကျွေးနေသော သားလူပျိုကြီးမို့ ... မမြင်စဖူး ... မဖြစ်စဖူး အမူအရာတွေမှာ ... မိဘနှစ်ယောက် ခမျာ ... ထိတ်ထိတ်ပျာပျာပင် ဖြစ်နေကြပါသည်။

"မောင်မိုးမြင့်ကလေး ဘာဖြစ်တယ် မသိဘူး ..."

"ဒီအရွယ် ဒီလိုဖြစ်ရင်တော့ ... ရည်းဇပူ (ရည်းစားပူ)များလား ..."

"သြော် ... ရှင်ကလည်း ... ကိုယ့်သားအကြောင်း ကိုယ်သိရက်နဲ့ ... ကလေးက ဒါမျိုးတွေကို လုံးလုံးစိတ်ဝင်စားတာ မဟုတ်ဘူး ... သူ့မှာ သူများတကာကို ကူညီဖို့နဲ့ မိဘကို လုပ်ကျွေးဖို့ ဒီနှစ်ခုပဲ စိတ်ထဲရှိတာ ..."

မိဘနှစ်ပါး အိုကြီးအိုမတွေကို တစ်ဦးတည်း ဒိုင်ခံပြုစု လုပ်ကိုင်ကျွေးမွေးခြင်းဟူသည့် ကုသိုလ်မျိုးတွေကတော့ မိုးမြင့်ထက်မှာ ပြည့်ဝရုံမက မောက်လျှံကျ၍ပင် နေမည်ထင်သည်။ တစ်ခါတလေကျတော့လည်း စဉ်းစားမိသား ...။ ရှေးဘဝက အကုသိုလ်ကြောင့် ဒီဘဝမှာကုသိုလ်တွေ စုပုံရဖို့များ ဖြစ်လာရတာလားလို့ ...။

ရှေးရှေးဘဝက အကုသိုလ်တို့ကြောင့် ဒီဘဝမှာ ဒီပုံဒီပန်း ဒီလိုရုပ်ရည်မျိုးနှင့် ဖြစ်လာရလို့သာ မိုးမြင့်ထက်လည်း ဒီအချိန်အထိ "လူပျိုကြီး"ဆိုတဲ့ ဘွဲ့ကို ဆက်လက်ရရှိထားနိုင်



www.burmeseclassic.com

www.burmeseclassic.com



တာ မဟုတ်လား။ သာမန်ရုပ်ရည် လူတန်းစေ့ ဖြစ်ကြသော ညီအစ်ကိုမောင်နှမ အရင်းအချာတွေ အားလုံး တစ်ယောက်ပြီး တစ်ယောက် အိမ်ထောင်ရက်သားတွေ ကျကုန်ကြစဉ်မှာ ... တစ်ယောက်တည်းကျန်ပြီး မိဘကျေးဇူးဆပ်နိုင်ဖို့ သူ့အလိုလို ဖြစ်လာခဲ့ရခြင်းမှာ ... ဤရုပ် ဤရည်ကြောင့်လေ ...။

အမေကတော့ ... "ဒီရုပ်ဖြစ်လည်း ... ကိုယ်ရှာတာ ကိုယ်အကုန်လုံး သုံးပစ်ပြီး ... မိဘကို ကိုယ်ထိလက်ရောက်လည်း မပြုစုတာမျိုး ဖြစ်နိုင်သေးတာပါပဲ သားရယ် ... ဒီရုပ်ဖြစ်နေလို့ ကုသိုလ်ရလာနိုင်တာ မဟုတ်ပါဘူး ... သားကိုယ်၌ကိုက စိတ်ရင်းကောင်းပြီး ... ပြုစုစင်တာပါ"တဲ့ ...။

အမေကတော့ ကိုယ့်သားကိုယ်မို့ စိတ်ရင်းကောင်းပြီး ပြုစုစင်သတဲ့ ...။ အင်မတန်မှ နှုတ်ပြောလွယ်လှသော မိန်းမတစ်ယောက်ကတော့ ... "ရုပ်ရည်နဲ့ စိတ်နဲ့ ကွက်တိပဲ ... လူကြည့်တော့ ရုပ်ပျက်ဆင်းပျက်နဲ့ ... စိတ်က ကောက်ကျစ်ပုပ်စပ်ပြီး ယုတ်မာနေတယ် ... ရှေးဘဝက ဝဋ်ကြွေးကြောင့် ဒီဘဝမှာ ဒါ ဒီပုံဒီလို ဖြစ်နေရပါလားလို့ နောင်တရမယ် မကြဘူး ... စိတ်ထားက သူများတကာကို လိုက်ပြီး ယုတ်မာနေတာ ... သူ့ကြည့်တော့ ဖြင့် လုပ်ပုံက မဟုတ်ဘဲနဲ့ ... သူများတကာကိုပဲ ပြောထည့်လိုက်တာ ပိုးစိုးပက်စက် ... ရုပ်ချိုမှ နှုတ်ချိုတယ် ဆိုတာ ဒါမျိုးကို ခေါ်တာ နေမှာပေါ့ ... ရုပ်ပဲ့တော့ နှုတ်ကပါ ရွဲ့နေတာလည်း ဘာမှ မဆန်းဘူး ..."တဲ့ ...။





မိုးမြင့်ထက်မှာ တကယ့်ကိုပဲ ကိုယ့်အရိုက်ထဲကို ဓားထက်ထက်တစ်ချောင်း "စွပ်"ခနဲ လာထိုးသွင်းလိုက်တာကို ခံလိုက်ရသကဲ့သို့ ဖြစ်သွားခဲ့ရတာပါ ...။ ပြီးကျတော့ အဲဒီဓား ပိုင်ရှင် ဓားကိုင်လက်ဟာ ငြိမ်ငြိမ်မနေဘဲ ... အထဲမှာ ဟိုဒီမွှေ ယမ်း ဆော့ကစားလို့ နေလိုက်ပါသေး။

မိုးမြင့်ထက်ရဲ့ ဘဝမှာ ဘဝပေး ဒီရုပ်ဒီရည်ကြောင့် လူတကာရဲ့ နှစ်လိုမှုကို အလွယ်တကူ မရရှိနိုင်တာ ...။ အထင်မှားခံရတာတွေဟာ များပြားလွန်းလို့ ရိုးတောင် ရိုးနေခဲ့ပါပြီ။ ဒါပေမဲ့လည်း ကိုယ့်ရဲ့နေတတ်ပုံ ထိုင်တတ်ပုံ ...။ ကိုယ်ထားရှိတဲ့ စေတနာသဘောထား၊ အရှည်သဖြင့် ဆက်ဆံကြည့်ကြတဲ့အခါမှာ အသိဉာဏ်ရှိသူတိုင်း သဘောပေါက်သွားလောက်တဲ့ **အနေ** အထားတွေကြောင့် ... "ရုပ်နဲ့စိတ်နဲ့ လိုက်ဖက်အောင် ... ကောက်ကျစ်ယုတ်မာ ပက်စက်တယ် ..."ဆိုတာမျိုးကြီးလောက်အထိ ... (ရှေ့တင် ပေါ်တင်ကြီး လက်ညှိုးငေါက်ငေါက်ထိုးပြီး) တစ်ခါမှ မခံစားခဲ့ဘူးတာ အမှန်ပါ။

ကိုယ့်ရုပ်နဲ့ ပတ်သက်လို့ ဝမ်းနည်းအားငယ်ရတာတွေဟာ ငယ်ဘဝတုန်းက ခဏမျှ ဖြစ်ခဲ့ပြီး ကိုယ့်စိတ်ကိုကိုယ် ပြင်ယူလိုက်နိုင်ချိန်မှစကာ ... အဲဒီလို ဝမ်းနည်းအားငယ်ရတာမျိုးတွေ ... နောက်ထပ် ဖြစ်မလာနိုင်တော့ဘူးပဲ ထင်ထားခဲ့တာ။ ယောကျ်ားကြီးတန်မဲ့ ... ဒီအရွယ်ကြီးကျမှ အားငယ်ရသလား၊ ဝမ်းနည်းရသလား ဆိုရင်လည်း ဘာမှ မတတ်နိုင် ...။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို ယောက်ျားကြီးတန်မဲ့မို့ ...၊ ဒီအရွယ်ကြီးကျမှမို့ ဝမ်းနည်းရတာက ငယ်ငယ်တုန်းက ဝမ်းနည်းမှုနှင့် ဘာမှကိုမဆိုင် ...။ တကယ့်ကို (ပြောပြလို့ မရနိုင်လောက်အောင်ကို) ဆိုးဝါးနာကျင်ဖွယ်ပင် ဖြစ်ပါတော့သည်။

အဲဒီအခါကျမှ ကိုယ့်ကိုယ်ကိုယ် ပြန်သုံးသပ်ကြည့်ဖို့ သတိရလာသည်။ ကိုယ်အရှူးအမူး Crazy ဖြစ်နေခဲ့ရသော ... "လူတကာက ကိုယ့်အပေါ် နှစ်လိုခင်မင်ကြစွာနှင့် ... လူတကာတို့ရဲ့ ကြားမှာ အရေးပါ လူရာဝင်နိုင်မှု ..."ဆိုတာ အဲဒီလောက်ကြီး မက်မောစဖွယ် ကောင်းလို့လား။ အဲဒီအချက်ကိုမှ Crazy ဖြစ်ပြီး မရ,ရအောင် လိုက်ကြိုးစား အကောင်အထည် ဖော်နေမိတာနှင့်ပဲ ... ကိုယ်ဟာ ဘယ်လောက်များ အရူးကြီး၊ ငပေါကြီး လုံးလုံး ဖြစ်နေခဲ့ရပြီလဲ ...။

တကယ်ပဲကော ... အဲဒီ "နှစ်လိုမှု၊ အရေးပါအရာဝင်မှု"ကို ကိုယ်ရကော ရခဲ့ပါရဲ့လား။ သူတို့ အသုံးချချင်ရုံသက်သက်ပြီးလျှင် ... အဲဒီအရူးငပေါကြီးကို ... စေတနာမပါသည့် လူယုတ်မာ ... စိတ်ပုပ်ကောင်ကြီးအဖြစ် သတ်မှတ်ပစ်လိုက်ဖို့ ဝန်မလေးတတ်ကြတဲ့ အထိပဲ ဖြစ်နေခဲ့ကြပြီလား ...။ အဲဒါမှ ... "လူ"လား ...။ သူတို့ကမှ ... လူပီသတာလား ...။ ကိုယ်ကတော့ အဲဒီလူပီသသူတွေရဲ့ကြားမှာ ... လူမဟုတ်တဲ့ အထူးတဆန်းကောင်ကြီးအဖြစ်ပဲ သတ်မှတ်ခံထားရပြီလား ...။

ဘာမဟုတ်တဲ့ နှုတ်လွယ်လွယ် ... စရိုက်ဆိုးဆိုး ...





မိန်းမတစ်ယောက်ထံမှ အပြောအဆိုကို ခံလိုက်ရရုံနဲ့ ... ရှိရှိသမျှ လူသားအားလုံးကို သိမ်းကျုံးစိတ်နာကာ ... တစ်တန်းတစ်စားတည်း သတ်မှတ်ပစ်ချင်တာကတော့ အလုပ်မဟုတ်လှမှန်း ... အသိဉာဏ်ရှိတဲ့ ပညာတတ်တစ်ယောက်ပီပီ မိုးမြင့်ထက်က တွေးမိပါသေးသည်။

သို့သော် ... ရှေ့ရှေ့က အတွေ့အကြုံတွေ အရလည်း သူကကောင်းခဲ့သလောက် တစ်ဝက်မျှ ပြန်မကောင်းချင်ကြတဲ့ လူဆိုတာတွေကို သူက အတော်ကြီးပင် လန့်ထိတ်စက်ဆုပ်လို့နေပြီ။ လူတွေကို သူ သိပ်ယုံကြည် စိတ်ချမထားချင်တော့ ... သူ့အပေါ်မှာ အဲဒီမိန်းမတစ်ယောက်လောက် ဆိုးဆိုးဝါးဝါး မရှိခဲ့သေးသည့် တခြားသူတွေသည်လည်း အကြောင်းမတိုက်ဆိုင်သေးလို့ ... သူတို့ရဲ့ "နာလုံး"ကို တိုက်ရိုက် အထိမခံရသေးလို့ပဲ နေမှာ ... ဟု မိုးမြင့်ထက်က ယူဆချင်လာမိပြီ ...။

သူကိုယ်တိုင်ကလည်း ဒီလောက်ထိ အစစအရာရာ လိုက်ကောင်းသိတတ်ခဲ့ခြင်းမှာ ... ကိုယ့်"လိုလားမှု"တစ်ခုကြောင့် ဆိုတာ သူ ဝန်ခံခဲ့ပြီးပြီပဲ ...။ ဒါပေမဲ့ သူ ကြိုးစားခဲ့ရတာ ...၊ သူ့ဘက်က ပေးဆပ်ခဲ့ရတာတွေနဲ့ ... ပြန်ရလာခဲ့တဲ့ ..."လိုလားမှု"တွေဟာ မျှလို့လား ...။ "နှစ်လိုခင်မင်ခံရမှုတွေ၊ အရေးပါ အရာဝင်မှုတွေ"က နည်းနည်း ...။ ပေးရတာက များများ ဖြစ်မနေဘူးလား ...။

အဲဒီနည်းနည်းပဲ ရခဲ့တာတွေကရော ... "အစစ်"တွေ



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့လား ...။ သူတို့ကို မထိသေးလို့ ခဏတဖြုတ် ထုတ်ဆေးထားနိုင်တာတွေပဲ မဟုတ်ဘူးလား။ တကယ်တမ်း ထိခဲ့တဲ့နေ့မှာ ... ရုတ်ချည်း ပြန်ရုတ်သိမ်းကာ ... ဆန့်ကျင်ဘက်အသွင်သို့ ပြောင်းသွားခဲ့မဲ့ဟာတွေပဲ မဟုတ်ဘူးလား ...။

လူအကျည်းတန်ပြီးသား ဖြစ်နေသော မိုးမြင့်ထက်က ကိုယ့်စိတ်ကိုတော့ တတ်နိုင်သမျှ အကျည်းမတန်စေချင်ပါ။ သို့သော် ကိုယ်က လှပလာအောင် ဘယ်လောက်ကြိုးစားကြိုးစားလုပ်တာကာက လူရုပ်ဆိုးကို စိတ်အကျည်းတန်နဲ့ပဲ တွဲသတ်မှတ်ချင်ကြတာ ... ကိုယ်တိုင်ကလည်း ကြိုးစားနေတဲ့ကြားက ကိုယ့်စိတ်က အကျည်းတန်ပစ်လိုက်ချင်သည့်ဘက်ပဲ အလွယ်တကူ ယိမ်း ယိမ်းလာတာ ...။ ဒါသဘာဝတရားရဲ့ သတ်မှတ်ချက်ပဲလား ...။

မိုးမြင့်ထက်ရဲ့ စိတ်ထားတွေ အသွင်ပြောင်း မာကျောချင်လာရပါပြီ။

မိုးမြင့်ထက် တစ်ယောက် ငုတ်တုတ်ကို ထိုင်စောင့်နေပြီး နှစ်ရက်လောက်မြောက်တဲ့ အချိန်မှာပဲ သမီးက ရောက်ရှိလာခဲ့လေသည်။

"ကိုမိုးမြင့် ... သမီးရောက်လာမှာ သိတယ်မဟုတ်လား"

"သိတယ် ..." ဆိုတာရယ် ... "မသိဘူး"ဆိုတာရယ် ... ဘယ်ဟာက ပိုကောင်းနိုင်မည်မှန်း မသေချာသေးသဖြင့် မိုးမြင့်ထက်က ဘာမှ ပြန်မဖြေလိုက်ဘဲ နှုတ်ပိတ်၍သာ နေလိုက်သည်။





"ကိုမိုးမြင့် စိတ်ကောက်တတ်လိမ့်မယ်လို့ သမီးတော့မထင်ဘူး ... စိတ်မကောင်း ဖြစ်နေတာပဲ နေမှာပါ ... သမီးကို ... ကိုလူခက ပြောပြမှ သမီးသိရတယ် ... တကယ့်လူကိုမှ စော်ကားရင် သူ့ဒဏ်ပိုထိလိမ့်မယ် ကိုမိုးမြင့် ... အဲဒါကို ယုံသလား ... ဥပမာ ... သမီးကို တုတ်နဲ့ရိုက်တာထက် ... အကျင့်သီလနဲ့ ပြည့်စုံတဲ့ ဘုန်းဘုန်းတစ်ပါးကို မျက်စောင်းလေးနဲ့ ရွယ်မိရုံက ပိုပြီး ပြစ်ဒဏ်ကြီးနိုင်သလိုပေါ့ ..."

"အပိုတွေ ပြောမနေပါနဲ့တော့ ... ကျွန်တော်က အကျင့်သီလနဲ့ ပြည့်စုံနေတဲ့ ဘုန်းကြီးတစ်ပါးလည်း မဟုတ်ပါဘူး ..."

"ဩော် ... နှိုင်းယှဉ်ပြောတာပေါ့ ကိုမိုးမြင့်ရဲ့ ..."

"လွှန်လွှန်းနေပါတယ် ..."

"ကိုမိုးမြင့် ... ဒါ သမီးက ... သမီးရဲ့ လိုအင်တစ်ခုပြည့်ဝဖို့အတွက် ကိုမိုးမြင့်ကို လာဖားနေတာတော့ မဟုတ်ဘူးနော် ... ဒါပေမဲ့ တောင်းပန်တယ်လို့ ယူဆရင်တော့ရတယ်"

"ဘာလို့ တောင်းပန်ရမှာလဲ ..."

"ဖေဖေ့ကို ရအောင်ပြောပေးပါလို့ တောင်းပန်တာလည်း မဟုတ်ဘူး ... အခု ကိုမိုးမြင့်မှာ စိတ်မကောင်း ဖြစ်ရလောက်အောင် ထိခိုက်မှု ရှိခဲ့ရင် အဲဒါ သမီးကြောင့် ... သမီး အစောတည်းက မသိခဲ့လို့ပါ ကိုမိုးမြင့်ရယ် ... သိခဲ့ရင် သိသိချင်း လာတောင်းပန်ပါတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ပေါက်ကရတွေ မပြောစမ်းပါနဲ့ ... ဘယ့်နှယ့်ကြောင့် သမီးကြောင့် ဖြစ်ရမှာလဲ ..."

"ဆက်စပ်သွားတာပေါ့ ... သမီးနဲ့ ပတ်သက်ခဲ့ရလို့သာ ကိုလူခကတစ်ဆင့် ... အဲဒီတစ်ယောက်အထိပါ လိုက်၊ လိုက်ပတ်သက်ပြီး ဒုက္ခခံခဲ့ရတာ ... အစော်ကားခံလိုက်ရတာ ..."

မိုးမြင့်ထက်ရဲ့ မိဘနှစ်ပါးက ထူးထူးဆန်းဆန်း လှလှပပ မိန်းကလေးတစ်ယောက် အိမ်အထိ ပေါက်ချလာပြီး သူတို့သားနှင့် စကားလက်ဆုံ ဖြစ်နေကြတာ ... ထိုမိန်းကလေး ငယ်ကတောင် သူတို့သားကို လိုက်လံတောင်းပန် ချော့မော့နေရသည့်ပုံမျိုး ဖြစ်နေတာကို ... သဘောတကျနှင့် ချောင်းမြောင်း အကဲခတ်နေကြလေသည်။

မိုးမြင့်ထက်က သမီးကို ကြည့်လိုက်သည်။ သမီးဟာ မိုးမြင့်ထက်ရဲ့ သတ်မှတ်ချက်တွေထဲက "လူ"အုပ်စုထဲမှာ မပါဝင်ဘူးလား ...။

"ကျွန်တော် လူတွေကို နည်းနည်းတော့ ကြောက်သွားတယ် ..."

"သမီးကိုတော့ မကြောက်ပါနဲ့လားလို့ ပြောရင် ... ကိုယ့်ဘာသာကိုယ် လူမဟုတ်တော့ပါဘူးလို့ ဝန်ခံသလိုပဲ ဖြစ်သွားဦးမယ် ... ကိုမိုးမြင့်ကလည်း"

"သမီးလည်း လူပါပဲ ..."





"ဒါပေမဲ့ ... လူဆိုတာ တစ်မျိုးတည်းပဲ ရှိတာမှ မဟုတ်တာ ကိုမိုးမြင့်ရဲ့ ... ဒါဖြင့် ကိုမိုးမြင့်ကရော လူမဟုတ်လို့လား ..."

"ကျွန်တော်က တစ်ခုခု လွဲချော်နေခဲ့တဲ့ အထူးတဆန်း သတ္တဝါတစ်ကောင် ထင်ပါရဲ့ ..."

"မဖြစ်နိုင်တာ ... သမီးပြောတာ ရှင်းတယ်လို့ မထင်နဲ့နော် ... ခုနက ကိုမိုးမြင့်ရဲ့ မိဘတွေနဲ့ သမီး နှုတ်ဆက်တုန်းကတော့ သူတို့က လူတွေလို့ သမီး သိလိုက်တာပဲ ... လူမိဘနှစ်ပါးကနေတော့ အထူးတဆန်း သတ္တဝါတစ်ကောင် မွေးလာနိုင်ပါ့မလား ... သမီးတော့ မထင်ဘူး ..."

မိုးမြင့်ထက်က ရုတ်တရက် အားပါးတရပင် ရယ်လိုက်မိပါသည်။ မိုးမြင့်ထက် ထံမှ ရယ်သံ ထွက်လာလျှင် ... သမီးရော၊ ချောင်းမြောင်း အကဲခတ်နေကြသည့် မိဘနှစ်ပါးပါ မျက်နှာထားတွေ ကြည်လင်ကုန်ကြလေသည်။ သူဖြစ်စေချင်သော လိုအပ်ချက်ကို ရှေ့တန်းမတင် ...၊ တစ်စက်မှပင် ထုတ်မပြောတော့ဘဲ ... ကိုယ့်အတွက်ပဲ တဆွေးတန္နေးလေး လာလုပ်ပေးနေသည့် သမီးကြောင့် မိုးမြင့်ထက်က မာကျောနေသော စိတ်ထားတွေကိုပင် ပြန်ပြောင်းရတော့မလားဟု ထင်ချင်လာသည်။

ထိုစဉ်မှာပင် အိမ်အပြင်ဘက်မှ ကားတစ်စီးရဲ့အသံကို ကြားရသဖြင့် မိုးမြင့်ထက်က ခေါင်းစောင်းပြီး လှမ်းကြည့်လိုက်မိစဉ် သမီးက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလူခ ဖြစ်လိမ့်မယ် ... သမီး ဒီလာမယ်ဆိုတာ သူ သိတယ် ... သူက မန္တလေးကနေ တန်းဆင်းလာမှာလေ ... အချိန်မီရင် တန်းဝင်ခဲ့မယ်တဲ့ ..."

မိုးမြင့်ထက်ရဲ့ မျက်နှာက ခက်ထန်တင်းမာသွားရကာ ...

"သူက ဘာဖြစ်လို့ ဒီအိမ်ကို လာရမှာလဲ ..."

"ဩော် ... ကိုမိုးမြင့်က မဖိတ်ခေါ်ဘူးလား ... သူကတော့ မိတ်ဆွေချင်းပဲ ... လာလည်နိုင်မယ်လို့ ထင်မှာပေါ့ ..."

"ကျွန်တော် ဘယ်သူနဲ့မှ မိတ်ဆွေ မဖြစ်ချင်တော့ဘူး ... ဒါ အရှင်းဆုံး ပြောတာပဲ ..."

"ရမလား ... လူပါဆိုမှ ... မိတ်ဆွေတစ်ယောက်မှ မရှိတဲ့ လူမျိုးတော့ သမီးတော့ မမြင်ဖူးသေးဘူး ..."

"သမီး ... ကျွန်တော် နေချင်သလို နေလို့မရဘူးလား ... ကိုယ့်စိတ်ကိုယ့်သဘောအတိုင်းတောင် လှုပ်ရှားလို့ မရတော့ဘူးလား ..."

"မရဘူး ... သမီး သိတယ်လေ ... သမီးတို့ အတင်းကြီး ဝင်မပါရင် ကိုမိုးမြင့်တော့ မလွယ်ဘူး ... ကိုမိုးမြင့် အလုည့် တုန်းကလည်း ဒီလိုပဲလေ ... သမီးတို့ကိစ္စမှာ ကိုယ့်ကိစ္စ မဟုတ်ဘဲ အတင်းကြီး ဝင်ပါပေးလို့ အဆင်ပြေသွားရတာ မဟုတ်လား ... အတုံ့အလှည့် အပြန်အလှန်ဆိုတာ ရှိရမယ်လေ ..."





အိမ်ရှေ့မှ ... "သား မောင်မိုးမြင့်ရေ ... မင်းမိတ်ဆွေ တဲ့ ..." ဟု ခေါ်သံ ထွက်လာပါသည်။ မိုးမြင့်ထက်က ဖွတ်မှဖွတ်ပင် ဖြစ်သည့် ဖွတ်သမီးကိုတော့ ယှဉ်ပြိုင်မနေတော့ဘဲ ... လူခနှင့်သာ ဆက်ယှဉ်ဖို့ ဆုံးဖြတ်လိုက်သည်။

"ဟော့ကောင် ... မင်းက ဘာလို့ ငါ့အိမ်ကို ရောက်လာရမှာလဲ ... ပြန် ..."

မိုးမြင့်ထက်ရဲ့ မိဘနှစ်ပါးခမျာ မျက်စိမျက်နှာ အပျက်ပျက်နှင့် အားတုံ့အားနာတွေ ဖြစ်ကုန်ကြရပါသည်။ သားတော်မောင်ရဲ့ မကြုံစဖူး မောက်မာ ရိုင်းပျလိုက်မှုကြီးကိုလည်း အထူးတဆန်းနှင့် စိတ်မကောင်း ဖြစ်သွားကြသည်။ နောက်ရောက်လာသည့် ဧည့်သည်အသစ်ကို အားနာနာနှင့် ရင်မဆိုင်ရဲတာနှင့်ပဲ အိမ်နောက်ဘက်ထဲ ခပ်သုတ်သုတ် လှမ်းဝင်သွားကြလေသည်။ လူခကတော့ ဘာမှ ဖြစ်ပုံပင်မရ ... ခပ်ပြုံးပြုံးနှင့် ...

"ဟော့လူ ... သမီး ခင်ဗျားဆီကို ရောက်နေပေမဲ့ ကျွန်တော် ခင်ဗျားကို အထင်မလွဲဘူး ..."

"အောင်မာ ... လွဲလို့ကော ရမလား ... တောက် ... ဟော့ကောင် ..."

"သမီးက ခင်ဗျားအိမ်ထဲ ရောက်နေတယ်လေ ... ခင်ဗျားနဲ့လည်း နီးနီးကပ်ကပ် တတွတ်တွတ်နဲ့ ... ခင်ဗျားသာ ဆိုရင် ကျွန်တော့်ကို စွပ်စွဲလို့ အထင်လွဲလို့ ကောင်းလိုက်မဲ့ဖြစ်ချင်း ... ဒါပေမဲ့ ကျွန်တော်ကတော့ ခင်ဗျားကိုယုံ



www.burmeseclassic.com

www.burmeseclassic.com



သမီးကိုပါ ယုံတယ် ... ဒါအထင်လွဲရမဲ့ လူတွေလား ... ဒီလူ ဒီလူချင်း ... ရာဇဝင် ရှင်းသွားမှာပေါ့ ...”

“ခ, ဆက်စမနေနဲ့ ... ဒီမှာကဖြင့် ...”

သမီးက စိုးရိမ်တကြီး တားမြစ်လိုက်ပေမဲ့ ... မိုးမြင့်ထက်ကတော့ တဖြည်းဖြည်းချင်း ပျော့ပျောင်းပြေလည်လို့ လာရပါပြီ ...။

“အထင်လွဲစရာ နောက်ကြောင်းမရှိတဲ့သူ ဆိုရင် ဘယ်သူမှ အပင်ပန်းခံပြီး အထင်မလွဲဘူး ... ဒါမျိုးက ရှေ့ကြောင်း၊ နောက်ကြောင်းတွေနဲ့ပဲ ဆိုင်တယ် ... ဒီလူဒီလူချင်းတွေ ဘာတွေနဲ့ ... သိပ်မဆိုင်ဘူး ...”

“ဟား ဟား ... ကျွန်တော်ကတော့ နောက်ကြောင်းမရှင်းဘူးပေါ့ ... ဟား ဟား ... ခံရမှာပါပဲဗျာ ... ဒါပေမဲ့ ရှေ့ကြောင်းတော့ ရှင်းသွားပြီ”

မိုးမြင့်ထက်က လူခကို “လာပြန်ပြီ”ဟူသည့် မျက်ဝန်းကြီးနှင့် ကြည့်လိုက်သည်။

“ဘာအကြောင်းမှ မသိသေးခင်နော် ... အန်ကယ်ကြီး ကျွန်တော့်ကို မြင်ပြီး အတော်သည်းမခံနိုင်လောက်အောင် တင်းသွားပြီ ဆိုတာတွေ ဘာတွေကို လုံးဝမသိရသေးခင် ကတည်းက ... ဇာတ်လမ်းကို အပြတ်ဖြတ်ပစ်လိုက်တာပါ ...။ အန်ကယ်ကြီးက စိတ်ရှည်ရှည်နဲ့ ဆက်စောင့်ကြည့်မနေလို့ဗျ ...”





“အောင်မာ ... ဖေဖေကပဲ ဆက်စောင့်ရဦးမယ် ... ဟင်း”

“စောင့်လိုက်ရင် တစ်ခါတည်း သိသွားမှာပေါ့ သမီးရဲ့”

“ဘယ်သူက စောင့်မှာလဲ”

“အဲဒီတော့ အရသာရှိရှိကလေး မြင်မသွားရဘူးပေါ့ ... ပထမတော့ ထုံးစံအတိုင်းပဲ ... သူ့ယောကျ်ားက သိပ်နေနိုင်တယ် ... ကိုယ်ကပဲ မနေနိုင် မထိုင်နိုင် ဝင်ပါနေမိပြန်တာ ... သူ့နောက် ပြေးလိုက်သွားမိပြီး ဟိုကောင်ရဲ့ထွန်းနဲ့ ပြန်ဈေးစပ်ပေးနေမိပြီးမှ ပြန်စဉ်းစားမိတာလေ ... ဟိုသတ္တဝါကောင်ကလည်း ဆိုင်ထဲမှာတင် ထိုင်ကျန်ရစ်လို့ ... ဒီဟာမကလည်း ... လူကြားသူကြားထဲမှာ ငါ့ကို တစ်စက်မှ အရေးပြန်မလုပ်တဲ့အပြင် ... ငါ့အရှက်ကိုပဲ ခွဲနေပါလားလို့ ... ကျွန်တော့်မှာတော့ အမြဲတမ်း ပူးတွဲဇာတ်ကောင်ဖြစ်နေတဲ့ သူ့အိတ်ကြီးကိုပါ အလေးသားကြီးလွယ်လို့ ...”

သမီးက လူခကို ဒေါသသိပ်မပါသည့် မျက်စောင်းတို့နှင့် ချိန်ရွယ်လိုက်သည်ကို မိုးမြင့်ထက်က မျက်လွှာချထားသည့်ကြားကပဲ ခိုးပြီးကြည့်လိုက်မိလေသည်။

“ဒေါသက အရမ်းကို ထွက်သွားတယ် ... တစ်သက်လုံး အံ့သြစရာကောင်းလောက်အောင် ကုန်းခံနေလာနိုင်ခဲ့တာတွေဟာ ... တစ်မိနစ် တစ်စက္ကန့် အတွင်း ရှေ့ဆက်ပြီး ဘယ်လိုမှ သည်းမခံနိုင်လောက်အောင် ဖြစ်သွားတာမျိုး”



www.burmeseclassic.com

www.burmeseclassic.com



မိုးမြင့်ထက်က "လုံးဝထောက်ခံတယ် ... ဖြစ်နိုင်တယ်"ဟု ဝင်ပြောလိုက်သည်။ မယုံချင်စရာမရှိ ...။ ကိုယ်တွေ့နဲ့ ထပ်တူပဲဟာ ...။

"ကိုယ်ကချည်း ခန့်မှန်းစိတ်နဲ့ လိုမ့်ကောင်းနေရတာ ... ဘယ်မှာလဲ ... သူငယ်ချင်း မိတ်ဆွေရယ်လို့ သူတို့ဘက်က ပြန်ကောင်းခဲ့တဲ့ တစ်ကွက်တလေ"

"ရိုက်(ထ်) (Right)"

"ဒီနေ့ကစပြီး ... နင်တို့နှစ်ယောက်စလုံး ... ငါနဲ့ လုံးဝ မပတ်သက်ကြနဲ့တော့ ... ငါ့အိမ်လည်း မလာနဲ့ ... နင်တို့နှစ်ယောက်စလုံးရဲ့ မျက်နှာကိုလည်း မမြင်ချင်ဘူး ... အသံကိုလည်း မကြားချင်ဘူး ... ဒါ လုံးဝအပြီးအပြတ်ပဲ ... လို့ အိတ်ကိုပါ သမ်းမပေါ် ဒီတိုင်းကြီးချပစ်ခဲ့ပြီး လှည့်ပြန်လာခဲ့တာဗျာ ..."

"ဂွတ်(ဒ်) (good) ..."

"မဂွတ်(ဒ်)ဘူးဗျ ... ကောင်းခန်းကျတော့ အဘိုးကြီးက မမြင်ဘူး"

"ကျွန်တော့်ကိုတောင် ခင်ဗျား လာပြောခဲ့သေးတာပဲ"

"အမယ်လေး ... သမီးက ဖုန်းလှမ်းဆက်ပြီး ဆေးသွားမပေးနဲ့တော့ ဆိုပေမဲ့ ဖြစ်အောင်ကို သွားခဲ့သေးတာပဲ ... တပည့်ငါးယောက်နဲ့ လွှတ်ပေးလိုက်တာဗျာ ... ဖိနပ်တောင် ဘယ်ကျန်ခဲ့မှန်း မသိဘူး ... ပြန်ပြေးလာရတာ"





မိုးမြင့်ထက်က အားရပါးရကြီး "တဟားဟား" ရယ်ချလိုက်ပါတော့သည်။ လူခရဲ့ ပခုံးတစ်ဖက်ကိုလည်း "တဖုန်းဖုန်း"ပင် ရိုက်ပုတ်လျက် ...။

"ကျောင်းပြီးကတည်းက ... ငယ်ပေါင်းသူငယ်ချင်းတွေနဲ့လည်း ဝေးသွားခဲ့တာ ... နောင် အသစ်ထပ်ကြုံရတာတွေကလည်း မိတ်ဆွေတွေချည်းပဲ ... ငယ်ငယ်က သူငယ်ချင်းချင်း ပြန်တွေ့ရင်တောင် ... ကျောင်းသားတွေ မဟုတ်ကြတော့လို့လား မသိဘူး ... သူငယ်ချင်းဆိုတဲ့ အရသာထက် နောက်မှသိလာရတဲ့ မိတ်ဆွေလိုကြီးတွေပဲ ဖြစ်နေရော ... အခုမှ ... အရင်းဆုံး သူငယ်ချင်းကောင်း နှစ်ယောက်ကို ရလိုက်ရသလိုပဲ ..."

သမီးရော လူခပါ ဝမ်းသာအားရတွေ ဖြစ်သွားကြပါသည်။ မိုးမြင့်ထက် တစ်ယောက် လုံးဝပြောင်းပြန်ကြီး ပြောင်းလဲသွားနိုင်သည် ဆိုတာမျိုးအထိ တွေးမိကြပြီးပြီမို့ ... ဒီလိုလူမျိုး တစ်ယောက်ကို ဆုံးရှုံးရတော့မှာကို တွေးပြီး နှစ်ယောက်လုံး ... အတော်ကြီးကို စိတ်မကောင်း ...။ ခုတော့ ... "ကိုယ့်စိတ်ရင်းမှန်ကို သူ ဖတ်နိုင်လျှင် ... ဒီလို တကယ့်လူတစ်ယောက်ဟာ အလွယ်တကူနှင့် ပျောက်ဆုံးမသွားနိုင်ပါဘူး" ဆိုတာကို ယုံကြည်နိုင်လိုက်ကြပါပြီ။ လူခက မိုးမြင့်ထက်ကို ကြည့်ကာ ခပ်တည်တည်နှင့် ...

"ကဲ ... ကူညီတော့မှာလား ..."



www.burmeseclassic.com

www.burmeseclassic.com



သမီးကလည်း ... "ခိခိ ... နောက်ဆုံးကျတော့ ဒီဘူတာပဲ ဆိုက်တာပဲ ..."ဟု မျက်နှာကလေး ပြုံးစိစိနှင့် ဝင်ပြောပါသည်။

"သမီးပြောတာ မှန်တယ် ... လူဆိုတာ အမျိုးမျိုးရှိတယ် ... ပုံသေဆက်ဆံလို့ မရဘူး ... တစ်ယောက်တစ်မျိုးစီ အပြန်အလှန် ရှိနိုင်မှ တော်ကာကျမယ် ... အဘကကျတော့ ဘယ်လို လူများပါလိမ့် ... ဘာနည်းသုံးရင် ကောင်းမလဲမသိဘူး"

မိုးမြင့်ထက်က "ခိုးပြေးကြကွာ"ဟု ပြောလိုက်ပါသည်။ သမီးက ချက်ချင်းပင် ... "လုံးဝပဲနော် ..."ဟု ကန့်ကွက်လိုက်စဉ်မှာ ... လူခ ကတော့ ...

"လွတ်မှာ မဟုတ်ဘူး ... ဒီနေရာမှာတော့ ပဋ္ဌာန်းဆက်ရှိနေတယ် ထင်တယ် ... ကွိခနဲပဲ နေမှာပဲ ..."

အားလုံး ဝိုင်းပြီး ရယ်မောလိုက်ကြစဉ်မှာ ... အိမ်ထဲမှ အဘိုးကြီး အဘွားကြီး နှစ်ယောက်သားလည်း ခုမှပင် သက်ပြင်းကိုယ်စီ ချနိုင်ကြလေသည်။ ပထမဦးစွာ မိန်းကလေးတစ်ယောက်တည်း ရောက်လာခဲ့စဉ်က ကိုယ်ဘက်ကိုယ်ယက်ပြီး ဖမ်းသမ်း စိတ်ကူးယဉ်ထားမိတာလေးတွေကတော့ ကြက်ပျောက်ငှက်ပျောက် ...။

❦ ❦❦ ❦





"ဟယ် ... ဟောတော့ ... ဘယ်လိုက ဘယ်လို ..."

"ကဲပါ ... နောက်မှ အံ့ဩ ... အခုတော့ တံခါးပဲ အရင်ဖွင့်စမ်းပါ ..."

အံ့ဩတကြီးနှင့် တံခါးဖွင့်တာတောင် သော့ပေါက်တွေ ဘာတွေ မှားနေသေးသော ဒေါ်သက်ပိုင်ကို ဦးမော်နိုင်က အဆက်မပြတ် အကဲခတ်နေဖြစ်ပါသည်။ သူရော ... အလိုတူအလိုပါ ... ကြံရာပါပဲလား ...။

"သမီးရော ..."

တံခါးပွင့်လျှင် ပွင့်ချင်း ... အိမ်ထဲသို့ အမြန်ဆုံးပြေးဝင်ဖွေရှာလိုက်သည့် ဦးမော်နိုင်ရဲ့နောက်မှ ... ခုထိ ဘာမှနားမလည်နိုင်သေးသည့် ဒေါ်သက်ပိုင်က တကောက်ကောက် တောက်လျှောက်ပင် ကပ်ပါလာတော့ပြီ ...

"ဘာဖြစ်တာလဲဟဲ့ ... သမီးက ဒီအချိန်လောက်ဆိုရင် သူ့ရုံးကို သွားနေပြီပေါ့ မောင်နိုင်ရယ် ... အိမ်မှာဘယ်ရှိတော့မှာလဲ ... ဘာတွေ ရှာနေတာလဲ"

"သမီးက ဒီအချိန် ရုံးသွားပြီဆိုရင် မမကကော ဘာ့ကြောင့် အိမ်မှာ ရှိနေရတာလဲ ... ဆိုင်မသွားသေးဘူးလား ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ငါက သမီးကို ရုံးလိုက်ပို့တဲ့ကား ပြန်ရောက်လာမှ ငါ့ဆိုင်ကိုသွားတာ ထုံးစံပဲဟာ ... ငါ့ဆိုင်က ဆယ်နာရီလောက်မှ ဖွင့်တာပဲ"

"သမီး ရုံးကရော ဘယ်နှနာရီ စတာလဲ ... ကိုးနာရီမဟုတ်ဘူးလား ... ရုံးသွားတဲ့ အချိန်က စောလွန်းမနေဘူးလား ..."

"ဟဲ့ ... မောင်နိုင် ... သမီးရုံးက ရှစ်နာရီလေ ... နေပါဦး ... မန္တလေးကနေ အကြောင်းမကြား ... ဘာမကြား ရုတ်တရက် ရောက်လာပြီး ဘာတွေ ဖြစ်နေရဲ့တာလဲဟယ်၊ မထိတ်သာ မလန့်သာတွေ ..."

ဒီတော့မှပင် ဦးမော်နိုင်လည်း ဧည့်ခန်းထဲထိ ပြန်ထွက်လာပြီး ဆက်တီကုလားထိုင် တစ်လုံးထက် "ဗျူး" ခနဲ ဝင်ထိုင်ချလိုက်ပါတော့သည်။ တစ်နေကုန် တောက်လျှောက် မနားတမ်းကားမောင်းချလာခဲ့ရ၍ လူက ခန္ဓာကိုယ်တစ်ခုလုံး ပင်ပန်းဆင်းရဲနေသလောက် ... စိတ်ကလည်း ဝန်ပိနေရတာမို့ "ဗျူး" ခနဲ သက်ပြင်းချဖြစ်လိုက်သည်နှင့် လူတစ်ကိုယ်လုံးလည်း နုံးချိပျော့ဖတ်ကျသွားသလား ထင်ရသည်။

ဒေါ်သက်ပိုင်က မောင်ဖြစ်သူကို ကော်ဖီတစ်ခွက် ထပေးလိုက်ပြီး ... ဘာမှ မေးခွန်းထပ်မထုတ်ဖြစ်တော့ဘဲ ... သူ့ဟာသူ ပွင့်ဟလာမည့် အချိန်ကိုပဲ စေ့စေ့စိုက်ကြည့်ကာ





ထိုင်စောင့်လျက် ရှိသည်။ ကမူးရှူးထိုး တရှိုက်မက်မက် သောက်ချပစ်လိုက်သော ကော်ဖီတစ်ခွက် ကုန်တော့မှပင် ဦးမော်နိုင်က ...

"မမတူမ တကယ်ပဲ ရုံးသွားတာပါနော် ..."

"ရုံးမသွားလို့ ဘယ်သွားရမှာလဲ ..."

"ဒီရက်ပိုင်းအတွင်းရော ... သူ့ ဘာမှများ ထူးခြားသေးသလဲ"

"ဘာထူးခြားရမှာလဲ ... မထူးခြားပါဘူး ..."

"ဟန်ပျက်နေတာတို့ ... ဘာတို့လေ ... အဲ ... နေဦး ... သူ့အခန်း ဘယ်မှာလဲ ... သူ့အခန်းထဲလေး ဘာလေး အကဲခတ်ကြည့်ရအောင် ..."

"သူ့အခန်းက ငါ့အခန်းပဲလေ ... တစ်သက်လုံး သူနဲ့ငါနဲ့ တစ်ခန်းတည်း အိပ်လာခဲ့တာ မောင်နိုင်ရယ် ... ဒါတောင်မှ မင်း မသိဘူးလား ... အံ့ပါရဲ့ ... ငါတို့နှစ်ယောက်အပေါ် မင်း ဘယ်လောက် စိတ်ဝင်စားမှု ရှိသလဲဆိုတာ ဒီမှာ ပေါ်တာပဲ ..."

ဦးမော်နိုင်က အနည်းငယ် ရှိုးတိုးရှန့်တန့်ဖြစ်၊ ဟန်ပျက် ရက်ရွံ့သွားသော်လည်း ဘာမှ မဖြစ်သလိုပဲ ဟန်ဆောင်ထားလိုက်ရင်း ...

"အဲဒါဆို ... အကယ်၍ သူ့ ပစ္စည်းပစ္စယတွေ သိမ်းဆည်းထည့်သိုနေတာမျိုးရှိရင် မမ သိကိုသိရမှာပေါ့နော် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သက်ပိုင်က ခုမှပင် ဘာကို ဆိုလိုနေသလဲ ဆိုတာကို ရိပ်မိသွားရသဖြင့် ... ရင်ဘတ်ကို စုံဖိပြီး ... "အမယ်လေး ... ဟေး ဟေး ... ဟေး ..."ဟု အော်လိုက်ပါသည်။

"အမယ်လေး ... ငါ့တူမကိုများ ခိုးရာလိုက်ဖို့ ပြင်ဆင်နေမယ်လို့ မင်းက ထင်လိုက်ချင်သပေါ့လေ ... ဘာကိစ္စ အဲဒီလို လုပ်ရမှာလဲ ... ငါ့တူမက အရွှးမှ မဟုတ်တာ ... အားလုံး အဆင်ပြေပြေ ... ပြေပြေလည်လည်ပဲ ရှိနေတဲ့ ကိစ္စတစ်ခုကို နေရင်း ထိုင်ရင်း အရှုးထပြီး ခိုးရာလိုက်ပစ်ရလောက်အောင်တော့ သမီးက မကဲသေးပါဘူးကွယ်"

"ဒါဆိုရင်တော့ မမကို သမီးက နောက်ဆုံးအဖြစ်မှန်ကို ဖွင့်မပြောဘဲ ... ကျိတ်ဖုံးထားတာ သေချာသွားပြီ ...အဲဒီလို ဖုံးထားကတည်းက မဟုတ်တာ တစ်ခုခုလုပ်ဖို့ အစီအစဉ်ရှိတယ် ဆိုတာလည်း လုံးဝပေါ်လွင်သွားပြီ ... ဒီမှာ မမ ... ကျွန်တော် ပြန်သွားပြီးတဲ့နောက်ပိုင်းမှာ ကောင်လေးအိမ် လာသေးလား ..."

"မလာ ... အဲ ... မင်း ပြန်သွားတဲ့ ညကပဲ လာသေးတယ်လေ ... မင်း ဆေးကတ်တွေ ကျန်ခဲ့လို့ဆိုလား ... လာယူတာ ..."

"ဒီ့နောက်ပိုင်းကော ..."





"အေး ... မလာဘူး ... မန္တလေး သွားနေတယ်လေ ... ပြန်မလာသေးဘူးလားမှ မသိတာ ..."

"မမတို့ အဲဒါတွေ ခက်နေတာပေါ့ ... ဟင်း ... ဒေါ်သက်ပိုင်တို့ လည်တယ် လည်တယ်နဲ့ အရေးအကြောင်းဆိုရင် ဘာမှ သိလိုက်မှာတောင် မဟုတ်ဘူး ... ကောင်လေးက ချက်ချင်းပဲ ရန်ကုန်ပြန်ရောက်လာတာ ခင်ဗျာ ... ပြီးကျတော့ ခင်ဗျားတူမနဲ့ အချိန်းအချက်တွေလုပ် ... အခုဆို သူတို့နှစ်ယောက်က လူကြီးတွေ မသိအောင် တစ်ခုခု လုပ်ပစ်လိုက်ဖို့အထိကို စီစဉ်ပြီးကြပြီ ... ခင်ဗျား ဘာသိလဲ ... အတူတူ နေနေပြီး ဘာမှလဲ မသိဘူး"

ဒေါ်သက်ပိုင် တစ်ယောက် ဆတ်ဆတ်ခါပင် ဖြစ်သွားပါသည်။

"ဘာဖြစ်လို့ အဲဒီလိုတွေ ဖြစ်ကုန်ရတာလဲ"

"ဖြစ်ဆို ... ကျွန်တော်က သဘောမတူနိုင်တော့ဘူးလို့ ပြောလိုက်တာကိုး ..."

ပါးစပ် အဟောင်းသားပင် ဖြစ်သွားပြန်သော ဒေါ်သက်ပိုင်ကို ဦးမော်နိုင်က အကြောင်းစုံ ရှင်းပြလိုက်ပါသည်။ ခုမှ အကြောင်းစုံ သိလိုက်ရသည့် ဒေါ်သက်ပိုင်က မျက်နှာလေး ခပ်အိုအိုနှင့် ...

"တစ်ခုခုများ မှားယွင်းတာ ရှိမလား ... အရင်တစ်ခါကလိုလေ ..."



www.burmeseclassic.com

www.burmeseclassic.com

"လိုက်ဖြေတွေးပေးမနေနဲ့တော့ မမ ... သမီး တစ်သက်လုံး စိတ်မချမ်းသာ ဖြစ်သွားရမဲ့ အခြေအနေမျိုးကြီးဆိုတာ မမ နားလည်စမ်းပါ"

"နေပါဦး ... သမီးတို့ တစ်ခုခု လုပ်ဖြစ်ကြလိမ့်မယ်ဆိုတာကော မင်းက ဘယ်လိုလုပ် မန္တလေးကနေ လှမ်းသိနေရတာလဲ ... မင်း အထင်တွေလား"

"အထင်မဟုတ်ဘူး ... အဖြစ်မှန်ပဲ ... ကျွန်တော့်ဆီ 'ဟိုကျေးဇူးရှင်' ကိုယ်တိုင် ဖုန်းလှမ်းဆက်ပြီး သတိပေးတာ ... ကျေးဇူးရှင် ဆိုတာ ရွဲ့ပြောနေတာ မဟုတ်ဘူး ... တကယ်ကို ကျေးဇူးရှင် ... အဲဒီကောင်တစ်ယောက် ရှိနေပေလို့သာပဲ ..."

"ဘယ်သူလဲ ..."

"မိုးမြင့်ထက်လေ ..."

"အမယ် ... သင်းက နီးနီးနားနား ငါ့ကျတော့ အသိမပေးပါလား ... မင်းကျတော့ တစ်မျှော်တစ်ခေါ် တဲဝေးတလံထိ လိုက်ဖုန်းဆက် သတင်းပို့နေတယ် ... တကယ်ဆို ငါ့ကိုပြောထားရင် ငါ့မှာလည်း ပိုပြီး ကြပ်ကြပ်မတ်မတ်ကလေး မအုပ်ထိန်းရပါလား ..."

မခံမရပ်နိုင်တွေ ဖြစ်သွားပုံရသော ဒေါ်သက်ပိုင်ကို ဦးမော်နိုင်က မျက်နှာတစ်မျိုးကြီးနှင့် ကြည့်လိုက်ကာ ...





"အဲဒီမောင်ဟာ ... ဘယ်သူ့သား ဖြစ်နေသလဲ ...ခင်ဗျား သိလား မမ"

"ဘယ်သူ့သားလဲ ... မန္တလေးကပဲဆို ..."

"ဟုတ်ပါ့ ... ဟိုအသားမည်းလေ ... မမရဲ့ 'အနက်ထည်' ပေါ့ ... ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား မိဘကို ပြန်အော်ပြီးတော့ကို ငြင်းဆန်ပစ်ခဲ့ရတဲ့ ... ခပ်မည်းမည်းတစ်ယောက်ပေါ့ ..."

မျက်နှာကတော့ ခပ်ရဲရဲ ဖြစ်သွားပေမဲ့ ... ဒေါ်သက်ပိုင် ထံမှ ... "ဩော် ... ဩော် ... ကံကြံဖန်ဖန် တိုက်တိုက်ဆိုင်ဆိုင် ..." ဆိုတာလောက်သာ ထွက်လာပြီး ဒီထက်ပိုတဲ့ ဆိုးဆိုးဝါးဝါး ခါးခါးသီးသီး ဘာတစ်ခုမှ ထပ်ထွက်မလာသည့်အတွက် ဦးမော်နိုင်ပင် အံ့သြသွားရပါသည်။ ဩော် ... လက်စသတ်တော့ သူသာ အသားမည်းကို မကြိုက်နိုင်တာ ...။ သမီးအတွက်သာဆိုရင်တော့ အသားမည်းရဲ့သား ဆိုလည်း ... "အိုကေ" ဆိုတဲ့သဘောပေါ့ ...။ ကျ,ကျသေးတော့ ...။

ဦးမော်နိုင် အဖို့ကတော့ ... မိုးမြင့်ထက် ထံမှ တစ်ဆင့် ဟိုကောင်လေးဟာ အဲဒီအသားမည်းရဲ့သား ဆိုတာကို သိလိုက်ရတော့ ပို၍ပင် ဒေါသထွက်သွားခဲ့ရပါသည်။ "အသားမည်းရဲ့သား" ဖြစ်နေတာနဲ့ပဲ သဘောမတူချင်လို့ မဟုတ် ...။


www.burmeseclassic.com

www.burmeseclassic.com



တကို တချင် ဖြစ်သွားရလို့ ဖြစ်လေသည်။ အဲဒီအသားမည်းမည်းနဲ့လူကို လူကောင်းတစ်ယောက်အဖြစ် သဘောကျခဲ့ရလွန်းလို့ မမနဲ့တုန်းကတောင် ဝင်ပြော တိုက်တွန်းခဲ့မိသေးတာ ...။ အဲဒီလိုလူရဲ့သား ဆိုရင် ဝမ်းသာအားရ ... လက်ခမောင်းခတ်ပြီး သဘောမတူရပါလား ...။ ခုတော့ ... တောက်။

"ကျွန်တော်ရဲ့သမီးဟာ ပေါက်တတ်ကရ ပုံစံမျိုးနဲ့ အိမ်ထောင်တစ်ခုကို ကပျက်ကချော် ... ကသောင်းကနင်း တည်ဆောက်လိုက်ရတာမျိုး လုံးဝမဖြစ်စေချင်ဘူး မမ... အဲဒီတော့ မမလည်း ရအောင်ထိန်းပါ ... ကျွန်တော်လည်း တစ်ခုခုတော့ စဉ်းစားထားဦးမယ် ..."

ဒေါ်သက်ပိုင် ခမျာ ... ယောင်တောင်တောင်၊ ကြောင်တောင်တောင်နှင့်ပင် ထိုနေ့က ဆိုင်လည်း သွားမဖွင့်ဖြစ်လိုက်ပါ။ ညနေခင်း သမီး ပြန်ရောက်လာချိန်ကျတော့ အိမ်မှာ ကြီးတော်ဖြစ်သူရော အဖေဖြစ်သူကိုပါ နှစ်ယောက်ပူးကြီး မြင်လိုက်ရတဲ့အတွက် ... နှုတ်ခမ်းလေးတ ဝလုံးလေးလိုပင် ဝိုင်းဟကာ အံ့သြတကြီး ...။

ဦးမော်နိုင်က ဒေါ်သက်ပိုင်ကို မျက်မှောင်ခပ်ကုပ်ကုပ်နှင့် သတိပေး တားမြစ်ထားသဖြင့် ဒေါ်သက်ပိုင် ခမျာမှာ တစ်စုံတစ်ခုကို ဖွင့်ပြောပစ်လိုက်ချင်စိတ်နှင့် နှုတ်ဖျားတရွရွရှိနေ





ရပြီး အကဲမရ ...။ ဒီလိုပုံစံဆိုရင်ဖြင့် သမီးက အလွယ်တကူ ရိပ်မိသွားနိုင်မှာပါပဲ ... ဟု ဦးမော်နိုင်မှာ ကိုယ့်အစ်မကိုယ် စိတ်ပျက်လက်ပျက်ပင် ရှိရလေသည်။

သမီးမှာလည်း မမျှော်လင့်ဘဲ ... ဘာမှ မကြားမသိရဘဲ ... အဖေဖြစ်သူက ရန်ကုန် ပြန်ရောက်လာသဖြင့် "ဘာပါလိမ့်"ဟု မသင်္ကာ ဖြစ်ရတာက တစ်မျိုး၊ ကြီးတော်ရဲ့ပုံစံကလည်း အသီသာ၊ အဖေဖြစ်သူကလည်း တစ်မျိုးကြီးတည်တည်ကြီး ဆိုတော့ ဘာမှ ဖွင့်မမေး ... ဖွင့်မပြောရဲ ... "ဖေဖေ ဘယ်လိုဖြစ်လို့ ပြန်ရောက်လာတာလဲ" စသဖြင့် သာမန်မေးရိုးမေးစဉ် မေးကို ကြည့်ရမည့် စကားမျိုးကိုတောင်မှ မမေးဖြစ်ဘဲ ရှိလေသည်။ တအုံအုံ တနွေးနွေး ရှိနေရပြီး ... ညဘက်နားရောက်မှ သမီးထံ မိုးမြင့်ထက်ဆီမှ ဖုန်းလာပါသည်။

"သမီးလား ... ဘဘ ရောက်ပြီလား ..."

"ဟင် ... ဘယ်လိုလုပ် သိသလဲ ... ရောက်နေတယ် ... အဲဒါ ဘာဖြစ်တာလဲ ..."

"သမီးတို့ ခိုးပြေးဖို့ စိစဉ်နေကြပြီလို့ ကျွန်တော် ပြောလိုက်တယ်"

"ဘယ်မှာ ဟုတ်လို့လဲ ... ဘာလို့ အဲလို လျှောက်ပြောရတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ကိုလူခ အကြောင်း ... ဘာဘာကို ကျွန်တော်က ရှင်းပြဖို့ ကြိုးစားတာလည်း ... စကားမှ အစပ်မခံတာ ... ဒီတစ်နည်း ပဲ ရှိတော့တယ် ..."

"ဘာနည်းလဲ ... ကိုမိုးမြင့်နော် ... သမီးလည်း ဘာမှမသိ ရဘူး ... ပေါက်ကရတွေ လျှောက်မလုပ်နဲ့ ... အခြေအနေ တွေ ပိုဆိုးကုန်လိမ့်မယ် ..."

"အသာနေပါ ... တစ်ခုခုဆိုရင် သမီး ဘာမှမသိချင်ယောင် ပဲ ဆက်ဆောင်နေ ... တော်ကြာ သမီးကပါ ဂူးတူးဝါးတား ထဖြစ်နေမှာစိုးလို့ ကြိုပြောထားတာ ..."

"ဘာလဲ ... ဘာတွေလဲ ... ရင်ထိတ်လိုက်တာ ... ကိုမိုးမြင့်"

ကိုမိုးမြင့် ဆီက စကားပြန်ကိုတော့ဖြင့် ပြန်မရဘဲ ... ရုတ်တရက်မှာ ဖေဖေကသာ သမီးအနားသို့ ရောက်လာခဲ့က ...

"သမီး ... ဘယ်သူနဲ့ ဖုန်းပြောနေတာလဲ ..."

"ကိုမိုးမြင့်ပါ ဖေဖေ ..."

ဘုရားရေ ...။ ဖေဖေဟာ တစ်သက်လုံး ... "ကိုယ့် ဆန္ဒနဲ့ကိုယ်သာ ဆုံးဖြတ်ပါစေ" လို့ လွတ်ပေး မွေးမြူခဲ့တဲ့ ဒီသမီး ကို ... တယ်လီဖုန်းလေး ဆက်တာကအစ ... လိုက်ပိတ်ပင် ... စောင့်ကြပ်နေတော့မှာလား ...။

"ပေးစမ်း ... ပေးစမ်း ... ဖေဖေနဲ့ ပြောရအောင် ..."





ဦးမော်နိုင်က သမီးဆီက ဖုန်းကို ခပ်မြန်မြန်ပဲ တောင်းယူလိုက်ပြီးလျှင် ... "မောင်မိုးမြင့်လားဟေ့" ဟု ပြောလိုက် ပါသည်။ သို့သော် အဲဒီလို ပြောပြီးပြီးချင်းပင် ... မိုးမြင့်ထက်ကို ကိုယ့်ဘက်က ဘာတွေ ပြောချင်နေသေးလို့လဲ ... ဘာတွေများ ပြောဆို မေးမြန်းလို့ ရနိုင်ဦးမှာလဲ ဆိုတာ ... ဦးမော်နိုင်ရဲ့ရင် ထဲ ရှင်းရှင်းလင်းလင်းကို မသိတော့ပေ ...။

ရင်ထဲမှာ ရှင်းရှင်းလင်းလင်းကို မရှိဘဲ ခိုးလိုးခုလု နှင့် တစ်ခုခု ဖြစ်နေခဲ့ရတာ ကြာပါပြီ။ ဟိုအကောင်လေးကို အသားမည်းမည်းနှင့် "ဦးအောင်ကျော်" ရဲ့သားအဖြစ် သိလိုက်ရ စဉ်ကတည်းက ...။ ဦးမော်နိုင်ဟာ အဲဒီ ဦးအောင်ကျော်ကို နှစ်ကို နှစ်သက်ခဲ့ပါရက် ... မမတုန်းက တစ်ခါလွဲခဲ့ရပြီးပြီ ...။ အဲဒီပြဿနာနှင့်ပဲ မမဟာ တစ်သက်တာ အိမ်ထောင်မပြုဖြစ် တော့ဘဲ ... အပျိုကြီးတစ်ယောက်အဖြစ် ဇွတ်ကြီးကို ခံယူလိုက် ပြီးပြီ။

က်ကြမ္မာက ဒီအတိုင်းတစ်ခါထပ်ဖြစ်လာပြန်ပြီလား ဟု ဦးမော်နိုင်က စိတ်ထဲ တစ်မျိုးကြီး။ လက်စသတ်တော့ ဦးမော်နိုင်ဟာ ... ကိုယ့်ကိုယ်ကိုယ်လည်း သတိမထားမိ ...၊ သူများ က စွပ်စွဲသတ်မှတ်လျှင်လည်း မကြိုက်နိုင်ဘဲနှင့် ... တကယ့်ကို "အယူသီးတတ်သူကြီး" တစ်ယောက်ဖြစ်မှန်း မသိဖြစ်နေခဲ့ပါ ရောလား ...။



www.burmeseclassic.com

www.burmeseclassic.com



သမီး ငယ်ငယ်တည်းက ရုတ်တရက် စွန့်ခွာသွားခဲ့တဲ့ ချစ်ဇနီးကြောင့် အနှစ် နှစ်ဆယ်ကျော် ... သုံးဆယ်နီးပါးကြီး လုံးလုံးအထီးကျန်ဆန်သွားခဲ့ရတဲ့ ဦးမော်နိုင်ဟာ ... တစ်ဦးတည်းသော ဒီသမီးကလေး အလှည့်မှာလည်း... မမလို ... "တစ်ယောက်တည်းပဲ နေတော့မယ် ..."ရယ်လို့ မျိုးဆက်ပြုတ်သွားမည့် လမ်းကို ရွေးချယ်ပစ်လိုက်မှာကိုတော့ မဖြစ်ချင်ဆုံးပင်။ သမီးကလေးငယ်ငယ်က ကိုယ်လွတ်ရုန်း ... အတွက်ကြီးထားမိသည့် အတွက်ကိုလည်း ... သမီးရဲ့ မိသားစုကလေး အလှည့်ကျရင်တော့ မြေးတွေ ဘာတွေနှင့် မိသားစုကြီးကြီး တစ်စုကို ပြန်တာဝန်ယူပြီး သိုင်းသိုင်းဝိုင်းဝိုင်းကြီးကို နေပစ်လိုက်ဦးမည်ဟု အားခဲထားခဲ့တာ။

အထီးကျန်ဖခင်တစ်ယောက်ရဲ့ ခံစားချက်ကို တော်ရုံလူကတော့ သဘောပေါက်ဖို့ ခဲယဉ်းနိုင်ပေမည်။ တိုထွာပြီး ... လွယ်လွယ်ကလေး မလိုက်လျောချင်ဘဲ ကပ်သတ်နေလိုက်ချင်သေးတာက သပ်သပ် ...။ မြေးတွေ မြစ်တွေနှင့် ပျော်ပျော်ကြီး နေထိုင်သွားနိုင်ဖို့ ကြိတ်မှန်းထားမိတာက သပ်သပ်ပင် ဖြစ်ပါသည်။

ဘာမှ မဆိုင်သော်လည်း ဦးအောင်ကျော်တုန်းက မမ ဆုံးဖြတ်ခဲ့သလိုပင် ... ဦးအောင်ကျော်ရဲ့သား အလှည့်မှာလည်း..."သူနဲ့မှ အဆင်မပြေရင် ... ဒီတစ်သက်လုံး တစ်ယောက်





တည်းပဲ နေတော့မယ်"ဟု သမီးကများ ဆုံးဖြတ်ချပစ်လိုက်မလား ရယ်လို့ ... တကယ့်ကို အယူသီး စိတ်ပူနေရလေသည်။

"ဘဘ ... ကျွန်တော့်ကို ဘာများ ပြောမလို့လဲ ..."

အမှန်တကယ်တော့ ကိုယ်နှစ်သက် သဘောကျခဲ့ဖူးသော ဦးအောင်ကျော်ရဲ့ အကြောင်းအရာတွေကို မိုးမြင့်ဆက်ထံမှ ဒီ့ထက်ခပ်များများ ပိုသိနိုင်ဦးမလားလို့ပါ ...။ ဒါပေမဲ့ ဘာထူးမှာလဲ ...။ ကိုယ်ကမှ ကိုယ့်သမီးကို သူ့သားနှင့် သဘောမတူချင်ဘဲ ... သူ့အကောင်းအဆိုးကို ဒီ့ထက် ထပ်သိရရင်ကော ဘာလုပ်လို့ ရမှာမို့လဲ ...။ ဘယ်လောက်ကောင်းကောင်း ပေါင်းရမှာက သူ့အဖေနဲ့မှ မဟုတ် ...၊ သူ့သားနဲ့ပဲဟာ ...။

ဒါဖြင့်ရင် ..."သားရှင်းပြပါရစေဦး ဘဘရယ် ... သား ပြောပြီးလို့မှ ဘဘ မကျေနပ်နိုင်သေးရင်တော့ ဘဘ သဘောအတိုင်းပါပဲ"လို့ ဆိုခဲ့တဲ့ မောင်မိုးမြင့်ကိုပဲ ..."ဟေ့ကောင် မင်းပြောချင်တာရှိတယ်ဆို ... ခုပြောပေတော့ ..."လို့ ... စကားပြင်ပြီး အခွင့်ပြန်ပေးလိုက်ရမှာလား ...။ "ရှင်းပြချင်တယ်"လို့ ဆိုခဲ့ကတည်းက ရှင်းပြပြီးရင် ပြီးဆုံးကျေလည်သွားနိုင်တဲ့ အခြေအနေမျိုးနဲ့ ပိုလို့ မဖြစ်နိုင်ဘူးလား ...။ ဟား ... အဓိပ္ပာယ်မရှိတာ ...။ လုပ်ချင်တိုင်း လျှောက်လုပ်နေပြီးမှ ... ဦးမော်နိုင်ကို ဆိုလျှင် ... မိုးမြင့်ထက်နှင့် ပြန်ဝင်ရင် ရနိုင်တာပဲ ဆိုတာမျိုး...။ ဒါမျိုး ကိုင်းသေကြီးတွက်ပြီး ... လှုပ်ရှားချင်တာ ... ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိင်းထားလိုက်သလဲ ...။ ဒါမျိုးတော့ ... သေတောင် မရဘူး ကွ။

"အေး ... ဘယ်လိုလဲ ... နေထိုင်ကောင်းကြရဲ့လားဟော့ ..."

"ဗျာ ... ဘဘ ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ကောင်းပါ တယ်ခင်ဗျ ..."

"အေး ... ဒါဆိုလည်း ပြီးရော ..."

တစ်ဖက်က မိုးမြင့်ထက်ကတော့ မသိ ... ဦးမော်နိုင် ကတော့ ကိုယ့်အပြုအမူကို ကိုယ်အတော်ကြီး ရယ်ချင်သွားမိရပါ သည်။ အဖေ့လက်ထဲ ဖုန်းထည့်လိုက်ပြီးသည်နှင့် ထွက်မသွား သေးဘဲ ခပ်လှမ်းလှမ်းမှာရပ်ကာ ဆက်ချောင်းနားစွင့်နေသည့် သမီးလည်း ... ဘယ်လောက် အူကြောင်ကြောင်နှင့် ကျလိကျလိ ဖြစ်လိုက်မလဲ ...။

"မင်းက ဘယ်လိုအခြေအနေမျိုးဆိုရင် ဒီကလေးကို လက် ခံနိုင်မှာလဲ"

နောက်ဆုံးတော့ ဒေါ်သက်ပိုင်က ဦးမော်နိုင်ကို ခပ်တည်တည်ပင် မေးခွန်းထုတ်လာပါတော့သည်။ ဦးမော်နိုင်က လည်း ခုနေ စိတ်ထဲ ဦးအောင်ကျော် တစ်ယောက်သာ တဝဲဝဲ မထွက်နိုင်အောင် ရှိနေတာမို့ ... ခပ်ရွဲ့ရွဲ့နှင့်ပင် ...

"သူ့အဖေကို ကျွန်တော် ဘယ်လောက်ထိ နစ်သက်ခဲ့ သလဲ မမ အသိပဲ"





ဒေါ်သက်ပိုင်က မျက်စောင်းရွယ်သည်။

"အေး ... အဲဒီလိုလူမျိုးကိုယ်တိုင်က အာမခံနဲ့လာပြော နိုင်ရင်တော့ တစ်မျိုးပေါ့ ... ဒါပေမဲ့ ... ဘယ်သူ့သားဖြစ် ဖြစ် စိတ်ကို ကုန်ပါပြီဆိုတဲ့အထိ ကျွန်တော့်စိတ်က ပြောင်းလဲမသွားသေးခင် အချိန်အတွင်းမှာတော့ ဖြစ်ရမှာ ပေါ့ ... ပြီးတော့ အကျောကြီးနဲ့ မန္တလေးမှာလည်း မဖြစ် ရဘူး ... သမီးရှိတဲ့ ရန်ကုန်မှာမှ ... ဒါ ... ကျွန်တော့် ဘက်က အရာရာ အကြောင်းကြောင်းကို ထောက်ပြီး အများကြီး လျှော့ပေးလိုက်တာပဲ"

"အမယ်လေးတော် ... အဲဒီလောက် မဖြစ်နိုင်လောက် အောင် တင်းကျပ်ထားတာတောင်မှ ... အများကြီးလျှော့ ပေးထားတာပါတဲ့ ... ကလေးက ဟိုက သူ့မိဘတွေကို အတင်းပြန်ပြေးခေါ်ရင်တောင် ... ဒီကြားထဲ ကြာမဲ့ရက် တွေမှာ မင်းက စိတ်ပြောင်းပါပြီလို့ လုပ်ချပစ်လိုက်မှာ ပေါ့ ... မင်းရဲ့ပုံစံကို ကြည့်လိုက်ရုံနဲ့တင် မင်းအကြံက သိသာနေတာပဲဟာ ... အမှန်တကယ်ဆိုရင် ဖြစ်သင့်တာ က ဟုတ်ဟုတ် မဟုတ်ဟုတ် သူရှင်းပြချင်တယ်ဆိုတာ ကို မင်း အရင်နားထောင်ကြည့်သင့်တယ် ... တော်ပါပြီ ... ငါ ဘာမှ မပြော်လင့်တော့ပါဘူး ... ဝင်ကိုမပါတော့ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



အတော်ကြီး စိတ်ကုန် စိတ်ဆင်းရဲသွားဟန်ရှိသော ဒေါ်သက်ပိုင် တစ်ယောက် တစ်ညလုံး အတော်ကြီး ညနက်သည် အထိ ဗျစ်တောက် ဗျစ်တောက် မပြီးနိုင် မစီးနိုင်နှင့် ...။ သူတင် အိပ်မရတာ မဟုတ်ပါ။ ဦးမော်နိုင်သည်လည်း ကိုယ့်ဘာသာစိတ် တွေ ထွေပြားနေရတာရယ် ...။ သူ့အသံကြောင့်ရယ် ... အိပ်လို့ ကို မပျော် ...။ နံနက်မိုးသောက်လာခဲ့လျှင်တော့ တော်တော်နှင့် အိပ်ရာမှ မထနိုင်တော့သည့် ဦးမော်နိုင်ရဲ့ အခန်းထဲသို့ ... ဒေါ်သက်ပိုင်က ရွှင်ပြုံးချိုကြည်စွာ ဝင်ရောက်လာခဲ့ကာ ...

"မောင်နိုင်ရေ ... တစ်ညတည်းနဲ့တော့ မင်းရဲ့သဘောထား တွေက ပြောင်းလဲမသွားသေးဘူး မဟုတ်လား ..."

ဦးမော်နိုင်က မသက်ာလှစွာ "မမ"ဟု အော်ခေါ် လိုက်လျှင် ...

"ကိုအောင်ကျော်က ငယ်ငယ်ကလောက်တောင် အသား မညိုတော့ဘူးပဲ ... သူ့ဇနီးကလည်း အတော်ကြီး ကြည့် ကောင်းတယ် ... တကယ့် လူကြီးလူကောင်း အဆင့်အတန်း ရှိရှိတွေပဲဆိုတာ မြင်တာနဲ့ သိသာပါတယ် ..."

အခြေအနေကို သဘောပေါက်လိုက်သော ဦးမော်နိုင် က ... "ဟိုကောင် ... မိုးမြင့်ထက်"ဟု အံကြိတ်သံနှင့် ဆိုလိုက် ပါသည်။ ဒီကောင် သက်သက် လူလည်ကျတာထက် ... ကိုယ့် ဘက်ကလည်း မနေနိုင် မထိုင်နိုင် အတွင်းစိတ်တွေကို စကားကျွံ သွားခဲ့မိသေးတာလား မသိ ...။





ဦးမော်နိုင်က ကိုယ့်ကို ပြုံးစိစိနှင့် ပြောင်လှောင်ချင် နေပုံရပြီး အတော်ကြီးလည်း ရွှင်ပြနေခဲ့သည့် အစ်မဖြစ်သူကို ... "ခင်ဗျား ... ခုမှ နောင်တရနေတယ် မဟုတ်လား ..."ဟု စကား လုံးတို့နှင့် တင်စီးလိုက်ပါသည်။ ဒေါ်သက်ပိုင်ကလည်း ချက်ချင်း ပင် ...

"နောင်တဆိုတာ နောင်မှရတတ်ပြီး ပြန်ပြင်လို့ မရတော့တာ လက်တွေ့ပဲဟေ့ ... သမီးအလှည့်မှာတော့ ငါ နောင်တ ထပ်မရချင်တော့ဘူး ..."ဟု ခပ်တည်တည်ပဲ ပြန်ပြော လေသည်။

"အေးလေ ... သူ့အဖေ ကိုယ်တိုင် ရှင်းမယ်ဆိုရင်တော့ နားထောင်ပေးရသေးတာပေါ့ ... တယ်ခက်တဲ့ ကလေးတွေ ပဲ ... လူကြီးတွေမှာ ရန်ကုန်ကို တစ်ခေါက်တခဲခေါက် လာရဖို့ဆိုတာ လွယ်,မှတ်လို့ ... ခုတော့ သူတို့က ကြိမ် စကြာနဲ့ကို ရိုက်ခေါ်လိုက်ကြတာ ... အင်း ..."

ဦးမော်နိုင် တစ်ယောက် ဧည့်ခန်းထဲ မရောက်ခင် ... အတွင်းခန်း လမ်းမှာတင် ဆုံလိုက်ရသော မိုးမြင့်ထက်ကား ... တိုက်ပုံတွေ ဘာတွေဝတ်ကာ အတင်းကို ကြိုးစားပန်းစား ခန့်ညားထားလျက် ...။

"မင်းက မြားနတ်မောင်လား ..."

ဦးမော်နိုင်က တမင်သက်သက်ကြီး ကောပစ်လိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



" 'သတ္တဘာဂ'လေ ဘဘ …"

"… … …"

သမီးနှင့် မမတို့၏ ရယ်သံလေးများမှာ ရွှင်ချို့လျက် လှခ ခများတော့ "ဖြူသည်၊ မည်းသည်"မရေရာနိုင်သေးခင်မှာ ဝင်မရယ်ရဲဘဲ နှုတ်ခမ်းကြီးကိုက် … ခေါင်းကြီးအငုံ့သာ်းနှင့် ရှိလေသည်။

ပုဏ္ဏမီ



www.burmeseclassic.com